www.burmeseclassic.com

# လရောင်ကျေးရှင်

သံသယမြူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေသမင် စာပေ

မှ စီစဉ်တင်ဆက်သည်။

BURMESE CLASSIC .com

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၉၆၁၁၀၊ ၀၁- ၃၉၈၅၅၅၊
၀၁-၈၆၁၀၀၈၈

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၄၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၂ ခုနှစ် ဧပြီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရှင်
သံသာယမြို့/ လရောင်ကျူးရှင်၊ ရန်ကုန်၊ ရွှေသမင်စာပေ၊
၂၀၁၂။
၃၀၈- စာ၊ ၁၅ စင်တီ x ၁၉ စင်တီ။
(၁) သံသာယမြို့




### အခန်း (၁)

"တောက် .."

ချွတ်လိုက်သည့် ကုတ်အင်္ကျီက ချိတ်မှာ သေချာမရောက်ဘဲ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ် လုံးထွေးပစ်ကျ၏။

မင်္ဂလာဦးညဆိုတာ ဒါလား ..။

အစကတည်းက ပန်းအောက်ထိ ရှည်ကျနေခဲ့သည့် ဆံပင်တွေကို စိတ်ရှိလက်ရှိ ထိုးဖွပစ်လိုက်သဖြင့် ဆံပင်ရှည်ဘုတ်သိုက်အသွင် ရောက်ချင်းဖြစ်သွားသည်။

မွေ့ရာပေါ်ကို ကန့်လန့်ကြီး ပက်ခနဲ လှဲချလိုက်စဉ် ဖုန်းသံကြောင့် လုံးထွေးလျက်သားရှိနေသည့်အင်္ကျီကို မကြည့်ဘဲ လက်ပြန်စမ်းသည်။ ဖုန်းယူပြီး နားထောင်လိုက်တော့ အလိုက်ကမ်းဆိုးမသိသော အစုတ်ပလုတ်ကောင်တွေ ..။

"ဓာတ်ရှိန်တက်နေရင် ဆောရီးနော်၊ ဟဲ .. ဟဲ မနက်ဖြန်ညနေအစီအစဉ်းစာ ဒိတ်လုပ်ထားတာကို မေ့မှာစိုးလို့၊ ဆက်လုပ်တော့ ..ရပြီ"

"ဘာလုပ်ရမှာလဲ .. ရှေ့မှာသာဆို မင်း နဖူးကွဲပြီ၊ တောက်.."

ပြုံးပြုံးပြုံးပြုံး ဖြစ်သွားဖွယ်ရှိသည့် အာကာ အသံကို ဆက်ကြားရသေးသည်။ ဖုန်းကို ဒိတ်ခိုင်းချပစ်လိုက်ပြီး နေရာမှ ထရပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီ ထိုးတော့မည်။

ခြံထဲမှာ သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့နေတုန်း သူမ အဝတ်စားလဲပြီး သည့်ပုံစံနှင့် ပန်းမှာ ဆလင်းဘက်ခ်လွယ်၍ ဆင်းလာသည်။ လက်ထဲ မှာပိုက်ထားသည့် ဗိုင်ရှည်တစ်ခုကိုတော့ ဘာမှန်း မသိလိုက်ပါ ...။

"ကျွန်မ ဒေါက်တာကျော်ထွန်း ဖုန်းဆက်လို့ ခဏသွားရမယ် သိလား .. အလုပ်ကိစ္စ အရေးကြီးလို့ပါ၊ ရှင် အပြင်လိုက်သွားဦးမှာလို့ လား၊ ကျွန်မလည်း အဲဒီအချိန်လောက်ဆို ပြန်ရောက်မှာပါ"တဲ့ ...။

ခွင့်တောင်းတာမဟုတ်သော အသိပေးခြင်းတစ်ရပ်ဖြင့် သူငယ် ချင်းတွေရှေ့မှာပဲ သူ့ကိုယ်တိုင် ကားမောင်းထွက်သွားသည်။

"တွေ့လား .. မင်း ဂျစ်တီးဂျစ်ကန် လုပ်မနေနဲ့၊ ရွှေးမူလ က သွားချင်သွားလို့ ခွင့်ပြုသွားပြီ၊ အခုလိုက်ခဲ့ .. မဟုတ်ရင် မနက်ဖြန် လက်ကျန်ဆက်ရန် ဖြစ်သွားမှာနော်"

သူ့ရင်ထဲမှာ တင်းသွားတယ်ဆိုတာထက် ဆိုးသည်။ ဒေါသလို့ အမည်တပ်ဖို့လည်း ခက်၏။ သို့သော် ရှိနေခဲ့သည့် ပြုံးရယ်ခြင်းတွေ အားလုံး ပျောက်ကုန်သည့်မျက်နှာကို ပြင်လို့ မရ ...။

လိုက်သွားဆိုတိုင်း ထလိုက်သွားရအောင် ကိုယ်က သူ ခွင့်ပြု တာကို စောင့်နေရတဲ့သူလား ...၊

ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည့် မင်္ဂလာပွဲ ညစာခံပွဲက လူစုံရုံပဲ ရှိသေး သည်။ တစ်ခြံလုံး စိုပြေလှပနေဆဲမှာ သတို့သမီးက အပြင်ထွက်သွား သည်တဲ့ ...။ ဒီလိုလုပ်ရမှာက ကိုယ် မဟုတ်ဘူးလား ...၊

အခန်းထဲဝင် အဝတ်စားလဲပြီး သူ သောက်စားမလာဖို့ ဆု တောင်းရင်း စောင့်မျှော်နေရမည့်လူက သူ့ကို လက်ပြထားခဲ့သည်။

မျိုးချသမျှတွေက အရသာမဲ့သွား၏။ ရယ်စရာတွေ ပြောရင်း ရင်ခုန်သံတွေကို နားထောင်ဖို့က နားထဲမှာ ဘာမှမကြားတော့သလို ဖြစ်ခဲ့သည်။





"တင်းသွားပြီ ဒီကောင် တွေ့လား"

သူငယ်ချင်းတွေက ရိပ်မိကြတာတောင် ရင်ထဲထိ သေချာမမြင် ကြဘဲ ...

"မသွားစေချင်လည်း မင်း တားလိုက်ပါလားကွ"

"အေးလေ ခေတ် ရာ .. မျက်နှာကြီးက သံပရာသီး အလုံးလိုက် မျိုချနေတဲ့ပုံနဲ့"

"လာပါကွာ .. အဲဒီဒေါသတွေကို အပြင်မှာ သွားဖျော်လိုက်ရ အောင်၊ သူ မင်းကို ပြန်စောင့်နေရလိမ့်မယ်၊ လာပါ .. အေးဆေး"

"နေစမ်းပါ"

သူ ဘယ်မှမသွားဖြစ်ဘဲ ထိုနေရာမှာပဲ ဆက်ထိုင်နေခဲ့တာ ကိုး နာရီ မထိုးခင်တည်းက ...။

"သားရေ .. မှု တို့ ပြန်တော့မယ်တဲ့၊ နှုတ်ဆက်လိုက်ပါဦး"

မာမီ ရောက်လာပြီး ပြောတော့ ဘေးမှာ ဒေါ်နွဲ့မှု တို့ စနီးမောင်နှံ ပါလာသည်။ သူတို့က ရွှေးမူလ ရဲ့မိဘတွေမို့ ထိုင်ရာမှ ထရပ်လိုက် ရင်း ...

"ဟုတ်ကဲ့ပါ .. အန်တီသမီးတော့ မရှိဘူး၊ အန်တီတို့ကို တစ်ခါ တည်း နှုတ်ဆက်သွားလား"

"ဟင်!... ဪ .. အင်း .."

ဒေါ်နွဲ့မှု မျက်နှာတော့ ပျက်ချင်၏။ ပြောလိုက်သည့် အဓိပ္ပာယ် ကို ခေတ် ရဲ့မျက်နှာပေါ်မှာ ရှာတွေ့လိုက်သလိုရှိကာ ကြုံးစားပြုံး၍...

"ပြောသွားတယ် သား .. သမီးကလေ သူ့ဝါသနာနဲ့ပတ်သက် ရင် ဒီလိုပဲ သားရယ် .. အဲဒါလေးတော့ သားက .."

"အို .. ဒါကို ပြောပြန်ပြီ မှု ရယ် .. သမီး ရွှေးမူလ က ရိုးသား တယ်၊ ကြိုးစားတယ်၊ သူ့ဝါသနာက သူ့ရဲ့အနာဂတ်အတွက်ဥစ္စာ ဒါ ဘာထိနိုက်ဖို့ ရှိလို့လဲ"တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေကတော့ ဒီမိန်းကလေးမှ တော်သည်၊ ဒီမိန်းကလေးပဲ ကောင်းသည်၊ ဘာထိနိုက်ဖို့ရှိလို့လဲဆိုပြီး မာမီ ပြောသွားတာ သူ့ မျက်နှာကို တစ်ချက်မှ မကြည့် …။

"ဒေါက် … ဒေါက်"

စိုးကရက်မိုးညို့နေသည့် သူ့မျက်နှာ တံခါးဆီ ရှာခနဲ လှည့်သွား၏။ ဒါပေမယ့် သူမ မဟုတ် …။

"သား … သား အိပ်နေပြီလား"

"အိပ်နေချိန်ရောက်ပြီဆိုတာ သိရင်လည်း မာမီရွှေးမ ပြန် မရောက်သေးတဲ့အဖြစ်ကို အရင်ပြောပါလား မာမီ …"

ပေါက်ကွဲချင်သည့်ဒေါသက မာမီ့စကားကြောင့် လှုပ်လှုပ်ရှရှ ဖြစ်သွားကာ …

"ဆယ့်တစ်နာရီ ထိုးနေပြီ"

ဟု ပြောရင်း တံခါးသွားဖွင့်လိုက်သည်။ မာမီက အပြင်မှာ တစ်ချက်လေးမှ အနှောင့်အယှက်ဖြစ်မနေသော မျက်နှာချိုချိုနှင့် ရှိနေကာ…

"သူ့အိမ်မှာလည်း အလုပ်ကိစ္စနဲ့ဆိုရင် ဒီလိုပဲ အချိန်အခါမရွေး သွားလာတတ်တယ်လို့ မှ တို့ ကြိုပြောခဲ့တာပဲ သားရယ် …"

"အချိန်အခါမရွေး သွားလာရအောင် သူ ယောကျ်ားလေးမှ မဟုတ်တာ"

"မှန်းပါတယ် … ကားနဲ့သွားတယ်၊ သိပ်ဝေးဝေးလံလံလည်း မဟုတ်တော့ …"

"ဟုတ်ဟုတ်မဟုတ်ဟုတ် မာမီ၊ ဘယ်တုန်းက ဘယ်လိုရှိရှိ အခု ကျွန်တော် လက်မခံနိုင်ဘူး"

"သားရယ် …"

သူ လှည့်ဝင်လာတော့ မာမီ နောက်က လိုက်ဝင်လာကာ …

"သားလည်း မူးနေပြီဗို့လား … အိပ်လိုက်ပါလားကွယ်၊ တစ်မေး





လောက်ပြစ်ပြစ် အပန်းပြေတာပေါ့၊ သူ ပြန်လာရင် …"

"ဘယ်လို!…"

ဆတ် ရှာခနဲ နောက်ပြန်လှည့်ကာ …

"အိပ်နေရမယ် ဟုတ်လား မာမီ၊ ကျွန်တော် တစ်ရေးနိုးလောက်မှ သူတ ပြန်လာမယ် .. ဟုတ်လား၊ သူ ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာ မာမီ့ဆီ ဖုန်းဆက်လိုက်တာလား"

ဒေါ်ရွှေသဇင် က စိတ်မသက်သာသည့်မျက်နှာနှင့် ခေါင်းညိတ်ကာ …

"နည်းနည်းနောက်ကျမယ်လို့ ဆက်တာပါ၊ မသကာ နာရီဝက်လောက် …"

"မရဘူး …"

စိတ်တိုတာကို ဘယ်လိုမှ ထိန်းမရတော့ဘဲ ဖုန်းကောက်ခေါ်လိုက်သည်။

"တောက် …"

ဘယ်လိုခေါ်ခေါ် ဖုန်းကိုင်မည့်သူ မရှိ …။

"ဟဲ့ … သား … သားရယ် … မလုပ်ပါနဲ့"

ကိုင်ပေါက်မစ်လိုက်ဖို့ လွှဲလိုက်သည့်လက်ကို ဒေါ်ရွှေသဇင် အတင်းပြန်ဆွဲထားရင်း …

"ဒေါသဖြစ်တိုင်း ဖုန်းတွေ ပေါက်ခွဲတတ်တဲ့အကျင့်ကိုလည်း ဖျောက်ပါဦး သားရယ် … အခု သားမှာ တစ်စိမ်းဖက်လာပြီ၊ မီဘလို သူက နားလည်မှာ မဟုတ်ဘူး၊ ရှေးမူလ ကို မာမီတို့က သဘောတူပေမယ့် သူ့ကိုမြင်လိုက်တာနဲ့ သားကိုယ်တိုင် သဘောကျခဲ့တာလေ၊ သား နှစ်သက်လို့ မရမက တောင်းယူခဲ့ရတာ"

"အဲဒါတွေကြောင့် သူ ဘာလုပ်လုပ် ကျွန်တော်က ကျောက်ရုပ်လို နေပေးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. သူ့ရဲ့ဝါသနာကိုလည်း မာမီတို့အားလုံး အစောကတည်းက သိနဲ့ကြတာပဲ၊ သူ့မှာ ဒါလေးတစ်ခုကလွဲပြီး ဘာမှ ပြောစရာမရှိဘူး၊ ဒါကို .."

"ဘယ်မိန်းကလေးမှ ဝါသနာကြောင့် ညဉ့်နက်သန်းခေါင် တစ်ယောက်တည်း မထွက်ဘူး မာမီ၊ ခုပဲ မင်္ဂလာဆောင်တယ်၊ ခု ပြဿနာ ရှာတယ်၊ သူ့ကိစ္စ ဒီညမှာ တိုက်ဆိုင်ပြီး ပေါ်လာတာ ဘာလဲ ..၊ ဒါ တကယ်လား .. ဒီလိုရှိလာရင် ဒီတိုင်း ဂရုမစိုက်ဘဲ လုပ်မှာကို တမင် သိအောင် ပြတာလား"

"သား .."

"မပြောနဲ့တော့ မာမီရာ .. ကျွန်တော့်မျက်လုံးတွေကို ကြည့်ပြီး မူးနေတယ်လို့ ပြောမလို့လား၊ မူးခဲ့ရင်လည်း အခု မူးလို့ပြောနေတာ မဟုတ်ဘူး၊ ခြေလှမ်းမမှန် စကားပြောမရလောက်အောင် ကျွန်တော် ဘယ်တုန်းက သောက်ခဲ့ဖူးသလဲ"

ပါးစပ်ပြင်လိုက်တိုင်း သူချည်းပဲ ပိတ်ပြောကာ ဒေါသထွက်နေသဖြင့် ဒေါ်ရွှေသဇင် ဘာပြောရမှန်းကို မသိတော့ပါ။

ထိုစဉ် ဦးထွန်းမင်း အခန်းဝမှာ ပေါ်လာကာ ...

"မူးတာက မူးတာပဲကွ .. မင်း ဘယ်လောက် ဟန်လုပ်နေနေ အရက်သမားမျက်နှာပြင်တာနဲ့ သိသာပြီးသား .."

တစ်ခုခု ပြောချင်သေမယ့် သူ မပြောဖြစ်လိုက်ဘဲ မွေ့ရာပေါ်မှာပဲ နောက်ပြန်လှဲထိုင်မိ၏။

ဦးထွန်းမင်း က တံခါးနားမှာပဲ ရပ်နေလျက် ...

"ရွှေမှုလ က ရိုးအေးတယ်၊ ကြိုးစားတယ်၊ ဘွဲ့ရပညာတတ်၊ သူ့လိုပုံစံလေးနဲ့ နိုင်ငံခြားဒီ ဘွဲ့တွေသွားယူထားသေးတယ်၊ ဘယ်လောက်ထိ ကြိုးစားခဲ့သလဲ၊ သူ့ဝါသနာအတွက် .."

"ဒက်ဒီ ကျွန်တော်က သူရခဲ့တဲ့ဘွဲ့တွေကို လက်ထပ်ယူထားတာ





မဟုတ်ဘူး"

"မဟုတ်ပေမယ့် အဲဒီဘွဲ့တွေ ယူထားခဲ့တဲ့ မိန်းမကို မင်း လက်ထပ်ခဲ့တာ၊ ပြောရရင် မင်းနဲ့ ရွှေမှုလ မလိုက်ဖက်သေးဘူး သည်ခေတ်လူ .."

သူ့ရဲ့ကောင်းမြတ်သောဂုဏ်ရည်တွေကို ထုတ်ဖော်တော့မည်ဆို ဒက်ဒီ့ပါးစပ်ထဲမှာ သူ့နာမည် တစ်ယောက်ဆုံး နေရာယူတတ်၏။

'ခေတ်'လို့ပဲ အားလုံးခေါ်ကြသည့်ထဲမှာ 'သည်ခေတ်လူ'လို့ ခေါ်တာ ဒက်ဒီပဲ ရှိသည်။

"မင်း ဘွဲ့တစ်ခုယူထားပြီး ပညာလောဘလည်း မရှိ၊ မိဘ စီးပွားရေးလည်း ဟုတ်တိပတ်တိ မပါ၊ အပေါင်းအသင်းစုံရင် သောက်တယ်၊ စားတယ်၊ ကလပ်တက်တယ်"

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပျက်စီးခံတဲ့အထိ ဘာတစ်ခုမှ မလွန်ကျူးဘူး ဒက်ဒီ"

"ဒါကတော့ မင်း မလိမ္မာရင် ခံလေ၊ လူငယ်တွေက တားရင် ပိုလုပ်ချင်တယ်၊ စေတနာထားရင် ချုပ်ချယ်တယ်လို့ မြင်ကြတာ၊ အဲဒါကြောင့် မင်းကို မျက်လုံးစုံမှိတ်ပြီး လွှတ်ထားခဲ့တာ သည်ခေတ်လူ၊ ဆေးသမား၊ သူခိုးဂျပိုး မဖြစ်ခဲ့တာကို ဂုဏ်ယူပြီး ပြောမနေနဲ့၊ တိုးတက်နေကြတဲ့ ပညာရေးခေတ်ကြီးထဲမှာ မင်းတို့လိုကောင်တွေက 'ငမောင် တောင်မှန်းမြောက်မှန်း မသိ'ထဲမှာပဲ"

"ကဲ .. တော်ပါတော့ ကိုထွန်း ရယ် .. ညဉ့်လည်းနက်နေပြီ၊ ဪ .. သမီးလည်း ပြန်ရောက်နေပြီ"

အံကြိတ် တစ်ဖက်လှဲနေသည့် ခေတ် ရဲ့မျက်နှာ ရှေ့ ပြန်ရောက်သွားသည်။ ဒက်ဒီ့ရဲ့နောက်မှာ ရွှေမှုလ ..၊ ဒက်ဒီ ဘာမှမပြောတော့ဘဲ ထွက်သွားကာ မာမီကတော့ သူတို့ကို ကြည့်၍ ပြုံးနေသဖြင့် ..

"ဒုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဟွဲ .."

မီးသေနေသည့် ဓိးကရက်တစ်ဖက်နှင့် စားပွဲပေါ်က မီးခြစ်ကို တောက်ယူရင်း နံ့ကို တမင်ကန်ပစ်လိုက်တာ ဖြစ်၏။ ပြီးတော့ သူမ ရှေ့တနေ့ အရှုတ်ဆန်ဆန် ဖြတ်ထွက်လာခဲ့လျှင် ပန်းစွန်းချင်း တိုက်မိ မတတ် ...။

"ဆောရီးပါ သမီးရယ် .. သူ့အမေ ဆူထားလို့ပါ"

"မူလ က တောင်းပန်ရမှာပါ အမေ .. နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်၊ ဒီညကျမှ အလုပ်ထဲမှာ ပြဿနာနည်းနည်းရှိသွားလို့ပါ"

'သူကိုပဲ သွားတောင်းပန်လိုက်ပါလား'လို့ ဒေါ်ရွှေသစင် စိတ်ထဲမှာတော့ ပြောဖြစ်ခဲ့၏။ ဒါပေမယ့် ...

"ကဲ .. ကဲ သမီး ပင်ပန်းလာတယ်၊ အဝတ်စားလဲပြီး နားလိုက်ဦးလေ"

"ဟုတ် .."

ထိုညမှာ ခေတ် ဝရန်တာမှာပဲ ဓိးကရက်သောက်ရင်း အချိန်ကုန်ခဲ့သည်။

ပြီးတော့ ဝရန်တာမှာပဲ အိပ်ပျော်ခဲ့လေသည်။

ခေတ် ရဲ့ အိပ်မက်ထဲမှာ ရှေးမူလ ကို ဂုတ်ကဆွဲပြီး ကိုင်ပေါက်နေတာ နှစ်ပြန် သုံးပြန် ...။





BURMESE CLASSIC .com

အခန်း (၂)

မနက် ၅ နာရီထိုးခါနီးမှ သူ နိုးသည်။ အခန်းထဲဝင်လာတော့ သူမ မရှိပေ ...။ ဒါပေမယ့် လှုပ်ရှားမှုတစ်ခုနှင့်အတူ သနပ်ခါးနံ့က နှာခေါင်းထဲ ဝင်လာသည်။

"ရှင် ဒီထဲရောက်နေတာကိုး၊ ကျွန်မက လိုက်ရှာနေတာ"

"ဘာလုပ်မလို့လဲ"

"နိုးမလို့ပေါ့"

"ခုမှ နိုးမလို့"

"အင်းလေ .. ကျွန်မလည်း အိပ်ပျော်သွားတာ ပုံမှန်နိုးနေကျအတိုင်း လေးနာရီခွဲမှ နိုးတယ်"

"အခု ငါးနာရီ ရှိပြီ"

မေးခွန်းတွေ ထုတ်နေသည့် သူ့ကို မူလ က ပြန်လှည့်ကြည့်သည်။ စားပွဲပေါ်က ဓိးကရက်တို့နှင့် သူ့ဖုန်းရယ်၊ စာအုပ်ရယ်ကို တစ်ခုစီ ကောက်ယူသိမ်းရင်း ပြန်ကြည့်ပုံက တော်တော်ကြီး အံ့ဩ စရာ ပါသွားတာမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



"ငါးနာရီထိုးရင် အရုဏ်ဆွမ်းကပ်လို့ရအောင် ဆွမ်းတော် ထချက်ရတယ်လေ၊ ဒီနေ့တော့ ကျွန်မ မချက်လိုက်ပါဘူး၊ ဒေါ်အုလုပ်ကိုင်နေတာကိုပဲ ကြည့်နေလိုက်တယ်"

"သမီးရေ .. ဒီမှာ ရော .."

စကားပြောနေတုန်း ဒေါ်အု ရောက်လာကာ ပိတ်ထားသည့် လက်ပ်တော့ပ်ကို ပေးသွား၏။

"မင်းက မီးဖိုချောင်ထဲမှာ ဒါသွားလုပ်နေတာလား"

"သွားလုပ်တာတော့ မဟုတ်ပါဘူး"

လက်ပ်တော့ပ်ကို သူမ ဗီရိုအပေါ်ထပ်မှာ သေချာသိမ်းရင်း လှည့်မကြည့်ဘဲ ပြော၏။ ခါးကျလက်တိုလေး ဝတ်ထားသည်မို့ ခြေဖျားထောက် ယက်မြှောက်လိုက်တော့ လှပသည့်ကောက်ကြောင်းလေးတွေ ထင်းသွားကာ ဝင်းစက်ဖြူနုသော အတွင်းသား ခါးစပ်လေး လှစ်ခနဲ ပေါ်သွား၏။

ပေါင်လယ်လောက်ထိရှည်သော အညိုရင့်ရောင် ပိုးသားလိုဆံနွယ်တွေက ကင်အလှရဲ့အောက်မှာ တနွဲ့နွဲ့ လှုပ်ယမ်းသွားတာကလည်း ရင်ဖိုစရာ ကောင်းသည်။

နာမည်နှင့်လိုက်ဖက်အောင် သူမ တစ်ကိုယ်လုံးမှာ ခေတ်မီဆန်းပြားတာ ဘာမှမရှိ၊ သေသေသပ်သပ်လေး နေလိုက်တာနှင့်ပဲ သူမပုံစံလေးက ထင်းနေအောင် လှတာ ဖြစ်သည်။ ထို့ကြောင့် သူမကို သူ နှစ်သက်ခဲ့သည်။

လှပုံစံက ခပ်တုံးတုံးပေမယ့် ခေတ်ပညာတတ်တစ်ယောက် ဖြစ်သလို ပါးနပ်တဲ့သူမို့ သူမနဲ့ သူ အလှမ်းမကွာနိုင်ဟု ယူဆခဲ့တာလည်း ပါသည်။

ခုတော့ သည်ခေတ်လူ နဲ့ ရှေးမူလ ခေတ်နှစ်ခေတ် ပြိုင်နေခဲ့ပြီ ဖြစ်၏။ သူက သည်ခေတ်ထဲက လူ၊ သူမက ရှေးခေတ်ထဲမှာနေပြီး





မျက်လုံးတွေက ဝါသနာမှတစ်ပါး တခြား မမြင် ..

"မင်းနဲ့ကိုယ် ဒီတိုင်းသွားလို့ မဖြစ်တာတော့ သေချာတယ် မူလ"

ဗီရိုကိုပိတ်ပြီး သူမ ပြန်လှည့်လိုက်တော့ နောက်မှာ ကလစ်နဲ့ အရှည်တိုင်း စုညှပ်ထားသည့် ဆံနွယ်တွေ လွှန့်ခနဲ ခါသွားသည်။

"ကျွန်မ ညက နောက်ကျသွားတာကို ပြောတာလား"

"အဲဒါကစလို့ပေါ့ .. တကယ်ဆို ဒီမနက် ဒီစကားတွေပြောပြီး ရန်ဖြစ်ရမှာက ကိုယ် မဟုတ်ဘူး"

"သြော် .. စကားပြောတာမဲ့ ယောက်ျားစကား မိန်းမစကား ခွဲခြားနေဖို့ မလိုပါဘူး၊ ညကကိစ္စကလည်း ကျွန်မက သွားစရာရှိလို့ သွားတယ် .. ရှင်က မသွားဘူး၊ ဒါလည်း ဘယ်သူဖြစ်ဖြစ် အခြေအနေ အချိန်အခါဆိုတာ အရေးတကြီး တစ်ခုခု ရှိတတ်တာပဲ"

သူမ ပြောနေတာကို စူးစိုက်နားထောင်ရင်း ခေတ် က မှဲ့ပြုံးနှင့် ခါးတစ်ဖက်မှာ လက်မချိတ်သည်။

"နောက်ထပ် ညသန်းခေါင်ထိ ခဏခဏ ရှိလာမယ့် မင်းရဲ့ အရေးတကြီးတွေကို ကိုယ်က ခဏခဏ နားလည်ပေးနေရမယ်ပေါ့"

စိတ်မရှည်တာလား .. အံ့သြသည့်ပုံစံလား မသိ၊ ပြာလွဲသည့် မျက်ဝန်းတွေ သူ့ဆီ စူးစိုက်လာပြန်ကာ ...

"ကျွန်မတို့ အဲဒီလိုဖြစ်ဖို့ရှိလာမှာတွေအတွက် ဆွေးနွေးခဲ့တယ်လို့ ထင်တယ်"

"မှန်တယ် .. အဲဒါ မင်းရဲ့ဝါသနာအကြောင်း၊ အထူးတလည် ထည့်သွင်းပြောပြခဲ့တာတွေကို နားလည်ဖို့ .."

"နားလည်ဖို့မှာ ဒါနဲ့ပတ်သက်တာ အားလုံးပါတယ် ခေတ်"

"မပါဘူး .. မင်း နောက်ထပ် သန်းခေါင်တလွဲ ထွက်သွားဖို့ ကိုယ် လုံးဝ ခွင့်မပြုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးက မရှိတတ်ပါဘူး၊ တစ်ခါတလေ .."

"တစ်ခါတလေမှ မရဘူး၊ မင်း အပျိုတုန်းက ရနဲ့လည်း အခု မရတော့ဘူး"

"ရှင် မဖြစ်သေးတာကို လှမ်းကြိုပြီး ရန်လုပ်မနေပါနဲ့၊ ညက တည်းက အချိန်မတော်မှ အဖေနဲ့ စကားပြောနေရတယ်"

"မင်းကြောင့်လေ .."

"ခုလည်း မိုးမလင်းသေးဘူး ဖြစ်ရဦးမယ်၊ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ကျွန်မသာဆိုရင် အရိုပ်သုံးပါးကြည့်ပြီး မျိုးသိပ်နိုင်သလောက်တော့ မျိုးသိပ်မှာပဲ"

"ငါက မင်းမှမဟုတ်ဘဲ"

မီးရောင်အောက်မှာ သနပ်ခါးပါးပါးနှင့် မျက်ခုံးထူထူလေးတွေ ထင်းနေသည့်မျက်နှာကို သူ စိုက်ကြည့်ရင်း ...

"မင်းနဲ့ငါ လက်ထပ်ကြတာ မင်းဘက်က မိဘပေးစားလို့ ခေါင်းညိတ်ရတာ ဖြစ်ရင်ဖြစ်မယ်၊ ငါ့ဘက်က အဲဒီလို မဟုတ်ဘူး"

သူ ဘာပြောတော့မယ်ဆိုတာ သိလိုက်တာမျိုး တွန့်ခနဲ ကုတ်သွားသည့် မျက်ခုံးလေးတွေက မလိုလားခြင်းကို ပြဆဲ။

ပြီးတော့ မျက်ဝန်းတွေ တံခါးဆီရောက်သွားကာ ...

"ကျွန်မ အပြင်မှာ အလုပ်ရှိသေးတယ်"

ရှောင်ထွက်ဖို့ ကြိုးစားတာနှင့် ခေတ် သူမပခုံးလေးကို ဖျတ်ခနဲ ဆွဲလှည့်လိုက်သည်။

"မင်းကို ကိုယ် မက်မောလို့ ရအောင်ယူခဲ့တာ၊ အဲဒါကို မသိချင်ယောင်ဆောင်နေလို့ မရဘူး"

"အို .. ရှင် ဘယ်လိုဖြစ် .."

တစ်ကိုယ်လုံး ပွေ့ဖက်ထားပြီး လွဲရှောင်မရအောင် အတင်း လိုက်ကပ်နမ်းသည်။





ဒီလိုအပြုအမူတွေက သူ့အတွက် စိမ်းသက်နေမှာ မဟုတ်ပေမယ့် တစိမ်းယောကျ်ားတစ်ယောက်နှင့် ဤသို့ ထိတွေ့ ပတ်သက်ဖို့ အိပ်မက်တောင် မမက်ဘူးခဲ့သည့် မူလ အတွက် ...

"ရှင် ဖယ်ပေးပါ"

အတင်းအကျပ် ရုန်းထွက်ရင်း ဘယ်တုန်းက ကျလိုက်ခဲ့မှန်းမသိသည့်မျက်ရည်ကို လက်က အလိုလိုပွတ်သုတ်မိကာမှ သတိရသည်။

"ဘာဖြစ်သွားတာလဲ .. ကိုယ်က မင်းအတွက် လူစိမ်းလား"

"မသိဘူး .. ကျွန်မ ရှက်တယ်"

လူကို တိုးတိုက်ထွက်သွားတဲ့အထိ ကြည့်နေပြီးမှ 'ကျွတ်' ခနဲ ညည်းမိသည်။

သွားပြီ ...၊

ဥပေက္ခာရင်ခုန်သံများနဲ့ မင်္ဂလာဦးညရဲ့ နောက်တစ်နေ့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဒေါက်တာ .. ဒေါက်တာ .. ခဏလေးပါ"

အယားဖားယားပြေးလာပြီး လက်ကို ဆွဲထားလိုက်သဖြင့် မူလ ရှောင်ထွက်သွားချင်လို့လည်း မရတော့ပေ ...။

အမျိုးသမီးကြီးသည် ဟိုအရင်ကဆို သိန်းနှစ်ထောင်ကျော်လောက် ရှိမည့် အကောင်းဆုံးကားပေါ်ကနေ ဆင်းလာကာ ဝတ်ထားသည့် စိန်ထည်တွေက ပြိုးပြက်လက်နေ၏။

သူမကို မူလ သိသည်။ လက်ရှိ တရားခံဘဝနှင့် အချုပ်ခံနေရသည့် နေဝင်းအောင် ၏ မိခင်ဖြစ်ကာ အမှုအတွက် သေလုမြောပါး လိုက်နေသူ ဖြစ်၏။

"သမီးလေးရယ် .. သမီးက မှူးခင်းဆရာဝန်ကြီး ဦးဝင်းကို ရဲ့ တပည့်မလေးမို့လားဟင် .. အန်တီ သိပါတယ်၊ အန်တီ့သားလေး ကိုလေ .."

"နေပါဦး အန်တီ .. ကျွန်မက .."

"ဒေါက်တာရယ် .. အန်တီ့သားလေးက တကယ်တော့ စိတ္တဇ ဝေဒနာရှင်လေးပါ၊ သူကိုယ်တိုင် ကျူးလွန်ခဲ့ပေမယ့် သူ့ရဲ့စိတ်နဲ့





မဟုတ်ပါဘူး၊ အဲဒါကို ညှာတာပြီး ဒေါက်တာ ဦးဝင်းကို ကို သမီးက ပြောပြပေးပါ"

"အန်တီ .."

"ဒီအတွက် အန်တီ ချမ်းသာသမျှ .."

"အန်တီ ခဏလေး ရပ်နေပါဦး၊ ကျွန်မ ပြောပါရစေ"

ဒီနေ့ကျမှ ဆေးရုံကြီးထိ ရောက်လာမိတာ မှားပြီလို့ တွက်မိလိုက်သည်။ အမျိုးသမီးကြီးက လက်ကို မလွှတ်တမ်း ဆွဲထားသဖြင့် မူလ က လှုရှင်းရာသို့ ခပ်သွက်သွက် လှမ်းသွားတာနှင့် သူမ ပါလာကာ ...

"လုပ်ပါ ဒေါက်တာ.. အန်တို့ချွေးမ သေရတာ သူ့ဟာသူ ချော်လဲပြီး ကိုယ်ဝန်ပျက်စီးတာပါ၊ အဲဒီအတိုင်း တွေ့ရှိချက် ရေးပေးဖို့.."

"မရဘူး အန်တီ၊ ဒေါက်တာ ဦးဝင်းကို ကျွန်မတို့ဆရာ ဖြစ်ခဲ့ပေမယ့် အခု တစ်ယောက်တစ်လိုင်းစီ ဖြစ်ကုန်ကြပြီ၊ အဆက်အသွယ် လည်း မရှိကြသလောက်ပဲ"

"မနေ့က အန်တီလာတော့ ဒေါက်တာ့ဆီမှာ သမီးတို့ကို အတူ တူ တွေ့တယ်လေ"

"ဟုတ်ပါတယ် .. အဲဒါက ဆရာ့ဆီမှာ မေးမြန်းသင်ယူစရာ တချို့ ရှိလာလို့၊ ရောက်နေတုန်း အန်တီ မြင်သွားတာ ဆရာက မှုခင်း ဆရာဝန်၊ ကျွန်မတို့က .."

"အဲဒါတွေ အန်တီလည်း နားမလည်ပါဘူး၊ အခု ပြောချင်တာ က အရမ်းကို အကမ်းအလှမ်းမဲ့နေလို့၊ ပါစင်နယ်လိပိုင်းနဲ့ဖြစ်ဖြစ် ကူညီပါနော်၊ ဟိုလေ .. အခု .. အခု ဒေါက်တာ အဲဒီကိုသွားမယ်ဆိုရင် အန်တီ့ကို ခေါ်သွားပေးပါလားဟင်၊ ဆရာဝန်ကြီးနဲ့ တွေ့ခွင့်ရမယ်ဆို ရင်ပဲ ဒေါက်တာ့ကျေးဇူးကို မမေ့ပါဘူး"

မူလ ဆလင်းဘက်ခ်ကို ပခုံးပေါ်ထပ်ဆွဲတင်ရင်း သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

ထိုအချိန်မှာပဲ ဖုန်းမြည်လာသဖြင့် ထုတ်ကြည့်လိုက်တော့ ခေတ်ဆီက ...

"နေပါဦး ဒေါက်တာရယ် .. အန်တီ့ကို ခေါ်သွားမှာလား၊ ပြောပါဦး"

ဖုန်းပြောဖို့ တစ်ဖက်လှည့်လိုက်တာတောင် လက်ကိုဆွဲထားတဲ့ အထိ အမျိုးသမီး သတိလက်လွတ် ဖြစ်နေရှာ၏။

စိတ်မရှည်ခြင်းဖြင့် ပြန်ကြည့်မိပြီးမှ ကရုဏာဖြစ်မိပြန်ကာ ...

"ခဏလေး ခေတ် .. ဒီမှာ စကားပြောနေလို့"

ဖုန်းကို ပြန်ပိတ်လိုက်ရသည်။ ပြီးတော့မှ ...

"အန်တီ့သားက တကယ် စိတ်ဝေဒနာသည်မှန်ရင် အပြစ်ကို အမှန်အတိုင်းပဲ စီရင်မှာပါ အန်တီ၊ ကျွန်မတို့က စိတ်ဝေဒသုတေသန လုပ်ငန်းအတွက် ဆရာ့ဆီကို လာကြတာပါ၊ ကိုယ် မသိခဲ့တဲ့ တိစ္ဆေ တစ်ခုအတွက် ဆရာ့ကို အကြံပေးတာ၊ ထောက်ပြတာတွေ မလုပ်ရဲဘူး၊ ခုလည်း ဆရာက ခွင့်ပြုတာ မဟုတ်ဘဲ အန်တီ့ကို ခေါ်သွားမပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး"

နောက်ကို နားမစွင့်ဘဲ လှည့်ထွက်လာခဲ့ရင်း ဖုန်းပြန်ခေါ်သည်။ ဖုန်းမအားဘူးလို့ အကြောင်းပြန်သဖြင့် ပြန်ပိတ်၍ ဆရာ့ရုံးခန်းကို ဦးတည်ခဲ့သည်။

"နောက်ကျလိုက်တာ မူလ ရယ် .. ကိုတူး ကလည်း ခုနကမှ ရောက်တယ်၊ ဆရာက ငါတို့ကို ပြန်စောင့်နေရတဲ့အဖြစ် .."

ကျောင်းကတည်းက တွဲခဲ့သည့် သူငယ်ချင်း၊ နိုင်ငံခြားထိ အတူတူသွားခဲ့တာ ဖြစ်သည်။ သူမက ဒေါက်တာ ခင်လေးညို ...။

"ကဲ .. လူစုံပြီလား"

"ဟုတ်ကဲ့ .. အပြင်မှာ ဧည့်သည်နဲ့ စကားပြောနေမိလို့ပါ ဆရာ"

"ဒေါ်မြင့်မြင့်ဝင်း မှ ဟုတ်ရဲ့လား"

"ဟို .. နေဝင်းအောင် ရဲ့အမေ .."

"ဟွန်း .."

ဆရာက မျက်မှန်ပင့်ပြီး ရယ်သည်။ ဒေါက်တာ နောင်တူးနော်က မူလ ကို ခပ်ပြုံးပြုံးနှင့်ကြည့်၍ ...

"ဘာပေးမယ် .. ညာပေးမယ်ဆိုတာရော မပါဘူးလား"

မူလ က ပြုံးလိုက်ပြီး လက်ဝ်တော့ဝ်နဲ့ ဖိုင်ကို အတူတူ ထုတ်ချထားလိုက်ရင်း ...

"မိဘတစ်ယောက်ရဲ့သောကပေါ့ ကိုတူး ရယ် .. အရမ်း ပျာနေတာကိုက သတိလက်လွတ် စိုးရိမ်လွန်နေတာလေ၊ သနားပါတယ်"

"သိတယ် .. နင် ဒီလိုဖြစ်လာမယ်ဆိုတာ"

ကိုတူး က ပြော၍ ညို က ဟုတ်တယ်ဆိုသည့်အပြုံးနှင့် ခေါင်းညိတ်သည်။

"ဘာဖြစ်ဖြစ် ဥပဒေက မိဘမေတ္တာကို ငဲ့ညှာမှာ မဟုတ်ဘူး၊ သူ့ရဲ့ဇနီးကို သူကိုယ်တိုင် သတ်ခဲ့တာ၊ လူသက်သေ၊ ပစ္စည်းသက်သေတွေလည်း ရှေ့နေတွေက စဆောင်းနေကြပြီ၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က အောက်လမ်းဆရာနဲ့ပေါင်းပြီး မီးနေသည်အလောင်းကို ဖော်ခဲ့တဲ့အမှုကလည်း ဒီအပြစ်မှာ အထောက်အထား ဖြစ်နေသေးတယ်"

ဦးဝင်းကို သေချာရှင်းပြရင်း စစ်ချက်ထုတ်ထားပြီးသည့်ဖိုင်ကို ဖွင့်ပြသည်။

"မင်းတို့နဲ့ သက်ဆိုင်မယ်ထင်တာတွေကို ဒီထဲမှာ သိမ်းထားလိုက်တာ၊ ဒါက အရေးကြီးတဲ့ကေ့စ် ဖြစ်နေတော့ အမှုမပြီးခင်မှာ မင်းတို့လည်း သေချာသိမ်းထားမှ ရမယ်"

"ကျွန်တော်တို့ နားလည်ပါတယ် ဆရာ၊ ကိုနေဝင်းအောင် က







www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းတက်ရင်း နိုင်ငံခြားကို သူ့ဟာသူ ထွက်သွားတာဆိုပြီး ဒေါက်တာလည်း မဖြစ်ခဲ့ဘူးနော်"

"ကျောင်းတက်ဖို့သွားတာ မဟုတ်ဘူးလို့ပဲ သတ္တုချရမှာပေါ့၊ ဒါပေမယ့် သူက ဓာတ်ခွဲစမ်းသပ်တဲ့နေရာမှာ မင်းတို့ထက် တော်တယ်၊ စိုက်ထုတ်တယ်၊ နယ်စပ်မှာ နာမည်ကြီးသွားတဲ့ နလုံးအထူးကု ဒေါက်တာ ကေဂျီဇော်ဇော် က ပြယုဂ်လေ၊ သူက နောက်ကွယ်ကလူ၊ ဆရာဝန်မဟုတ်ပေမယ့် ခွဲစိတ် စမ်းသပ်တဲ့နေရာမှာ ကေဂျီဇော်ဇော် က သူမပါရင် မလုပ်ဘူး၊ ဒါတွေထိ ရှေ့နေတွေက လိုက်ခဲ့ကြတာ၊ ဘာဖြစ်ဖြစ်ကွာ .. မွေးဖွားခါနီးမှ ကိုယ့်သမီး သေဆုံးရတယ်ဆိုတော့ ထောင်ကျမှာစိုးတဲ့ မိဘထက် သမီးဆုံးရတဲ့မိဘကလည်း ဘယ်ခံနိုင်မလဲ၊ အဲဒီလို နယ်လွန်ခံစားမှုတွေကို အချိန်မီ မတားဆီးနိုင်ရင် စီးနေတဲ့ရေထဲကို အဆိပ်ခပ်သလိုပဲ"

"ဒါဆို ကိုနေဝင်းအောင် က စိတ္တဇဆရာဝန်ပေါ့"

"လုပ်ကွက်တွေက စိတ္တဇဆန်ပေမယ့် ဒီလိုတော့ မဟုတ်သေးပါဘူး၊ လာဘကြီးလွန်းရင် ဆင်ခြင်တုံတရား မဲ့တတ်တယ်၊ သူ့ရဲ့ စမ်းသပ်မှုတစ်ခုအတွက် သူ ကြိုးစားနေတာ၊ ဒီကြိုးစားမှု မအောင်မြင်မချင်း နောက်ထပ် ကိုယ်ဝန်ဆောင် ဒါမှမဟုတ် မီးနေသည်မိန်းမတစ်ယောက်ယောက်က စတေးခံရဦးမှာပဲ၊ ဒါကြောင့် နေဝင်းအောင် ရဲ့အမှုက တာဝန်အရရော ပြည်သူလူထုအတွက်ပါ မထုတ်ဖော်လို့ မဖြစ်တဲ့အမှုပဲ၊ မင်းတို့ အခု စခဲ့တဲ့ ပရောဂျက်နဲ့ ဒီအမှုက အများကြီး ပတ်သက်မှုရှိတယ်နော်၊ ဂရုစိုက်ပြီး မှတ် .."

"ဟုတ်ကဲ့ပါ"

သုံးယောက်စလုံး အဆင်သင့်ပြင်ရင်း စိတ်ဝင်တစား နားထောင်နေကြသည်၊ ဦးဝင်းကို က ပါးစပ်ကပြောရင်း ဖိုင်ကိုဖွင့်၍ အလုပ်လုပ်နေကာ ...





"သူက မျိုးစိတ်ဗီဇအတွက်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒါကြောင့် ဆက်တွဲဖြစ်ပေါ်လာနိုင်တာတွေကို အားလုံး သိမ်းကျုံး သိချင်တာ"

"မီးနေသည်အလောင်းကို ဖော်တဲ့အမှုတုန်းက 'အောက်စီတိုဆင်'အတွက်လို့ သူ ဝန်ခံခဲ့တာနော် ဆရာ၊ ဒါပေမယ့် သူပြောတာက ပီယဆေးပေါ့"

"သူ ဝန်မခံပါဘူး၊ ပီယဆေးဆိုတာ အောက်လမ်းဆရာက ထွက်ဆိုသွားတာ၊ 'အောက်စီတိုဆင်'နောက်ကို သူ အရှူးအမူး လိုက်နေတာ၊ ကေဂျီဇော်ဇော် ကော့စ်မှာတည်းက ယူဆချက် ရှိထားပြီးသား၊ အောက်စီတိုဆင်က မြင့်တယ်ကွ၊ ဒါကို သေချာသိဖို့ကျတော့ ဆရာတို့နဲ့ မဆိုင်တော့ဘူး"

ဦးဝင်းကို ရှင်းပြနေတုန်း ဖုန်းဝင်လာပြန်သည်။ ခေတ် ရဲ့ ဖုန်းမှန်း သိလိုက်တော့ မူလ က ပိတ်ထားလိုက်ကာ ...

"ဟုတ်တယ် ဆရာ၊ အလောင်းကယူထားတဲ့ တွေ့ရှိချက်တွေကို သမီးတို့ ဒီတိုင်းပဲ ယူသွားရမှာ .. သိပ်နားမလည်ဘူး၊ ဆရာသိုက် နဲ့ ဆရာတို့နှစ်ယောက် ပြောမှပဲ၊ ဆရာချင်းဆိုတော့ အဆင်ပြေမှာ"

"ဒါ .. ဟုတ်တယ်၊ ခုကျတော့ ဆရာချည်းပဲ ပြောပြနေရတာ ဘာမှမညီဘူး"

သုံးယောက် ပြောတာတွေကို နားထောင်ပြီး ဦးဝင်းကို က ရယ်သည်။

"မင်းတို့ အဲဒီလိုဖြစ်ကုန်ကြရင် ကိုယ့်အလုပ်ကို မလုပ်နိုင်ဘဲ ဖြစ်သွားမယ်နော်၊ ဒါ ဒီတစ်လုပ်တည်းနဲ့တောင် ထမင်းစားချိန် မရှိဘူး ဖြစ်နေရတယ်၊ မှုခင်းဘက်မှာ အလုပ်လုပ်ရတာ တော်တော် စိတ်ရှုပ်ဖို့ကောင်းတာ၊ အလုပ်ထက် ပိုဆိုးတာက တရားခံဘက်က လာလာ နားပူတာတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခုလေးတင်ပဲ မဆီမဆိုင် နားပူခဲ့ရတာမို့ တွေးမိပြီး မူလ က ရယ်သည်။ ရယ်နေရင်း ထပ်ဝင်လာသည့်ဖုန်းကို ဖွင့်လိုက်ကာ ...

"ကျွန်မ ခဏနေရင် ပြန်လာတော့မှာ၊ ရှင် တစ်ခုခု မှာစရာရှိလို့လား"

ယောက်ျားဆီက ဖုန်းမှန်း သိတော့ ညို က အပြင်ထွက်ပြောဖို့ လက်တို့သည်။ မူလ က ထိုင်ရာမထဘဲ ပိတ်ပစ်လိုက်၏။

ကိုတူး က ပြုံးစစမျက်နှာနှင့် ...

"ဒါနဲ့များ စမ်းသပ်ဆဲကာလမှာ တစ်ယောက်ကို လေးနာရီစီ ဂျူတီယူပြီး စောင့်မယ်တဲ့၊ ကြည့်လည်းလုပ်ပါဦး မူလ ရာ .. ခုနက ပိတ်ထားလိုက်တာလည်း သူ့ဖုန်းမို့လား"

"နင်ကလဲ့ည်း သူများကို မစာမနာ မပြောပါနဲ့၊ ခုမှ လက်ထပ်ထားတာ ရက်ပိုင်းလေးပဲ ရှိသေးတာကို"

"အေးပါ .. နင်ပဲ စာနာပါ၊ ခုချိန်ထိ မူးလို့တောင် ရှူစရာ မရှိသေးဘူးဆိုတော့ သူများပါ ရမိဖြည့်မှ ကိုယ်ပြည့်မှာပေါ့၊ မေတ္တာထားစေ .. အောင်နိုင်စေဗျား .."

ဆရာရှေ့မှာလည်း ဟိုတုန်းတည်းက သူတို့ ဒီလိုပဲ နောက်ပြောင်နေကျ ဖြစ်၏။

ဦးဝင်းကို က မူလ စကားပြောရင်း အလုပ်မပျက် လုပ်နေတာကို ကြည့်ရင်း ပြုံးကာ ...

"ငါ လောလောဆယ် မြင်နေရတာတော့ အိမ်ထောင်ကျကာစ ပေမယ့် မူလ က မင်းတို့ထက် စိတ်ဝင်စားမှု ရှိနေသလိုပဲ၊ ကြိုးစားမှုကလည်း အရင်အတိုင်း လျော့မသွားဘူး"

ဒါလည်း ကိုတူး က အလျှော့ပေးချင်ပုံ မပေါ် ...။

"အဲဒါ ဒီလိုရှိတယ် ဆရာ .. အပြစ်ရှိတဲ့သူဆိုတာ ကိုယ့်စိတ်က ကိုယ်သိပြီး အပြစ်ကို ဖာထေးအောင် လုပ်တာပဲလေ၊ သူနဲ့ ညို တို့ကတိရှိထားကြတာ ဆရာ မသိလို့ပါ"





"ဟုတ်လား .. ဘာတွေလဲ"

ဖိုင်ထဲမှာ ရေးထည့်နေရင်း မူလ က ကိုတူး ကို မျက်လုံးလေး စွေကြည့်၍ ...

"နင်လည်း မနာလိုတိုရှည် ဖြစ်တတ်တာပဲနော်"

"ဘာဆိုင်လို့လဲ"

"ဟုတ်တယ် မူလ .. အဲဒါ ငါ ပြောမလို့၊ သူ့ရည်းစားက သူများနဲ့ ညားသွားတော့ သူ လက်ထပ်ခွင့်မကြုံလိုက်တိုင်း မနာလိုတာ"

"ဟွန်း .."

ကိုတူး က ဆရာ မျက်ခုံးတွေပင့်သွားတာကိုပြန်ကြည့်ပြီး ရက်ကိုးရက်ကန်းပုံစံနှင့် ခေါင်းတစ်ချက်ကုတ်၏။

အထူးကုဆရာဝန်ကြီးတွေ ဖြစ်နေတဲ့အထိ သူတို့မှာ ရန်ဖြစ်လို့ ကောင်းတုန်း ...။

"မဆိုင်ဘူးနော် .. ငါ့မှာ ဘယ်သူနဲ့မှ ကတိမရှိဘူး၊ နင်တို့သာ ရည်ရွယ်ချက်တွေ မပြီးမြောက်မချင်း လက်မထပ်ကြေးလို့ ကတိပြုခဲ့ကြတာ"

"ဟဲ့ .. ငါတို့က ပညာတတ်ရုံပဲ သင်ခဲ့ကြတာ မဟုတ်ဘူးလေ၊ ရည်ရွယ်ချက် ပြီးမြောက်တယ်ဆိုတာ ဘယ်တော့ရှိမှာလဲ.. ခုလဲ မူလ က လူကြီးတွေသဘောနဲ့ လက်ထပ်ခဲ့ရတာ၊ သူများအိမ်ထောင်ရေး အဆင်မပြေဖြစ်မှ နင် ဝင်ရှုလိုက်မယ်နော်၊ ကြည့်ပြော"

"ဟုတ်ပါပြီဗျာ၊ အမလေး .. ခင်ဗျားသူငယ်ချင်းကို မပြောတော့ပါဘူး၊ ဖြစ်နေလိုက်တာ .. ပြောတော့ မကြိုက်ဘူး၊ ဖွတ်တရွတ်ကြီးကို စာနာပေးနေတာ .. ဖူးစာရေးနတ်က သိနေပါပြီ၊ လာမယ့်နှစ် နင့်အလှည့်တဲ့"

"ကြည့်စမ်း .. ကိုတူး .."



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းကို အှုလိုက်သည်းလိုက်ရယ်ရင်း သူတို့အတွက် အအေးဘူးတွေ ကိုယ်တိုင် ယူထုတ်ပေး၏။

"မင်းတို့မြင်လိုက်ရမှပဲ ကျောင်းပြန်ပြေးချင်စိတ်တောင် ဖြစ်လာတယ်ကွာ၊ ကောင်းတယ် .. အဲဒီလို ချစ်ချစ်ခင်ခင် ရန်ဖြစ်ကြ"

ချစ်ခင်ကြင်နာသည့်မျက်စောင်းလေးနှင့် ညို က မပြီးနိုင်၊ ကိုတူးက မျက်နှာပြုံးယောင်သမ်းလျက် ဟိုလှည့် ဒီလှည့်။

မူလ နဲ့ ညို ကပဲ ကျောင်းအတူတက်ခဲ့ကြတာ ဖြစ်သည်။ ကိုတူးကတော့ ဟိုအရင်ကတည်းက မျက်မှန်းတန်းမိရုံပဲဖြစ်ကာ တာဝန်ထမ်းဆောင်ကြပြီဆိုမှ ရင်းနှီးခဲ့ကြတာ ဖြစ်၏။

ဒါပေမယ့် ငယ်သူငယ်ချင်းတွေလိုပါပဲ။

သူတို့တွေ စနောက် ရယ်မောနေကြသော်လည်း ပြန်ဖို့ပြင်ကတည်းက မူလ မျက်နှာလေး မကြည်လင်တော့ပေ။

အိမ်ရောက်လျှင် ဆက်ရန်ရှိသည်က ရန်ပွဲ ...။





**အခန်း (၄)**

အလုပ်ကို တစ်ခါတစ်ခါမှ လာဖြစ်ပေမယ့် ရောက်လာတိုင်း မျက်လုံးရော နားရော ပါးစပ်ပါမကျန် အနားမရအောင် ရှုပ်နေတတ်တာလည်း သူပဲ ဖြစ်သည်။

တခြားလူမြင်လျှင် အလွန်ကြိုးစားသော မဟာလုပ်ငန်းရှင်ကြီးလို့ ထင်ကြပေလိမ့်မည်။ ဒါဟာ တကယ်တော့ အလုပ်မှာ ဖင်မမြဲခဲ့သည့် ကောင်းကျိုးတရားတွေသာ။ ဒက်ဒီမြင်လျှင် 'မင်း ကြိုးစားလှေလာခဲ့တာတွေလေ'လို့ ချီးမွမ်းမှာ တွေးမိရင်း နှာခေါင်းတစ်ချက်ရှုံ့မိ၏။

လက်ပ်တော့ဖွင့်ထားတုန်း ဖုန်းလာတော့ ကောက်ဖွင့်၍ ပခုံးနဲ့နားကြားမှာ ညှပ်လိုက်သည်။

"ဟလို .."

"ဖိုးခေတ် ဘာလုပ်နေတာလဲ"

"ဟာကွာ .. နောက်မှဆက် .. မအားသေးဘူး"

ဖုန်းကိုင်မိတိုင်း နံပါတ်ကြည့်ဖို့ မေ့တတ်သည့် ကိုယ့်အကျင့်ကို စိတ်တိုမိတာလည်း အခါခါ ..၊ ပြုပြင်ဖို့ပါ သတိမရတော့ အမြဲတမ်း ဒီတိုင်း ...။



www.burmeseclassic.com

www.burmeseclassic.com



"အံမာ မရဘူး .. မချလိုက်နဲ့နော်၊ မရမက ထပ်ခေါ်မှာ၊ ဘာတွေ လုပ်နေလို့လဲ .. ပြော"

"ငါ ကုမ္ပဏီမှာကွ .. အလုပ်ရှုပ်နေလို့၊ ပြီးရင် ငါ ပြန်ခေါ်မယ်"

"ဟား!... ပေါက်ပြီ .. ပေါက်ပြီ၊ ချလိုက်ပြီနော်"

အာကာ့ အသံ တိတ်သွားသည်နှင့် ဖုန်းက ဆက်တိုက်မြည်လာသဖြင့် ကိုင်လိုက်ပြီးမှ လက်ပြန်ရုပ်လိုက်ရကာ ...

"ဟလို .."

"ကျွန်မ အိမ်ပြန်ရောက်နေပြီဆိုတာ ဆက်တာ၊ အိုခေနော် .."

ကြည့်စမ်း .. ရှေးမူလ ..၊

ခဏတစ်ဖြုတ် မေ့ဖျောက်ထားလို့ရသည့် ဒေါသတွေ ပြန်ဆောင့်တက်ကာ လှုပ်ရှားနေခြင်းအားလုံးလည်း လုံးဝ ရပ်တန့်လေသည်။

ဖုန်းကို မျက်နှာရှေ့မှာ ထောင်ကြည့်ပြီး အံကြိတ်မိ၏။

တမင်တကာ မရမက မကိုင်မချင်း ခေါ်နေတုန်းက တစ်ခါမှ ကောင်းကောင်းမွန်မွန်မပြောခဲ့ဘဲ ခုကျမှ ကြည်ကြည်လင်လင် နှုတ်ဆက်သွားတာ 'အိုခေ'တဲ့။

လုပ်ချင်ရာလုပ်ခွင့်ရနေပြီ..၊ သူမက ကျေနပ်နေသည်ပေါ့။

လက်ထပ်ခဲ့ကြတာ ဆယ်ရက်ကျော်လာပြီ၊ ဒီနေ့ထိ အိပ်တော့လည်း တစ်ယောက်တခြား၊ ညစာမှာ အိမ်မှာ လူစုံတာတောင် သူမနဲ့သူ လက်ဆုံစားဖြစ်တာ ဘယ်နှစ်ခါရှိခဲ့သလဲ။

ဒီလိုနေကြ ဒီလိုကင်းကြလို့ ဘယ်သူမှ တိုက်တွန်းခဲ့တာမဟုတ်ဘဲ ဒီတိုင်းပဲဖြစ်သွားခဲ့ခြင်းဟာ မင်္ဂလာဦးညရဲ့ ကတောက်ကဆတ်ကြောင့် ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် သူနဲ့ကိုယ် နှစ်ယောက်မှာ သူမက ကြည့်လိုက်တိုင်း ကြည်ကြည်လင်လင် ဖျတ်ဖျတ်လတ်လတ်။ မကျေနပ်ချက်များနှင့် အမြဲတမ်း မှုန်ကုတ်ကုတ်ဖြစ်နေခဲ့တာ သူ...။





"မင်းတို့ ဟန်းနီးမွန်း မထွက်ကြဘူးလား"လို့ မေးသံထွက်လာတိုင်း စိတ်တိုတတ်နေတာလည်း သူပဲ ဖြစ်၏။ ဘယ်သူ့မှာ အိုခေနေတာလဲ ..၊

ရှုပ်နေသမျှ အလုပ်တွေကို မေ့ကာ ဒေါသတရားမှတ်နေတုန်း စားပွဲပေါ်ကဖုန်းက မြည်သံပေး၏။

"ဟလို"

"မင်းအမေ ငါရယ် သည်ခေတ်လူ၊ ဖုန်းကိုင်ရင် နည်းနည်းပါးပါး ကြည့်ဦး"

"ကျွန်တော် ဖုန်း ဘယ်လိုကိုင်လိုက်လဲ သိရအောင် ဒက်ဒီ ခေါ်တာလား"

"မဟုတ်ပေမယ့် ထွက်နေတဲ့ဒေါသက ငါ့သား ဘယ်နေရာမှာမှ အချိုးမပြေတာကို မီးထိုးပြနေသလိုဖြစ်နေလို့ ပြောရတာ၊ မင်းကွာ.. ဒီလောက်တန်နေတဲ့မြေကွက်ကို ဘာဖြစ်လို့ လက်လွှတ်ခံလိုက်ရတာလဲ၊ ငါ မင်းနဲ့လွှဲလိုက်တာ လူငယ်ချင်းပြောရင် ပိုအဆင်ပြေမလားလို့၊ ဒီမြေကွက်ကိစ္စကြောင့် ငါ ဘယ်လောက်ခေါင်းခဲခဲ့ရလဲ မင်း သိရဲ့လား၊ မင်း ခဏတစ်ဖြုတ် စားပွဲဝင်ထိုင်ပြီး စကားနှစ်ခွန်းသုံးခွန်းနဲ့ ပွဲဖျက်လိုက်တယ်"

နံ့ကို နှစ်ပတ်လောက်လှည့်နေပြီး ဖုန်းကို ဟိုဘက်လက်ထဲ ပြောင်းထည့်ပြီးမှ စီးကရက် မီးညှိလိုက်သေးသည်။ လွင့်နေတဲ့စိတ်တွေ ဒက်ဒီ စကားတွေမှာ ပြန်လည် စုစည်းမိဖို့ပါ။

ဦးထွန်းမင်း စကားတွေပြောလိုက်၊ ခဏစောင့်လိုက် ရှိနေရင်း...

"ခေတ် .."

"ဗျာ .."

"မင်း .. ငါပြောနေတာတွေ ကြားလား"

"ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရင် ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ"

"ဒက်ဒီ ပြောနေလို့ ပြီးအောင် စောင့်နေတာလေ"

"ကျွတ် .. ပြီးပြီ၊ ပြောစမ်း .. ဒီမြေကွက်ကိစ္စကို ဘာအကြောင်းနဲ့ ထော်လော်ကန့်လန့် လုပ်လိုက်တာလဲ"

"ခြံမြေဈေးတွေ မြောက်တက်လာကာမှ လေးဆလောက် ခုန်တက်ခေါ်နေတာ ဘာလုပ်ဖို့လဲ ဒက်ဒီ"

"ဟ .. ဒါက ဈေးကွက်ရဲ့သဘောပဲလေ၊ ဘာလဲ .. ပြန်ကျသွားမှာပဲလို့ မင်း ပြောချင်လို့လား၊ ဒါ ငရုတ်သီး ကြက်သွန်ဈေး တက်နေတာ မဟုတ်ဘူး"

"ကျွန်တော် သိတယ် ဒက်ဒီ၊ အခုက အဆမတန်ခေါ်တဲ့ ဈေး၊ သူတို့ 'ညီအစ်ကို' ကွန်စထရက်ရှင်ကိုလည်း ရောက်ပြီးပြီ၊ ဒက်ဒီက တော့ အချိန်မရွေး သူ ခေါင်းညိတ်တာနဲ့ ဝယ်ဖို့သေချာနေတဲ့လူအဖြစ် နောက်ဆုံးမှ လာတာ၊ ပြီးတော့ ဦးမျိုးကျော် က အပြောကောင်း သလောက် စီးပွားရေးလုပ်ရင် မရိုးသားမှု အမြဲပါတဲ့လူ .."

"မင်းက ဘာကိုကြည့်ပြီး ပြောတာလဲ"

"သူတင်ထားတဲ့ ဝက်ဘ်ဆိုက်ကို ဒက်ဒီ ဖွင့်ကြည့်ပါလား၊ အပြင်မှာ လှပ်ရှားသွားတာတွေနဲ့ ခြေရာကောက်ကြည့်ရင် အသိသာကြီး၊ လေလံပွဲမှာတောင် အချင်းချင်း ဈေးပြိုင်ပေးပြီး အမြင့်ဆုံးရအောင် ပိပိရိရိ လိမ်ယူခဲ့သေးတယ်၊ ဘာပဲဖြစ်ဖြစ် သူ့မြေကွက် ဒီတစ်ပတ် အတွင်း ရောင်းထွက်မှာ မဟုတ်ဘူး၊ ဒက်ဒီ စိတ်ဝင်စားနေသေးရင် စုံစမ်းကြည့်လေ"

ဦးထွန်းမင်း အသံတိတ်သွား၏။ ဖုန်းတော့မချသေးသည်မို့ ခေတ် စီးကရက်ရှိုက်ရင်း နားထောင်နေလိုက်သည်။ ခဏကြာမှ ...

"အေး .. ငါ အဲဒါတွေ ပါးပါးလေးတော့ တွေးမိသေးတယ်၊ ဆောရီး .. မင်း အခု ပြန်ဖို့ပြင်နေပြီလား"





"မပြန်သေးပါဘူး"

"ကောင်းတယ် .. ဒီနေ့ ဒက်ဒီ မလာနိုင်တော့ဘူး၊ မင်းနဲ့လည်း ကားကော့ ပြောချင်သေးတယ်"

သားအဖချင်းပေမယ့် ဒက်ဒီတို့က ကြည်ကြည်လင်လင် ဖြစ်သွားမြန်ရင် တစ်မျိုး ..။

"ကြည့်မြင်တိုင်ကွက်သစ်တစ်ခုမှာ မြေကွက်ရှိသေးတယ်၊ နေရာနဲ့ မြေအကျယ်က တော်တော် ဖွတ်ဒ်တယ်ကွ၊ အဲဒါ မင်း လိုက်ကြည့်လေလား၊ ပိုင်ရှင်နဲ့လည်း တွေ့လိုက်ရအောင်"

"ဒက်ဒီ .."

"ဆို .."

"ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တာ မကောင်းဘူးလား"

"ဘာကွ .."

"ဈေးကွက်ကစားတိုင်း စိတ်ဝင်စားနေတာ ဒက်ဒီ ပင်ပန်းပါတယ်၊ ကျွန်တော့်အထင် ပြောရရင် ဒက်ဒီ အဲဒီလောက် အပင်ပန်းမခံနိုင်တော့ဘူးနော်"

"အေး .. ဒီလိုမှန်းသိနေရင်လည်း မင်းကိုယ်တိုင် ဦးစီးဦးဆောင်ပြုဖို့ စဉ်းစားလေ၊ မင်း စိတ်ဝင်စားလာအောင် ငါကတော့ ယောင်းမခါးကြားထိုးပြီး ဘယ်မှာလဲ အော်နေရမှာပဲ၊ ဒါပဲ"

ဖုန်းချလိုက်သံသည် ကြိုးဖုန်းသာဆို နားထဲမှာ ဖွက်ခနဲ ဆောင့်ဝင်သွားနိုင်၏။ ပန်းတစ်ချက်တွန့်မိရင်း သူကတော့ သဲသာပဲ ပြန်ချထားလိုက်သည်။

အလုပ်နဲ့ပတ်သက်တဲ့ဖုန်းတွေ ပြီးတာနှင့် အာကာ က စပြီး ဝင်လာလိုက်တာ ဆက်တိုက် ..။

"နိုင်မာ .."

"ရှင် .. ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖုန်းတွေ ထပ်မြည်လာရင် မင်း ပြေးလာမှာလည်း မစောင့်နိုင်ဘူး၊ အကုန်လုံး လာယူ"

"ရှင် - ဟုတ်ကဲ့"

အတွင်းရေးမှူးက အလုပ်လုပ်နေရာကနေ ခပ်ကြောင်ကြောင် မော့ကြည့်ပြီးမှ ချက်ချင်းထလာသည်။

"ဘာတွေဖြစ်ကုန်မှန်းတောင် မသိတော့ဘူး"

ခေတ် မျက်မှောင်ကြီးကုတ်၍ ပျက်ပြား ပျောက်ရှကုန်သမျှ အစ ပြန်ကောက်ရင်း လုံးလည်ချာလည်လိုက်တော့သည်။

အဲဒါ မူလ ဆိုတဲ့ တော်ဝင်မိန်းမကြောင့် ...၊

စိတ်တိုခြင်းသည် အစက ပြန်လာလည်း မူလ ကြောင့်၊ အဆုံးမဲ့နေတာလည်း မူလ ပဲဖြစ်ကာ မကျေနပ်မှုအပေါင်း သရုပ်ဆောင်းနေခဲ့တာ မူလ ...။

ထိုစဉ် ဖုန်းမြည်သံကြောင့် စိတ်က တင်းခနဲဖြစ်ကာ ငုံ့ကြည့်လိုက်တော့ ဟန်းဖုန်း ...။

အတွင်းရေးမှူး ခိုင်မာ က နေရာမှ ကမန်းကတန်းထလာရင်း စားပွဲနှစ်လုံးကြားမှာ ရပ်လျက် ...

"ဆရာ့ဟမ်းဖုန်းမို့လို့ ထားခဲ့တာပါ"

ခေတ် သည် သူမဆီမရောက်သော အကြည့်တစ်ချက် ပေး၍ ...

"ရပြီ .. သွား .."

ဖုန်းကိုင်လိုက်တော့ မာမီ ...၊ ခေတ် အကောင်းဆုံးသော နှုတ်ဆက်ခြင်းတရားနှင့် ဆုံးဖြတ်လိုက်ရ၏။

ဒီနေ့ လာသမျှဖုန်းအားလုံးကို မညည်းမညူ ပြန်လည် ဖြေကြားပါမည်။





အခန်း (၅)

"သမီးရော .."

"သမီးက သူ့ဆရာဆီ သွားတယ်လေ၊ သမီး ပြန်လာမယ်လို့ ပြောသွားတယ် မူ၊ လာပါ .. သမီးကိုစောင့်ရင်း စကားပြောတာပေါ့"

ယောက္ခမတွေက မျက်နှာမပျက်ပေမယ့် ဒေါ်နွဲ့မူ နေရခက်သလိုကြီး ဖြစ်သွားမိသည်။ ယောက္ခမဖြစ်သူတွေလည်း စိတ်ထဲမှာ တစ်မျိုးတစ်မည်တော့ မဖြစ်ကြဘဲ နေမလား ...။

ဖော်ရွေမပျက် ပြုံးရယ်ပြနေတာပဲ ဖြစ်မှာပါ၊ လက်ထပ်ပွဲပြီးကတည်းက သမီး နေထိုင်ပုံက ဟိုတုန်းကအတိုင်း အသွားအလာအပြောအဆို တစ်ချက်မှမပျက်။

သည်ခေတ်လူ က သမီးနဲ့ရွယ်တူပေမယ့် ခေတ်လူငယ်ပီသစွာနေသည်၊ ရည်းစားသနားထားတတ်သည်ဆိုတာလည်း ရှိသေးသည်။

ကိုယ့်သမီး နေထိုင်ပုံနှင့် အသွင်မတူတော့ 'ငါ့သမီးလေး သူ့ဝါသနာနဲ့သူ ချောင်ပိတ်မိနေပြီလား' လို့တောင် တွေးပူခဲ့မိ၏။

တကယ်တမ်းကျတော့ ဒီလူတွေကိုသာ မျက်နှာပူစရာကောင်းနေရကာ သမီးကိုမြင်လိုက်တိုင်း အသွားမပျက်၊ အစားမပျက်။

ခေတ် အလုပ်ကပြန်ရောက်လာတော့ ဒေါ်နွဲ့မူ တွေးနေမိတာတွေ သေချာသွားခဲ့မှန်း သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းမှာ လှုံ့စုံမြင်လိုက်တာနှင့် မျက်နှာ ခပ်ထွေထွေ ပြုံးရိပ်ထင်လျက် ...

"မူလ ကို စောင့်နေကြတာလား"

"ဩော် .. ဟုတ်တယ် သားရယ် .. ထမင်းစားတုန်း မျက်နှာစုံညီ ပြောဆိုစရာလေးတွေလည်း ရှိတော့လေ .."

"အဟွန်း .. အဲဒါ အန်တီတို့က သိရဲ့သားနဲ့ စောစောရောက်နေတော့ စောင့်ရတာပေါ့၊ သူက ဒီအချိန် ဘယ်တော့မှ ရှိတတ်တာ မဟုတ်ဘူး"

"သားရယ် .. သမီးက အလုပ်တစ်ဖက်နဲ့ သူ့ဝါသနာနဲ့ကိုး၊ မာမီ . သူတို့အိမ်မှာ ဝင်ထွက်နေကျ ..၊ အစကတည်းက အားလုံးသိတယ်"

ဘာဖြစ်ဖြစ် မာမီတို့က ဖာထေးပိတ်ဆို့ဖို့ အဆင်သင့် ...။

ပခုံးတစ်ချက်တွန့်၍ အထဲဝင်သွားသည့် ခေတ် ကို ဒေါ်နွဲ့မူ ရော ဦးဇေယျ ပါ မြင်လိုက်ကြသည်။ ဒေါ်နွဲ့မူ စိတ်မကောင်းဖြစ်မိသော်လည်း ဦးဇေယျ က ဘာမှ သတိမထားမိလိုက်သလို နေ၏။

ဇအေပီပီ ဘာသိဘာသာနေတတ်တာမျိုး မဟုတ်မှန်းလည်း သိနေသဖြင့် ဒေါ်နွဲ့မူ သက်ပြင်းခိုးချမိ၏။

"သမီးကို လိုချင်လွန်းလို့ မရမကတောင်းယူခဲ့တာ သူတို့ပဲကွ၊ မင်း ဘာမှ ရှေ့ရေးတွေ နောင်ရေးတွေ မှုမနေနဲ့၊ သမီးမှာရော ငါတို့မှာရော ကြီးပွားချမ်းသာချင်တဲ့ မတော်လောဘတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ အဲဒါကြောင့် သူဌေးငြိုငြင်မှာလည်း ကြောက်စရာ မလိုပါဘူး"

"ဒါက လက်မထပ်ခင်က ဟုတ်တယ်လေ၊ လက်ထပ်ပြီးပြီဆိုရင် ကိုယ်က မိန်းကလေးရှင်၊ အိမ်ထောင်ရေး မပြိုကွဲအောင် .."

"မိကောင်းဖခင်သားသမီးမှန်ရင် ယောကျ်ားလေးမှာလည်း ဒီတာဝန်ရှိတယ်ဆိုတာ နားလည်မှာပဲ၊ မိန်းမတွေ ဘယ်လောက်ပေါတယ်ဆိုဆို ဘယ်ယောကျ်ားမှ တွေ့ရာမိန်းမနဲ့ လက်မထပ်ဘူး၊ သင့်





တော်ကောင်းမွန်လို့ ရွေးတာ၊ နှစ်သက်စုံမက်လို့ လက်ခံတာ၊ မွေးစာကံဆိုတာ ကံတရားနဲ့လည်း ဆိုင်တယ်၊ သူတို့ အကြောင်းရှိလို့ ပေါင်းဖက်ကြတာ၊ မင်း ရိုက်ခွဲလည်း ကွဲချင်မှကွဲမယ်၊ သေပြပါ့မယ်ပြောပြီး တားလည်း ကွဲချိန်တန်ရင် ကွဲမှာပဲ"

"ဒါဆို ကံစီမံရာပဲဆိုပြီး ထားလိုက်ရတော့မှာလား"

"မင်း မေ့နေမှာစိုးလို့ ပြောတာလေ၊ ငါတို့သမီးရဲ့ဝါသနာက နှီးပွဲတိုင်း တက်ချင်တာမျိုး မဟုတ်ဘူး၊ မိတ်ကပ် နှုတ်ခမ်းနီ ဆိုးချင်နေတာလည်း မဟုတ်ဘူး၊ အဲဒါကြောင့် ငါသမီးအတွက် ငါ ဘယ်တုန်းကမှ မပူခဲ့ဘူး၊ ပူပင်ကြောင့်ကြနေရမယ့်သမီး မဟုတ်ဘူးကွ၊ ဂုဏ်ယူနေရမယ့် သမီး" တဲ့။

သမီးနဲ့ပတ်သက်ပြီး ခင်ပွန်းဖြစ်သူနှင့် ဤသို့လည်း စကားအချေအတင်တွေ ပြောခဲ့ရပြီးပြီ၊ ဒီသမီး တော်ဖို့ထက်ဖို့ကို သူပဲ ပုံစံချဆုံးမခဲ့တာမို့ ဒေါ်နွဲ့မူ ဘာမှမပြောသာခဲ့ပါ။

မိန်းမသားပီပီ သမီးလေးကို ယောက္ခမအိမ်မှာ အဆင်ပြေပါ့လေားလို့ တွေးပူနေရတာတော့ ရင်ထဲမှာ အချိန်တိုင်း ...။

"ကဲ .. ခြောက်နာရီခွဲနေပြီဆိုတော့ ကျွန်တော်တို့ပဲ စားလိုက်ရအောင် ...၊ ကိုဇေယျ လည်း ဆာနေရောပေါ့"

ဦးထွန်းမင်း ပြောလိုက်ကာမှ ဦးဇေယျ က ရယ်ရင်း ...

"သမီးကတော့ လူကြီးတွေ မျက်နှာပူစရာ လုပ်ပြန်ပြီဗျာ"

လို့ ဝတ်ကျေတန်းကျေပြောသည့် မျက်နှာကြီးက သွားအဖြီးသား...၊ ဦးထွန်းမင်း ကလည်း ပွင့်လင်းစွာ ရယ်လို့ဖြစ်ကာ ...

"ကျွန်တော်တို့ကလည်း သမီးလို သဘောထားတာပါဗျာ၊ သားသမီးကို ဘယ်မိဘက ဆိုးတယ်မြင်မှာလဲ"

အားလုံး ထမင်းစားခန်းထဲရောက်ကုန်ကြမှ မူလ ပြန်ရောက်လာ၏။

"မေမေတို့ ရောက်နေပြီ၊ ခဏလေးနော် .. မူလ ခုပဲဆင်းခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းရှေ့မှာ ခဏရပ်ကာ ဂျူတီကုတ်တစ်ဖက်၊ အိတ်တစ်ဖက်ဆွဲလျက် ချက်ချင်း ပြန်ပျောက်သွား၏။ နေရာယူပြီးကြကာမှ လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းတညိတ်ညိတ် ရယ်မိကြ၏။

သူများတွေလို ဂျူတီကုတ်ကို အိတ်လေးနဲ့ သပ်သပ်ထည့်ကိုင်၊ တစ်ခုခုထဲမှာဖြစ်ဖြစ် ခေါက်ထည့်၊ ဒါမျိုး ဘယ်တော့မှမရှိခဲ့တဲ့ သမီး။

သူမရဲ့ကုတ်အင်္ကျီက သူမကိုယ်ပေါ်မှာ ဒါမှမဟုတ် လက်ပေါ်မှာ ဒီတိုင်းတင်လျက်သားပဲ ရှိနေတတ်ကာ ...

"သွားတော့မယ်ဆို သွားလိုက်ရမှ၊ ပြန်မယ်ဆိုလည်း ပြန်ရောက်ချင်တာပဲရှိတာ အင်္ကျီထုတ်ယူ၊ ပြန်ထည့်နဲ့ အရမ်းအလုပ်ရှုပ်တာ မေမေ မသိလို့" တဲ့။ ယောက္ခမကိုတော့ အမေလို့ခေါ်လိုက်တာ သင်စရာမလို။ ယောက်ျားကို ဘယ်လိုခေါ်သည် မသိ။

လင်မယားနှစ်ယောက် အသက် သေချာတွက်ကြည့်လျှင် ခေတ်က သမီးထက် ငါးလလောက်ပဲ ကြီးမည်ထင်သည်။

"သမီးက ချစ်ဖို့ကောင်းတယ် မှူ ရဲ့ .. ဘယ်လောက် အလုပ်ရှုပ်တတ်နေနေ မနက်စောစောထပြီး ဆွမ်းတော်ကပ်၊ ဘုရားရှိခိုးဖို့ဆို ဝတ္တရားမပျက်ဘူး"

စားမည်ပြင်နေကာမှ သမီးကိုစောင့်ဖို့ ဝတ္တရားနှင့် ဇွန်းခက်ရင်းတွေ ပြန်ချလိုက်ကြရင်း ဒေါ်ရွှေသဇင် က စပြောသည်။

"တို့ကို နိုးမယ်ဆိုလည်း ဘာမှကြိုပြောထားဖို့ မလိုဘူး၊ ညဘက်တို့ ခေါင်းမူးတယ်၊ နေထိုင်မကောင်းဘူး ဘာညာ သူ သိထားရင် မနက်ဆို လာမနိုးဘူး မှူ သိလား၊ မနက်ကျမှ 'အမေ ညက မူးနေတယ်ဆိုလို့' ဘာညာနဲ့ အရမ်းသိတတ်တာပဲ"

ဘာညာတွေထည့်သုံးရင်း ဒေါ်ရွှေသဇင် ပုံစံက တကယ်ကျေနပ်နေမှန်း သိသာ၏။ ဦးဇေယျာ က ဇနီးဖြစ်သူကို ခန့်ညားသည့်အပြုံး





နှင့် လှည့်ကြည့်သည်။ 'တွေ့လား'ဆိုသော သဘော ..။

"ဒါနဲ့ သည်ခေတ်လှ ပေါ်မလာပါလား"

ဦးဇေယျ စကားကြောင့် ဒေါ်ရွှေသဇင် ပဲ ခေါင်းညိတ်၍ ...

"လာကြမှာပေါ့ .. သူ့ သမီး ပြန်မရောက်သေးမှန်းသိလို့ မလာသေးတာ"

လူကြီးတွေက အဆင်ပြေအောင် တွေးလို့ရသလောက်နှင့် ပြုံးရယ် နှစ်သိမ့်နေကြပေမယ့် မှန်တော့ မှန်နေသည်သာ။

မှူလ ပြန်မရောက်သေးတာကို သိနေသဖြင့် ခေတ် ရဲ့လှုပ်ရှားမှုတွေ တုံ့နှေးနေခဲ့ပြီး ကိုယ်က အိမ်ရှင်ဖြစ်ပါလျက်နှင့် ပြန်ရောက်လာတာလည်း အားလုံးမြင်သည်။

ဒါကို မှူလ ရောက်မလာလို့ ထွက်မသွားဘူးဆို ကောင်းပါ့ခလား။ မိန်းမ ပြန်မရောက်လို့ စိတ်တိုနေသည်လို့ ထင်စရာဖြစ်နိုင်သလို လက်ဆုံစားချင်လို့ မျှော်လင့်နေရှာသည်လို့ ထင်ဖို့လည်းရှိ၏။

ရင်ထဲမှာ တကယ်တင်းနေတာက မာနတွေဖြစ်သည်။

ကိုယ်က မိန်းမလိုဖြစ်နေပြီ။ ပြန်ချိန်မမှန်၊ စားချိန်မမှန်နှင့် သူမက ဦးစီးယောက်ျားလား ..။

မှူလ နဲ့သူ နေရာချင်းလဲနေရသလို ဖြစ်နေခဲ့သည့်အခြေအနေမှာ သူမအလာကို ထမင်းဝိုင်းကနေ ငုတ်တုတ်မျှော်နေဖို့က မဖြစ်နိုင် ..။

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံကြောင့် ခေတ် မှန်ရှေ့မှာရပ်၍ ဆံပင်တွေ ခါထုတ်နေရင်း လှည့်ကြည့်လိုက်မိ၏။

"ဒေါက် .. ဒေါက် .."

"ခေတ် လားဟင်၊ ရေသံလည်း မကြားဘူး .. ရေချိုးနေတာလား၊ ရေအိမ်သုံးနေတာလား"

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ခဏဝင်ချင်လို့၊ ပြီးရင် ထွက်ခဲ့စမ်းပါ"

စကားပြောတာမှာ ညှုံ့သက်မှုလေးတော့ ရှိသည်။ ဒါပေမယ့် ဘယ်သူတွေနဲ့ဖြစ်ဖြစ် သူမကိုယ်တိုင် 'မူလ'လို့ပြောတတ်ပြီး သူနဲ့ဆို 'ကျွန်မ'။

"အောက်ထပ်မှာ သွားချိုး"

"ရေချိုးမလို့ မဟုတ်ပါဘူး၊ ခြေလက် နည်းနည်းပါးပါးဆေးရုံပဲ၊ လူကြီးတွေက ထမင်းစားဖို့စောင့်နေကြတဲ့ဟာ .. ဒီတိုင်းကြီး ပြေးဆင်းပြေးတက် မလုပ်ချင်လို့ ..၊ ကဲပါ ပြီးရင် ထွက်ခဲ့ပေါ့"

လူကြီးတွေ တကယ်စောင့်နေကြတာမို့ သူ တံခါးဖွင့်လိုက်တာနှင့် ...

"ဒုတ် .."

"ဟာ!..."

"အယ်!... ဆောရီး .. ဆောရီး .."

လော့ခ်ပြုတ်သွားတာနှင့် တွန်းပစ်လိုက်သဖြင့် တံခါးက နဖူးကို လာဆောင့်သည်။ ဒါတောင် အဆုတ်မြန်လို့၊ မဟုတ်လျှင် နဖူးမှာ ရာထူးတိုးသွားနိုင်၏။

"ရှင် ထွက်လေ .. ဘာလုပ်နေတာလဲ"

သူမပဲ ကမန်းကတန်း ဝင်၊ တံခါးပိတ်ဖို့ ချက်ချင်းပြန်လှည့်..။

နဖူးပွတ်နေရဆဲလူကို ဆောရီးပြောရုံနှင့် သူမ အပြစ်ကင်းပြီ ထင်နေသည်။ သွားပါဆိုမှ တည့်တည့်ပြန်လှည့်ရပ်လိုက်လျှင် မူလ မျက်လုံးလေးတွေ တွန့်သွား၏။

"အဲဒါ ဘာလုပ်မလို့လဲ"

"ရပ်နေတာလေ .. မမြင်ဘူးလား"

"ရှင် အဲဒီလို ပြောဆိုမကောင်းတာမျိုးတွေကြောင့် စိတ်ညစ်နေရတာ၊ တကယ်ပဲ .. ဘယ်လိုတည့်အောင်ပေါင်းလို့မှ မရဘူး"





မူလ ဖွတ်နှင်မထုတ်ပါ။ စိတ်ညစ်သည့်မျက်နှာလေးနှင့် ဘေဇင်ဘက် ပြန်လှည့်လိုက်သဖြင့် နောက်မှာ စည်းချထားသည့်ဆံနွယ်တွေ လွင့်ခနဲ ဝေ့သွားသည်။

ကြက်သွေးရောင်ပေါ်မှာ အဖြူရိုက်သေးသေးလေးတွေ လေးငါးစင်းပါသည့်ထဘီနှင့်ဆင်တူ အင်္ကျီလက်ပြတ်ရဲရဲလေးက ရင်ဘတ်မှာ အပါးသားလေး ဖြတ်ခံထားသည်။

ဖွေးနုနေသည့် လက်မောင်းသားသွယ်သွယ်လေးနှင့် လည်တိုင်အလှတ သူမ ဝတ်ထားသည့်ကာလာတွေကြောင့် ပိုထင်းနေသည်။ သူမ ကျောခိုင်းထွက်သွားတိုင်း ဆံနွယ်ရှည်များနှင့် တင်းပြည့်သွယ်လျသည့် ကိုယ်ဟန်သည် သူ့မျက်လုံးထဲမှာ ဘယ်တော့မှ ရိုးနိုင်မည်မထင်။ စိမ်ပြေနပြေကြည့်မိရင်း နဖူးကနာကျင်မှုတွေပါ ပျောက်ရှသွားခဲ့ကာမှ ...

"ခေတ် .."

မျက်နှာသစ်ဆပ်ပြာနှင့် သေချာ မျက်နှာသစ်ဆေးနေရင်း သူမ ချက်ခနဲ လှည့်လာပြန်ကာ ...

"ရှင် အဲလိုရပ်ကြည့်နေရလောက်အောင် ကျွန်မ မလှဘူးထင်တယ်"

"ဟွန်း .."

မျက်နှာလေး စူပွနေတာကို ကြည့်ပြီး သူရယ်သည်။ ရယ်ပြီးဆို ခုံးတွန့်ခြင်း ဆက်တိုက်ပါတတ်တာ သူ့စတိုင်လ်ပဲဆိုတာ သိပေမယ့် မူလ ကြည့်လို့မရ ..။

"အပြင်မှာ လူကြီးတွေ စောင့်နေကြတယ်၊ ရှင်က ရေချိုးခန်းထဲမှာ စောင့်ပိုင်းနဲ့ .."

"ရေချိုးနေတာလေ"

"အဲဒါကြောင့် ရှင် မြန်မြန်လုပ်ဖို့ ပြောချင်တာ၊ တခြားလူ မြင်သွားရင်လည်း ဒီပုံစံနဲ့ ဒီထဲမှာ နှစ်ယောက်တည်း ဟိုထင်ဒီထင် ဖြစ်ဦးမယ်"

"ထင်တော့ ဘယ်သူ့မှာ နစ်နာသွားမှာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနစ်နာပေမယ့် လူကြီးတွေကို မလေးမစား ထင်သလိုလုပ်နေတယ် ဖြစ်မှာပေါ့"

"ထင်သလိုလုပ်မိရင်တောင် လူကြီးတွေအကန့် ပါစရာမလိုဘူး မူလ၊ မျက်နှာစုံညီဖြစ်မှာမဟုတ်တဲ့ ထမင်းဝိုင်းမှာ ငါလည်း မပါဘူးလို့ ဆုံးဖြတ်ထားတာ၊ မင်း အမိပြန်လာတာတောင် အံ့သြဖို့ကောင်းနေပြီ"

မူလ က ရေစက်လက်မျက်နှာနှင့် တည့်တည့်လှည့်လာပြန်သည်။ ပြီးတော့ မျက်နှာကို လက်နဲ့ဖိသပ်ချနေရင်း မော့ကြည့်၍ ...

"မေမေတို့ရောက်မှာမို့လို့ ကျွန်မ အမိပြန်လာတာလို့ ရှင် ပြောလိုက်တာလား"

"မဟုတ်လို့လား .. မင်းစိတ်တိုင်းကျ ခြေလှမ်းတွေထဲမှာ နောက်ဆံတင်းတာ ငါ မမြင်ဖူးဘူး"

"နောက်ဆံတင်းရအောင် ဘာအတွက် တင်းရမှာလဲ ..၊ ခုလည်း မေမေတို့ကြောင့်ဆိုတာ တချို့တစ်ဝက်တော့ မှားနေတယ် ခေတ်၊ မိဘတွေအားလုံးကို ကျွန်မ ဂရုစိုက်နေတာ၊ ကိုယ့်အမေလည်း အမေမို့လို့ ကိုယ်ဆီလာတုန်းမှာ ဝတ္တရားကျေချင်တယ်၊ ယောက္ခမဆိုတာလည်း မိဘလို ဘယ်လိုသဘောထားထား သွေးနဲ့ရင်းနှီးကြတာ မဟုတ်ဘူး၊ မိဘနှစ်ပါးစလုံးကို ကျွန်မ ဂရုစိုက်တယ်"

"ကိုယ့်ကိုရော .."

"ရှင့်ကိုလည်း ကျွန်မဘက်က အထူးတလည် ဂရုစိုက်ပေးဖို့ထိ အချိန်မပေးနိုင်လို့၊ ပေးရလောက်အောင် အခြေအနေလည်း မဟုတ်ကြဘူး .. ဒါပဲ၊ ကျွန်မ ဘယ်အခြေအနေကိုမှ တမင်ဖန်တီးနေတာ မဟုတ်ဘူး၊ အချိန်တိုင်း ရှင့်မျက်လုံးထဲမှာ ကျွန်မ ထင်သလိုနေနေတယ်လို့ မြင်နေတာတော့ မတတ်နိုင်ဘူး"

မူလ က ပြန်လှည့်သွားကာ ရာဝါဖြုတ်ယူပြီး ခြေလက်တွေ ဆေးသည်။ ခေါင်းငုံ့လှုပ်ရှားနေသဖြင့် ဆံပင်ရှည်တွေက ပခုံးကိုကျော်လွန်





၍ ရှေ့ကိုတွဲကျလာလိုက်၊ နောက်ပြန်ပို့လိုက် ...။

"ရှင်နဲ့ကျွန်မ မိဘသဘောတူလို့ လက်ထပ်ခဲ့ကြတာ၊ ရတ်တရက်ကြီး အကြောင်းသိ စာတ်သိတွေလို ရင်းနှီးဖို့ လွယ်မလား"

ဆပ်ပြာဘူးကို မှန်စင်ပေါ်မှာတင်လိုက်ပြီး သူ့ဘက်လှည့်လိုက်ဟဲ့ အထိ မူလ ပြောနေတုန်း ...။

"လူတိုင်းပဲ ကိုယ့်ကိုယ်ကိုယ်တော့ ငါပဲ သည်းခံရတယ်၊ ငါပဲ နစ်နာရတယ်လို့ ထင်တာ၊ ရှင့်ကြောင့် ကျွန်မ အခက်အခဲဖြစ်ရတာတွေ အများကြီးပဲ၊ အဲဒါတွေကို ကျွန်မလည်း သည်းခံခဲ့ရတာပဲ"

"ဘာ!..."

မျက်မှောင်ကုတ် မေးပြီး ရှေ့တိုးလိုက်ကာ ...

"မင်း ဘာပြောတယ် မူလ .."

"ရှင့်လို ကုမ္ပဏီထိုင်ချိန်လေးမှာ ဖုန်းတစ်ဖက်တစ်ချက်ကိုင်ပြီး အလုပ်ရှုပ်နေရတာမျိုး မဟုတ်ဘူး၊ ကျွန်မအလုပ်က စူးစိုက်ထားပြီဆိုရင် တစ်ချက်လေး မှားတာနဲ့ ပေါက်ကွဲသွားနိုင်တယ်၊ အဆိပ်ဖြစ်ပြီး ကျိုးကန်း သေဆုံးသွားနိုင်တယ်၊ ရှင် အချိန်တိုင်း ဖုန်းခေါ်နေတာ.. မကိုင်မချင်း မနားဘဲခေါ်တာ၊ အဲဒါတွေလေ .. ရှင့်ဘက်က လုပ်ခွင့်ရှိတဲ့ အခွင့်အရေးချည်းပဲဖြစ်နေတာ တရားတယ်လို့ ထင်တယ်မို့လား၊ ကျွန်မ ဘာမှမပြောဘဲ ဘာမှမဖြစ်သလိုနေခဲ့တာ ရှင်ပဲ မှန်နေလို့လို့ မထင်နဲ့ .."

"ဪ .. ဪ ... ဒီလိုလား၊ မင်း ဒီစကားတွေကို စိတ်တိုလာမှ မဟုတ်ဘဲ မင်းရဲ့ခြေလှမ်းတွေပြင်ကတည်းက ပြောပြထားဖို့ရော မတွေးမိဘူးလား"

"တွေးမိတယ် .. အမေတို့က နားလည်ပေမယ့် ရှင် နားလည်အောင် ပြောဖို့လိုတယ်ဆိုတာ ကျွန်မ သိတယ်၊ ဒါပေမယ့် လက်ထပ်တဲ့ ညကတည်းက ဘာဖြစ်ဖြစ် နားလည်မပေးနိုင်ဘူးဆိုတဲ့ ရှင့်မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေကို နားလည်လိုက်လို့ မပြောဖြစ်ခဲ့တာ …၊ နောက်နေ့တွေမှာလည်း ကျွန်မနဲ့ မျက်နှာချင်းမဆိုင်မိအောင်နေတာ ရှင်ပဲ၊ ဒါကိုတော့ ကျွန်မ တည့်အောင် လိုက်ပေါင်းမနေနိုင်ဘူး"

သူ ဘာမှ ပြန်ပြီးမချေပနိုင်အောင် ဖိပြောပစ်လိုက်ပြီး ကမန်းကတန်း ထွက်ကာမှ ကိုယ့်ဘာသာသုံးခဲ့သည့်ဆပ်ပြာတွေ မစင်ဘဲ မူလ လျှော့ခနဲ ချော်ထွက်သွား၏။

ရောင်သည့်ရင်ခွင်ထဲကို အင့်ခနဲ ပစ်ဝင်ကာ တအားကျုံးဖက်လိုက်မိတာ သူမ၊ ကြမ်းရှသည့် မွေးညင်းတို့နှင့်ရင်အုံကို မျက်နှာအပ်မိလျက် ဆပ်ပြာမွှေးနံ့က ကိုယ့်အဖြစ်ကို သတိရသွားစေကာ …

"ဆောရီး .."

ပြောပြီး သူ ပြန်ဖက်ထားသည့်လက်တွေကို ဖယ်ချလိုက်မိသည်။ ခါးမှာ တဘက်စောင်ပတ်ထားကာ အပေါ်ပိုင်းကိုယ်ဗလာနှင့် သူ့ရင်ခွင်ကြောင့် မူလ တစ်ကိုယ်လုံး ပူပူထူထူကြီးဖြစ်လျက် မလိုအပ်ဘဲ လေကားကို အပြေးတစ်ပိုင်း ဆင်းခဲ့မိသည်။

ဒီအချိန်မှာသာ လေကားက ခြေချော်ကျလိုက်လျှင် မူလ တို့ စကားမြေးတောင်ရမည် မထင်၊ နောက်ကနေ ထွက်လိုက်လာရင်း ခေတ် မျက်နှာက မချိုမချဉ်။

တည့်ကောင်းပေါင်းလို့ မရတဲ့လူ ဆိုပါလား။

သူမ စကားထဲမှာ ပါသွားတာ နှစ်ခါ။

ဘယ်သူ့ဘက်ကရော တည့်အောင် ကြိုးစားဖူးလို့လဲ။

မင်းမှ အပြောကောင်း …။





## အခန်း (၆)

"အံမယ် .. သမီးက ဒီနေ့ မီးဖိုချောင်မှာပါလား၊ ပါးကွက်လေးနဲ့ ကြည့်စမ်း .."

"အမေ .."

လှည့်ကြည့်ပြီး မူလ က ရယ်သည်။ ဒီမိန်းကလေးကို ဒေါ်ရွှေသဇင် ဟိုတုန်းကတည်းက ချစ်သည်။ ရင်းလည်း ရင်းနှီးခဲ့၏။

ချွေးမလေးဖြစ်လာကာမှ အမေ လို့ ခေါ်လိုက်တော့ ပိုချစ်သွားခဲ့သည်။ ကိုထွန်း ကိုကျတော့ အဖေလည်း ခေါ်သည်၊ ဖေကြီးလို့ ခေါ်တာလည်း ရှိ၏။

ခွင့်မလွှတ်နိုင်စရာ မဟုတ်တဲ့ အပြစ်လေးကို ဒီမျက်နှာလေးကို ကြည့်ပြီး ဘယ်လိုငြိုငြင်ရမလဲ …။

"ငါတို့အတွက် အပြစ်မဟုတ်လောက်ပေမယ့် မင်းသားကတော့ ရင်ဘတ်ကစပြီး မြေမျိုခံရသလိုဖြစ်နေပြီ၊ အဲဒါ မင်း အကဲခတ်မိလား" တဲ့ …။

ကိုထွန်း ပြောတော့ လူငယ်တွေဆက်ဆံရေးကို သတိထားမိသည်။ ဒါပေမယ့် …



www.burmeseclassic.com

www.burmeseclassic.com



"အမေ အဆာပြေ တစ်ခုခုစားချင်လို့လားဟင် ..၊ ဒေါ်ဒေါ်အု ကို ခုပဲ မေးနေရတာ"

မူလ က ဒေါ်ရွှေသဇင် ထိုင်ဖို့ စားပွဲကခုံကို ဆွဲထုတ် နေရာခင်းပေးကာ ...

"လူတွေမြင်ရင် မူလ ပုံစံက အရမ်းတော်တဲ့ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးလို့ ထင်မှာ သိလား"

"အဲဒါ ဟုတ်သားပဲ သမီးရဲ့ .."

"မဟုတ်ဘူး အမေ၊ တကယ်ဆို မူလ ဘာမှ သိပ်ချက်တတ်တာ မဟုတ်ဘူး"

ပြောရင်း ရယ်လိုက်တော့ ပါးကွက်လေးတွေနှင့် အမြင်ဆန်းနေသည့်မျက်နှာလေးက ချစ်ဖို့ ကောင်းနေသည်။

ပြီးတော့ ပြုံးနေသည့် ဒေါ်အု ဘက်ကို လှည့်၍ သက်သေထူ၏။

"မူလ ဘာမှမသိလွန်းလို့ သင်ပေးနေရတဲ့ ဒေါ်ဒေါ်အု တောင် စိတ်ညစ်နေပြီ .. မေးကြည့်ပါလား"

"အမလေး မညစ်ရပါဘူး သမီးရယ် .. ပြောပြချင်လိုက်တာမှ ဒီနေ့ စကားပြောဖော်ရှိနေတာကိုပဲ မနက်ဖြန် မရှိမှာကို ပူနေရပြီ"

ဒေါ်အု က ပျာပျာသလဲပြော၍ မူလ အသားထွင်ထားသည့် ကြက်သားပန်းကန်ကို ယူသွားသည်။ မူလ က နောက်ကလိုက်သွားပြီး ဒေါ်အု ပြော်လော့်နေတာကို ငုံ့ကြည့်ရင်း ...

"နောက်ဆုံ အနားယူဖြစ်တဲ့ရက်တိုင်း ဒေါ်ဒေါ်အု ကို လာကူမှာပါ၊ ဝါသနာက အတတ်ပညာဘက်မှာ ပိုနေပေမယ့် မီးဖိုချောင်က ပညာတွေကိုလည်း မူလ တတ်ချင်တာပဲ၊ ပြီးတော့ မိသားစုဖြစ်နေကာမှ အားလုံးရဲ့အကြိုက် မသိတာမျိုး မဖြစ်ချင်ဘူး၊ အထူးသဖြင့် ကိုယ့်ယောကျ်ားကိုတော့ သူ့အကြိုက်လေး ချက်ပြုတ်ကျွေးနိုင်ရမှာပေါ့"

"သမီးရယ်..၊ ငါ့သမီးကတော့ တကယ်ပါပဲ"





ဒေါ်ရွှေသဇင် ကြည်နူးမဆုံးနှင့် ခေါင်းတွေပါ ညိတ်သည်။ ဒီလောက်ဆိုရင်ပဲ ကျေနပ်ပါပြီ။

"သမီးရယ် ဘက်စုံတော်နေတယ်ဆိုတာ အင်မတန် ရှားပါတယ်၊ သမီးတတ်ထားတဲ့ပညာတွေ နည်းတာမှမဟုတ်တာ၊ ဒီဘက်မှာ လစ်ဟင်းမှုရှိခဲ့တာ အပြစ်မဟုတ်ပါဘူး"

"ဟုတ်လို့လား အမေရယ် .."

မူလ လှည့်လျှောက်လာပြီးမှ ဘေးခင်ဆီသွား၍ လက်ဆေးရင်း ပြန်ငဲ့ကြည့်သည်။

"မူလ တော့ အိမ်ထောင်ကျကာမှ အဲဒါတွေတတ်မထားတာကို အပြစ်တစ်ခုလို ခံစားလာရတယ်"

"ဘာဖြစ်လို့လဲ သမီး"

"အိမ်ရှင်မ မပီသရင် ယောကျ်ားဖြစ်တဲ့သူက ငြိုငြင်မှာပေါ့"

'အခု ငြိုငြင်နေတာတွေ၊ အမေ့သားအကြောင်း-အမေမှမသိဘဲ' လို့ စိတ်ထဲက ဆက်ပြောရင်း မျက်လွှာပင့်လိုက်သည်နှင့် တံခါးဝမှာ ခါးတစ်ဖက်ထောက်ရပ်လိုက်သည့် ခေတ် ကို မြင်သွားသည်။

မျက်နှာပုံစံအရ သူမ ပြောနေတာတွေကို ကြားပြီးမှ ဒီမှာလာရပ်လိုက်တာမှန်း သိသာကာ 'ဆက်ပြော..' ဆိုသည့် အကြည့်တွေက တရွှဲ့တစောင်း ..။

ဒီနေ့ သူ အိမ်မှာရှိနေမှန်း မသိလိုက်တာ ကိုယ့်အပြစ်။ ကျောပေးထိုင်နေသည့်အမေက မမြင်ပေ ..။

"သမီးကို သားက မငြိုငြင်ပါဘူးကွယ်၊ လက်ထပ်ပေးမယ်လို့ မာမီတို့ စပြောကတည်းက သူကိုယ်တိုင် သဘောကျပြီး အမြန်ဆုံးစီစဉ်ဖြစ်အောင် ကြိုးစားခဲ့တာပါ၊ အိမ်ထောင်ရေးဆိုတာကတော့ အစမှာတည်းက ပြေလည်ကြတာ နည်းပါတယ်၊ ချစ်လို့ညားကြတဲ့လူတွေတောင် ညားကာစ ဟုတ်မှလိုနဲ့ ညားပြီး ခဏမှာပဲ အဆင်မပြေဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ တစ်ပုံကြီး၊ သမီး နေတတ်သလို နေပါ၊ သမီးရဲ့စိတ်ရင်းကို သူ နားလည်လာရင် အားလုံး အဆင်ပြေသွားမှာ"

"ဒီတိုင်းဆို ပြေဖို့မရှိဘူး၊ အဲဒါ သေချာတယ်"

"ဟင်!..."

အသံပေးပြီး ဝင်လာမှ ဒေါ်ရွှေသဇင် ခေတ် ကို လှည့်ကြည့်ပြီး မြင်သွားသည်။

"သား .. ဒက်ဒီနဲ့ လိုက်မသွားဘူးလား"

"သွားပါတယ်၊ ဒီနေ့ အလုပ်ကိစ္စမဟုတ်ဘဲ ရှေ့လိုက်လို့ .."

"ဒါဆို လာထိုင် .. မာမီ သားတို့ကို ပြောချင်တာတွေရှိတယ်"

ထိုင်ဆိုတော့လည်း မှုလ ပါ ဝင်ထိုင်လိုက်ရသည်။

ဒေါ်ရွှေသဇင် ရဲ့ တစ်ဖက်တစ်ချက်မှာမို့ မှုလ နဲ့ သူ မျက်နှာချင်း ဆိုင် ..။

"သားက ယောက်ျားလေးနော် .. အိမ်ထောင်ရေးကို ချည်စား ထားသလို ပေါ့ပျက်လို့မရဘူး၊ စိမ်းသက်မှုရှိနေသေးတဲ့ကာလမှ ချွေး တွေးဖို့ကို သား ကြိုးစားရမှာ၊ ခုနကပြောတာမျိုး မာမီ မကြိုက်ဘူး"

"ကျွန်တော်က ဖြစ်ဖို့ရှိတာကို ပြောပြတာ"

"ဖြစ်ဖို့ရှိနေတာက မကောင်းနိုင်ဘူးထင်ရင် သား ကြိုးစားရမယ် လေ၊ ဟိုအပတ်ထဲမှာတုန်းက မှု တို့ ထမင်းစားလာကြတာ လူကြီးတွေ ပြီးကာနီးမှ သမီး ဆင်းလာတယ်၊ သားက ဆင်းမလာဘူး"

"ကျွန်တော် ရေချိုးတာ နောက်ကျသွားလို့ပါ"

"သားက သမီးထက်အရင် ပြန်ရောက်တာလေ၊ မှု တို့ ဘယ်လို ထင်သွားမလဲ၊ အပေါ်မှာ လင်မယား စကားများနေကြပြီလို့ မှု တွေးမိ သွားတာ မာမီ သိတယ်"

နှစ်ယောက်စလုံး မျက်လုံးချင်းဆုံသွားကြ၏။ မျက်စောင်းထိုး တာ မဟုတ်ပေမယ့် သူ စိုက်ကြည့်လိုက်တော့ မှုလ က မျက်နှာလွှဲ





ပစ်၏။

ဒေါ်ရွှေသဇင် နားလည်သွားသည်။

"ကဲ .. အဲဒါတွေ ထားလိုက်တော့"

ပြောပြီး မှုလ ဘက် လှည့်ကာ ...

"သမီးလေးဖေဖေလည်း ပြောသွားတယ်၊ သားနဲ့သမီးတို့ ဟန်းနီး မွန်းအတွက် စီစဉ်ပေးမယ်တဲ့၊ မာမီတို့လည်း သဘောကျတယ်"

မှုလ မျက်နှာလေးပျက်သွားတော့ ခေတ် က မေးဖျားခပ်လှုပ်လှုပ် နှင့် ပြုံးသည်။

"သမီးအတွက် ပိုပြီး သင့်တော်တယ်လေ၊ လက်ထပ်ပြီးစဆိုတော့ အနားယူရာလည်း ရောက်မယ်၊ သမီးတို့ချင်း လွတ်လွတ်လပ်လပ် ပြောဆိုရင်းနှီးဖို့လည်း အဆင်ပြေမယ်"

"အဲဒါ လောလောဆယ် ဖြစ်မှာမဟုတ်ဘူးထင်တယ် အမေ"

"ဘာဖြစ်လို့လဲ .."

"ဟို .. မှုလ ဒီလကုန်ထိ ခရီးဝေးသွားလို့ မဖြစ်ဘူး၊ ချက်ခ် လာဘ် ရှိနေတာ ထားခဲ့လို့မဖြစ်ဘူး၊ အခုက ဆရာတွေပါ ဝိုင်းကူနေ ကြတာဆိုတော့ ပရောဂျက်က အရေးကြီးနေလို့ပါ"

"အလုပ်လုပ်နေတဲ့သူက အရေးကြီးမယ်ဆိုရင် အသက်ရှုဖို့ တောင် နမြောစရာလို့ မြင်ကြတာပဲကွယ်၊ အရေးကြီးတာတွေထဲက အားချိန်ကိုတော့ ထုတ်နုတ်ရမှာပေါ့၊ အဝေးကြီးသွားကြဖို့ အဆင်မပြေ ရင်လည်း နီးနီးနားနားပေါ့၊ ရက်နှစ်ဆယ် တစ်လ မဟုတ်ရင်တောင် တစ်ပတ် ဆယ်ရက်လောက်"

"အမေ .. အဲဒါ .."

"ကြိုက်တယ်.. ကျွန်တော်လည်း စိတ်ကူးထားတာနဲ့ အတော်ပဲ"

အလိုမကျသည့် မျက်ဝန်းလေးတွေ သူ့ဆီ ရောက်လာ၏။

"ဒါ်လည်း မှုလ အဆင်ပြေတဲ့တစ်ချိန်ချိန်ကျမှ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဆင်ပြေတဲ့အချိန် ကောက်ခနဲ ထလိုက်ရအောင် ငါ ကတော့ အမြဲတမ်း အားနေတဲ့လူလား .."

"အဲဒီလို မဟုတ်ဘူးလေ၊ ဒါပေမယ့် .."

"မမကြီး ရေတ်သီးလေးနည်းနည်း ဆီသတ်ချင်လို့"

ကလေးတွေ အဆင်ပြေအောင် ကြားဝင်ဖျန်ဖြေမလို့ဟာ သော့်နဲ့ ကိုလည်း ကြောက်သေးသည်မို့ နေရာမှ ထလိုက်ရသည်။

"ကဲ .. ကဲ .. သားတို့ အဆင်ပြေမယ့်တစ်ရက်ရက် ရွေးကြ၊ စကားတွေ များမနေကြနဲ့ဦး"

ထွက်သာသွားရသည် စိတ်ကမဖြောင့်နိုင် ..၊ ဒေါ်ရွှေသဇင် ထွက် သွားသည်နှင့် ခေတ် ကလည်း ထသွားရာ ...

"ခေတ် .."

မူလ က ခေတ် ကို လှမ်းခေါ်သည်။ သူ ပြန်လှည့်ကြည့်ကာမှ...

"ဒီလထဲမှာ ကျွန်မတို့ အဆင်မပြေနိုင်ဘူးနော်၊ ခရီးထွက်ဖို့က အရေးကြီးတာလည်း မဟုတ်ဘဲနဲ့ .."

"သိပ်ကြီးတာပေါ့၊ မင်းနဲ့ တည့်အောင်ပေါင်းဖို့အတွက် .."

သေလိုက်ပါလား ..၊ လူကပ် .. ပွစာ .. ငည့်စ် ..၊

မူလ မျက်နှာလေး ပွစိပွစိ ရှုံ့မဲ့ကျန်ရစ်၏။





**အခန်း (၇)**

ထမင်းစားနေတုန်းကလည်း ဖုန်းပြောတာ နှစ်ခါ၊ ကမ်းခြေမှာ ...ိုင်နေတာမြင်လို့ သူ လိုက်လာပြီး ဘေးမှာ ဝင်ထိုင်လိုက်မိသည်။ ထိုင်ပြီးကာမှ သူမ ဖုန်းပြောနေတာကို သိလိုက်ရ၏။

'ကျွတ် ..'ခနဲ လှဲ့ပစ်လိုက်သည့်မျက်နှာကို မူလ က ဖုန်းပြောရင်း ...ည့်ကြည့်ကာ ...

"နောက်မှ ပြန်ဆက်မယ်နော် .. ဒါပဲ"

"... ... ... ..."

"မဟုတ်ပါဘူးဟာ .. ညနေကမှ ချောင်းသာရောက်တာပါ၊ ဒါပဲ ...နော်"

ဖုန်းပိတ်လိုက်မှ ဟိုဘက်လှည့်နေသည့်မျက်နှာက ပေစောင်း ...ောင်း လှည့်လာ၏။ ပြီးတော့ ကျောမှိုပေါ်မှာ လက်တစ်ဖက် ဆန့် ...င်လိုက်ပြီး မူလ ဘက်ကို ပခုံးတစ်ခြမ်းစောင်း တိုးကပ်၍ ...

"ဒီနေရာမှာ မင်း ဖုန်းပြောဖို့ လာထိုင်တာလား"

"ရှင် ကျွန်မကို ရန်ဖြစ်ဖို့ လိုက်လာတာလားဆိုတာပဲ အရင်ဖြေ ...ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ဖြစ်လိုက်ရုံနဲ့တောင် ကျေနပ်လို့မရနိုင်တဲ့ မင်းရဲ့ဝတ္တရားပိုင် တွေရော ဘယ်တော့ အရှိန်မှန်ဖြစ်လာမှာလဲ၊ ဒါမှမဟုတ် ရင်ခုန် မရပ်သရွေ့ အလုပ်ပြီးရင်း အလုပ်လား"

ဘယ်သူ့ဘက်ကမှ အဖြေမလာဘဲ မေးခွန်းတွေချည်း ဖြစ်နေ သည်၊ နားလည်ဖို့ကြိုးစားနေတာမဟုတ်သော မျက်လုံးတွေက ဆုံစည် နေပေမယ့် စစ်ခင်းနေတာနှင့်တူ၏။

မူလ က အရင် စူးလက်သည့်မျက်ဝန်းတွေကို လွှဲ၍ သက်ပြင်း သည်။

"အဲဒီလို ကျွန်မ မမျှော်လင့်ခဲ့ဘူး"

"ဘာကိုလဲ .."

"အလုပ်နဲ့အိမ်ထောင်ပြုခြင်းက လိုက်ဖက်တင့်တယ်ခြင်းလို့ နဲ့တာ၊ ဒါက သဘာဝပဲလို့ သတ်မှတ်ခဲ့လို့လည်း မိဘသဘော အလွယ်တကူ ခေါင်းညိတ်ခဲ့တာ"

"အခု မှားသွားပြီပေါ့"

"မှားတာတချို့က ပြင်လို့ရတတ်တာ ရှိတယ်၊ ကျွန်မတို့ နေ့တိုင် ရန်ဖြစ်နေရဖို့ရှိတာကို ဘယ်လိုပြင်မလဲ"

မေးနေလေ ပြန်ဖြေလာတာတွေက လူသတ်ချင်စိတ်ဖြစ်အော နိုးဆွလေ ..၊ မချစ်ဘဲ လက်ထပ်ခဲ့တယ်ဆိုတာ သိပြီးသား၊ ဒါပေ နှစ်ဖက်စလုံးမှာ ဒီအတွက် အကြီးအကျယ် စွန့်စားပေးဆပ်ခဲ့ရ တွေ ရှိခဲ့လို့လား ..။

စကားကို ဒီထက်အဆင်ပြေအောင် ပြောသင့်တာတော့ သူမ လည်သင့်၏။

"ရှေးမူလ .."

ခေတ် သူမနဲ့ ပခုံးချင်းထိအောင် ထပ်ကပ်လိုက်၍ ...

"မင်းရဲ့အလုပ်ဆိုတာက အားလုံးသောအလုပ်တွေထက်





ဖြစ်နေတာကို သိရဲ့လား"

"ရှင့်အမေကို အန်တီရွှေ လို့ ကျွန်မ ခေါ်နေခဲ့တဲ့ အချိန်ကတည်း က အဲဒါကို အသိပေးထားတာလေ၊ ကျွန်မကိုယ်ကျွန်မ သိသလို ရှင် တို့လည်း သိနဲ့တာပဲ"

မူလ မျက်နှာလေးက ခေါသရောင်တွေ လွှမ်းလာလျက် ...

"ဘဝအခြေ မြင့်မားအောင် ပညာတွေသင်၊ စီးပွားဥစ္စာတွေရှာကြ တာ ဘာလုပ်ဖို့လဲ ..၊ ယောကျ်ားကောင်းတစ်ယောက် ရရုံ၊ ဖိတ်စာပေါ် မှာ အမြီးရှည်နိုင်ရုံပဲလား၊ အိမ်ထောင်ကျသွားပြီးတာနဲ့ ကျွန်မတို့က ယောကျ်ားက သေဆို သေ .. ရှင်ဆို ရှင် .. ဒီလိုလား"

"ငါက ဟုတ်တယ်ဆိုရင် မင်းကို အခု သေခိုင်းလိုက်မယ်၊ သေပြ မလား"

မူလ နှုတ်ခမ်းလေးကို ဖိကိုက်၍ နှုတ်ဆိတ်နေ၏။

"စကားတတ်တိုင်း မပြောနဲ့ မူလ၊ မင်းနဲ့ငါ အဲဒီခေတ်ထဲကလူ တွေ မဟုတ်ဘူး၊ ခု ပြောရမှာ ငါတို့ စခဲ့တဲ့ အိမ်ထောင်ရေး .."

ပခုံးချင်းထိနေတာကို လွတ်အောင် မူလ က ပခုံးလေးကျုံ့လိုက် ပြီး လက်ပိုက်သည်။ သူ့ကိုမကြည့်ဘဲ ပင်လယ်ကမ်းစပ်ကိုပဲ မျက် တောင်မခတ် ငေးနေတာ စူးစူးရဲရဲ ..။

"မင်းကို သေခိုင်း သတ်ခိုင်းဖို့ မပြောနဲ့ .. ဒီနေ့ထိ မင်းမျက်နှာကို ပဲ တကြည့်ကြည့်ဖြစ်နေခဲ့လို့ ငါ့ဘက်မှာ လက်ထပ်ခြင်းက ဆုပ်ဖမ်း မရတဲ့ ပုံရိပ်လိုပဲ၊ မင်းအလိုမတူဘဲ ငါ ဘာမှမယူချင်ဘူး၊ မချစ်ကြဘဲ လက်ထပ်ခဲ့ကြတာပေမယ့် ငါက တစ်ဖက်သတ်တည်း စိတ်ကူးယဉ် နေခဲ့တာ၊ သူများလို ရှင်းရှင်းပါးပါးလေး ကျော်ဖြတ်ပြီး အိမ်ထောင် ရေးနယ်ပယ်ထဲမှာ ဘာမှန်းမသိဘဲ လက်ပစ်မကူးချင်တာ ရူးသွပ်မှု လား .."

ခဏရပ်သွားပြီး သူပဲ ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မီးရောင်စုံတွေ လှပအောင် ဆင်ထားသည့် ပန်းခြံလေးထဲက အုတ်ခုံမှာ ထိုင်မိကြ၏။ သိပ်မကြာလိုက်ခင် စားသောက်စရာတွေ အစီအရီ လာပြင်ပေးသွားကာ ...

"မင်း နည်းနည်းတော့ ချကွာ၊ မိန်းမက ရတယ်မို့လား"

"ဟွန်း .."

"ဘာရယ်တာလဲ"

"မရယ်ပါဘူး"

အနီရောင်တောက်နေသည့်ဘက်ကို မျက်နှာမူထားသဖြင့် ခေတ်ရဲ့ မျက်နှာက မီးရောင်နှင့်နီနေ၏။ ခပ်အုပ်အုပ်ဆံပင်ရှည်က နောက်ခံမီး အပြာရောင်ကြောင့် နီပြာရောင်လက်နေကာ ရောင်စုံမီးတို့အလယ်မှာ ဆံပင်ရှည်နှင့် မျက်ခုံးထူထူတွေပဲ ထင်းနေသည်။

နီမှန်နေသည့်မျက်နှာက မင်းသားလို ချောနေကာ ...

"မင်းမျက်နှာက အပြုံးတွေအမဲ့တွေက တစ်မျိုးပါလား၊ လက်ထပ်တုန်းက ငါ မသိလိုက်ပေမယ့် သတင်းစာထဲမှာ နောက်မှတွေ့တယ်၊ ပြောစမ်းပါဦး .. သည်ခေတ်လူ နဲ့ ရှေးမှုလ ဘယ်လိုဆုံစည်းသွားတာလဲ၊ ရည်းစားတွေထဲကလား .. မိဘသဘောတူတာတော့ မဖြစ်နိုင်ပါဘူး၊ မင်း ဒီလောက်မတုံးဘူးဆိုတာ ငါ သိတယ်"

"မိဘပေးစားတာကို လက်ထပ်လိုက်တာနဲ့ပဲ တုံးရမလားကွ၊ လူကြီးတွေကလည်း ကိုယ့်သားသမီးက နှစ်သက်မြတ်နိုးနိုင်မယ့် ဒီနိုင်းမျိုးတွေ ရေးတတ်နေပြီ .. လျှော့မတွက်နဲ့"

"ဟ!.. တကယ်ကြီးလား .."

ချစ်မင်းဦး အံ့သြသွားသည်။ ပြုံးဟဟကြီးဖြစ်နေကာ၊ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် ဘီယာထည့်ပြီး ခေတ် ကို ပေးသည်။

"သော် .. တကယ်ပဲကိုး၊ ဒါပေမယ့် နောက်ထပ်အံ့သြဖို့ရှိတာက မင်းမျက်နှာကြီးက ဘာဖြစ်လို့ ချုံ့အီနေတာလဲ"





"ဘာဖြစ်လို့လို့ ထင်လဲ .."

"ဘယ်လိုလုပ် သိမှာလဲကွ .. မင်းရည်းစားတွေ ထားခဲ့တုန်းက ဒီလိုပုံစံမှ မပါဘဲ"

"မင်း သူ့ကို မြင်လိုက်လား"

"မြင်တာပေါ့ .. မိုးချုပ်စက ဝင်သွားတာ၊ မင်းတို့က တစ်ယောက်ဘခြားစီ ဘာဖြစ်လို့ လိမ့်နေကြတာလဲ၊ ဟန်နီးမွန်း ထွက်လာကြတာ မဟုတ်ဘူးလား"

"တခြားစီ မဟုတ်ပါဘူး၊ အတူတူထိုင်နေရင်းနဲ့ သူ အရင်ဝင်သွားတာ"

"ဒါလည်း သဘာဝမကျသေးဘူးနော်၊ အတူတူရှိနေချင်လို့ ခရီးထွက်လာတာပဲဟာ"

"သူက အဲဒီလို မဟုတ်ဘူး"

"ဘယ်လို .."

ခေတ် က ဘီယာခွက်ကိုကိုင်ထားရင်း ပခုံးတွန့် ရယ်သည်။ ပြီးတော့ စားပွဲပေါ်ပြန်ချ၍ ...

"သူက ငါ့ကို မချစ်ဘူးကွ"

"မင်းကရော .."

"ငါ့မျက်နှာမှာ ဘယ်လိုပုံ ဖြစ်နေလဲ"

"သိပြီ .."

ချစ်မင်းဦး က ခေါင်းညိတ်လိုက်ပြီး ဘီယာတစ်ဝက်ကျအောင် သောက်၏။

"ထူးဆန်းတယ်ထင်ရပေမယ့် သိပ်တော့မဆန်းပါဘူး၊ ငါ မြင်လိုက်တဲ့ပုံအရဆို ရှားပါးပစ္စည်းလေးပဲ"

"ဟား .. ဟား .."

"ယောကောင် .. ပြတိုက်ထဲပြေးထည့်ထားဖို့ကောင်းတဲ့ ရှားပါး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းမျိုးကို ပြောတာမဟုတ်ဘူး၊ ဆံပင်တွေအရှည်ကြီးနဲ့ ဒီဇိုင်းက မလန်းပေမယ့် သူ့မျက်လုံးလေးတွေက စူးတယ်၊ သွားလာဖြတ်သန်း ဖုံက ရဲရင့်တယ်၊ ပညာတတ် ခေတ်မိန်းကလေးတစ်ယောက်ဆိုတာ သူ့မျက်နှာမှာပဲ အပြူထည်အတိုင်း မြင်နေရတာ"

"မင်း မဆိုးဘူး .. သူ့ကို ငါ ချစ်တယ်ဆိုတာကို ဟိုကောင်တွေ အံ့သြတာ မင်းလို မမြင်လို့ .."

ပြုံးနေသည့် ခေတ် ရဲ့မျက်နှာ ချက်ချင်း တည်တည်ကြည်ကြည် ဖြစ်သွား၏။ ပြီးတော့ ချထားသည့်ဘီယာကို ပြန်ကောက်ပြီး မော့လိုက်တာ တစ်ဝက်နီးပါး ကျိုးသွားသည်။ ခေါက်ခနဲ ပြန်ချထားလိုက်တာကို လိုက်ငုံ့ကြည့်ကာ ချစ်မင်းဦး က သိသည်။

ဒီလိုချလိုက်ပြီးပြီဆို ခေတ် ဘယ်တော့မှ နောက်ထပ် ပြန်ယူ မသောက်တော့ပေ ..။ ဖန်ခွက် ကြီးကြီးသေးသေး သောက်ဖြစ်ကြပြီဆို တစ်ခါပဲ မော့သည်။ ထို တစ်ခါမော့က နည်းနည်းပါးပါး၊ ဒါမှမဟုတ် တစ်ဝက်၊ ဘယ်တော့မှ တစ်ခွက်လုံး မသောက်သလို ချထားလိုက်တာ နှင့် ပြန်မကိုင် ..။

"ပြောရရင် မင်းက သူ့ထက်ပိုချောတာပဲကွ .. ဘွဲ့တွေ သူ့လောက် မများပေမယ့်ပေါ့"

သတင်းဟောထဲမှာ ချစ်မင်းဦး လည်း ဒါကို သတိထားမိသည် ထင်၏။

"ဘာလဲ .. တချို့စုံတွဲတွေလို သူက ပညာဂုဏ်မောက်နေတာမျိုး လား"

"မဟုတ်ဘူး .."

"ဒါဆို ဘာလဲ .. မင်းကို မြင်တာနဲ့ ငါ အကဲခတ်လို့ ရပြီ၊ မင်း ကို သူ လုံးဝမကြင်နာဘူးမို့လား၊ ခက်တယ်ကွ .. တချို့လူတွေ ပညာ တော်လာရင် သီးခြားဆန်လာကြတယ်၊ ကိုယ့်ကိုယ်ကိုယ်တော့ ဘဝင်





မြင့်ဘူး ထင်ပေမယ့် 'ငါသာလျှင်'ဆိုတဲ့ မာနတော့ ငုတ်စိတ်မှာ ရှိတာပဲ"

"သူက မာနနဲ့တော့ မဆိုင်ဘူး ချစ်မင်း၊ ဒါပေမယ့် သူ့ပညာတွေ ကြောင့် ငါ ခေါင်းစားနေရတာ၊ ကြာရင် ရင်ဘတ်ကြီးပါ အတွင်း ကျိုက်စားသွားနိုင်တယ်"

"အဲဒီလောက်တောင်လား .. ပညာကြောင့် ဟုတ်ရဲ့လား ခေတ် ရား ချစ်သူတွေ ဘာတွေများ ရှိ .."

"မရှိပါဘူး .. အဲဒီလိုရှိခဲ့ရင်တောင် ဝမ်းသာမိဦးမှာ၊ အခု သူ့ရင် ထဲမှာ သူ ဝါသနာပါတဲ့အလုပ်ကလွဲရင် ဘာမှကို နေရာမပေးချင်တာ"

ဖွယ်ဖွယ်ရာရာ ပြင်ပေးထားသည့် စားစရာတွေကို မယ်မယ်ရရ မဟုတ်ဘဲ တို့တိတိ ယူစားရင်း ခေတ် က ပြောပြသည်။

ချစ်မင်းဦး ကတော့ သောက်ရင်းစားရင်းနဲ့ပဲ နားထောင်နေကာ...

"ဒါ .. ဒါဆိုရင် မင်းတို့က လက်ထပ်ထားပြီး ဘာမှ .."

"အဟွန်း .."

"ဟ .. မရယ်နဲ့လေ၊ ဒါမျိုး အလိုမလိုက်ရဘူး ဟေ့ကောင်၊ င်း ကဗျာဆန်မနေနဲ့နော်၊ ငှက်ကလေးတွေတောင် ချစ်လို့ အလှမွေး င်ပေမယ့် ပျံထွက်မပြေးအောင် တောင်ပံလေးတော့ ညှပ်ထားရတာ ၊ သူတို့ကတော့ လွတ်လပ်လေ ကြိုက်လေပေါ့၊ မင်္ဂလာဦးည ဆိုတာ ဖြတ်သန်းဖို့ လက်ထပ်ပြီဆိုကတည်းက မိန်းကလေးတွေမှာ ပြင် ဆင်ပြီးသားကွ၊ ဘာဖြစ်ဖြစ် လက်ထပ်ပြီးရင် ညားရတာပဲလေ၊ ဒါကို ဗျာဆန်ပြီး လွှတ်ပေးလိုက်ရင် မင်း သွားပြီ၊ သူတို့အတွက် အဲဒီည ဒီတိုင်း လွတ်မြောက်ခွင့်ရသွားတာနဲ့ အိမ်ထောင်သည်ဘဝကို ာက်ထပ် ဖြတ်သန်းလက်ခံဖို့ လုံးဝ စိမ်းသက်သွားပြီ၊ မင်းရော ရှေ့တိုးရ ခက်နေပြီမို့လား .."

"ဟုတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံပြီး နဖူးပွတ်သည်။ စီးကရက်မီးညှိရင်း မျက်နှာက မဲ့သလို ပြုံးသလိုရှိလျက် ...

"အဲဒါလည်း သိပ်ပြဿနာ မဟုတ်သေးဘူး၊ သူ ငါ့အပေါ် ပြေပြေလည်လည်နဲ့ ဖြစ်သင့်အတိုင်းလေး စီးမျောသွားခဲ့ရင် ရင်နာနိုင်သံဆိုတာ .."

"ဘယ်လိုစီးမျောမှာလဲ .. လင်မယားက လင်မယားလိုနေပြီး မစီးမျောတဲ့ ဘယ်ကရင်နာနိုင်သံတွေ ဖြစ်လာမှာလဲ၊ မင်း မအောဲနဲ့ 'အချင်ယောင်ဆောင် မနေစမ်းဝါနဲ့ကွာ၊ မင်းအပေါ်မှာမှ မက်မောမှုမရှိတဲ့ သူ့ကို မက်မောနေတဲ့ မင်းလိုခံစားမှုမျိုး သူ့မှာဖြစ်လာမလား၊ 'တစ်ယောက်နဲ့တစ်ယောက် မချစ်ကြပေမယ့် ပြီးတော့လည်း ပြီးသွားတာပါပဲ' ဆိုတာ မကြားဖူးဘူးလား၊ အဲဒါ ရိုင်းတယ်ထင်ရပေမယ့် မှန်တဲ့စကားတွေပဲကွ၊ ဒီလင်ဒီမယားမှာပဲ စိတ်ဒုံးဒုံးချလိုက်တော့မယ်ဆိုတဲ့ စိတ် ဖြစ်လာတာကို ပြောတာ၊ အဲဒါဖြစ်ဖို့က လက်ထပ်ပြီးရင် လက်ထပ်ပြီးတဲ့ သဘာဝစည်းထဲ ရောက်ရမှာလေ"

"ငါ သိတယ် .. ဒါပေမယ့် စည်းတစ်ခုထဲမှာ ကန့်သတ် ပိတ်လှောင်ထားတာမျိုးကို မလိုချင်ဖြစ်နေတဲ့စိတ်ကြောင့် ခက်တာ၊ ငါ သူ့ကို အတင်းကာရော စွဲလမ်းတပ်မက်နေတာမျိုး မဖြစ်သေးဘူး၊ ဖြစ်နေတာက သူ့ရဲ့စိတ်ကို လိုချင်တာပဲ"

"ဘာထူးလို့လဲ ခေတ် ရာ .. မင်း လုပ်စမ်းပါ၊ ယောက်ျားဖြစ်ပြီးတော့ .."

ချစ်မင်း က ဘီယာလေးမော့လိုက် .. စားစရာလေး ဝါးလိုက်နှင့် ပြောနေရင်း ပိုပိုပြီး သွက်လာ၏။

ညက နက်ရှိုင်းလာပြီမို့ ပင်လယ်ကြီးကတော့ မှောင်နေပြီဖြစ်၏။

ရောင်စုံမီးတွေနှင့် လှနေသည့် ကမ်းခြေရဲ့ညကတော့ အလှဆင်သူများ၏ သွားလာရယ်မောသံများနှင့်သာ ဆိုင်လေသည်။





"လှုရှင်းသလိုပဲနော်"

"ဒီလိုပဲ .. ဒါပေမယ့် ပါးတဲ့ရက် သိပ်တော့မရှိပါဘူး၊ နောက်ပြီး ငါ့ရဲ့ဘန်ဂလိုတွေက အစွန်ကျတော့ ညဆို ပိုအေးချမ်းတယ်၊ တော်တော်များများကတော့ ဒါမျိုးကြိုက်တယ်ကွ၊ လူစည်လာရင် မင်း အခုကြားနေရတဲ့ ဂစ်တာသံတွေထက် ဆယ်ဆ .."

"အဲဒီလောက်ထိ ဆူလား"

"ပိုသေးတယ် ဆရာ၊ ဂစ်တာနဲ့ ကက်ဆက်နဲ့ ထွက်ကကြတာဆို ကမ်းခြေမှာ ပွဲတော်ကျနေတာပဲ"

ပတ်ဝန်းကျင်က အေးချမ်းစွာ ယှဉ်တွဲလျှောက်နေကြသည့်စုံတွဲတွေဆီ ခေတ် မျက်လုံးတွေရောက်တော့ ချစ်မင်း က ရယ်သည်။

"ကြည့်မနေနဲ့ ယောကောင် .. မင်းကောင်မလေးကို သွားဆွဲထုတ်"

"သေချာတယ် .. မိုးလင်းတာနဲ့ သူ ရန်ကုန် တန်းပြန်လစ်မှာ"

"အဲဒီလို ကြင်နာကြတာနော်"

နှစ်ယောက်စလုံး ရယ်မိကြသည်။

"မင်းတို့ ဒီမှာရှိမှန်းသိကတည်းက ငါ မှာထားပြီးသားနော်၊ ကြိုက်သလောက် နေ၊ လိုအပ်တာ မရှိစေရဘူး၊ တခြား လျှောက်လည်ဖို့အထိ လိုအပ်ရင် စီစဉ်ပေးဖို့ ငါ ပြောခဲ့မယ်၊ လုံးဝ စရိတ်ငြိမ်း .."

"မင်းက သွားစရာရှိနေလို့လား"

"ဒီလိုပဲ ငါက ပြင်ဦးလွင်မှာလည်း ဟိုတယ်လ်ရှိတော့ ဟိုကူးဒီကူး လုပ်နေတာ၊ ပြောလိုက်မယ်နော် .. မင်းတို့ ငါ ပြန်မလာခင် ပြန်ရဘူး"

"ငါက သုံးရက်ပဲ"

"မလုပ်ပါနဲ့ကွာ .. တစ်ပတ်တော့နေပါ၊ ဒါမှမဟုတ်ရင် မနက်ဖြန် ငါနဲ့ ပြင်ဦးလွင်ကို လိုက်ခဲ့ပါလား၊ ဟန်နီးမွန်းဆိုတာ ဒီလိုပဲ ခြေဆန့်လက်ဆန့် သွားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ပြင်ဦးလွင်ကို ဒီထိရွှေ့ယူလာမယ်ဆိုရင်တောင် မဖြစ်ဘူး ဒီသုံးရက်ကို မနည်းပြောပြီး ခေါ်ထုတ်လာရတာ"

"မင်းကွာ .."

ချစ်မင်း မျက်နှာကြီးမဲ့သွား၏။

"ငါ ဖွတ်တရွတ်ဆန်လိုက်ရင် သူ အလျှော့ပေးပါတယ်၊ ဒါ မယ့် မာမီတို့ကလည်း သူ့ဘက်ကကွ၊ အလုပ်နဲ့ဆိုတော့ ဘာမှမတတ် နိုင်ဘူး"

"ကောင်းတာပေါ့ .. မင်းက သုတေသနပညာရှင်ကိုမှ ရွေးခဲ့တာ ကိုး၊ အထဲမှာ တစ်ယောက်တည်းမို့လား၊ မင်း သွားလေ၊ တော်ကြာ-"

"ဘာဖြစ်လဲ .."

"သြော် .. ကိုယ်ချင်းမစာဘူး အပြောခံရမှာစိုးလို့ပါ၊ ငါကတော့ လူငယ်မှုဆိုးဖို့လေ .. အခန်းထဲကနေ မျှော်နေမယ့်သူလည်း မရှိဘူး"

လက်ထပ်ပြီး တစ်နှစ်လောက်ပဲပေါင်းရကာ ဇနီးက အက်ဆီးဒင့် တစ်ခုနဲ့ ဆုံးသွားသဖြင့် ချစ်မင်း မှာ အသက်ငယ်ငယ်နှင့် မုဆိုးဖိုဘ ရောက်ခဲ့ရသည်။

လူတော်လူကောင်းတစ်ယောက်လို့တော့ မသတ်မှတ်နိုင်ပေမယ့် ချစ်မင်း က နောက်အိမ်ထောင်လည်း မပြု၊ ရှုပ်ပွေတာမျိုးလည်း မရှိ တာမို့ ချီးမွမ်းထိုက်သူပါ။

"ဘာပြုံးနေတာလဲ ဖိုးခေတ် .. ငါ့ကို အားနာလို့လား၊ မနာနဲ့ နော် .. ဘယ်မှာဖြစ်ဖြစ် ငါက ဒီလိုပဲ ပုလင်းထောင်နေကျ"

"မဟုတ်ပါဘူး၊ မင်းပြောတာကို တွေးမိလို့"

"ဘာလဲ .."

"ငါ့ပြဿနာကို ခုပဲ ငါ ပြောပြနေတာ၊ မျှော်မယ့်သူရှိတဲ့သူလို့ မင်း ပြောလိုက်တော့ ရေချိန်လွန်နေပြီလားလို့ -"

"ငါလား .."





"အင်း"

"မလွန်ဘူး ဖိုးခေတ်၊ ငါ့သူငယ်ချင်း ငုတ်တုတ်မေ့နေမှာစိုးလို့ တိုက်တွန်းနေတာ၊ မင်း သုံးရက်ပဲအချိန်ရတာလေ .. ငါ့ကြောင့် မကုန် စေနဲ့ .. ကိုးတော့"

ချစ်မင်း တိုက်တွန်းနေပေမယ့် သူ ကိုးနာရီခွဲမှ နေရာမှထဖြစ်ခဲ့ သည်။ သူထင်သည့်အတိုင်း မူလ က စားပွဲမှာ လက်ပ်တော့တစ်လုံး နှင့် သူ ဝင်လာတာကိုတောင် လှည့်မကြည့်နိုင် ...။

"မင်း အဆာပြေ တစ်ခုခု စားမလား၊ မှာလိုက်မယ်"

"ဟင့်အင်း ... ယူလာတဲ့မုန့်ပဲ စားလိုက်တယ်၊ ရပြီ"

လှည့်မကြည့်ဘဲ ဖြေပြီးမှ သူမနောက်ကနေ ဖြတ်လျှောက်သွား သည့် ခေတ် ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ခေတ် က လှည့်မကြည့် ပေမယ့် သူမ ကြည့်လိုက်တာကို မှန်ထဲကနေ မြင်သည်။

တစ်ခုခုပြောမယ့်ပုံ ဖြစ်သွားပြီးမှ မျက်နှာရှေ့ပြန်လှည့်သွားတာ ကို ကြည့်၍ သူမ ဘီယာနံ့ရသွားတာမှန်းလည်း သိလိုက်၏။

နှစ်ယောက်ကြားမှာ နောက်ထပ် ပြောစရာစကား မရှိတော့သလို တိတ်ဆိတ်သွားခဲ့စဉ် အိတ်ထဲကဖုန်း မြည်လာသဖြင့် ထုတ်ဖွင့်လိုက် ရင်း ခေတ် အိပ်ရာထဲမှာ ခေါင်းအုံးတွေဆင့်၍ လှဲလိုက်သည်။

"ပြော .."

"မင်း ပြောရမှာလေ ခေတ်၊ အာကာ ပြောမှ ငါသိတာ၊ မင်း ဟန်းနီးမွန်း ထွက်သွားတာဆို .."

"အင်း .."

"အိုခေလား"

သူ ဖုန်းပြောနေတုန်း မူလ ရဲ့ဖုန်းလာတော့ သူ့အာရုံတွေ သုံ့မထိ ရောက်သွား၏။

"ဟလို .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"ကိုနော် .. နင် ဘာလုပ်နေလို့လဲ၊ ဒီအချိန် မဆက်စဖူး"

"... ... ..."

"ဟုတ်လား .. ငါ တကယ် မသိလိုက်ဘူး၊ ဒါဆို နင်တစ်ယောက်တည်းပေါ့၊ ဆောရီးပါဟာ"

"... ... ..."

"ပျော်စရာလား နင်ကလည်း .. ငါလည်း သွားလာရင်းနဲ့ အလုပ်လုပ်နေရတာပဲ၊ ငါ့ကို ဒေါက်တာ ဘာပြောသေးလဲဟင်၊ တစ်ခုခုပြောနိုင်းတာ ရှိသေးလား၊ ရှိရင် ပြောနော် .. ငါသွားလာရင်း လုပ်လို့ရတာဆို နှစ်ဖက်နှစ်လမ်း အဆင်ပြေတာပေါ့"

"... ... ..."

"အင်း .. ဟင်း .. ငါ မှတ်ထားမယ်၊ ခဏလေး"

ထလိုက်ထိုင်လိုက်နှင့် မှုလ တစ်ယောက်တည်း ဖုန်းကို ဘေးမှာချထားပြီး လက်ပ်တော့ပ်နှင့် ရှုပ်ယှက်ခတ်နေသည်။

ပြီးတော့ ဖုန်းပြန်ကောက်၍ ...

"ငါ ကူးထားလိုက်ပြီ"

"... ... ..."

"အိုခေ .. နင် နားလိုက်ဦးလေ၊ တစ်ညလုံး ငုတ်တုတ်ထိုင်နေဖို့မလိုပါဘူး၊ လေဆာဖြတ်လိုက်မှ ကွန်နရှင်တက်လာမှာဉစ္စာ"

"... ... ..."

"အေးပါ"

ဖုန်းပြောပြီးတာနှင့် ဒီဘက်လှည့်လိုက်တော့ မွေ့ရာပေါ်မှာ ခပ်လျော့လျော့မှီ၍ စီးကရက်သောက်နေသည့် ခေတ် ရဲ့ မျက်လုံးတွေက အေးစက် စူးရဲနေ၏။

မှုလ မသိသလို တစ်ချက်ပဲကြည့်ပြီး စားပွဲမှာ ပြန်ထိုင်လိုက်လျှင်...





ကိုယ့်ကို မျှမျှတတ ထည့်ကြည့်ပေးမယ်ဆိုရင် နောက်ထပ် ပြဿနာ ဘာမှမရှိတော့ဘူး .. ဖြစ်မလား"

မေးဖျားလေးကိုမော့စေပြီး စူးစိုက်ကြည့်သည်။ လျှောခနဲ လိမ့်ဆင်းလာသည့် မျက်ရည်စက်လေးကို သူပဲ ညင်သာစွာ သုတ်ဖယ်ပေး၍ ...

"ပြောလေ .."

"ဖြစ်ချင်ပါတယ်.. ကျွန်မ အဲဒီလိုမဖြစ်ရင် ရှင် စိတ်ဆိုးဦးမှာလား"

"ညက ပြောတဲ့စကားမျိုး ထပ်မကြားရရင်တော့ ကိုယ် နားလည်ဖို့ ကြိုးစားမှာပါ"

မှုလ မျက်နှာလေး တွေခနဲ ဖြစ်သွားသည်။

ပြီးမှ ခေါင်းညိတ်၏။ သူ ဖက်ထားလိုက်တော့ ရင်ခွင်ထဲမှာ အလိုက်သင့်လေး မှီနွဲ့ပါလာ၏။

ကမ္ဘာကြီး ငြိမ်းချမ်းသွားသည်။ ရင်ထဲမှာလည်း ကြာမျိုးစုံ ဝေဆာနေသော ရေကန်တစ်ကန် ဖြစ်၏။

အချစ်နဲ့ သူ့ အနီးအဝေး ဘယ်လောက်လဲ သိချင်ပေမယ့် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ရောဆ များနေတယ် ... ပြန်လျှော ..."

"မှုလ ဓာတ်ပေါင်းအိုးကို မကြည့်နဲ့၊ ကျူမောတွေ အလုပ်လုပ်နေပြီ၊ သေချာ မှတ် .."

ဒေါက်တာ ဦးထွန်းလွင် နဲ့ ဒု–ပါမောက္ခ ဦးသက်ခိုင် တို့က တစ်နေရာစီကနေ အမှားအယွင်းမဖြစ်အောင် သေချာ ဂရုစိုက်နေကြသည်။

"ငါတို့က သက်ရှိနဲ့ သက်မဲ့ရဲ့ မျိုးရိုးဗီဇတွေ တူညီတာ၊ ကွဲပြားတာပေါ်မှာ ရပ်တည်ဖို့ မဟုတ်ဘူး၊ မရမက ရောနှောပြီး အစွန်းရောက် စမ်းသပ်မှုမျိုး ဖြစ်မသွားဖို့လည်း လိုတယ်၊ အဲဒါကြောင့် ဖြစ်စဉ်ကိုပဲ သေချာစောင့်ကြည့်မယ်၊ ဂရုစိုက်ကြပါ .. စိတ်ကို မပျံ့လွင့်စေနဲ့၊ လုံး၀ တိမ်းစောင်းသွားလို့ မရဘူး၊ ဒီနေ့ဟာ ပရော့ဂျက်ရဲ့ စင်တာပဲ .."

ဒေါက်တာ ဦးထွန်းလွင် က မှုလ မျက်နှာမော့လိုက်တာကို ရည်ရွယ်ပြီး သတိပေးနေတာ ဖြစ်သည်။





## အခန်း (၉)

လေက ဟူးဟူးရားရား တိုးဝှေ့နေသည်။ အရုဏ်ဦးရဲ့နေရောင်ခြည် ဖြန့်ကြက်နေပြီပေမယ့် ကမ်းစပ်မှာ စိမ့်အေးနေသည်။

အပေါ်ထပ်ဝတ်မလာခဲ့သဖြင့် လက်လေးပိုက်ထားရင်း နောက်မှာ လက်ကိုင်ဝဝါနဲ့ စုစည်းထားသည့်ဆံပင်တွေကို ဖြေချလိုက်မိ၏။

ကျောထက်မှာ ဆံနွယ်တွေ ပြန့်ကျသွားသော်လည်း ကျောမှာပဲ နွေးသည်။

"အစောကြီး ဘာလို့ ထသွားတာလဲ"

စကားပြောသံကြားလိုက်ရမှ ခေတ် အနားရောက်လာတာကို လှည့်ကြည့်မိသည်။

"ဘာမှမစားရသေးဘူးမို့လား .. သွားမယ်လေ"

"အခန်းထဲမှာပဲ ကော်ဖီနဲ့မုန့် စားလိုက်တယ်၊ ရှင် သွားစားလေ၊ ကျွန်မ စိတ်ထဲမှာ မွန်းကျပ်နေလို့ ခဏနေချင်သေးတယ်"

"ကိုယ့်ကြောင့်လား .."

မှုလ ခေါင်းခါပြလိုက်ရင်း မျက်နှာလေး ငုံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို ဆံနွယ်တချို့ ပြိုကျသွားသဖြင့် နားတစ်ဖက်မှာ ဖြစ်သလို သိမ်းညှပ်ထားလိုက်ကာ ...

"မဟုတ်ပါဘူး .. အလုပ်အကြောင်း တွေးနေတာ"

ခေတ် က ဝတ်ထားသည့်လယ်သာဂျာကင်ကို ချွတ်လိုက်ပြီး မူလ ပခုံးလေးပေါ်မှာ ခြုံပေးသည်။ ပြီးတော့ သူမပခုံးစောင်းလေး ရင်ခွင်ထဲမှာ ထိကပ်လာတဲ့အထိ ဆွဲဖက်ထားလိုက်ပြီး ...

"ဆောရီးပါ .. ညတုန်းက ကိုယ့်အပြုအမူတွေ ရိုင်းသွားတယ်"

"ဟင့်အင်း .."

သူ့လက်ကို ဖယ်ချရင်း မူလ ခေါင်းခါသည်။ အတင်းငုံ့နေသည့် မျက်နှာလေးကို မော့ယူလိုက်တော့ ထင်သည့်အတိုင်း မျက်ဝန်းပြာလေးတွေမှာ မျက်ရည်တွေ ပြည့်လျှံလုလု ...။

"ကိုယ် တောင်းပန်နေတာပါ၊ ကိုယ့်ရဲ့တကယ့်စိတ်ရင်းက မင်းကို စော်ကားလိုက်တာ မဟုတ်ဘူး .. အဲဒါ ယုံပါ၊ မင်းကို .."

"နေပါစေ .. ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ဒါက ဖြစ်သင့်တဲ့အတိုင်းပဲ မူလ သိတယ်"

ငိုသံပါလေးရှိနေကာမှ မူလ လို့ ထည့်ပြောလိုက်တော့ ခေတ် ရင်ထဲက ခက်ထန်ခြင်းတရားတွေ အားလုံး ပျော်ကျ ပျောက်ရှသွားခဲ့ပြီး ...

"ဘယ်လိုပုံစံနဲ့မှ မဟုတ်ဘူး မူလ .. မင်းကို ချစ်လို့ပါ၊ မင်းရဲ့ ကျူမှ အချစ်ကြောင့်ဖြစ်တဲ့ ရင်ခုန်သံကို ကြားခဲ့ရတာ"

သူ မူလ ရဲ့ကိုယ်လေးကို ရင်ခွင်ထဲမှာမြုပ်နေအောင် ပွေ့ပိုက်ထားမိသည်။ ပြီးတော့ သူမရဲ့ခေါင်းထက်မှာ သူ့မျက်နှာ ဖိနှစ်ကပ်ထားရင်း ...

"မင်းကို ကိုယ်ချစ်တယ် .. ကိုယ့်အနားမှာပဲ ရှိနေစေချင်တယ် လောဘကြီးသလိုဖြစ်သွားရင် နားလည်ပေးပါ၊ မင်းရဲ့အချိန်တွေ





မူလ ခေါင်းတခါခါနှင့် မော့ကြည့်၏။

"မဟုတ်တာ .. ရှင် ဘာတွေပြောနေတာလဲ၊ ယောကျ်ားလေးတွေ ဆိုကြရင် အဲဒီလို မြှောက်ထိုးပင့်ကော်စကားတွေ ပါလာတတ်လို့ ပြောတာ၊ ရှင်နဲ့ကျွန်မ လက်ထပ်ပြီးစလည်း ဖြစ်တယ်၊ ကျွန်မမှာ လည်း ပရော့ဂျက်တစ်ခုက အရေးတကြီး ဖြစ်နေလို့ပါ၊ နောက်ဆိုရင် ဒီလောက်ထိ ဘာမှ ဖြစ်ဖို့မရှိတော့ဘူး၊ ဒါ မပြီးခင်တော့ .."

"ဘာလဲ .. မင်း ဘာကို ခွင့်တောင်းနေတာလဲ"

မော့နေသည့်မျက်နှာလေးနှင့် ငုံ့မိုးနေသည့် ခေတ် ရဲ့မျက်လုံးတွေ ဆုံရင်း ခဏတစ်ဖြုတ် တိတ်ကျသွား၏။

သူ့အကြည့်တွေ သူမရဲ့တစ်ကိုယ်လုံးကနေ နှုတ်ခမ်းပါးလေးတွေ နားမှာ ရပ်တန့်သွားသည်နှင့် မူလ ပါးပြင်လေးနှစ်ဖက် နီမြန်းသွား၏။ ဖျတ်ခနဲ ငုံ့ချပစ်လိုက်ရင်း ...

"ရှင့်ကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ရှင့်အတွက် သပ်သပ် ထုတ်နုတ်ပေးရမှာ မဟုတ်ဘဲ ကျွန်မရဲ့အလုပ်ချိန်တွေကို လော လောဆယ် လွှတ်လပ်ခွင့်ပေးမယ်ဆိုရင် .."

"ပိုကောင်းပိုလာနိုင်တဲ့ တစ်ချိန်ချိန်က ကိုယ့်အတွက်ပေါ့"

"အဲဒီလောက်ထိ မဟုတ်ပါဘူး"

"ကိုယ် မင်းကိုပြောပြီးပြီ မူလ၊ အ ... ဖြစ်မခံနိုင်ဘူးလို့"

"အို!..."

မူလ ကိုယ်လေး သူ့ရင်ခွင်ထဲ တွေ့တွေ ပြေးလွှားနေသည့်ကြ ပြိုကျ၏။ ဒီလိုညမျိုးရှိလာမှာပဲဆို ရင်ဆိုင်ရသည့်အခါ ကြောက်လ ကိုယ်လုံးမှာ အရိုးတွေမရှိတေ

www.burmeseclassic.com

www.burmeseclassic.com



"ခေတ် .. ခေတ် .. ခဏလေး .."

သူ့လက်တွေကို ဖယ်ချ ရုန်းပွတ်ရင်း ..

"ကျွန်မတို့ ဒီတိုင်း မဖြစ်ဘူး"

"ဘာ!..."

"လက်ထပ်ပြီးစဆိုတော့ ကာကွယ်ထားဖို့ .."

"ကာကွယ်ဖို့ .. ဟုတ်လား"

ခေတ် မျက်နှာမှာ အဝတ်စနီတစ်စလို ရဲတွတ်သွားခဲ့၏။ ထိုအခါကျမှ မူလ မှားမှန်းသိလိုက်သည်။ သူ့လိုလူမျိုးကို ဒီတိုင်းပြောချလိုက်ဖို့ မသင့်။ သို့သော် ...

"ကျွန်မပြောတာက နှစ်ယောက်စလုံးအတွက်ပါ၊ ခုချိန်မှာ .."

"ဟုတ်တယ် .. မင်း မှန်တယ်၊ ငါ မှားတာ၊ ဒါပေမယ့် မှားရတာကို ငါက ဝါသနာပါတယ်"

"အို .. ရှင့်ကိုပြောတာ အဲလိုမဟုတ်ဘူး၊ နေဦး .. ခေတ် ခဏလေးပါ"

မူလ နောက်ဆုတ်သွားရင်း မွေ့ရာပေါ်ကို အတူပြိုကျသွားခဲ့တဲ့အထိ တောင်းပန်နေဆဲ ..။

"ရှင့်ကို မူလ ငြင်းနေတာ မဟုတ်ပါဘူး၊ အဲလို မလုပ်ပါနဲ့ .. ခေတ် .. ဟင့်အင်း .."

မီးရောင်တွေရှိနေလျက်နှင့် မူလ အာရုံထဲမှာ အလင်းရောင်တွေ ပျောက်ဆုံးသွားခဲ့၏။ မွေ့ရာဖြူနုနုပေါ်မှာ ဆံပင်ရှည်တွေ ဖရိုဖရဲ ဖြန့်ခင်းလျက် ...၊

ရင်ခွင်ပြိုတဲ့ည ..။





"ကိုယ်တို့ အပြင်မှာ ခဏလမ်းလျှောက်ရအောင်"

"ရှင် ခုပဲ ပြန်လာတာမို့လား၊ ကျွန်မမှာ အလုပ်တွေ ရှိသေးတယ်"

"မင်း အလုပ်လုပ်လို့ကောင်းအောင် ဒီခရီးထွက်ခဲ့တာမှ မဟုတ်ဘဲ"

"သိတယ် .. ရှင် အဲဒါကိုပြောတော့မယ်ဆိုတာ .."

မူလ လက်ဝဲတော့ရှေ့ကနေ ခေတ် ဘက်ကို မျက်နှာချင်းဆိုင်လှည့်ပြောင်းထိုင်ကာ ...

"ကျွန်မနဲ့ ကျွန်မရဲ့အလုပ်ကိုတော့ ရှင် နားလည်ပေးမှဖြစ်မယ် ခေတ်၊ ဒါ တစ်ခုတော့ ကျွန်မ တောင်းပန်ပါရစေ"

"မင်းကို နားလည်ပေးလိုက်ရင် ကိုယ်က အချိန်သူတောင်းစားဖြစ်သွားမှာပေါ့၊ ယောကျ်ားတစ်ယောက်က သူ့မိန်းမဆီက ဖွဲ့ထုတ်ပေးသနားမယ့်အချိန်လေးကို နာရီကြည့်ပြီး စောင့်နေရမှာလား၊ စောင့်နေရတဲ့ကောင် ရှိရင်လည်း ကိုယ် အဲဒီလိုကောင်မျိုး မဟုတ်ဘူး"

"ဟုတ်ပါတယ် .. ရှင် ချမ်းသာပါတယ်၊ ကျွန်မရဲ့အောင်မြင်မှုတွေနဲ့ သီးပွင့်လာမယ့် အကျိုးအမြတ်ကို ရှင် နင်းချေလွှင့်ပေါက်ပစ်လို့ရတယ်၊ ဒါပေမယ့် ကျွန်မကလည်း အကျိုးအမြတ်ရဖို့ တစ်ခုတည်းနဲ့ ရင်နှီးထားခဲ့တာ မဟုတ်ဘူး၊ ရှင် ဘယ်လောက်ပေးပေး ဝယ်ယူ ချေမှုပစ်လို့မရတဲ့ ဝါသနာတစ်ခုတည်းကြောင့် .."

"ဝါသနာတွေ ငါ မဆွေးနွေးချင်ဘူး၊ ဒီခရီးကို မင်း စိတ်တိုင်းကျရွေးတယ်၊ အချိန်ကန့်သတ်တယ်၊ အဲဒီထိ ကိုယ်မပြောဘူး .. အလုပ်တွေ ဒီထိသယ်လာပြီး ညကိုးနာရီ ဆယ်နာရီထိ အခု လုပ်နေတာလည်း ရှိစေတော့၊ အားလုံးက ကိုယ့်စိတ်နဲ့မဟုတ်ဘဲ မင်းအတွက် ချည်းပဲ လိုက်လျောထားခဲ့တာ မူလ၊ ဘာထပ်ပြီး ဈေးဆစ်ချင်သေးလဲ၊ အခု ဒီစားပွဲမှာ ဘယ်နှစ်နာရီထိ ထိုင်နေခွင့်ပေးရဦးမှာလဲ .."

ပြောနေရင်း မွေ့ရာပေါ်ကဆင်း၍ ကိုင်ထားသည့်စီးကရက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းစားပွဲမှာ ဒေါက်ခနဲ မြည်အောင် ဆောင့်ချသည်။

စီးကရက်ကို ပြတင်းပေါက်ကနေ ဒီတိုင်း လွှင့်ပစ်၍ ...

"အခု မင်း လုပ်လိုက်၊ စောစောကတာဝန်ယူလိုက်တဲ့ကိစ္စတွေပါ ပြီးအောင် ရှင်း၊ နောက်ထပ် သုံးရက်မှာ အဲဒီလက်ပ်တော့ကို လုံးဝ မဖွင့်ရဘူး"

"ခေတ် .."

မူလ သူ့ရှေ့ကို ချက်ချင်းရောက်လာသည်။ ပြီးတော့ ရင်ဘတ်က ဂျာကင်တစ်ဖက်ကို ဆတ်ခနဲ ဆုပ်ကိုင်ပြီးမှလွှတ်၍ ...

"ရှင် အဲဒီလို ကျွန်မကို ဘောင်မခတ်ပါနဲ့ .. ကျွန်မအပေါ်မှာ ရှင် လွှမ်းမိုးခွင့်ရှိနေတာ ကျွန်မ သိတယ်၊ ဒါကို တုပြိုင်တိုက်နိုက်ဖို့လည်း ကျွန်မ မကြိုးစားဘူး၊ ကျွန်မကို ရှင် နည်းနည်းတော့ လိုက်လျောဖို့ ကောင်းပါတယ်"

"ငါ ပြောပြီးပြီ၊ မင်း ဒီည ကြိုက်သလို နေ .."

ခေတ် က သူမကို တွေ့ရှောင်ထွက်ဖို့ ပြင်၏။ မူလ က လက်မောင်းအင်္ကျီစကို ဆွဲထားပြန်ကာ ...

"ကျွန်မ သိတယ် .. ရှင့်ကို ရှင့်အပေါင်းအသင်းတွေက ဖုန်းနဲ့ တစ်မျိုး လူတွေ့တစ်မျိုး မြှောက်ပေးနေကြတာ၊ အစက ရှင် ဒီလို မဟုတ်ဘဲနဲ့ ခုမှ ပုံစံပြောင်းလာတာ၊ အဲဒီလို မလုပ်ပါနဲ့ .."

"မြှောက်ပေးမှ ကွေးအောင် ကရအောင် ငါက ဂန်ဒူး ငကြောင်လား .."

ခေတ် က ပြန်ငုံ့ကြည့်ပြီး မူလ လက်ကို ပုတ်ချပစ်လိုက်သည်။ ပြီးတော့ ...

"မင်း ပြောပုံကြည့်ရတာ ငါ့ကို ခပ်ပေါပေါ ခပ်ကြောင်ကြောင်လို့ ထင်နေပုံပဲ၊ ဟုတ်လား မူလ .. မင်း ထင်တိုင်း လွှတ်လပ်နေရင်း ဒီလူ ဂန်ဒူးများလားလို့ရော တွေးမိသေးလား"





လိုက်ကြတာ ရှိလား ..၊ သမီးက သူ့ စိတ်အရမ်းထိနိုက်ရင် ဘာမှ မပြောတော့ဘူး"

ခေတ် က ဒေါ်နွဲ့မှု ကို မတ်တပ်ကနေကြည့်နေရင်း ဆံပင်တွေထဲ လက်တစ်ဖက် ထိုးသိပ်ထည့်သည်။

"မသိဘူး .. ကျွန်တော်သိတာတွေ အများကြီးပဲ၊ ဒါပေမယ့် သူ ဖြစ်နေတာ သူပဲ သိမှာပေါ့"

မျက်နှာပြင်က နီမြန်းလာသည်။ လူကြီးနဲ့စကားပြောနေတာမို့ ထိန်းချုပ် မျိုသိပ်နေရမှန်း သိသာသည်။

"ဘာပဲဖြစ်ဖြစ် သူ့ စိတ်ထိနိုက်နေမှန်းသိရင် သားက အလျှော့ပေးရမှာလေ ..၊ ဘာဖြစ်နေမှန်း သိသိ မသိသိ"

"ဟွန်း .."

ခေတ် က ဘောင်းဘီအိတ်ထဲ လက်တွေထည့်လိုက်ရင်း ပခုံးတွန့်သည်။

"ထင်ကြတာပါပဲ .. မာမီ့လိုပဲ ကျွန်တော်က စိတ်တို စိတ်ဆတ်ပြီး အလျှော့မပေးတတ်လို့ ဖြစ်နေရတာဆိုတာမျိုး .. ဒီလိုပဲထင်နေကြတာ၊ အခု ကျွန်တော် ဆင်းလာတာ မာမီ့ချွေးမက ထွက်သွားပေးပါ ဆိုလို့ .."

"ဟင်!..."

"မြင်လည်း မမြင်ချင်ဘူး၊ ကြားလည်း မကြားချင်ဘူး .. တဲ့"

ခေတ် နှုတ်ခမ်းစေ့ပြောရင်း ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ကားသော့ဖြုတ်ပြီး ထွက်သွား၏။

ဒေါ်ရွှေသစင် နဲ့ ဒေါ်နွဲ့မှု တို့ မျက်လုံးချင်းဆုံနေလျက် အသံတိတ် ကျန်ရစ်လေသည်။ ဒေါ်နွဲ့မှု ကတော့ သိလိုက်ပါသည်၊ သမီးလေး သူ့အပေ စိုးရိမ်နေခဲ့သည့်အခက်အခဲမျိုးနှင့် ရင်ဆိုင်နေရပြီဆိုတာ မလွဲနိုင်။

"ကိုထွန်းမင်း တို့ လင်မယားရဲ့ကျေးဇူးတွေ ငါတို့အပေါ်မှာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ သိတယ် မှု ...၊ ဒါပေမယ့် ဒါကြောင့် သူတို့ကမ်းလှမ်းတာကို လက်ခံရမယ်ဆိုတာက ငါတို့သမီးက သက်မဲ့အရုပ်လေးမှ မဟုတ်ဘဲ၊ ပြီးတော့ သူဝါသနာပါတဲ့နောက်လိုက်နေရရင် ထမင်းမေ့ ဟင်းမေ့၊ မိဘကိုတောင် သတိရတတ်တာ မဟုတ်ဘူး၊ မင်း စဉ်းစားဦးနော် .. ငါက သဘောမတူလို့ ပြောနေတာမဟုတ်ဘူး၊ သမီးဘက်ကကြည့်ရင် အိမ်ထောင်ပြုလိုက်ရမှာ စောနေသေးတယ်"

"သူ တစ်သက်လုံး ကျောင်းစာတွေနဲ့ လုံးထွေးရုန်းကန်ခဲ့ရတာ လက်တွေ့ဘဝလေးထဲမှာ သူ့ပညာလေးနဲ့သူ ပျော်ချင်ဦးမှာပေါ့၊ လုံ့လ ရှိသလောက် စိုက်ထုတ်ရင်း ပီတိတွေနဲ့ ချွေးသိပ်ချင်မှာပဲ၊ ဒါကို အိမ်ထောင်ချပေးလိုက်ရင် သမီးလေးကို အကျဉ်းချသလို ဖြစ်သွားနိုင်တယ်၊ သူ ချစ်ခင်စုံမက်လို့ဆိုရင်လည်း တစ်မျိုး၊ သူ့ဟာသူ ဘယ်လို အရည်အချင်းကောင်းတွေပဲ ရှိနေနေ သမီး ဒါတွေကို မက်မောမှာ မဟုတ်ဘူး .. ငါ သိတယ်"

သမီးရှိတဲ့အခန်းဆီ တိုးလျှောက်နေရင်း ခြေလှမ်းတွေက နှေးကွေးနေခဲ့၏။ သူ့အမေ ပြောတဲ့စကားမျိုးတွေနဲ့ သမီးလေး ပြောရင်း ငိုချလိုက်မလား ...။

"မူလ မှားပြီ မေမေ" လို့ ပြောခဲ့ရင် ဘယ်လို ပြန်ပြီး နှစ်သိမ့်ပေးရမလဲ ...၊

ကျေးဇူးတရားတွေကို ထောက်ပြပြီး အမျိုးမျိုး တိုက်တွန်းနားချခဲ့တာက ကိုယ်ပဲဖြစ်ကာ သမီးလေးက လိမ္မာစွာ နာခံခဲ့တဲ့သူ ...။

"ဒေါက် .. ဒေါက် .."

"... ... ..."

"သမီးရေ မေမေပါ၊ သမီး မအိပ်ဘူးဆိုရင် မေမေ့ကို တံခါးဖွင့်ပေးပါဦး"

"ပိတ်မထားဘူး မေမေ"





အခန်း (၁၁)

"သမီး နေမကောင်းဘူးဆိုလို့ ရွှေ"

"ဟုတ်တယ် မှု ရယ် .. ဆရာဝန်က လူနာဖြစ်တော့ ကိုယ်တို့လည်း ဘာလုပ်ရမှန်း မသိတော့ဘူး၊ မေးတော့လည်း သိပ်မဟုတ်ပါဘူးတဲ့၊ သူ့ဖုန်းတွေလာတာတောင် မကိုင်ဘူး"

"သားနဲ့များ တစ်ခုခုဖြစ်သလား ရွှေ ရယ် .."

"ကျွန်တော်နဲ့ဖြစ်တာကြောင့်ဆိုရင်တောင် ဘာကြောင့်ဆိုတာ ပိုတောင် တွေးဖို့ခက်ဦးမယ်၊ တစ်ခုခုမကတာတွေ အမြဲတမ်းဖြစ်နေတာ"

အပေါ်ထပ်ကနေဆင်းလာသည့် ခေတ် မျက်နှာ ညနေပိုင်း အပြင်ထွက်မည့်ပုံနှင့် ဝင်းမှန်နေသည်။ ဒါပေမယ့် မျက်ခုံးနှစ်ဖက် တွန့်ကုတ်ထားသည်မို့ ခဆော်ထန်သည့်အသွင်က ရင့်ရော်စေ၏။

ထို့ပြင် ဝတ်ထားတာက ကြက်သွေးရောင်လည်ပိုင်း လက်ရှည်ဆွယ်တာနှင့် ဘောင်းဘီရှည် ဂျင်းပင်နံအနက်နဲ့ ဖြစ်သည်။

လက်ထပ်ကြပြီဆိုကတည်းက ဒီကောင်လေး အပြောအဆိုတွေမညက်သော ...။ သားကိုယ်တိုင်က မြတ်နိုးလို့ ပူဆာခဲ့တာပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို ရွှေ ပြောခဲ့တုန်းက ကျေနပ်ခဲ့ပေမယ့် ကြာလေ ဟုတ်ရဲ့လားလို့ တွေးမိလေ။ ခေတ် ရဲ့ပုံစံ ရှင်သန့်ချောမွေ့နေတာကို ဒေါ်နွဲ့မှ တိတ်ဆိတ်စွာ ကြည့်နေခဲ့မိ၏။

ချမ်းသာလိုက်တာလည်း ကျိုကျိုတက် ...၊ ရုပ်ရည်အားဖြင့် သနားကမားလေးလို့ ပြောရင်တောင် လိုဦးမည်ထင်သည်။ လူကြီးတွေက သမီးလေး ရိုးသားလို့၊ ပညာတတ်လေးမို့ သဘောကျသည်ဆိုတာထား ...၊ ခေတ် က သမီးလေးကို မြတ်နိုးတယ်ဆိုတာ ဟုတ်ရဲ့လား။

လူငယ်တွေ မျက်လုံးထဲမှာဆို သမီးက လက်ဖျားခါလောက်အောင် လှတာမျိုး မဟုတ်ပါ။ သည်အိမ်ထောင်ရေး အဆင်ပြေနိုင်ပါ့မလားလို့ တွေးမိလာရင်း ဒေါ်နွဲ့မှ ပင့်သက်ရှိုက်မိ၏။

ခုပဲ လက်ထပ်ခဲ့တာ မကြာသေးဘဲ သမီးလေး အိပ်ရာထဲ လဲပြီ။ ခေတ် ကတော့ ချောမောကြည်စင်လျက် လူမမာကိုထားခဲ့ပြီး အပြင်သွားမယ့်ပုံက ရုပ်ရှင်မင်းသား ရှုံးလောက်သည်။

ခေတ် က ကိုင်လာသည့်မှန်းကို အိတ်ထဲထည့်လိုက်ပြီး တစ်ဖက်က ပိုက်ဆံအိတ်ပြားလေးကို ထုတ်၍ ရှိုးကေ့စ်ပေါ် လှမ်းတင်လိုက်သည်။ ပြီးတော့ လိုက်ကြည့်နေသည့် ဒေါ်နွဲ့မှ ဘက်ကို ဖျတ်ခနဲ မျက်နှာချင်းဆိုင် လှည့်လာ၍ ...

"အန်တီ့သမီးက လူမမာ မဟုတ်ဘူး၊ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိတော့လို့ ခုပဲ ရေဝင်ချိုးပြီး ဆင်းလာတာ၊ သူ့ရင်ထဲမှာ ကျွန်တော်နဲ့ပတ်သက်ပြီး တစ်ခုခုတွေ အမြဲရှိနေတယ်၊ ဘာတွေလဲဆိုတာလည်း ကျွန်တော် သိပါတယ်၊ ဒါပေမယ့် အခု ဒီလိုဖြစ်နေတာ ဘာကြောင့်မှန်းတော့ အတိအကျ မသိဘူး၊ သူ့ကို အန်တီကိုယ်တိုင် မေးပါ၊ ကျွန်တော့်မှာ အပြစ်တစ်စုံတစ်ရာရှိနေတာဆိုရင်လည်း အဲဒါကို သိချင်တယ်"

"သားတို့ ခွန်းကြီးခွန်းငယ် .. ဟိုလေ ဖြစ်နေကျထက် ပိုပြီးဖြစ်





ဒါကို ညို က မေးခဲ့တာ ဖြစ်သည်။

"ဘာမှလှုပ်ရှားဖို့ မလိုဘူး၊ အလိုအလျောက် ကွန်ပလိန်းတက်လာလိမ့်မယ်၊ စက္ကန့်သုံးဆယ်မကျော်ခင် အမ်ပြူးဝါးတိုက်ပ်ကို ရွှေ့ပေးလိုက်ရင် ရပြီ၊ စက္ကန့်သုံးဆယ်အတွင်းမှာ မောက်စ်တစ်ချက်ရွှေ့ဖို့တော့ လုံလောက်တယ်မို့လား .."

ဆရာ ပြောတော့ ညို က 'ဆောရီး' ဆိုပြီး မျက်နှာငံ့ ရယ်သေးသည်။ စိတ်ကို အလုပ်ထဲပြန်ရောက်အောင် ဆွဲနှစ်ရင်း ဆရာ မှာတာတွေကို ပြန်တွေးလိုက်တော့ မှုလ အဆင်ပြေသွားသည်။

ဖြစ်စဉ်ပြောင်းလဲမှုကိုပဲ မျက်ခြည်မပြတ်ကြည့်ရင်း ချက်ခ်လုပ်နေလိုက်၏။ ထိုစဉ် ဖုန်းမြည်သံက စူးစူးဝါးဝါးပေါ်လာသဖြင့် မှုလ ဆတ်ခနဲ တုန်သွားသည်။

လှည့်ကြည့်လိုက်တော့ သူမ အိတ်ထဲက ...။

ဘာဖြစ်တာလဲ၊ မာတ်ခွဲခန်းဝင်ပြီဆို မှုလ ဖုန်းမယူတတ်ပါ၊ ပါလာရင်လည်း စက်ပိတ်ထားခဲ့တာပဲ ဖြစ်သည်။

ပြီးတော့ ဒါက ကိုယ့်ဖုန်းသံ မဟုတ်။

မြည်ပစေဆိုပြီး ကျောခိုင်းထားလိုက်ပြီးမှ တစ်ခန်းလုံး ဆူညံနေသဖြင့် ဘယ်လိုမှ သည်းခံလို့မရတော့ဘဲ ထရပ်လိုက်ရ၏။

ဖုန်းက ကျောနောက်မှာမို့ လက်နောက်ပြန်သွားရင်း အိတ်ထဲကို စမ်းယူရသည်။ ဒီအသံကြောင့် တခြားအသံတွေကို မကြားရမှာစိုးကာ ပိတ်ပစ်ဖို့ ကြည့်လိုက်ပေမယ့် ...၊

ဒါ ဘယ်ကဖုန်းလဲ ...။

မပိတ်ဖြစ်ဘဲ ဖွင့်လိုက်မိသည်နှင့် ခေတ် ရဲ့အသံက အမိန့်ဆန်စွာ ...

"ကိုယ် ဒီဝင်းရဲ့ရှေ့မှာ ရောက်နေပြီ၊ မင်း ခဏဆင်းခဲ့ဦး"

"ခေတ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြီး ဖုန်းချသွား၏။

မူလ ဖုန်းကိုင်ရင်း ပြတင်းပေါက်ကနေ အောက်ကိုငုံ့ကြည့်လိုက်မိသည်။ မြင်ရတာ မသဲကွဲတော့ ပြတင်းတစ်ချပ်ကို ဖွင့်လိုက်မိ၏။

ထိုသည်၏ မိုက်စ်သံကြီး ဆူးဆူးဝါးဝါးဝင်လာကာမှ သတိရသည်။ သူမ နားစိုက်ထားရမည့်အသံက ဒီအသံတွေ မဟုတ် ...။

နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိလျှင် ...

"ဟင်!..."

မျက်လုံးထဲမှာ ပြာခနဲ မည်းခနဲ ဖြစ်သွား၏။

စမ်းသပ်ခန်းတစ်ခုလုံး တဝုန်းဝုန်း ပြိုကျသွားသလို မျက်ရည်စက်တွေ သွန်ကျလာသည်။

မူလ ကိုယ်လေး နံရံမှာကပ်ရင်း တအိအိ ပြိုလဲသွားခဲ့လျက်...၊

ကျွန်မ သေပါရစေ ...။





"ဒီပရောဂျက် အရေးကြီးတယ်နော်၊ ညို နဲ့ နောင်တူး နောက်နည်းနည်း ဆုတ်ထား .. အဲဒါ သတ္တုကြွမှု ရှိတတ်တယ်၊ အန္တရာယ်ဖြစ်ရင် ကြီးကြီးသေးသေး မကောင်းဘူး"

ဓာတ်ခွဲခန်းအပြင်ကို ထွက်လာကြတော့ ဆရာတို့က သူတို့ကို တာဝန်အသီးသီးပေးပြီး ပြန်သွားကြ၏။

"ညို က နေသိပ်မကောင်းသေးဘူး ပြန်လေ၊ မူလ လည်း ပြန်၊ နင့်ယောက်ျားက ဒီအချိန်ထိဆို ငြိုငြင်လာလိမ့်မယ်"

"ဟာ!... ငါ မပြန်ပါဘူး၊ ညို ပဲ ပြန် .. နင်က နာလန်ထစနဲ့"

"ထပါစေတော့ မူလ ရယ် .. ငါတို့က လူလွတ်တွေပါ၊ နင်က မျှော်မယ့်သူရှိနေတာ ပြန်သင့်တဲ့လူ၊ နင်ပဲ ပြန် .. အလုပ်တွေပြီးပြီဥစ္စာ၊ စောင့်ကြည့်ပြီး အက်ဒစ်လုပ်လိုက်ရုံပဲ"

ညို ကလည်း ခေါင်းခါသည်။ ကိုတူး ကလည်း ပြန်ပါချည်းပဲ နှိုင်းနေ၏။ သူတို့ နားလည်ပေးကြပေမယ့် မူလ ကတော့ ရှက်နေမိသည်သာ ...။

ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလိုကြီး ခံစားနေမိကာ အသာလေး ခေါင်းညိတ်ပြီး ပြန်သွားဖို့အတွက် ဆုံးဖြတ်ချက်က မဖြစ်။

မူလ နဖူးကို လက်ကိုင်ပဝါလေးနဲ့ ဖိပွတ်ပစ်လိုက်ရင်း ခေါင်းခါမှ ...

"ရပါတယ်ဟာ .. ခုမှ ခုနစ်နာရီပဲ ရှိသေးတာ၊ ငါ ရှစ်နာရီလောက်ထိ နေဦးမယ်၊ ငါတို့စမ်းသပ်ချက်အတွက် ဒီည အောင်မြင်ရင် လမ်းသစ်ဖွင့်တာပဲ၊ ငါကိုယ်တိုင် အက်ဒစ်လုပ်ပြီး သိမ်းသွားမယ်"

ညို နဲ့ ကိုတူး မျက်လုံးချင်း ဆုံသွားကြသည်။ ညနေ လေးနာရီကတည်းက မူလ ရောက်နေတာ ဖြစ်ပါ့မလား၊ ညို စိတ်မချနိုင်ပါ။

မိန်းမသားချင်းမို့ မူလ ရဲ့အိမ်ထောင်ရေးကို ကိုထူး ထက် သူမ ပိုသိသည်။ မူလ ကိုယ်တိုင် ပြောပြတာတွေရော၊ မပြောပေမယ့်သိနေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေရော ...၊ ဒါပေမယ့် ...

"အေးလေ .. ဒါဆို ငါတို့ ဒီဝင်းရဲ့ရှေ့မှာပဲ အဆာပြေ တစ်ခုခု သွားစားလိုက်မယ်၊ ငါတို့ပြန်လာရင်တော့ နင် ပြန်ပါဟာ၊ တို့သုံး ယောက်က ဘယ်သူ့လက်နဲ့ထိထိ အတူတူပါပဲ၊ နင် ပြန်ရောက်သွား တာနဲ့ ငါတို့ ဖုန်းဆက်မှာ .. အတော်ပဲ နေမှာပါနော်"

မူလ ဘာကြောင့်မပြန်ချင်တာကို သိနေသောကြောင့် ညို က သူမ ပဲ စီစဉ်သမှုပြု၍ ကိုတူး နဲ့ အတူထွက်သွား၏။ ဒါသည်း မူလ စိတ်ကျေနပ်အောင် ဖြစ်မှာပါ။

မကြာခင် ပြန်ဝင်လာမှာပဲဆိုတာ သိနေသဖြင့် သက်ပြင်းချမိ သည်။ အိမ်ထောင်ပြုလိုက်ခြင်းဟာ ဘဝတစ်ခုလုံးကို တကယ်ပဲ ထောင်ကျခံလိုက်ရခြင်းနှင့်တူနေမှန်း ကြာလာလေ ခံစားမိလေ ...

ကွန်ပျူတာရှေ့မှာ ပြန်ထိုင်တော့ အလုပ်နှင့်အိမ်ထောင်ရေးက ရှုပ်ထွေးနေဆဲမို့ ခေါင်းတွေပါ ခါထုတ်ပစ်မိသည်။

မရဘူး မူလ ... ဆရာ ဘာတွေမှာခဲ့သလဲ ခေါင်းထဲပြန်ထည့်စဉ်း ပြီးခဲ့တာကိုပဲတွေးပြီး နောင်တတွေကို ရှေ့ရှုတ်နေတာ ဘာဖြစ် လာမှာလဲ ...။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရင်း နှုတ်စိတ်နဲ့ ပရယ်တ ကယ်လ်တွေကို ပြန်တိုက်ခြင်းဖြင့် စိတ်ကို စုစည်းထားလိုက်၏။

"သတိမှတ်ချိန်မှာ ကလီယားနဲ့တက်ပယောရင် နားစွင့်ထား မယ်၊ သူ့ရဲ့နှလုံးခုန်နှုန်းအတိုင်း မြည်သံလေးတစ်ခုခု ရှိလာတာ ချိန်နယ်ထဲက သူ ထွက်ဖို့ကြိုးစားနေပြီ၊ အသံပျောက်ပြီး အလ အလျောက် ရပ်တန့်သွားတဲ့အထိဖြစ်ရင် ဘာမှမရတော့ဘူး၊ ဒီသတ္တဝါ လေးရဲ့အသက် ...၊ ငါတို့ အပူဖုန်ကနေ ခက်ခက်ခဲခဲ ရှာလာခဲ့ရတဲ့ သျှူးရှဲလော့ခ်ဆေးပင်.. အားလုံးပေါ့"

"အသံမပျောက်ခင် သမီးတို့ ဘယ်လောက်ထိ အမြန်ဆုံး လှုပ် ရှားနိုင်မလဲ ဆရာ"





ဒေါ်နွဲ့မူ ဝင်သွားတော့ မူလ က မွေ့ရာစပ်မှာ ငုတ်တုတ်လေးထိုင် လျက် ဖြန့်ချထားသည့်ဆံပင်တွေက အိပ်ရာထက်မှာ ခွေပိုက် ပုံကျနေ သည်။ ညဝတ်အင်္ကျီပုံစံ ပန်းရိုက်ဂါဝန်ရှည်က ပန်းနုရောင်လေးဖြစ်ကာ ခါးစည်းကြိုးနဲ့မို့ ပွနေပေမယ့် ကြည့်လို့ ကောင်း၏။

"ဘယ်လိုကြီးနေတာလဲ သမီး၊ ဆံပင်တွေကိုဖြန့်ချထားတာ ဖင်ခု ထိုင်မိရင်လည်း မကောင်းဘူး၊ ရှုပ်ကုန်ရင်လည်း ရှင်းရခက်ဦးမယ်"

"မူလ ဒီတိုင်းပဲ နေချင်လို့"

မျက်နှာသွမ်းလေးနှင့် မူလ က ဆံပင်တွေကို နောက်ပြန်သိမ်းကိုင် ပြီး ရှေ့ကို ဆွဲယူလိုက်၏။

ဒေါ်နွဲ့မူ ကိုယ့်သမီးအကြောင်း ကိုယ်သိသည်၊ သူမ အလွန်မြတ် နိုးသည့်ဆံပင်တွေကို ဒီတိုင်း ပစ်စလက်ခတ်ဖြန့်ထားပြီဆို စိတ်ဆင်းရဲ စရာတစ်ခုခုတော့ ရှိနေပြီဆိုတာ ခန့်မှန်းလို့ရသည်။ ဘာဖြစ်နေတယ် ဆိုတာလည်း တွက်ထားပြီးသားမို့ ...

"ဒီနေရာမှာတော့ စိတ်သွားတိုင်းကိုယ်ပါတာ မကောင်းဘူး သမီး၊ မိန်းကလေးဆိုတာ အဆင်းသဏ္ဌာန်အားဖြင့် အမြဲတမ်း ကျက်သရေရှိ နေရတယ်၊ မရှိပြောင်ပြောင် ရှိပြောင်ပြောင်ဆိုတာမျိုး၊ ရှိရှိ မရှိရှိ ကိုယ့်ကိုယ်ကိုယ် အရောင်ထွက်အောင် နေတတ်ရတယ်"

ဒေါ်နွဲ့မူ က ပြောနေရင်း သမီးဘေးမှာ ဝင်ထိုင်ကာ ဆံပင်ကို ကိုယ်တိုင်ရှင်း၍ တစ်ပတ်လျှိုလေး ထုံးထားပေးလိုက်သည်။ ပြီးမှ...

"ဘာတွေဖြစ်နေတာလဲ .. ခေတ် နဲ့လား၊ အလုပ်ကိစ္စကြောင့်လား"

"မေမေ .."

"ဟင် .."

မူလ က ဒေါ်နွဲ့မူ လက်ဖုံနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း မျက်ရည်တွေ ပြည့်တက်လာလျက် ...

"မူလ ကြောင့်လေ .. အခု .. အခု .. အပြင်းအထန် ကြိုးစားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပရောဂျက်တစ်ခုလုံး ပျက်စီးသွားပြီ ..''

''ဟင်!...''

''ဟုတ်တယ် .. စိုက်ထုတ်ထားခဲ့ကြတဲ့ နည်းပညာတွေ၊ အရင်းအနှီးတွေ၊ အချိန်တွေ အားလုံး ဘာမှပြန်မရနိုင်တော့ဘူး သိလား..၊ အဲဒါ မူလ ကြောင့် ..''

''နေပါဦး .. မေမေ့ကို ရှင်းအောင်ပြောပြပါဦး၊ ဘာတွေဖြစ်ကုန်လို့လဲ .. သမီးဘက်က မှားယွင်းမှုဆိုတာ မေမေ တစ်ခါမှ မကြားခဲ့ဖူးဘူး၊ ဖြစ်မှ မဖြစ်နိုင်တာ''

ပြည့်သိပ်မျက်ရည်တွေကို မျက်တောင်တွေနဲ့ ဖိခတ်ပစ်လိုက်တော့ ဝါးပြင်နှစ်ဖက်မှာ စွန်းထင်သွားခဲ့လျက် ...

''အဲဒါမျိုး မဟုတ်ဘူး .. ဒါပေမယ့် မူလ ကြောင့် ဖြစ်ရတာ၊ မူလ အလုပ်လုပ်နေတုန်း ဖုန်းဝင်လာတယ်၊ အဲဒီဖုန်းသံကြောင့် အနှောင့်အယှက်ဖြစ်နေလို့ ထပိတ်ရင်း မပိတ်ဖြစ်ဘဲ ပြန်ပြောလိုက်မိတယ်..''

မူလ က ခေတ် ဆီက ဖုန်းဝင်လာကာ ဖြစ်ခဲ့ရသမျှကို ပြောပြရင်း မျက်ရည်သုတ်သည်။ သုတ်ပစ်ပေမယ့် မျက်ရည်က စီးမြဲစီးလျက်...

''သူ့အပြစ်လည်း မဟုတ်ဘူး မေမေ၊ သူ့အကျင့်ကိုက မူလ နဲ့ လက်ထပ်ကတည်းက ဒီတိုင်းပဲ၊ ကိုယ့်အလုပ်ကိုသိရက်နဲ့ မူလ ပေါ်ဆခဲ့တာ၊ ဒါပေမယ့် သူ့ကို ကျေနပ်လိုက်လို့ မရဘူး၊ မူလ စိတ်ဆင်းရဲသမျှ သူ့ကိုပဲ မုန်းလာတယ်၊ အဲဒါကြောင့် ဘာကြောင့်ဆိုတာ ပြောမပြနိုင်တဲ့ ခံစားချက်တွေကို မူလ ဘယ်လိုရင်ဖွင့်ရမလဲ ..၊ သူတို့အမြင်မှာ ဘယ်လိုပုံစံဖြစ်နေမှန်း မသိဘူး၊ ဒါပေမယ့် ဒီတိုင်းပဲ နေချင်တယ်''

''သမီးရယ် ..''

ဒေါ်နွဲ့မှ မူလ ရဲ့မျက်ရည်တွေကို သုတ်ပေးရင်း ခေါင်းလေးကို မော့ယူလိုက်သည်။

ထုပိတ်နေတာမျိုးမဟုတ်ဘဲ တစ်ပင်ချင်း ရှင်းရှင်းလေး ကောနေ





သည့်မျက်တောင်ဖျားတို့မှ မျက်ရည်စိုနေတာလေးတွေဆီ တယုတယ သုတ်ပေး၍ ...

''ဘာကြောင့်ပဲ ခံစားနေရပါစေ မသက်ဆိုင်မှန်းသိရင် သပ်သပ်စီထားနိုင်ရတယ် သမီးရဲ့ .. 'ကုလားမနိုင် ရခိုင်မည်း'တယ်ဆိုတာ မကောင်းဘူး၊ တကယ်လို့ ခေတ် နဲ့ သက်ဆိုင်နေတယ်လို့ သမီး ခံစားနေရရင်တောင် ခွေ့ က မဆိုင်တဲ့လူပါ၊ သမီးကို သူ သိပ်ချစ်တာ..၊ ချွေးမအဖြစ် တောင်းမလာခင်ကတည်းက သမီးကို အရိပ်တကြည့်ကြည့်နဲ့ ကျေနပ်နေခဲ့တဲ့သူ၊ ဘာဖြစ်နေမှန်းမသိတဲ့ သမီးရဲ့ အမူအရာတွေကြောင့် သူတို့တော့ စိတ်မဆင်းရဲပါစေနဲ့ကွယ် ..''

မူလ မျက်တောင်လေးတွေခတ်ရင်း ငြိမ်သက်စွာ နားထောင်နေ၏။

''သမီးက ခေတ် ကို အရမ်းမုန်းသွားပြီလား''

''ဘယ်သူ့ကိုမှန်း မသိဘူး .. အခု မူလ အရမ်းကို နာကျင်နေတယ် မေမေ၊ ဆရာတို့ .. ကိုတူး တို့ အားလုံး ဟန်ဆောင်ပြုံးပြနေကြပေမယ့် ရင်ထဲမှာ ဘယ်လောက်ထိ ကြေကွဲနေကြမလဲ မူလ သိတယ်၊ အဲဒါတွေ ကိုယ့်ကြောင့်လို့ တွေးမိလေ ရင်နာလေ ..၊ သူ့ကြောင့် မဟုတ်ဘူးလို့ ဖြေသိမ့်ရင်းနဲ့ သူ့ကိုပဲ မုန်းတယ်''

''သမီးတို့ ခုမှ လက်ထပ်တာ လပိုင်းပဲရှိသေးတယ်၊ နာကျင်မှုတွေ ဖြစ်နေကြပြီဆိုရင် ဘယ်လိုလုပ်မလဲ၊ သူကရော သမီးအပေါ်မှာ စိတ်မရှည်မှုတွေ ပြနေပြီလား''

''မသိဘူး ..''

''သမီးအဖေ သိရင်လည်း စိတ်ကောင်းမှာ မဟုတ်ဘူး''

ဒေါ်နွဲ့မှ သက်ပြင်းချရင်း ငိုင်တွေသွားခဲ့၏။ ဒီရက်ပိုင်းတွေမှာ သိသာစွာချောင်ကျသွားခဲ့သော မူလ မျက်နှာလေးကို ပြန်ကြည့်မိကာ..

''သမီး နေရောကောင်းရဲ့လား .. ဒီကိစ္စမဖြစ်ခင် မေမေ့ဆီဝင်



www.burmeseclassic.com

www.burmeseclassic.com



လာတုန်းကတည်းက မေမေ သတိထားမိတယ်၊ သမီး ပြောင်းလဲသွားသလိုပဲ ဒီအိမ်ထောင်နဲ့ပတ်သက်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရတာဆိုရင် မေမေ ထင်တယ် ..၊ သမီးရဲ့အဖေ တစ်ခုခုစီစဉ်ဖို့ ကြိုးစားတော့မှာ"

"ဟင့်အင်း .. မူလ က မြန်မာမိန်းကလေးပါ၊ လက်ထပ်ဖို့ လွယ်လွယ်ခေါင်းညိတ်ခဲ့တာက ဟိုအရင်ကတည်းက မူလ စိတ်ချမ်းသာသလို ဆုံးဖြတ်လုပ်ပိုင်ခွင့်ပေးခဲ့ကြတဲ့အတွက် မေမေတို့ ဖြစ်စေချင်သလို နာခံပြီး ကျေးဇူးဆပ်ချင်လို့၊ ဒီအတွက် မှားသွားပြီဆိုရင်တောင် ဘယ်သူနဲ့မှမဆိုင်ဘူး မေမေ"

"ဒီလိုဆိုရင်လည်း မှားခဲ့ပြီးတာကို ထားခဲ့နိုင်အောင် ကြိုးစားပါလား သမီးရယ် .. အားလုံး နစ်နာခဲ့ကြတယ်ဆိုရင်လည်း ဒီပရှေ့ဂျက်ပြန်ရဖို့အတွက် သမီးက ခေါင်းဆောင်လိုက်ပေါ့၊ ဒါဟာ နောက်ထပ်တစ်ကြိမ် ကြိုးစားခွင့်ရှိတဲ့ မှားယွင်းမှုမျိုးပါ"

"မရှိတော့ဘူး မေမေ .. ရှိခဲ့ရင်လည်း အချိန်တွေအများကြီး ထပ်ယူရတော့မှာ၊ ဆရာကြီးကလည်း သူ့ရဲ့ဓာတ်ခွဲခန်းကို အသုံးပြုခွင့်ပေးနိုင်မှာ မဟုတ်ဘူး"

"ကိုယ်ပိုင် ထူထောင်ရင်ရော .."

"အခက်အခဲတွေ အများကြီးရှိတယ် မေမေ၊ တချို့ ခေတ်မီ စက်ကိရိယာတွေက ကိုယ်က ဝယ်နိုင်ရင်တောင် ပြည်တွင်းထဲကို သယ်ယူသုံးစွဲခွင့်တွေမှာ ပြဿနာရှိတယ်"

"အဲဒါကျတော့ သမီးရဲ့ယောက္ခမ ကျွမ်းကျင်ပါတယ်၊ ကိုထွန်းမင်း က နယ်ပယ်ရှိတယ်၊ ခေတ် ကလည်း စီးပွားရေးနယ်ထဲဝင်နေပြီဆိုတော့ .."

"သူ့ကို မပြောပါနဲ့ မေမေရယ် .. မူလ ကို ဒီအလုပ်နဲ့အဆင်ပြေဖို့ သူ ကူညီမှာ မဟုတ်ဘူး"





"သမီးနဲ့သူ ပြေပြေလည်လည် ပြောဆိုမိကြတဲ့အထိ မရင်းနှီးသေးလို့ပါ၊ ယောကျ်ားဆိုတာ မိန်းမကပြောရင် ခဏနဲ့ ခေါင်းညိတ်တတ်တဲ့အမျိုး .."

မူလ က မျက်လုံးတွေကို လက်ခုံလေးနဲ့ ထပ်ကပ်သုတ်ရင်း ခေါင်းခါသည်။

"သူ အဲဒီလိုလူ မဟုတ်နိုင်ဘူး .. မူလ သိတယ်၊ သူနဲ့ ဒီအလုပ်ကို ဆက်နွယ်ဖို့လည်း ကြိုးစားကြည့်ဖူးတာပဲ၊ မရခဲ့ပါဘူး .. မိန်းမတစ်ယောက်ကို လက်ထပ်ယူပြီး သူ့အတွက် အမောပြေကြည့်စရာ အရုပ်တစ်ရုပ်လိုမျိုး သူက ထားချင်တာ"

'ဒါကတော့ ချစ်လို့ဖြစ်မှာပေါ့ သမီးရယ်'လို့ ဒေါ်နွဲ့မူ စိတ်ထဲမှာ ပြောလိုက်မိသည်။ ဇနီးကောင်းတစ်ယောက်ဖြစ်ဖို့ ဒါမှမဟုတ် အိမ်ထောင်ဖက်ကောင်းရဖို့အတွက်ပဲ ဘဝအတွက် အရေးကြီး ဝတ္တရားတစ်ခုလို တွက်ချက်တဲ့မိန်းကလေးတွေဆိုရင် ခေတ် ရဲ့ လိုလားနှစ်သက်ခြင်းကို အထူး မက်မောကြမှာ ဖြစ်၏။

ကိုယ့်သမီးကတော့ ဝါသနာက ပထမ၊ ဝါသနာသာ ဒုတိယ ဖြစ်နေသည်မို့ ...

"အခု ဆုံးရှုံးသွားခဲ့တာကို သမီး ဥပေက္ခာထားနိုင်အောင် ကြိုးစားစမ်းပါ၊ ခေတ် နဲ့ ပြေလည်အောင် ပြောဆိုဆက်ဆံနိုင်ဖို့က သမီး သူ့အပေါ်မှာ နာကြည်းနေတဲ့စိတ်တွေ ဖြစ်မနေမှ အဆင်ပြေမှာ၊ မေမေတို့ မတတ်နိုင်တာတွေကို သူပဲတတ်နိုင်မှာ သမီး၊ သမီး ဖြစ်ချင်တာကို သမီး စိတ်ချမ်းသာအောင် လိုက်လျောနိုင်မယ့်သူက သူပဲ၊ သူ့မှာ ငွေရှိတယ်၊ အသိုင်းအဝိုင်း တောင့်တင်းတယ်၊ အခု သမီး ဖြစ်ပျက်နေတာတွေကို ပြင်ပါကွယ်၊ ခေတ် နဲ့ အဆင်ပြေအောင် နေလိုက်ပါ၊ အုံ့ဖွဲ့ခြင်းဆိုတာ ထုနဲ့ထည်နဲ့ဖြစ်လာရင် ပြန်ဖျောက်လို့ မရတော့ဘူး၊ သမီး အဲဒီလို မဖြစ်ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိဘ ဆုံးမတဲ့စကားတိုင်းကို မူလ မပယ်ရှားခဲ့ဖူးပါ။ ခုကျမှ ခေါင်းညိတ်ရ ခက်နေသည်။ မျက်မှောင်ကုတ်၍ စကားပြောတတ်သည့် စိတ်မရှည်တတ်သော ခေတ် ရဲ့မျက်နှာကို မြင်ယောင်မိတိုင်း ပြောလည်း မပြောချင်၊ ရင်းနှီးချင်စိတ်လည်း ကုန်၏။

သူ့မဘဝမှာ မိဘနှစ်ပါးကအစ ဒီနေ့ထိ သူ့မအတွက်ဆို ငြိုငြင် မျက်ရှုခဲ့ဖူးတာ မရှိ ...၊

ပေါင်းခဲ့ဖူးသည့်သူငယ်ချင်းဆိုတာတောင် ဝါသနာ တူ၊ စရိုက် တူချင်းမို့ ကျောင်းမှာကတည်းက ဒီနေ့ထိ စွဲမြဲစွာ လက်တွဲခဲ့တာ ညို တစ်ယောက်တည်း ...။

ကိုယ့်အပေါ်မှာ ငြိုငြင်စိတ်ကွက်ခဲ့သူဟာ ထာဝရ လက်တွဲသွားရမည့် ဘဝကြင်ဖော်ကိုယ်တိုင် ဖြစ်နေခဲ့သည့်နောက် ...။





အခန်း (၁၂)

"စိတ်မပူပါနဲ့ မူလ ရယ် .. ရည်ရွယ်ချက်တစ်ခုခုထားပြီဆိုရင် အဖျက်ရှိလာတာ သဘာဝပဲ၊ ငါတို့ရည်ရွယ်ချက်က သေးသေးကွေးကွေးလေးမှ မဟုတ်တာ၊ ပျက်သွားရင် ပြန်စ၊ ဦးတည်ထားတဲ့လမ်းအတိုင်း ဆုံးအောင်လျှောက်ရုံပေါ့၊ တစ်ချိန်ချိန်မှာတော့ အောင်မြင်မှာပါ"

"ညို အိပ်ရာထဲ ပြန်လဲသွားတာ ငါ သိတယ် ကိုတူး၊ အဲဒါ .."

"ဒီပရောဂျက်နဲ့ပဲ လုံးဝ သက်ဆိုင်နေတာ မဟုတ်ပါဘူး၊ အဲဒါနင် စိတ်ရှင်းရှင်း ထားစမ်းပါ၊ ညို တို့ မိသားစုမှာ ရှုပ်ထွေးမှုလေးတွေရှိတယ်လို့ ငါထင်တယ်၊ သူ စပြီး ဆေးရုံတက်ရတဲ့နေ့က သူ့စကားထဲမှာ ပါလာတာလေ၊ အဲဒီမှာ သိပ်မကျန်းမာသေးဘဲ အလုပ်ထဲ ပြန်ရောက်လာတယ်၊ ခုပြန်ဖြစ်တယ် .. ဒါပါပဲ၊ သူကိုယ်တိုင် နင့်ကို ဖုန်းဆက်နိုင်းတာ၊ ဒီလိုထင်မှာစိုးလို့တဲ့ .."

ဖုန်းနားထောင်ရင်း မူလ မျက်ရည်ဝေ့နေခဲ့၏။ အားပေး နှစ်သိမ့်ခြင်းတွေအစား ဒေါသမောဟတွေနဲ့ ပစ်ပေါက် စွန့်ခွာသွားကြပြီဆိုရင် တစ်မျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကိုယ့်ရဲ့ပေါ့ဆမှုဆိုတာ သေချာနေလျက်နှင့် ဘာဖြစ်လို့ ခွင့်လွှတ်နေကြတာလဲ …။

"ကျန်းမာအောင် နေပါ မူလ ရာ … ငါတို့ပရောဂျက် အချိန်မီပြီးဖို့က ကြိုးစားချိန်တွေ ရှိပါသေးတယ်၊ ဒီညနေ ပါချုပ်နဲ့ ချိန်းထားတဲ့ ကိစ္စ ငါပဲ သွားလိုက်မယ်၊ ဒေါက်တာထူး လည်း လိုက်မှာ၊ နင် အေးဆေး;ပဲ နေ …"

သူ ဖုန်းချသွားတဲ့အထိ မူလ ငုတ်တုတ်လေးထိုင်ရင်း ငိုင်နေဆဲ…၊ ခဏအကြာမှ ဖုန်းကို ဘေးမှာချလိုက်ပြီး ဒီဘက်လှည့်လိုက်လျှင် တံခါးပွင့်သွားပြီး ခေတ် ဝင်လာ၏။

ရှပ်အင်္ကျီလက်ရှည် အဖြူ၊ ဘောင်းဘီရှည်အဖြူနှင့် အပြင်ကပြန်လာပုံရှိသော်လည်း ဖြူဝင်းသည့်မျက်နှာက သိသာအောင် အရောင်ပြောင်းမနေ …။

နားသယ်စပ်နှင့် နဖူးထိပ်ဆံပင်တွေကို ဖြစ်သလို ထိုးသိပ်တင်ထားသဖြင့် အတိုအရှည်မညီသော ဆံစတချို့က မျက်နှာပေါ်မှာ မသေမသပ် ပြန်ကျနေ၏။

သူ ဝင်လာတဲ့အတိုင်း ငေးကြည့်နေခဲ့သည့်မျက်ဝန်းတွေက အိတ်ကို စားပွဲပေါ်တင်ကာ အင်္ကျီကြယ်သီးတွေဖြုတ်နေတဲ့အထိ ကပ်ငြိနေဆဲ ဖြစ်သည်။ ကြယ်သီးတွေဖြုတ်၍ အတွင်းခံစွပ်ကျယ်နှင့် ရင်ကွဲအတိုင်း ဒီဘက်လှည့်လိုက်ကာမှ မူလ ဖျတ်ခနဲ မျက်နှာလွှဲကာ …

"ရှင် ဖေကြီးနဲ့ လိုက်သွားတာလား"

"မဟုတ်ပါဘူး .. ကုမ္ပဏီမှာပဲ၊ ဘာဖြစ်လို့လဲ …"

"မဖြစ်ပါဘူး"

ဒီနေ့ကျမှ စကားပြောဖော်ရလာသဖြင့် အင်္ကျီချွတ်မလို့ပြင်ပြီးမှ လက်ပြန်ချကာ သူမဘေးမှာ ထိုင်လိုက်မိ၏။

"မင်း နေကောင်းသွားပြီလား"





"အင်း … ကောင်းပါတယ်၊ ရှင့်ကို ပြောစရာရှိလို့"

"ဘာလဲ …"

ပြောမည်ဆိုပြီး မပြောဘဲနေတော့ ခေတ် က မျက်မှောင်ကုတ်ကြည့်၏။

စတော်ဘယ်ရီရောင် စပို့ရှပ်ပွပွလေးနှင့် ဆံပင်ကို နောက်မှာဖြစ်သလိုလိပ်ပတ်တင်ပြီး အော်တိုမစ်တစ်ကလစ်နဲ့ ဖိညှပ်ထားသည်။

ဆံပင်အုံများကာ ခေါင်းပေါ်မှာတစ်ဝက် ပခုံးပေါ်မှာတစ်ဝက်နှင့်အတိုက်ကရိုက်ပုံစံနဲ့လည်း တူကာ တမင်လှအောင် ဆံပင်ချပြီး ထုံးဖွဲ့ထားတာမျိုးနှင့်လည်း တူ၏။

သူမ ဘယ်လိုနေနေ ကော့စင်းနေသည့် နှာတံချွန်ချွန်နှင့် ဝင်းစက်နေသောမျက်နှာလေးက ဖြူစင်စွာ ညို့နိုင်စွမ်းပါ၏။

ခေတ် ရဲ့မျက်လုံးထဲမှာ ရှေးမူလ ဆိုသည့်မိန်းမလောက် သူ့ရင်ခုန်သံတွေကို ဆွဲဆောင်နိုင်မည့်သူ နောက်ထပ် မရှိနိုင် …။

"ပြောလေ … ကိုယ့်ကို ချစ်တယ်လို့ ပြောမှာတော့ မဟုတ်ဘူးမို့လား …"

မူလ ဖျတ်ခနဲ မော့လာပြီး ခေါင်းခါတော့ သူက ပြုံးလိုက်ပြီး…

"သိပါတယ် .. မင်းမျက်နှာကြီး ငုံ့ပြီး ပြောရခက်နေတာ ဘာလား ဖြစ်နေလဲလို့"

"ကျွန်မတို့ ပရောဂျက်ပျက်သွားခဲ့တဲ့ကိစ္စကို ရှင် သိပြီးပြီမို့လား"

"သိတယ် …၊ ကိုယ့်ဖုန်းသံကြောင့် မင်း အာရုံများသွားတာအထိ"

"မေမေ ပြောတာလား .."

"ဟုတ်တယ် .. မင်းက ခင်းအမေကိုပဲ ပြောပြတာလေ"

"ဆောရီးပါ၊ ကျွန်မ .."

"ကိုယ့်ကို အသေအလဲ နာကြည်းသွားတယ်ပေါ့"

"ဟုတ်ဘူး .. ဒါပေမယ့် အရှမ်းခံစားရတယ်၊ ရှင်နဲ့ သက်ဆိုင်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဂရုစိုက်ရမှာက ကျွန်မပါ"

"ဟုတ်ပြီ .. ကိုယ့်ကို ကြံဖန်ခွင့်လွှတ်လိုက်တာ ကျေးဇူးတင်ဘယ်၊ အဲဒီတော့ မင်း ပြောဖို့ရှိနေတာကို ပြော .."

မူလ က ခေတ် မျက်လုံးတွေထဲကို သေချာကြည့်၏။ ကိုယ်ပြောမှာတွေကို သူ ကြိုသိနေသလား၊ ဒါမှမဟုတ် လိုက်လျောဖို့အတွက် တကယ် အဆင်သင့် ရှိနေတာလား ..။

"ဒီဆုံးရှုံးမှုအတွက် ကျွန်မ တစ်ခု ပြန်ပြီးပေးဆပ်ချင်တယ်၊ အဲဒါ ရှင် ခွင့်ပြုပေးပါ"

"ဘာ!..."

မျက်နှာက ချက်ချင်းတည်သွားသည်။ စလိုက်ပြီးပြီမို့ မူလ ဝင် သက်လေးရှိုက်၍ ...

"ကျွန်မ ကိုယ်ပိုင်ဓာတ်ခွဲခန်းတစ်ခု ထူထောင်ချင်တယ်၊ လိုအင် တဲ့ ခေတ်မီစက်ကိရိယာတွေအတွက်ရော .. ပါမစ်အစုံရဖို့အတွက် အားလုံး အဆင်ပြေမှာပါ၊ တစ်ခုပဲ ရှင် ကူညီပေးဖို့လိုတာ .."

ဘာလဲလို့ မမေးဘဲ သူက မျက်နှာခပ်စောင်းစောင်းနှင့် ငုံကြည့် နေ၏။

"အဖွဲ့အတွက် ကျွန်မ ကြိတ်ပြီး ကြိုးစားနေတာပါ၊ ဖေဖေတို့က လည်း ကူညီမယ်"

"ကိုယ်နဲ့ ... က်ဆိုင်တာကို ပြော ...၊ ဘာလဲ .."

"ရှင် အခု ရောင်းဖို့ဆိုင်နေတဲ့ တစ်ခြောက်ခြောက်မြေကွက်ကို ကျွန်မကို ပေးပါ၊ အဖွဲ့နဲ့ပတ်သက်နေတဲ့အတွက် ကျွန်မ အခက်အခဲ ဖြစ်နေတဲ့ ငွေအမောင့်နည်းနည်းပဲ လျှော့ပေးရင် ရပြီ"

"မူလ တစ်ခြောက်ခြောက် ဆိုတာ ပေတွေ လက်မတွေ မဟုတ် ဘူးနော်.. ငွေ သိန်းတစ်ထောင့်ခြောက်ရာခြောက်ဆယ်ကို ပြောတာ"

"မူလ သိတယ်"





"ဘယ်တုန်းက သိလိုက်တာလဲ၊ မင်း ငါ့အလုပ်ကိုမပြောနဲ့ ငါ့ကို တောင် စိတ်မဝင်စားခဲ့ဘဲ .."

"ဖေဖေ့ကိုပြောပြရင်း ဖေဖေက အဲဒီနေရာကို ရှင် ဝယ်ထားတယ် ဆိုတာ သိခဲ့တာ၊ အခု တစ်ခြောက်ခြောက်နဲ့ ရောင်းဖို့ ဖြစ်နေတဲ့ အထိ .."

"ဟား!..."

ခေတ် ဆတ်ခနဲ ထရပ်ကာ ဟားခနဲ မျက်နှာလွှဲ၏။ ပြီးတော့ အင်္ကျီရင်ကွဲစနစ်ဖက်ကို သိမ်းဖယ်၍ ခါးထောက်ရင်း ...

"မင်း ပြောထွက်တယ်နော် ..၊ ငါက လင်မယားချင်း အရောင်း အဝယ် ပြန်လုပ်ရမယ် .. ဟုတ်လား"

"မဟုတ်ဘူး .. မဟုတ်ဘူး၊ အခု ကျွန်မအတွက် ပြောနေတာမှ မဟုတ်တာ၊ အဖွဲ့နဲ့ အလုပ်လုပ်ကြဖို့ပါ"

"တော်တော့ မူလ၊ အဓိပ္ပာယ်မရှိတာတွေ လျှောက်မပြောနဲ့"

"ကျွန်မ ပြောတဲ့စကားကို အဓိပ္ပာယ်မရှိဘူး အပြောခံရတာ ခံရ ခက်ဆုံးပဲ သိလား"

မူလ ကလည်း သူ့ရှေ့မှာပဲ မျက်နှာချင်းဆိုင် ထရပ်လိုက်၏။

"အဓိပ္ပာယ်မရှိတာတွေ ပြောပြီး စကားများ ရန်ဖြစ်နေရအောင် ကျွန်မမှာလည်း အချိန်တွေ ပေါများနေတာ မဟုတ်ဘူး၊ အထူးသဖြင့် ရှင်နဲ့ အဲဒီစကားမျိုး မပြောချင်ဆုံးပဲ"

"ဟွန်း .."

ခေတ် က အံကြိတ်ထားသည့်မျက်နှာနှင့် မဲ့သည်။

"အခု ကျွန်မ ဒီနေရာကို လိုချင်တယ်၊ ငွေအမောင့်က မတတ်နိုင် ဘူး ဖြစ်နေလို့ .."

"တတ်နိုင်ရင်ရော မင်းကို ကိုယ်က ရောင်းမယ်ထင်လို့လား"

မူလ ပါးပြင်လေးတွေ ဖျန်းခနဲ ရဲတက်သွား၏။ ဒေါသကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေပါ စူးလက်သွားသလိုပင် ...။

"မင်း မတတ်နိုင်တဲ့အတိုင်းအတာကို လင်မယားချင်းမို့လို့ လျှော့ပေးမှာပဲ ထင်နေပုံရတယ်"

"မထင်ပါဘူး .. အပိုင်တွက်လို့မရနိုင်မှန်း သိလို့ ရှင့်ကိုမပြောခင်ကတည်းက တောင်းပန်ခဲ့တာ ...၊ ဒါ ရှင်ပိုင်တဲ့ပစ္စည်း၊ ရောင်းတာ မရောင်းတာ ရှင့်သဘောပဲ၊ နောက်ထပ် ရှင့်သဘောပါမှဖြစ်မှာတစ်ခု ထပ်ပြောဦးမယ်၊ တာဝန်ခွဲခန်းဆောက်ဖို့ အားလုံး ပြီးစီးအောင်မြင်သွားရင် ဒီပရောဂျက် အောင်မြင်တဲ့အထိ လွတ်လပ်စွာ လုပ်ရှားသွားလာခွင့် ပြုပေးပါ၊ ဒီအလုပ်လက်စနဲ့ ကျွန်မ လက်ထပ်ခဲ့တဲ့အတွက် မထင်မှတ်ဘဲ ထိခိုက်မှုတွေ ဖြစ်ခဲ့ရတယ်၊ အဲဒီထိခိုက်မှုက ကျွန်မနဲ့ ရှင် နှစ်ဖက်စလုံးမှာ ဖြစ်ခဲ့တာပါ၊ ဒါကို နားလည်ပေးပါ .. ပြီးဆုံးတဲ့အထိ ကျွန်မ လုပ်ပါရစေ၊ နောက်ထပ်ရှိလာမှာတွေအတွက် ကျွန်မတို့နဲ့ မငြိရအောင် အတတ်နိုင်ဆုံး ကြိုးစားမှာပါ"

"မင်း ကြိုးစားရမှာတွေကို ဘာတစ်ခုမှ ငါ မလိုချင်ဘူး ဖြစ်နေတယ်၊ ဘယ်သူ့အတွက် .. ဘာအတွက်ဖြစ်ဖြစ် .."

"ရှင့်ကို တပ်မက်ဖို့ပြောနေတာလည်း မဟုတ်ဘူး ခေတ်၊ ကျွန်မ ခြေလှမ်းပြင်တာနဲ့ ပြောဖို့ အဆင်သင့်ဖြစ်နေတဲ့ ရှင့်ဘက်က မလိုလားမှုတွေကို မျိုသိပ်ထားရုံပဲ"

"မင်းကို ပိုင်ဆိုင်ခဲ့တဲ့အဖြစ်တစ်မှုကလွဲရင် မင်းနဲ့ ပါလာသမျှ အားလုံးကို ငါ ဘာမှမလိုလားဘူး၊ မလိုလားတဲ့စိတ်ကို မျိုသိပ်ထားဖို့ ကလည်း မလွယ်ဘူး၊ အဲဒီတော့ ပြောရမှာ တစ်ခုပဲရှိတယ်၊ ဆောရီး.."

သူ့ စိုက်ကြည့်ပြီး လှည့်ထွက်သွားတော့ မူလ ဒီတိုင်းကျန်ရစ်ခဲ့ပြီး မှ အပြေးတစ်ပိုင်းလိုက်ရင်း နောက်က ထက်ကြပ်မကွာ လှမ်း၍ ..

"ခေတ် .. ဒီမှာ .. ဒီပရောဂျက်အတွက် ဆေတာဘော့စ်မှာကတည်းက ကျွန်မတို့ပဲ ဦးဆောင်ခဲ့တာ၊ ကျွန်မတို့သုံးယောက် ကြိုးစား ရ





ဆောင်းခဲ့တဲ့ရလဒ်တွေအားလုံး ကျွန်မကြောင့်ပဲ ပျက်စီးကုန်တာ သိရဲ့လား .. ဒါကို ကျွန်မဘက်က တစ်ခုခု ပြန်လုပ်မပေးနိုင်ဘဲ ဘယ်လိုလုပ် နေရမလဲ၊ ပေးရော မပေးသင့်ဘူးလား .."

ပြေးလိုက်နေသလိုရှိကာ အပေါ်ထိ တောက်လျှောက်တက်သွားသည့် ခေတ် ရဲ့ခြေလှမ်းတွေကလည်း မရပ်။ ဘာမှလည်း ပြန်မပြော။

"ကျွန်မက လင်မယားချင်းတောင်မှ ပြောဆိုတိုင်ပင်လို့ မရနိုင်တော့ဘူးလား ...၊ ဒါလေးကို ရှင် မကူညီနိုင်ဘူးလား .."

ခေတ် ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။ မူလ ပြုန်းခနဲ လိုက်ရပ်လိုက်သဖြင့် မျက်လုံးထဲမှာ ပြာခနဲ မှုးဝေသွား၏။ မျက်နှာချင်းဆိုင် ရှိနေသည့် သူ့ပုံရိပ်က နှစ်ထပ်သုံးထပ် ခန့်ပေါက်နေပြီးမှ တဖြည်းဖြည်း ပီပြင်၏။

"မင်း ဘာတွေဖြစ်နေတာလဲ မူလ၊ မေးနေတုန်းက ဘာမှမပြောဘူး၊ မင်း ငါ့ကို ဘာမှမပြောဘဲ မင်းအမေ ပြန်ပြောမှ ငါက မင်းဖြစ်နေတာတွေကို သိခဲ့ရတာ"

"အခု ကျွန်မ ပြောတော့ရော ရှင် ပြေပြေပြစ်ပြစ် တုံ့ပြန်နေသလား"

"ပြေပြစ်ချင်အောင် မင်း ပြောဖို့လိုတယ်ဆိုတာလည်း ထည့်တွေးလေ၊ မင်း ငါ့ကို ဘယ်လိုမြင်နေသလဲ၊ ပြောစမ်း မူလ .. မင်း ပြောစမ်း .."

မူလ ပန်းလေးနှစ်ဖက်ကို ဖိဆုပ်ခါလိုက်လျှင် ဆံနွယ်တွေ ထွေးပြေကျလေသည်။

"ငါ့ကို မင်းယောကျ်ားလို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူးလား၊ ပိုင်ဆိုင်သမျှထဲက တစ်ခုခု မင်းလိုချင်ရင် မင်းအဖေဆီက ပိုက်ဆံ ပြီး ပြန်ဝယ်မယ် .. ဟုတ်လား"

"အဲဒါ ဟုတ်တယ်လေ၊ ရှင်ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .."

လက်တွေကို ဆောင့်လွှတ်လိုက်ပြီး ခေတ် က တက်ခေါက်သည်။

"မင်း .. မင်း အဲဒီမှာနေနဲ့လိုက် မူလ၊ ထပ်လိုက်ပြောရင် မော ရှုပဲ"

သူ အပေါ်ထပ် နောက်ဖေးဝရန်တာထိ ခြေလှမ်းကျဲများနှင့် လျှောက်ထွက်သွား၏။ ပြီးတော့ ဝရန်တာတံခါးကို လက်ပြန်ဆွဲပိတ် ပစ်တာ ကျိမ်းခနဲ ..။

တရိပ်ရိပ် မူးဝေနေသည့်ခေါင်းကို လက်တစ်ဖက်နဲ့ဖိရင်း မူလ အံကြိတ်ထားမိသည်။

ဘယ်လိုရေစက်ကြောင့် ဒီလူနဲ့မှ အကြောင်းဆက် ပေါင်းဖက်မိခဲ့ တာလဲ ..။

မမုန်းပေမယ့် နာချင်မိသည်။





## အခန်း (၁၃)

ထမင်းဝိုင်းမှာ မူလ ကို မတွေ့တာနှင့် ခေတ် ခြေလှမ်းတုံ့သွား၏။

"လာလေ .. သား"

"မူလ ဆင်းမလာဘူးလား"

"လာမလားကွ .. နေထိုင်မကောင်းတဲ့လူကို မင်းပဲ ဒေါကန် ဲ ပြောလားဆိုလားနဲ့ .."

ဒေါ်ရွှေသဇင် က ဦးထွန်းမင်း မျက်နှာကို မပြောစေချင်သည့်မျက် တို့နှင့် ကြည့်ပြီးမှ ခေတ် ဆီ ပြန်လှည့်ကာ ...

"သားတို့ ညနေက ဘာဖြစ်ကြတာလဲ"

"သိနေရင်လည်း ဘာလို့မေးနေတာလဲ မာမီ"

ခေတ် နောက်ပြန်လှည့်သည်။ ဦးထွန်းမင်း က ခေတ် ရဲ့ကျောပြင် ကြည့်၍ သွင်းမည့်ထမင်းလုတ်ကိုပါ ပြန်ချထားလိုက်ပြီး ...

"မင်းကို အိမ်ထောင်ဦးစီးလို လုပ်ကိုင်သွားလာတတ်ဖို့ ပြောပေး တာ၊ လင်မယားချင်း မာန်တက်ဖို့ မဟုတ်ဘူးနော် .."

စိတ်ထဲမှာတော့ ထောင်းခနဲ ဖြစ်သွားသည်။ ဒက်ဒီတို့က သူများ င်၏ မခံနိုင်၏ ဘယ်တော့မှမစဉ်းစားဘဲ ပြောတတ်တာ အကျင့်။ ့်အဖေမို့ ဒါကို နားလည်ပေမယ့် နည်းနည်းတော့ ခံရခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မူလ နဲ့ သူ ဘာဖြစ်ဖြစ် သူ့ကိုပဲ အပြစ်တင်၊ သူပဲ အလွန် .. မူလ ဆိုတဲ့မိန်းမ ဘာတွေပြောခဲ့သလဲ၊ ဘယ်လို ပြုမူနေထိုင် သလဲ၊ ဒါတွေကျတော့ မသိသလို နေ၏။ တံခါးဖွင့်ပြီး ဝင်လိုက်တော့ မူလ စားပွဲပေါ်မှာ လက်နှစ်ဖက်ယှက် မျက်နှာတစောင်းလေး ... လျက် အိပ်ပျော်နေတာ တွေ့လိုက်ရသည်။

လက်ကိုင်ပဝါနဲ့ နောက်မှာစည်းထားသည့် ဆံနွယ်ရှည်တို့က ကျောတစ်ဝက်လောက်ကနေ အရှည်အတိုင်း တန်းလန်းကျနေ၏။

ညနေ သူ ပြန်ထွက်သွားကတည်းက အပြင်ကို တစ်ချက်မှမထွက် ဘဲ နေခဲ့တာလား ..။ ဒက်ဒီစကားကြောင့် တင်းကျပ်လာခဲ့သည့်စိတ် တွေက မူလ ရဲ့ ခွေခေါက်ပုံကျနေပုံလေးကိုမြင်လိုက်တာနှင့် အားလုံး လွင့်ပါး ပျောက်ကွယ်သွားပြီ ..။

"မူလ .."

သူမအားမှာရပ်ပြီး ခပ်တိုးတိုး ခေါ်ကြည့်လိုက်သည်။ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေသဖြင့် ဒီတိုင်း နည်းနည်းမှမလှုပ်မှ နဖူးလေး ကို လက်ခုံနဲ့ အသာလေး ကပ်ကြည့်မိ၏။

တကယ်တော့ လူမကျန်းမာတာ မဟုတ်ပါ။ သူမ ဘာဖြစ်နေသလဲ ဆိုတာ သူသိသည်။ အစကတည်းက သိနေတာဖြစ်၏။ ဒီလို ဘာကြောင့် ဖြစ်ရသည်ဆိုတာကျတော့ ကိုယ့်ကို ဖွင့်ပြောတိုင်ပင်တာ မဟုတ်။

မီးရောင်နှင့်မြင်နေရသည့် စောင်းထားသည့်မျက်နှာတစ်ခြမ်းကို ငုံ့မိုးကြည့်နေရင်း ခေတ် ရဲ့မျက်လုံးတွေ တွန့်ကုတ်သွားလိုက်၊ ပြေကျ သွားလိုက် ..။ နောက်တော့ သူကိုယ်တိုင်ပဲ သူမရဲ့ကိုယ်လေးကို ပွေ့ယူပြီး မွေ့ရာထက်မှာ ချသိပ်လိုက်ရသည်။

ကျောအောက်ရောက်နေသည့် လက်ကို ပြန်မထုတ်ဖြစ်ဘဲ မျက် တောင်ပါးလေးတွေ ကော့ညွှတ်နေတာမှစ၍ စကားဝါရောင် နစိုနေ သည့် ပါးမို့လေးတွေထိ ငေးကြည့်မိသည်။





လုံးသွယ်သောမေးဖျားလေးကို စိုက်ကြည့်ရင်း လက်ကို အသာ ..း ဆွဲထုတ်လိုက်သည်။ ပြီးတော့ သူမမျက်နှာမှာ ချစ်စရာ ကောင်းဆုံးဖြစ်သည့် နဖူးမှ နားသယ်စပ် ဆံယဥ်စလေးတွေအထိ ..လေး မထိတထိ နမ်း၏။

မေးဖျားလေးကျမှ နှုတ်ခမ်းနဲ့နမ်းလိုက်သဖြင့် မူလ မျက်တောင် ..ကလေးတွေ တစ်ချက်နှစ်ချက် လှုပ်ခတ်လာပြီး ဖျတ်ခနဲ ပွင့်သွား၏။

"ဟင်! .."

"ဆောရီး .. မင်း နိုးအောင် တမင်လုပ်တာ မဟုတ်ဘူး"

ခေတ် က ခုတင်ဘေးမှာ မတ်မတ်ပြန်ရပ်လိုက်ပြီး သူမိုးလုမိသွား သလို ဆံပင်တစ်ချက် သပ်သည်။ မူလ မျက်နှာလေးက အိပ်ပျော်နေ ..န်းကလို ဖြူစင်နူးညံ့ပုံလေး မဟုတ်တော့ဘဲ ပြုံးသည်တည်သည် ..ည်သော အကြည့်နှင့် ..

"ရပါတယ်၊ ခုတင်ပေါ် ရှင် ရွှေ့ပေးလိုက်တာ ကျေးဇူးပဲ"

ပက်လက်လေးကနေ ကိုယ်အောက်မှာပိနေသည့် ဆံပင်တွေကို ဆွဲသိမ်းယူကာ ခေါင်းရင်းမှာ ပုံလိုက်၏။ ပြီးတော့ တစောင်းလေး လှည့်လိုက်ကာ ဖက်လုံးကို ရင်ခွင်ထဲမှာပိုက်၍ ငြိမ်ငြိမ်သက်သက် လေး ပြန်ဖြစ်သွားသည်။

"မင်း ဘာမှမစားရသေးဘူးမို့လား"

"မစားချင်လို့ .."

"ကိုယ့်ကို စိတ်ဆိုးနေတာလား"

"ဟင့်အင်း .."

သူ ခုတင်တစ်ဖက်စွန်းကို ပြန်ပတ်သွားကာ ဟိုဘက်ကနေ ဝင်လှဲ လိုက်သည်။ တစ်ဖက်သတ် ကပ်လှဲနေသည့် သူမနောက်ကျောမှာ လက်ထောက်၍ စီးမိုးကြည့်ရင်း ..

"ဟင့်အင်းလို့မပြောဘဲ ကိုယ့်ကို နည်းနည်းလောက် စိတ်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား မူလ၊ လုပ်စမ်းပါ .. ပေးလည်း မပေးဘူး၊ ယူလည်း မယူဘူးဆိုတာထက် ပေးကိုမပေးနိုင်တာမျိုးပေါ့၊ အလယ်အလတ်မှာ ရပ်နေတာမဟုတ်ဘဲ အစွန်းရောက်အောင် သွားလိုက်ပါ၊ ဒါဆို မင်း ကိုယ့်ရင်ခွင်ထဲ ပြုတ်ကျလာအောင် ဘယ်လိုလုပ်ရမယ်ဆို သိလာမှာပဲ"

မူလ ပန်းလေးလှန်ချလိုက်ပြီး မော့ကြည့်သည်နှင့် သူ့မျက်နှာအောက်မှာ ပက်လက်လေးဖြစ်သွားကာ ...

"ကျွန်မက ရှင့်ရင်ခွင်ထဲမှာမဟုတ်လို့ ဘယ်ရင်ခွင်ထဲကို ရောက်နေတာလဲ၊ ကျွန်မတို့ ဘာဖြစ်လို့ ညှိနှိုင်းမရဖြစ်နေမှန်း တကယ် နားကို မလည်တော့ဘူး၊ နားမလည်တာတွေထဲမှာ ရှင်ပြောသမျှ ကျွန်မ ဘာမှမသိဖြစ်နေတာ အဆိုးဆုံးပဲ"

"မင်း ဘယ်သိမလဲ မူလ .. ကိုယ့်ကို မင်း နည်းနည်းလေးမှ မေတ္တာမရှိခဲ့ဘဲ ဒီနေ့ထိ ဖြတ်သန်းလာခဲ့တာလေ၊ မင်းရဲ့ခေါင်းထဲမှာ မင်းရဲ့အလုပ်က ပထမ၊ မင်းမိဘအပေါ် သားသမီးဝတ္တရားကျေဖို့ ဆုံးဖြတ်ခဲ့တဲ့ အိမ်ထောင်ရေးက ဒုတိယ၊ အဲဒီတော့ မလိုအပ်တာတွေ ထပ်ပြီး ထုတ်နုတ် ဖျက်ချေလိုက်တာနဲ့ မင်းရဲ့အမိကတွေထဲမှာ ကိုယ် ဘယ်နေရာထဲမှာမှ မရှိခဲ့ဘူး"

"မေတ္တာနဲ့ အချစ်ဆိုတာနဲ့ မတူဘူးဆိုရင်တော့ ရှင့်ကို ကျွန်မ နည်းနည်းမှ မေတ္တာမရှိခဲ့ဘူးဆိုတာ မမှန်ဘူး ခေတ်"

"ဟွန်း .."

"ကျွန်မ ရှင့်ကို ဒေါသဖြစ်လောက်အောင် ဆူပွက်လာရင် ဒေါသဖြစ်ခဲ့တယ် .. မမှန်းခဲ့ဘူး၊ ကျွန်မဘာသာ ဘယ်လိုမှ လက်ခံနိုင်ဖို့ မရှိဘူးလို့ ထင်ခဲ့တဲ့အရာအားလုံး ရှင့်ကြောင့် ဖြစ်ခဲ့တယ်၊ လက်ခံခဲ့ရတယ်၊ အဲဒါလည်း ရှင့်ကို မုန်းတဲ့စိတ်တွေ မဖြစ်ခဲ့ဘူး၊ ကျွန်မ ထင်ခဲ့တာ အဲဒါ မေတ္တာစိတ်တွေပဲ"





"တစ်သက်လုံး ပေါင်းသင်းသွားရမယ့် လူစိမ်းနှစ်ဦးအတွက် ရှုန်းဘူးဆိုတာလောက်နဲ့ မလုံလောက်ဘူး၊ ကိုယ်ကလည်း မေတ္တာ တ်မွတ်ခဲ့တဲ့လူ မဟုတ်ဘူး မူလ၊ ကိုယ့်ကို ပေးချင်နေကြတဲ့ အချစ် တွေလည်း ပုံးပေါလအော ရှိခဲ့တာပဲ၊ ဒါပေမယ့် ကိုယ် လိုချင်ခဲ့တာ င်းရဲ့အချစ်တစ်ခုပဲ"

"မူလ အဲဒီလောက် ကဗျာမဆန်ဘူးလို့ ရှင့်ကို ပြောပြီးပြီ၊ ကျွန်မ တို့ သူလိုငါလိုပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်လို့ မရနိုင်ဘူး လား .. ရှင် ပြောစမ်းပါ"

သူ ပက်လက်လှဲလိုက်တော့ မူလ က ငုတ်တုတ်လေး ထထိုင် လိုက်ပြီး သူ့ဘက်လှည့်၍ ...

"ရှင် လိုချင်နေတာ ကျွန်မမှာ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ ဆန်း ပြားတဲ့အချစ်မျိုးနဲ့ ဘယ်ယောကျ်ားကိုမှလည်း စိတ်ကူးနဲ့တောင် ကြည့်ခဲ့ဖူးဘူး၊ ရှင့်ကိုပဲ မချစ်နိုင်တာ မဟုတ်ဘူးဆိုရင် ကျေနပ်ပေးဖို့ ကောင်းဘူးလား ခေတ် ..၊ ချစ်ချစ်မချစ်ချစ် ရှင့်ကို ကျွန်မ ကြည်ဖြူခဲ့ တယ်လေ၊ ရှင် မကျေနပ်တာတွေ များနေသမျှ ကျွန်မ ဖြေရှင်းနေခဲ့ တာပဲရှိတာ၊ ဘာတွေ အတိုက်အခံလုပ်ခဲ့သလဲ"

"ကိုယ် အဲဒီလို ညှိသက်မှုတွေကို မလိုချင်ဘူး၊ အရုပ်နဲ့တူတဲ့ မိန်းမ .. မီးလိုပူတဲ့မိန်းမ .. အဲဒီမိန်းမမျိုး ဘယ်လောက်လှနေနေ တန်ဖိုး ဘယ်လောက်ကြီးကြီး .."

အေးတိအေးစက်ပြော၍ ခေတ် က မူလ ရှေ့မှာ ပြန်ထထိုင်၏။

"အချစ်ဆိုတာ ဘာမှန်းမသိတဲ့ မိန်းမကိုမှ ကိုယ်က မျက်စိကျခဲ့ တာ၊ အဖြူရောင်ပေါ်မှာ ဆေးစက်ချရင် ပိုပြီး အရောင်တင်လွယ်မယ် ထင်တာမျိုး၊ ဒါပေမယ့် ကိုယ် ထင်တဲ့အဖြူရောင်က စက္ကူတစ်ရွက်၊ အဝတ်တစ်စ မဟုတ်တဲ့ နှင်းပွင့်တွေ ဖြစ်နေတယ်၊ ဘယ်လိုလုပ်မလဲ"

အကြည့်ချင်းဆုံတော့ မီးရောင်နှင့်စူးရဲနေသည့် ခေတ် ရဲ့ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေက အနိုင်ယူ၏။ မူလ မျက်တောင်တစ်ချက် ခတ်၍ အကြည့်တွေ တိမ်းဖယ်သွားရင်း ...

"ကျေးဇူးပြုပြီး ကျွန်မကို ကဗျာတွေ လာရွတ်မပြပါနဲ့"

"မင်း သိတယ် မူလ .. မသိချင်ယောင် ဆောင်မနေနဲ့၊ 'ကျွဲပါးစောင်းတီး' ဆိုတာနဲ့ နှိုင်းရရင် မင်းက ကျွဲတစ်ကောင် မဟုတ်သလို ကိုယ်လည်း စောင်းမဟုတ်ဘူး၊ ကဗျာဆိုနေတာလား .. ထိုင်ငိုနေသလား .. မင်း ခံစားတတ်ပါတယ်"

"ဒါပေမယ့် ကျွန်မ အဲဒါတွေ ခံစားဖို့မှ စိတ်မဝင်စားတာ"

မူလ က တင်ပါးအောက်မှာ ပိမိနေသည့် ဆံပင်အဖျားတချို့ကို ဆွဲယူကာ ရင်ဘတ်တစ်ခြမ်းမှာ စုသိမ်းတင်ထားလိုက်ပြီး ...

"ရှင် ရောက်လာရင် ကျွန်မ ပြောလို့မကုန်သေးတဲ့ အကြောင်းတွေ ထပ်ပြောချင်လို့၊ ပြောလည်း မထူးဘူးဆိုတဲ့စိတ်တွေလည်း ဖြစ်လို့ .. အိပ်ရာမဝင်ဖြစ်ဘဲ အိပ်ပျော်သွားခဲ့တာ၊ ခုတော့ ပြောလည်း မောရုံပဲလို့ ရှင်ပြောတဲ့စကား အမှန်ပဲဆိုတာ နားလည်သွားပြီ၊ ဘယ်တော့မှ မပြောတော့ဘူး"

မျက်ရည်တွေ စေ့တက်လာတာကို မျက်တောင်တွေ ခတ်ပစ်ရင်း မူလ ကိုယ့်နေရာမှာ ပြန်လှဲလိုက်သည်။ ဟိုဘက်ပြန်စောင်း၍ ဖက်လုံးလေးကို ရင်ခွင်ထဲ ဆွဲယူပြီး မျက်နှာလေး ဖိကပ်ပစ်မိကာမှ ...

"အဲဒီဖက်လုံးကို ကိုယ် မနာလိုဘူး၊ ဒီဘက်လှည့် .."

ခေတ် က ဖက်လုံးကို ဆွဲယူကာ ခုတင်ပေါ်က တွန်းချပစ်လိုက်သည်။ ပြီးတော့ မူလ ကိုယ်လေးကို ရင်ခွင်ထဲမှာ မြုပ်နေအောင် ပွေ့ပိုက်ဖက်ထားလိုက်ပြီး ...

"ဘာလို့ မျက်လုံးတွေ မှိတ်ပစ်တာလဲ၊ ကိုယ့်ကို ကြည့် .."

"ဟင့်အင်း .."

"မင်း လိုချင်တာ ကိုယ် ပေးမလို့"





"ဟင်!..."

မူလ မျက်ဝန်းလေးတွေ ပွင့်လာတော့ သူ ပြုံးလိုက်ကာ ...

"နောက်ဆို စိတ်ညစ်နေတာဖြစ်ဖြစ် လိုချင်နေတာရှိရှိ ကိုယ့်ကိုပဲ ပြောမလား"

"ရှင် မပေးချင်နေတာတွေပဲ ဖြစ်နေလို့"

"မင်းမျက်နှာ ညှိုးမနေဘူးဆိုရင် ဘာဖြစ်ဖြစ် ကိုယ် ပေးနိုင်အောင် ကြိုးစားမှာပါ"

မူလ နဖူးလေးကို ငုံ့နမ်းလိုက်ပြီး ဆံစလေးတွေကို တယုတယ သပ်ပေးသည်။

"မင်းကို ကိုယ် အရမ်းချစ်တယ်၊ ဘာဖြစ်လို့ အဲဒီလောက်ဖြစ်သွားမှန်းလည်း မသိဘူး၊ ဘယ်နှစ်ရာစုခေတ်က ရေးထုံးတွေပဲဖြစ်ဖြစ် မင်း ကိုယ့်အနားမှာပဲ ရှိနေစေချင်တယ်၊ ကိုယ့်ရဲ့မြင်လွှာတွေ ဖွင့်လိုက်တဲ့အချိန်၊ အလုပ်ကအပြန် မောပန်းလာတဲ့အခါ အိမ်မှာ အလုပ်လုပ်နေတဲ့အချိန်ထိကွာ.. မင်းက ကိုယ့်ဘေးမှာပဲ ရှိနေရမှာ၊ အဲဒါ သိလား.. မင်းရဲ့မျက်နှာလေးက ကိုယ့်အတွက် ထာဝရအလင်းရောင် ဖြစ်နေလို့"

မျက်နှာချင်း ထိကပ်သွားလျက် သူ့အနမ်းတွေ အဆုံးအစမဲ့ ဖြန့်ခင်းလာသည့်အခါ မူလ ရင်ထဲမှာ မွန်းကျပ်သွားခဲ့၏။ သူ ပွေ့ဖက်ထားလို့လည်း မဟုတ်၊ ရင်ခုန်သံတွေနဲ့လည်း မဆိုင်ပေ..။

သူ လိုက်လျောပေးလိုက်တာ တန်ဖိုးကြီးမားပေမယ့် ဈေးသည်ကိုင်သည့် ချိန်ခွင်ထဲမှာလို ဟိုနည်းနည်း ဒီနည်းနည်း ပြန်နုတ်ပစ်လိုက်တာ လိုချင်သမျှတွေ ကုန်လေသည်။

ချောက်ခနဲ မှောင်ကျသွားသည့် မီးရောင်မဲ့သောညက မူလ အတွက် ရင်ခုန်ခွင့်ကို မပေးပါလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ခေတ် …"

အလုပ်ထဲထိ ဘွားခနဲ ရောက်ချလာတော့ ဒက်ဒီကိုမော့ကြည့်ပြီး ပြောလက်စဖုန်းကိုပါ စကားစဖြတ်၍ ပြန်ချထားလိုက်ကာ …

"ဒက်ဒီ တောင်ဥက္ကလာ သွားမလို့ဆို"

"သွားမှာ …၊ မင်းကို မေးစရာရှိလို့"

ဦးထွန်းမင်း က ရှေ့မှာပဲ ခုံဆွဲထိုင်လိုက်ကာ လက်ကိုင်အိတ်ကြီးကို စားပွဲပေါ် ချထားလိုက်ပြီး …

"ပြောပါဦး တစ်ခြောက်ခြောက် မြေကွက်ကိစ္စ"

စကားစလိုက်သည်နှင့် ခေတ် မျက်နှာ တစ်မျိုးပြောင်းသွား၏။

ပြီးတော့ ဖွင့်ထားသည့်ဖိုင်ကို ပြန်ပိတ်၍ သေးနည်းနည်း ရွှေ့လိုက်ပြီး …

"ဘာဖြစ်လို့လဲ ဒက်ဒီ"

"ကိုသန်းထွတ် ဖုန်းဆက်တုန်းက မင်း တင်းနေတဲ့ဈေးထက် ဆယ့်ငါးလောက် ပိုနေလို့ မင်းနဲ့ပဲပြော ဆိုပြီး လွှဲပေးလိုက်တာ"

"အဲဒီမြေကွက်ကိစ္စကို ကျွန်တော်ပဲ လုပ်ခဲ့တာပါ"





"ဟုတ်ပါတယ်၊ အဲဒါကြောင့် ငါကလည်း ကျေနပ်စွာနဲ့ လွှဲလိုက်တာပေါ့၊ မင်း သူနဲ့ အဆင်ပြေသွားပြီဆိုပြီး မေးဖို့တောင် မေ့နေတယ်၊ အခု အဲဒီထဲမှာ အဆောက်အအုံတစ်ခု ဖောင်ဒေးရှင်းချနေတာ မြင်မှ …"

ခေတ် မျက်လွှာပင့်ကြည့်လိုက်တော့ တစ်ခုခု ပြောမယ်ထင်ပြီး ဦးထွန်းမင်း က စကားရပ်ပစ်၏။

ဘာမှမပြောတော့မှ ဆက်၍ …

"ကိုသန်းထွတ် ကို လုပ်ငန်းအကြောင်းလေးဘာလေး မေးမြန်းနှုတ်ဆက်မယ်ဆိုပြီး ဖုန်းဆက်မိကာမှ သိရတယ်၊ အားနာစရာကြီးကွာ … ကိုသန်းထွတ် ပုံစံကလည်း ဒီအတွက် စိတ်ထိခိုက်သွားပုံပဲ"

"သူ ပေးတာ နည်းလို့ သူ့ကို မရောင်းတာမှ မဟုတ်တာ ဒက်ဒီ၊ သူ ပိုပေးတာကိုပဲ မရောင်းခဲ့တာ"

"ဘာအတွက်လဲ …၊ အဲဒီ အဆောက်အဦး တစ်ထပ်သေးသေးလေးက ဘာအတွက် ဆောက်နေတာလဲ၊ ဘယ်သူက ဝယ်ပြီး ဘာလုပ်ဖို့လဲ"

မေးခွန်းတွေ ထပ်နေသဖြင့် ခေတ် က နောက်မှာ မှီလိုက်ပြီး မျက်နှာတစ်ချက်ပွတ်၍ …

"ဘယ်သူ့ကိုမှ မရောင်းဘူး … မူလ အတွက် လက်ဆောင်ပေးလိုက်တာ"

"ဟင်!…"

ဦးထွန်းမင်း မျက်နှာမှာ နားလည်လိုက်တာတွေရော ရှုပ်ထွေးသွားသည့်ပုံရိပ်တွေပါ ထင်လျက် သားဖြစ်သူကို စိုက်ကြည့်နေ၏။ ပြီးမှ …

"သူ ဘာလုပ်ဖို့လဲ"

"သူ့ပရောဂျက်အတွက် ကိုယ်ပိုင်ဓာတ်ခွဲခန်း လိုချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမင်း ကွက်ခနဲ မျက်နှာညိုသွားသည်။ ပြီးတော့ သက်ပြ[...] မှုင်းမှုင်းချ၍ ...

"အေးလေ .. မင်းတို့ချင်း အဆင်ပြေသွားတယ်ဆိုလည်း ပြီးတ[...] ပဲ၊ ငါက တခြား လူရွေးပြီး ရောင်းလိုက်တယ်မှတ်လို့"

ပြောပြီး ထဖို့ ဖင်ကြွပြီးမှ ပြန်ထိုင်လိုက်ကာ ...

"တစ်ခုတော့ အံ့သြတယ်ကွ၊ မင်းက ဒါကို သဘောတူ ကြည်[...] တယ်ဆိုတာ .."

"မကြည်ဖြူလို့မှ မဖြစ်တာ"

'သိပြီ' ဆိုသည့်မျက်နှာနှင့် ဦးထွန်းမင်း ခေါင်းညိတ်၏။ ဖြစ်[...] ကြသည့် ပြဿနာနှင့်ပတ်သက်၍ သားဘက်က လိုက်လျောလိုက်တာ[...] မှန်း သိကာ ...

"ဒါဆို ဒက်ဒီ သွားမယ်၊ မင်းမာမီ ဘုရားဖူးသွားဖို့ကိစ္စ လုပ်ရဦး[...] မှာ"

ဦးထွန်းမင်း ထရပ်ကာ လက်ကိုင်အိတ်ကို ပြန်ပိုက်လိုက်မှ ...

"ဒက်ဒီလည်း လိုက်သွားလေ ...၊ ဒီက အလုပ်ကိစ္စတွေ ကျွန်[...] တော် ဖြစ်ပါတယ်"

"ကောင်းတာပေါ့ကွာ .. ဒီစကားမျိုး စောင့်နေတာ ကြာပြ[...] ဒါဆို နှစ်ယောက်အတွက် လုပ်လိုက်တော့မယ်"

ဒက်ဒီ ကျောနပ်သွားတာကို ကြည့်နေခဲ့ရင်း ခုနက ငေးစိုက်သွား[...] ခဲ့သည့် မျက်လုံးတွေကို မြင်ယောင်မိ၏။ မှုလ ကို သူ လက်ဆော[...] ပေးလိုက်တာ မှားခဲ့လို့လား ...။

ဘာမဆို မှုလ ဘက်မှာပဲ ရပ်တည်ဖို့ အသင့်ရှိနေကြသည့် ဒက်[...] တို့ဘက်မှာ သူ ဒီလိုလုပ်ပေးလိုက်တဲ့အတွက် သူ့ကို အပြစ်တင[...] ချင်သည်ဆိုရင်တောင် ငွေကြေးပမာဏနှင့် သက်ဆိုင်တာ မဟုတ်[...] နိုင်...။



ကိုယ်လည်း ဒါကို သဘောကျခဲ့တာမှ မဟုတ်ဘဲ၊ သိရက်နဲ့ပဲ လိုက်လျောခဲ့ရတာ ဖြစ်သည်။

မှုလ ကို သူ မြတ်နိုးသည်။ သူမ ငြိုငြင်နေတဲ့မျက်နှာလေးကို မမြင်ချင်...။

ဒါတွေဟာ တစ်ဖက်သတ် ချစ်ရသူတိုင်းရဲ့ ပေးဆပ်ခြင်းတွေ လား ...၊

မှုလ ဆိုသည့်မိန်းမ တစ်နေရာ တစ်ကမ္ဘာမှာ တစ်စုံတစ်ခုသော စူးစိုက်နေခြင်းဖြင့် သူ့ရင်ခွင်ကို မေ့ထားနိုင်သည်ဆိုတာ သိနေပေမယ့် သူ ဥပေက္ခာမထားခဲ့နိုင်။

'မရက်စက်ပါနဲ့' လို့ ကံကြမ္မာကို တမ်းတ ဆုတောင်းနေရုံမှ လွဲ၍...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မူလ .. မပြီးသေးဘူးလားကွာ"

"ပြီးပါပြီ .. ခဏလေး"

"မိန်းမ ဖျော်ထားတဲ့ ကော်ဖီလေး နောက်တစ်ခေါက်လောက် သောက်ရဖို့က မလွယ်ပါလား"

ညဦးကတည်းက သူက စာကြည့်ခန်းထဲမှာ၊ မူလ က အပေါ်ထပ် အိပ်ခန်းမှာ တစ်ယောက်တစ်နေရာစီ အလုပ်စားပွဲမှာ ထိုင်ခဲ့ကြသည်။

သူတို့အတွက် နှစ်ယောက်အိပ်ခန်းက အောက်ထပ်မှာရော အပေါ်ထပ်မှာပါ ရှိသည်။ အောက်မှာကတော့ စာကြည့်ခန်းနဲ့တွဲလျက်မို့ အလုပ်က ထတာနှင့် ဘေးနံရံတံခါးတစ်ချပ် လှပ်ပြီး အိပ်ရာထဲ ဝင်လှဲလိုက်ရုံ၊ အပေါ်ထပ်မှာက အိပ်ခန်းသပ်သပ် ..။

ဆယ့်တစ်နာရီထိုးခါနီးမှ သူ အလုပ်လက်စသတ်ပြီး အပေါ် တက်သွားတာ သူမက အလုပ်ရှုပ်လို့ ကောင်းတုန်း၊ စီးကရက် မီးညှိပြီး အိပ်ရာစပ်မှာလှဲကာ တွေ့ရာစာအုပ် ဆွဲယူဖတ်နေလိုက်သည်။

စီးကရက် တဝက်ကျိုးတော့လည်း သူမက ထိုင်ရာမထ။

ညည်းညူပြောရင်း စီးကရက်ကို ဖိချေကာ မူလ ဘေးမှာရပ်၍ လက်တစ်ဖက်ထောက်၍ ...





"ပြောမယ့် ကြံဖူးမှသိတဲ့ အရမ်းတော်တဲ့ မိန်းမတွေကို တချို့ ယောကျ်ားတွေ လက်မထပ်ချင်တာ ခုမှ လက်တွေ့ကျကျ သိရတယ်"

မျက်နှာချင်း နီးနီးလေးမို့ မူလ က အလုပ်လုပ်ရင်း မော့ကြည့်သည်။

"နောင်တရပြီလို့ ပြောလိုက်တာလား"

"မရပါဘူး .. ကိုယ်က မင်း တော်တာတွေကို ရွေးချယ်ယူခဲ့တာမှ မဟုတ်တာ၊ အဲဒါကြောင့် အခု ညစ်နေရတာပေါ့၊ ခွာချခဲ့လို့မရတဲ့ မင်းရဲ့အရည်အချင်းကောင်းတွေကို အကျိုးရှုတ်သလိုသာ ချွတ်ချခဲ့လို့ ရရင် လက်မထပ်ခင်တည်းက ဒါကို အရင်းရှင်းမှာ"

အလုပ်လုပ်ရင်း စိတ်အနှောင့်အယှက်ဖြစ်သွားသကဲ့သို့ မူလ မျက်နှာ ကွန်ပျူတာစခရင်နဲ့မှာ ပြန်ရောက်သွားပေမယ့် မျက်ခုံးတန်းလေးတွေ မသိသာ ကုတ်ကျနေ၏။ ခေတ် က စခရင်နဲ့မှာ ပေါ်နေသည့် အဆောက်အအုံရဲ့ အတွင်းပုံစံကို ကြည့်လိုက်ပြီး ...

"ဒါတွေလည်း မင်း လုပ်ရတာပဲလား .. မင်း စိတ်တိုင်းကျအောင် ခိုင်းလို့ရတဲ့ ကန်ထရိုက် ကိုယ် ထည့်ပေးမယ်ဆိုတော့ လက်မခံဘူး"

"မဟုတ်ပါဘူး .. အခုက ဒီကရေးရှင်းလှအောင် ပြင်ချင်တာ မဟုတ်ဘူးလေ၊ ဓာတ်ခွဲခန်းဆိုတော့ သိုလှောင်ခန်း၊ စမ်းသပ်ခန်း၊ အပူအအေး သူ့အခန်းနဲ့သူ သုံးစွဲ ကိုင်တွယ်မယ့်သူတွေနဲ့ အဆင်ပြေအောင် လုပ်ရမှာ၊ အဲဒါလည်း တခြားဒေါက်တာတွေ ဘယ်သူမှ မအားကြလို့၊ အားတယ်ဆိုရင်တောင် မူလ ကပဲ အဆောက်အဦးဒီနိုင်းတွေ လိုက်ကြည့်ထားလို့ .."

စကားပြောနေရင်း လုပ်ကိုင်ရတာ အဆင်မပြေဖြစ်လာကာ မူလ အားလုံး လက်စသတ်၍ နေရာမှ ထလိုက်ရသည်။

"ကော်ဖီသောက်မှာလား .. ညဥ့်နက်နေပြီ၊ အိပ်မရဘဲ ဖြစ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အလုပ်လုပ်တဲ့ညဆို ကော်ဖီသောက်ပြီးမှ အိပ်တတ်တာ"

"ဘာအလုပ်တွေလဲ .. ရှင် အိမ်ထောင်ကျမှ စီးပွားရေးဘက်ကို ခြေဦးလှည့်တာဆို .."

မူလ က အောက်ထပ် ပြန်ဆင်းကာ မီးဖိုခန်းထဲ ဝင်သည်၊ ခေတ်က ဘေးမှာ ယှဉ်တွဲပါလာရင်း ...

"အစတည်းက ခြေဆန့်လက်ဆန့်လောက်တော့ ရှိခဲ့တာပေါ့၊ ရေးမှုလ ဆိုတဲ့ မင်းကို လက်ထပ်ဖို့ ရည်ရွယ်လိုက်ကာမှ မင်းထက် မညံ့ချင်လို့ ကြိုးစားနေရတာ"

ကော်ဖီဖျော်နေရင်း မူလ က လှည့်ကြည့်၍ ...

"ရှင် ဇော်ပါတယ်"

"ဘာကိုကြည့်ပြီး ပြောတာလဲ"

"ပြောဆို လုပ်ကိုင်နေတာတွေပေါ့၊ မူလ စီးပွားရေးလောကကို မကျွမ်းကျင်ပေမယ့် ကြားဖူးနားဝတော့ ရှိတယ်၊ ရှင်က အရည်အချင်း ရှိတဲ့ ယောက်ျားပါ"

"ဟွန်း .."

မူလ မျက်နှာလေးကို ကြည့်၍ သူ ရယ်သည်။ အမြော်အမြင်ရှိတဲ့လူ ရှိနိုင်ပေမယ့် ဒါက ခေါ်သထွက်စရာစကားမှ မဟုတ်ဘဲ ...

ပြီးတော့ ချစ်နေတဲ့သူထံမှ အလေးထား အထင်ကြီးတဲ့စကား...

"အင်း .. မြည်းကြည့်ပါဦး၊ မူလ က ဝါသနာတော့ ပါပေမယ့် မီးဖိုချောင်ကိစ္စဆို ကျွမ်းကျင်တာ ဘာမှမရှိဘူး"

ခေတ် က ကမ်းပေးသည့် ကော်ဖီပန်းကန်ကို ယူကာ စားပွဲပေါ် ပြန်ချလိုက်၍ ...

"မင်းလက်နဲ့ထိရင် ဘယ်စားစရာဖြစ်ဖြစ် မျိုချနိုင်တယ်၊ အဲဒီထက် အရေးကြီးတာ ပြောရအောင်"





မူလ ဘေးမှာ ကပ်လျက်ရပ်ရင်း ပန်းလေးကို ဖက်ထားလိုက်သည်။

အဖြူရောင် ရှန်သားပွပွလေးနှင့် ဆံပင်တွေကို ရင်ဘတ်တစ်ခြမ်းတည်းမှာ သိမ်းယူ၍ လက်ကိုင်ပဝါလေးနဲ့ စည်းထားသည်။

ဆံပင်ရှင်းနေသည့် ပါးရိုးလေးတစ်ဖက်ရဲ့ဘေးမှာ အတိုအရှည် ညီသည့်ဆံစတချို့ ပြိုဆင်းနေလျက် မူလ မျက်နှာလေးက မီးအလင်းရောင်အောက်မှာ ဝင်းနစ်နေသည်။

"ကိုယ်တို့က အသက်လည်း သိပ်မကွာတော့ မောင်လို့ ခေါ်ပါလား၊ နလို ခေါ်ပြောဆက်ဆံနေတာ လူကြားသူကြားမှာကျတော့ နားဝင်ဆိုးတာပေါ့"

"မူလ သိပါတယ် .. မေမေတို့ကလည်း ပြောတယ်၊ နောက်ဆို ခွင်ပါ့မယ်"

"အခု ကြားချင်လို့ ခေါ်ခိုင်းတာလေ၊ ခေါ်ကြည့် .."

"ရှင်ကလည်း .."

မူလ မျက်နှာလေးငုံ့သွားပုံက ရှက်ဝဲဝဲလေးမို့ ခေတ် ရင်ခုန်သွားသည်။ သူမထံမှ ဒီလို အမူအရာမျိုး သူ မတွေ့ခဲ့ရဘူးပါ။

"ဘာဖြစ်လို့လဲ .. ရှက်လို့လား"

"ချက်ချင်းကြီးဆိုတော့ ရှက်တာပေါ့"

"လင်မယားနှစ်ယောက်တည်းတောင် ရှက်နေရင် လူတွေရှေ့မှာ ဘယ်လိုခေါ်မလဲ"

"အဲ့ဒါက .."

"ကဲပါကွာ .. တစ်ခွန်းပဲ ခေါ်ကြည့်"

"ခေါ်မယ် .. မနက်ကျမှလေ .. နော်၊ အခု ညဦးနက်နေပြီ အိပ်ရအောင်"

"ညဦးနက်တော့ ဘာဖြစ်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဖွတ် အတင်းဖြစ်နေသည့် သူ့ကိုကြည့်ရင်း မူလ မျက်နှာလေး မဲ့လိုက်၊ လည်ပင်းလေးကုတ်လိုက်နှင့် ရှိကာ ...

"ဟို .. မောင် .."

"ဘယ် မောင် လဲ"

"ဟာကွာ .. မသိဘူး၊ ဖယ် .."

"မရဘူးလေ၊ ဟို မောင် ဆိုတာကြီးက .."

"ခေတ် နော်"

"တွေ့လား"

သူ ရယ်လေ မူလ ပါးလေးတွေ နီရဲလာလေ ...။

"ရပြီ .. ရပြီ၊ မနက်ကျမှဆိုလည်း ရတယ်၊ ဟား .. ဟား .. ဟား ..."

"မရယ်နဲ့လေ .. အသံကြီးက ညဉ့်နက်နေမှ"

သူ့အင်္ကျီရင်ဘတ်စကို ဆွဲဆုပ်၍ သတိပေးလိုက်တော့ လက်ပေါ်ကနေ အုပ်ကိုင်၍ ခေတ် က နမ်းချင်း တိုက်သည်။ ရယ်လက်စနဲ့ပဲ တစ်ကိုယ်လုံးကို ဖက်ထားလိုက်ကာ ...

"အဲဒီလောက် ချစ်စရာကောင်းနေတာ မင်း သိလား .."

သူ နမ်းပြီဆို ခေါင်းကနေ ဆံပင်ဖျားတွေထိ ပါ၏။ ရေချိုးခန်း၊ ပန်းခြံ၊ အခုလို မီးဖိုခန်း ဘယ်မှာဖြစ်ဖြစ် ကဲချင်ပြီဆို ဘယ်လိုရှောင်လို့မှ မရ ...။

ထို့ကြောင့် ဒီအနမ်းတွေမှာ စိတ်ကျဉ်းကျပ်ခဲ့ရတာပဲ များကာ ရင်ခုန်သလိုလို လက်တုန်သလိုလို ဖြစ်ခဲ့ရတာက တစ်ခါတလေ ...။

မူလ သူ့ခါးကို ပြန်ဖက်ထားရင်း စိတ်တွေက ဟိုရောက်ဒီရောက်...။

* * * * *





## အခန်း (၁၆)

ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလို ခံစားမိနေတာက သပ်သပ်၊ ဒီလိုအပြစ်မျိုးတွေကြောင့်ပဲ သူနဲ့ အမြဲတမ်း အဆင်မပြေဖြစ်နေရခြင်း အတွက်တော့ စိတ်ညစ်မိတာ အမှန်ပင် ...။

စလင်းဘက်ခ်ကို ပခုံးကနေဖြုတ်ချလိုက်ရင်း စားပွဲမှာပဲ တင်ပါး ထောင်းလေးနဲ့ ကပ်မှီ၍ သူနဲ့ ရင်ဆိုင် လှည့်ရပ်လိုက်သည်။

ဒရင်းဘက်ခ်ပေါ်မှာ ထိုင်ရာမထဘဲ လက်ကြားညှပ်ထားသည့် စီးကရက်က မီးခိုးတို့ လွှန့်နေဆဲနှင့် ...

"စိတ်ညစ်သွားပြီလား ...၊ ကိုယ်ကလည်း မင်း မောလာတာကို အမောပြေတဲ့အထိ စောင့်နေဖို့ အချိန်မရလို့ပါ"

ပြောလိုက်ရင်း ခေတ် က ထရပ်သည်။ ချဉ်တူးတူးအကြည့်တွေက မူလ ကို ဘယ်လောက်ထိ ခံပြင်းစွာ စောင့်ဆိုင်းနေခဲ့မှန်း သိသာစေလျက် ...

"ကိုယ် အပြင်သွားစရာ ရှိတယ်၊ မင်းလာမှ သွားမယ်ဆိုပြီး တမင် စောင့်နေတာ"

"မူလ တမင်လုပ်တာမှ မဟုတ်တာ မောင်၊ ဟိုရောက်မှ ..."



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စနဲ့ သွားလိုက်ရတယ်လို့ ပြောမလို့လား၊ ကိုယ်ပြောချင်တာ အဲဒါပဲ၊ ကိုယ် ဘာပြောပြော မင်း လွယ်လွယ် ခေါင်းညိတ်ခဲ့တာ မရှိဘူး၊ အခု မာမီတို့ရဲ့ကိစ္စကိုတောင် မင်း ရှောင်ထွက်သွားတယ်"

"မသွားတော့ဘူးလို့ မူလ နေတာပါ၊ အမေက အလုပ်ကိစ္စကိုပဲ သွားလိုက်ပါဆိုလို့"

"ရှေးမူလ .."

ခေတ် ရဲ့ နာကျင်နေသည့် မျက်ဝန်းတွေက စူးရဲ ကျဉ်းမြောင်းလျက် ...

"မင်းရင်ထဲကို နားလည်လို့ မာမီက ပြောပေးလိုက်တာ၊ အဲဒါ မင်းထွက်သွားမယ်ဆိုရင်တောင် ငါ ကျေနပ်ပေးနိုင်သေးတယ်၊ အလုပ်ကိစ္စနဲ့ကျမှ လေဆိပ်ကို ကောက်ခနဲ ဆင်းသွားတာ၊ မင်းကိုယ်မင်း ပြန်တွေး .."

"အဲဒါက မူလ တစ်ယောက်ပဲ ဒီပစ္စည်းကို ထုတ်ယူနိုင်တဲ့သူဖြစ်နေလို့ပါ၊ တင်ပို့လိုက်တဲ့ ကိုယ်စားလှယ်လွှဲစာမှာလည်း မူလ ပဲ.."

"ကောင်းပါတယ် .. အားလုံးက မင်းအတွက် မရှိမဖြစ်တွေ၊ မင်းက မရှိမဖြစ်တဲ့မိန်းမ .. ငါကလွဲရင်ပေါ့"

"မူလ တောင်းပန်ပါတယ် မောင် .. အဲဒါ လုံးဝ တိုက်ဆိုင်သွားတာပါ၊ မောင် ကျေနပ်အောင် ဘယ်လိုမှ ရှင်းမပြတတ်လို့ တောင်းပန်ပါတယ်ဆိုတာကလွဲပြီး မူလ မပြောတတ်ဘူး"

မာမီတို့ကို လေဆိပ်လိုက်ပို့ရအောင်ဆိုတော့ အဲဒီအချိန်မှာ တွေ့ဆုံချိန်းထားတာရှိနေလို့ဆိုပြီး အခက်တွေ့နေသည့် မျက်နှာနှင့် အင်းမလှုပ် အဲမလှုပ် ..။

သွားလာကြမည့် လူကြီးတွေက လူကြီးမို့ နားလည်မေးခဲ့ကြသည်။ 'ရတယ် .. သွားပါ' လို့ ပြောလိုက်တာနှင့် သူ့မျက်နှာကို တစ်





ချက်မှ အကဲမခတ်ဘဲ ထွက်သွားခဲ့တာ ကြင်နာတာတွေလား ..။

ဟိုရောက်လို့ လေဆိပ်ကို သွားရမည့်ကိစ္စ ရှိလာတော့ သွားခဲ့လိုက်တာ လေဆိပ်မှာ မာမီတို့နဲ့ တွေ့ကြသည်။

ဘုရားဖူးအဖွဲ့မှာပါသည့် ဒေါ်မြတ်မြတ်ချို ရဲ့သား မြတ်သုအောင် က ကိုယ့်သူငယ်ချင်းမို့ ဖုန်းဆက်တော့မှ သူမ လေဆိပ်ရောက်နေတာကို သိခဲ့ရတဲ့အဖြစ် ..။

"ဖိုးခေတ် .. မင်းပြောတော့ မင်းရဲ့လေဒီက ဂရုမစိုက်ဘူးဆို အခု မင်းအဖေနဲ့ အမေကို မင်းကတော့ လိုက်မပို့ဘဲ သူပဲ ပါလာပါရော၊ ဗုဒ္ဓဂါယာဘုရားဖူးကို သူ လိုက်မှာတော့ မဟုတ်လောက်ပါဘူးနော်"

မြတ်သုအောင် က မူလ နဲ့ မာမီတို့ကို လှမ်းမြင်ပြီး အကြောင်းသိ သူငယ်ချင်းတွေမို့ တမင် လှမ်းနောက်တာ ဖြစ်သည်။

"အာကာ က ပြောပါတယ်၊ မင်းတို့ ပြေလည်မှုရနေကြပြီတဲ့၊ ဘာဖြစ်လို့ အတူတူ မလာတာလဲ၊ ငါတောင် မေမေ့ကို လိုက်ပို့တာ" တဲ့။

မြတ်သုအောင် က မသိဘဲ ပြောနေပေမယ့် မူလ လေဆိပ်ရောက်နေတာ မာမီတို့ကို လိုက်ပို့ဖို့ တမင်သွားတာမဟုတ်နိုင်မှန်း သူ သိသည်။ ထို့ကြောင့် သူ သိထားသည့် ဒေါက်တာ နောင်တူးနော်၏ဖုန်းကို လှမ်းဆက်လိုက်တာနှင့် အဖြေက ပိုပြီး နိုင်မာသွားခဲ့၏။

"ဟုတ်ပါတယ် .. ဓာတ်ခွဲခန်းအတွက် လိုအပ်တဲ့ စမ်းသပ်ကိရိယာ ရောက်လာလို့ သွားထုတ်တာပါ၊ ကျွန်တော် ဘာများပြောပေးရမလဲ ခင်ဗျာ"

ရည်မွန်သည့် အပြောအဆိုနှင့်မို့ သူလည်း ဘာမှ ထပ်ပြောမနေတော့ဘဲ ဒီတိုင်း ပြန်ချထားလိုက်သည်။ မာမီတို့ကိုလည်း သူမ ညာပြောမှာ မဟုတ်ပါ။ ဒါပေမယ့် ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုတော့ ဖေဆိပ်လိုက်မပို့နိုင်ဘဲ အလုပ်ကိစ္စနဲ့ကျ ရောက်လာသည်ဆိုတော့ မာမီတို့လည်း နားလည်သွားလိမ့်မည်။

သူ ဒီလို မဖြစ်စေချင်ပေ။

မိဘပေးစားလို့ လက်ထပ်တာမျိုး ဖြစ်ခဲ့သော်လည်း တကယ်က သူကိုယ်တိုင် ရွေးချယ်တာ ဖြစ်သည်။ သူမကို ငြိငြင်မိတာလည်း ကိုယ် ..၊ ချစ်နေတာလည်း ကိုယ်ပဲ ဖြစ်ချင်သည်။

မာမီတို့ဘက်က သူမကိုပဲ အမှတ်တွေ အထပ်ထပ်တိုး၍ သူ ပြောသမျှ လုပ်သမျှ အားလုံး မှားတာချည်းဖြစ်နေတော့လည်း စိတ် ညစ်ရသည်။

ခုလိုကိစ္စမျိုးကြောင့် ငြိငြင်သွားကြမှာကျတော့လည်း မလိုလား ပြန် ..။ သူမ ရင်ထဲမှာတော့ သူ့လို ပူပင်မှုမျိုး တစ်စိုးတစိမျှ ရှိမနေ ဘူးလား ..။

ထပ်ပြောချင်သည့် စကားလုံးတွေ လျှာဖျားထိ လျှံတက်နေရာယူ နေကြသည်။ ပြောချင်လို့လည်း စောင့်နေတာ ဖြစ်၏။

ဒါပေမယ့် မျက်နုံးတွန့်တွန့်လေးတွေနှင့် ငေးကြည့်နေသည့် မျက်နှာလေးကို စိုက်ကြည့်ရင်း သူ့နှုတ်ခမ်းတွေ ပွင့်ဟာမလာတော့ ပေ ..။

"မောင် .."

ကုတ်အင်္ကျီကို ပန်းပေါ်တင်လိုက်ပြီး ထွက်ခဲ့တော့မှ မူလ က ခေါ်လိုက်သဖြင့် တုံ့ခနဲ ရပ်သွားသည်။

"ညစာ အပြင်မှာ စားမလာခဲ့နဲ့နော်၊ မူလ စောင့်နေမယ်"

ကျောခိုင်းလျက်သားနှင့် ခပ်စောင်းစောင်း ပြန်ငဲ့ထားသည့် မျက်နှာက သမင်လည်ပြန်လှည့်ကြည့်ခြင်းသို့ ရောက်ကာ ...

"မစောင့်ပါနဲ့ .. မတော်တဆ အပြင်မှာ ကိုယ်ကြာနေရင် ပြန်ရှူ နေတယ်လို့ ထင်စရာတွေ ဖြစ်ကုန်ဦးမယ်၊ မင်းဟာမင်း အေးဆေး





စားပါ"

သူ ထွက်သွားတော့ မူလ စားပွဲရှေ့ကခုံမှာပဲ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ တကယ်ဆို ခရီးသွားမည့်လူတွေကို လေဆိပ် လိုက်ပို့ဖို့က မဖြစ်မနေ ဆောင်ရွက်သင့်သည့် ဝတ္တရားတစ်ခုအဖြစ် မဟုတ်ပေ ..။

ဘုရားဖူးအဖွဲ့နဲ့မို့ လူကြီးတွေက သူတို့ဟာသူတို့ပဲ သွားကြမှာ ဖြစ်သည်။ ဒါကို ခေတ် က 'ကိုယ်တို့ အပြင်ထွက်ကြရင်း မာမီတို့ကို လည်း လေဆိပ်လိုက်ပို့ကြတာပေါ့' လို့ စီစဉ်လိုက်ခြင်းသာ ..။

အားလုံး တိုက်ဆိုင်ကုန်သည့်အဖြစ်ကြောင့် ကိုယ့်မှာ အပြစ်ကြီး တစ်ခု တင်ကျန်ခဲ့ခြင်းကတော့ ကြိုတင် ကာကွယ်ခွင့် မရလိုက်သည့် ကံတရား ..။

"မူလ ရေ .. ရေမချိုးဘဲ ထမင်းစားတော့မလား သမီး"

ဒေါ်အု အခန်းဝမှာ ပေါ်လာတော့ မူလ မှေးနွဲ့စွာ ထိုင်နေမိသည့် ကိုယ်ကို မတ်မတ်လေး ပြင်လိုက်ရင်း ...

"မစားသေးဘူး ဒေါ်ဒေါ်အု၊ ဟင်းတွေ နွေးမထားနဲ့နော်"

"အေးပါ .. အေးပါ"

မူလ အဝတ်လဲ ရေချိုးရင်း အချိန်ဆွဲနေမိသည်။ ညဝတ်အင်္ကျီ ဖွာဖွာလေးဝတ်နေစဉ် မေးသံကြားသဖြင့် သူ ပြန်လာတာလားလို့ နားစွင့် မိ၏။

သိပ်မကြာလိုက်ခင်မှာပင် ...

"သမီး ဒေါက်တာ ခင်လေးညို လာတယ်ကွယ့်"

"အထဲကို လွှတ်လိုက်ပါ"

ညို က ရောက်လာပေမယ့် အခန်းဝမှာပဲ ရပ်နေလျက် ...

"ထွက်လာခဲ့ပါ မူလ ရယ် .. ဘယ့်နှယ် လင်မယားအိပ်တဲ့ အခန်းထဲကို ဝင်ရမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. သူ ပြန်လာမှာ မဟုတ်သေးဘူးဆိုတာ ငါ သိလို့ပေါ့ ညို ရယ် ..."

မူလ လှုပ်လီလှုပ်လဲ့လေး ထွက်လာရင်း ပြောလိုက်သဖြင့် ညိုက မျက်မှောင်ကုတ်သွားကာ ...

"နင်တို့ ဘာဖြစ်ထားကြလို့လဲ၊ ပုံစံကြည့်ရတာ ရှော့ခ်ကြီးလား၊ ရှော့လေးလားပဲ"

"ဒီလိုပါပဲဟာ .."

ဘယ်လို ဘွဲ့ဒီဂရီတွေ ဆင့်ပွားကြီးမားလာကြပစေ သူငယ်ချင်းတွေချည်း ဆုံကြတဲ့အခါမှာ ကျောင်းသူလေးတွေလိုပါပဲ။

နှစ်ယောက်သား ဧည့်ခန်းမှာ အတူတွဲထိုင်မိကြကာ ...

"ငါ့ကို ကိုတူး ပြောတယ်၊ နင် လေဆိပ်ကိုသွားတုန်း သူ ဖုန်းဆက်တယ်တဲ့၊ ပြောပုံကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲတဲ့၊ အဲဒါကြောင့် ငါ စိတ်ပူလို့ တမင် လှည့်ဝင်လာတာ၊ အခု သူ မရှိဘူးလား"

"ငါ ပြန်လာတော့ ရှိတယ်၊ ခုနကပဲ ထွက်သွားတာ"

"ဘာပြောသွားလို့လဲဟင်၊ နင်က အလုပ်ကနေ ဘယ်မှမသွားဘဲ ပြန်လာမှာလို့ ပြောခဲ့လို့လား"

"မဟုတ်ပါဘူး ညို ရယ် .. ဒီနေ့ကျမှ တိုက်ဆိုင်ကုန်တာပါ"

မူလ က ဖြစ်ပျက်ခဲ့တာတွေကို ပြောပြရင်း မျက်နှာလေးက တဖြည်းဖြည်း ညှိုးသွားခဲ့တာ ပန်းလေးတစ်ပွင့်သာဆို မျက်စိအောက်တင် ခြောက်သွေ့သွားနိုင်၏။

"ငါ စိတ်ညစ်တယ် ညို၊ သူ့ဘက်က မမှားသလို ငါလည်း ကိုယ့်ကိုယ်ကိုယ် မှန်တယ်ထင်တာပဲလေ၊ ဒါပေမယ့် သူနဲ့ငါ ညှိမှုခြင်းဖြစ်ကြဖို့ မလွယ်ဘူး ဖြစ်နေတယ်"

"အင်း .. စီးပွားရေးသမားနဲ့ ပညာရှင်ဖြစ်နေတော့ ခက်တယ်ဟ၊ သုတေသနပညာရှင်တစ်ယောက် ဖြစ်လာရခြင်းရဲ့ ရင်ထဲက ဗီဇ





ဝါသနာကို တော်ရုံလူက နားလည်ပေးနိုင်ဖို့ မလွယ်ဘူးလေ၊ အဲဒီတော့ နင်ကပဲ နားလည်ဖို့ ကြိုးစားပြီး နည်းနည်းပါးပါး ပြင်သင့်တာပြင် .."

"ဘာ!..."

"ငါပြောတာက သူလည်း နင့်ကို နားလည်ဖို့ ကြိုးစားနေလို့၊ နင် လိုအပ်သမျှ ဖြည့်ဆည်းပေးနေတာပဲမို့လား၊ သူ လိုအပ်နေတာကိုလည်း နင် နားလည်ရမှာပေါ့၊ နောက်ပြီး နင်တို့က လက်ထပ်ထားတာလည်း မကြာသေးဘူး၊ ဘာဖြစ်ဖြစ် မူလ ရယ် .. သည်ခေတ်လူ က နင့်ကို ချစ်နေတာ အရမ်းသိသာပါတယ်၊ သူ့လိုလူက တပ်မက်ခြင်းခံရတာ နင် ဂုဏ်ယူထိုက်တယ် သိလား"

"ဘာဖြစ်လို့လဲ"

"ဟဲ့ ချောတယ်၊ ချမ်းသာတယ်၊ ခုခေတ်ပြောတဲ့ ရုပ်ရှိရေလျှံဆိုတာမျိုးလေ"

"ငါက အဲဒီလိုလူကို ရှာဖွေယူထားတာမှ မဟုတ်တာ"

"ရှာဖွေနေတဲ့လူတွေ မရဘဲ နင်က ရသွားတာကို ပြောတာပဲ၊ ငါတို့အလုပ်က အလုပ်ပေါ့ဟာ၊ တို့တွေ ဘယ်လောက်တော်နေ ထက်နေပစေ၊ မိန်းမတစ်ယောက် ဖြစ်နေတဲ့အတွက် အိမ်ထောင်ရေးကဂရုမစိုက်လို့ ရကို မရဘူး၊ ဒါကို နင် နားလည်ရမှာ၊ အဆောက်အဦးကိစ္စအတွက် ဒေါက်တာထူး နဲ့ ကိုတူး တို့ တာဝန်ယူကြမှာပါ၊ တစ်ဝက်ကျော်ကျော်လည်း ပြီးနေပြီဥစ္စာ၊ ပရော်ဖက်ဆာကြီးက ပြောတယ်၊ ဓာတ်ခွဲခန်း ပြင်ဆင်မပြီးခင် ငါတို့ ငါးယောက် ဂျပန် စိတ်ကျန်းမာရေးဆေးရုံကြီးက ဒေါက်တာ အူရှီဟူးမားနဲ့ သွားတွေ့ရမယ်တဲ့၊ ဟိုမှာ တွေ့ဆုံဆွေးနွေးဖို့အတွက် အားလုံး စီစဉ်ပေးမယ်တဲ့"

"ငါးယောက် ဟုတ်လား"

မူလ မျက်နှာလေး ညှိုးနေတာကို ညို က နားလည်ရင်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်၏။

"ဟုတ်တယ် .. အမြဲတမ်း ငါတို့သုံးယောက် ဦးဆောင်ခဲ့တာပေမယ့် အခု ဒေါက်တာထူး နဲ့ ဒေါ်နှင်းသဇင် တို့ ပါမယ်၊ အဲဒါက နှင့်အတွက် ငဲ့လိုက်တာဖြစ်မှာပါ၊ နှင်က လက်ထပ်ပြီးစဆိုတော့ .."

"တော်ပါတော့ ညို ရယ် .. ငါ အဲဒီအသံ ကြားရတိုင်း လေးဘက်လေးတန် ကျဉ်းကျဉ်းလေးထဲမှာ ထွက်ပေါက်ပိတ်နေသလိုပဲ၊ အိမ်ထောင်ရေးက ငါ့ဘဝကို ဒီလောက်ထိ ဘောင်ခတ်ထားနိုင်တဲ့ ဘဝသစ်တစ်ခုမှန်း ငါ တကယ်ကို မသိခဲ့ဘူးဟာ၊ ကိုယ့်ကိုယ်ကိုယ် တော်အောင် ကြိုးစားနေတာ ပြိုင်မယ့်သူ မရှိနိုင်ဘူးဆိုတဲ့အသိပဲ ရှိခဲ့တယ်"

"ဒါကတော့ နင် ကိုယ်ချင်းစာလေ၊ သည်ခေတ်လူ ရဲ့ အရှည်အချင်းကို နင်တောင် မမက်မောဘူးဆိုရင် သူကရော နင် တော်တာတတ်တာတွေကို ပီတိဖြစ်နေနိုင်ပါ့မလား"

"အဲဒီလောက် ဖြစ်ပေးဖို့ မဟုတ်ဘူး၊ ဒါပေမယ့် နားလည်မှုလောက်နဲ့ပဲ အိမ်ထောင်ရေးမှာ အဆင်ပြေသွားလို့ မရဘူးလား.. ဥစ္စာ၊ ပညာဆိုတာ အရွယ်ရှိတုန်း ရှာရတာလေ၊ သူလည်း သူ့တာဝန်နဲ့သူ၊ ငါလည်း ကိုယ့်ဝါသနာနဲ့ ကိုယ့်အလုပ်နဲ့ .."

"မှူလ ရယ် .. အရွယ်ရှိတုန်းမှာ ဒါတွေ စုဆောင်း ရှာဖွေပြီး ခေါင်းတုန်လက်တုန်ဖြစ်ကြမှ ဘာလုပ်မှာလဲ၊ နင့်စိတ်ကူးကိုက လွဲနေတာ၊ တကယ်ဆို သည်ခေတ်လူ တို့က မျိုးနဲ့ရိုးနဲ့ ချမ်းသာခဲ့တာ၊ နင်တို့လည်း ပြည့်စုံကြတာပဲ၊ ပညာစုံလို့ ကြင်ရာစုံခဲ့ကြတာ၊ နင်တို့အတွက် ဒီလောက် သည်းမည်းရှာဖွေနေဖို့ မလိုပါဘူး"

"ငါက ငွေရှာတာသက်သက် မဟုတ်ဘူး ညို၊ ငါ့ဝါသနာ ပညာကို မြင့်မားဖို့ လိုက်စားနေတာ"

"မှူလ ရယ် .. နင်ကလည်း ပြောလေ မရလေပဲ၊ အဲဒါဆို နင်လည်း ဒီလောက် လွတ်လပ်ချင်နေရင် နင့်ယောက်ျားကို တစ်ယောက်





ယောက်နဲ့ ပြန်ပေးစားလိုက်တော့"

"ဘယ်လို!..."

ညို က ရွှံ့ပြောလိုက်ပြီးမှ မှူလ ပြန်မေးတာကို ကြည့်ပြီး ရယ်သည်။

"ဟုတ်တယ်လေ .. ကိုယ့်ကို ချစ်နေတာလည်း နင်က မွန်းကျပ်နေတာကိုး၊ သူ နင့်အပေါ်မှာ စိတ်မရှိမှပဲ နင် လွတ်လပ်မှာလေ၊ သူ့စိတ် တခြားရောက်သွားအောင် နင် လုပ်၊ ဒါပဲ ရှိတယ်"

'ငါလည်း ပြန်တော့မယ်'ဆိုပြီး ညို က ပြောပြီးတာနှင့် တန်းထရပ်သည်။

"ဆရာကတောင် ပြောသေးတယ်၊ မှူလ ကို ဒီတိုင်း မသွားစေချင်ဘူးတဲ့၊ ဝါသနာကို ထစိုက်မတ်မတ် ကြိုးစားတာလည်း တစ်ကဏ္ဍ၊ အိမ်ထောင်ရေးဆိုတာလည်း ပျော်ပင်နိုင်မှ သာယာခိုင်မြဲမှာတဲ့"

မတ်တတ်ကနေပြောရင်း ဆလင်းဘက်ခ်ကို ပခုံးပေါ် ချိတ်ကာ ကြိုးမှာ လက်နဲ့ဆုပ်ကိုင်ထား၍ ...

"အခု ဂျပန်သွားဖို့အတွက် ငါးယောက် စီစဉ်ဖြစ်သွားတာလည်း နင့်ဘက်က အခက်အခဲရှိရင် မလိုက်လို့ရအောင် ဖြစ်မှာ"

မှူလ ကလည်း ထိုင်နေရင်းကနေ လေးတွဲ့စွာ ရပ်လိုက်ပြီး ...

"ဒေါ်နှင်းသဇင် လည်း မိသားစုနဲ့ အိမ်ထောင်သည်ပဲ၊ ငါက ဘာဖြစ်လို့ မလိုက်နိုင်ရမှာလဲ"

မှူလ ကို ပြန်ငဲ့ကြည့်ရင်း ညို့ နားထဲမှာ ပရော်ဖက်ဆာ ပြောတာတွေကို ပြန်ကြားယောင်လာခဲ့၏။

"မှူလ ကြိုးစားတဲ့ပုံက ကြောက်စရာကောင်းတယ်၊ ရူးစိုက်တာကောင်းပေမယ့် အစွန်းရောက်သွားရင် ဒါကို စိတ္တဇလို့ ခေါ်နိုင်တယ်၊ ဆရာကတော့ ကိုယ့်တပည့်တွေကို ဒီလို မဖြစ်စေချင်ဘူး"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဝါသနာမျိုးကလဲညီး စွဲကပ်သူရဲ့ နှလုံးသားကို အဆုံးစွန် ခေါ်ဆောင်သွား၍ ကျားကုတ်ကျားခဲ ကြိုးစားနေချင်အောင် တွန်း တတ်မြဲ ...။

မျိုးစိတ်ဗီဇတစ်ခုရဲ့ ဆင့်ပွားပြောင်းလဲနေမှုဟာ ခွဲစိတ် ဖန်တီး ရဲ့ နှလုံးသားပဲ ဖြစ်သည်။ သူမတို့ကတော့ ဝါသနာချင်းတူရင်တော မူလ လောက် စွဲမကြီးခဲ့ဘူးဆိုတာ ဝန်ခံရမှာပါ၊ ဒါကြောင့် သူမ စိတ်ပူမိသည်။

"ကဲ .. မျက်နှာကြီး ရှုံ့တွမနေပါနဲ့၊ ဂျပန်သွားဖို့ကလည်း ခု မဟုတ်သေးတာ၊ နင်က အလုပ်လည်း လုပ်၊ ပြန်လာရင် ပြန်လာ စိတ်နဲ့ အိမ်မှာ ပေါ့ပေါ့ပါးပါး နေပေါ့၊ အချိန်ပြည့် ငါ့အလုပ် ဘယ်လို လွတ်လွတ်လပ်လပ် လုပ်ရမလဲပဲ တွေးနေတော့ ဘယ်လိုလု မလဲ"

"သူနဲ့ မျက်နှာချင်းဆိုင်တိုင်း အဆင်မပြေဖြစ်နေတာကျတော နင်တို့မှ မသိတာ"

"ငါ ပြောသလို နင် ပေါ့ပေါ့ပါးပါး နေကြည့်လိုက်ပါ မူလ ရယ် .."

ဘေးကကြည့်တဲ့လူက ပြောတော့ လွယ်လွယ်လေး ...။





<u>အခန်း (၁၇)</u>

"မောင် .."

"ဟင်!... မင်း မအိပ်သေးဘူးလား"

သူ အလုပ်တွေသိမ်းပြီးမှ ဝရန်တာမှာ မတ်တတ်ရပ်ရင်း စီးကရက်သောက်နေတာ ဖြစ်သည်။ ဆံပင်တွေကို တစ်ပတ်ရစ် ဖြစ်သလို ထုံးထားကာ ညဝတ်အကျီ အပြာရောင်ပွပွလေးနှင့် မူလ ကို လှည့်ကြည့်ရင်း မျက်လုံးက နာရီဆီ ရောက်၏။

ည၁၂ တစ်နာရီထိုးတော့မည်။

"မောင်ရော ဘာလို့ မအိပ်သေးတာလဲ"

"ကိုယ်က ဒီလိုပဲ၊ ညပိုင်း အလုပ်ရှုပ်သွားရင် အိပ်ချိန်လွန်ပြီး မျက်လုံးကျယ်သွားတာမျိုး၊ မင်း နိုးလာတာလား"

"အင်း .."

သူ အခန်းထဲ တစ်ခါဝင်သွားသေးသည်။ မူလ အိပ်နေတာ လှမ်းကြည့်ပြီးမှ စီးကရက်နဲ့ မီးခြစ်ယူ၍ ပြန်ထွက်ခဲ့တာ ဖြစ်သည်။

"မောင် ခုထိ မူလ ကို စိတ်ဆိုးနေတုန်းပဲလားဟင်"

"ဟင် .. ဘာအတွက်လဲ၊ ဘာကို ကိုယ်က စိတ်ဆိုးစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ကို လေဆိပ်လိုက်မပို့တဲ့ကိစ္စ"

"မဟုတ်တာကွာ … ဒါကို စိတ်တိုနေရအောင် မင်းအပေါ် အပြစ်ကြီးတစ်ခုလို သတ်မှတ်ထားခဲ့တာမှ မဟုတ်တာ၊ ကိုယ့်စိတ်ထဲမှာ မင်းနဲ့ ကိုယ့် အိမ်ထောင်ရေးကို ဘယ်လို သာယာစေနိုင်မလဲဆိုတာတော့ ရှိတယ်၊ အဲဒါလည်း ကိုယ့်ဘက်က လိုအပ်ချက်ဖြစ်နေမှာကိုပဲ စိုးတာ၊ မင်းဘက်ကို အပြစ်ဖို့ချင်တာ မပါဘူး"

"မောင် …"

"ပြောလေ"

မူလ က သူ့ဘေးမှာပဲ တန်းပေါ်ကို လက်လေးတစ်ဖက် တင်လိုက်ရင်း …

"မူလ ကို လက်ထပ်ခဲ့ပြီးမှ မောင့်ဘက်မှာ ဘာသာယာမှုမှ မရှိခဲ့ဘူးနော်"

ခေတ် က မီးရောင်တစ်ခြမ်းကျနေသည့် မူလ မျက်နှာလေးကို စိုက်ကြည့်နေရင်း ပြုံးသည်။ ဆွေးရိပ်သမ်းသည့်အပြုံးလား … မချိတရိ မျှိုသိပ်ပြုံးလား …။

ကြည်လင်မှုမရှိသည့် အပြုံးတမှန်းတော့ မူလ နားလည်နေခဲ့၏။

"နောက်တော့ ရှိလာမှာပေါ့၊ မင်းနဲ့ကိုယ် ညီမျှနိုင်မယ့် တစ်နေ့ နေ့ပေါ့"

"အဲဒီ တစ်ခုနေ့ကိုမရောက်ခင် အိမ်ထောင်ရေးဝတ္တရား ဘာမှ မကျေပြွန်နိုင်တဲ့ မူလ ကို မောင် စိတ်ပျက်သွားမယ်ဆိုရင် …"

သူ့မျက်ခုံးနှစ်ဖက် တွန့်သွားကို မြင်ကာ မူလ စကားမဆက်နိုင်ဘဲ သူ့ကို ငေးသည်။

"မောင့်ဘက်က အဲဒီလိုရှိလာခဲ့ရင် မူလ ရင်ဆိုင်နိုင်အောင် ကြိုးစားမှာပါ"

"ဘယ်လို … ဒီထက်ရှင်းအောင် ပြော"





"မပြောတတ်ဘူး မောင်၊ မူလ ခံစားမိနေတဲ့အတိုင်းက အဲဒါပဲ"

"မင်းကတော့ ဒီတိုင်း မပြောင်းလဲနိုင်ဘူးလို့ ပြောလိုက်တာပေါ့"

"အစကတည်းက ခုချိန်ထိ မူလ ဘက်က ပြောင်းလဲရဖို့ ရှိလာနိုင်တယ်ဆိုတဲ့စိတ်ကူးမျိုး တစ်ခါမှ မဖြစ်ခဲ့ဘူး မောင်၊ အဲဒါကြောင့်သိဘူး … မောင် မေးတဲ့မေးခွန်းကို ဖြေဖို့ မူလ ဘာတွေ လိုအပ်နေသလဲဆိုတာ ကိုယ်တိုင် သိချင်နေတာပေါ့"

"သဘောက မင်းဘက်မှာ လိုအပ်ချက် မရှိခဲ့ဘူး၊ ဒီလိုလား…"

"ကျေးဇူးပြုပြီး မငေါ့ပါနဲ့ မောင်"

"ငေါ့တာပေါ့တာတွေကလည်း ယောကျ်ားအလုပ် မဟုတ်ဘူး မူလ၊ မင်းနဲ့ကိုယ် တစ်ရက်တလေလောက် အဲဒါတွေ မပြောဖြစ်ဘဲ ဖြတ်သန်းလို့ မရဘူးလား"

"ဘယ်တော့မှမပြောဘဲ သာယာချင်တာပါ၊ မူလ အမြဲတမ်း တောင့်တနေခဲ့တဲ့အရာဟာ မူလ ကို မောင် နားလည်သွားစေချင်တာပဲ၊ ဒါမှမဟုတ် မောင် ဘယ်တော့မှ နားလည်ပေးမှာ မဟုတ်ဘူးဆိုတာကို မူလ ဘက်က နားလည်ပေးနိုင်အောင် ကြိုးစားဖို့"

"ကိုယ် အမြဲတမ်း တောင့်တတဲ့အရာကတော့ မင်း ကိုယ့်ရင်ခွင်ထဲမှာပဲ ထာဝရ ငြိမ်းချမ်းစွာ ရှိနေဖို့ပဲ၊ မင်းအလုပ်ကို စွန့်လွှတ်လိုက်ပါလို့ ကိုယ် မပြောဘူး၊ မင်းကိုယ်တိုင် ဘာလုပ်သင့်တယ်ဆိုတာ နားလည်လာမယ့်အဖြစ်ကို လိုချင်တယ်၊ အဲဒီလိုနားလည်ဖို့ကလည်း မင်းအတွက် ကိုယ်က တန်ဖိုးမဲ့နေသမျှ ဖြစ်လာမှာ မဟုတ်ဘူးလေ၊ ပြောရရင် ကိုယ်တို့ နားလည်ကြဖို့ တော်တော် ကြိုးစားရဦးမှာ"

ခေတ် က စီးကရက်တစ်ရှိုက်ဖွာ၍ ဝရန်တာတန်းပေါ်မှာ လက်နှစ်ဖက် တင်သည်။ သူ့ဘက်ကို မူလ မျက်နှာမူရပ်နေပေမယ့် သူ့မျက်နှာက တစောင်း ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ပေမယ့် မျက်နှာတစ်ခုလုံးကနေ သိမ်းဖော်ထားသဖြင့် ထူနက်သည့်မျက်ခုံး၊ တန်းစင်းနေသည့်နှာတံတစ်ချောင်းက နဖူးပြင်ကျယ်နှင့် မဟာဆန်နေသည်။

ကြည်စင်နေသည့်မျက်နှာမှာ မျက်မှောင်ကုတ်ထားသဖြင့် ခက်ထန်သည့်ဘက်ကို များနေ၏။ ညဝတ်အင်္ကျီ မလဲဘဲရှိနေသဖြင့် ဘောင်းဘီရှည် ကော်ဖီရောင်ရင့်ရင့်နှင့် ရင်ဘတ်နဲ့ ဂုတ်ပိုးမှာ နှစ်ရောင်ဆက်ထားသည့် ပန်းနုနဲ့ ကြက်သွေးရောသော ရှပ်လက်တို ပွပွက သူ့ကိုယ်ပေါ်မှာ ကြည့်ကောင်းနေသည်။

သည်ခေတ်လူ ကို မြင်ဖူးပြီဆိုကတည်းက သူ့ပုံစံကို မူလ သဘောကျခဲ့ပါသည်။ အလှအပကြိုက်တတ်သည့် မိန်းကလေး သဘာဝအတိုင်း ဒီလိုလူမျိုးကို ငြင်းစရာမရှိဆိုသည့် ဆုံးဖြတ်ချက်ထဲမှာ ချောတာကြောင့် အဓိကဖြစ်၏။

နောက်ဆက်တွဲ ဖြစ်လာနိုင်သည့် အဆင်မပြေမှုတွေကို ကြိုမတွေးမိခဲ့တာကတော့ ...

"မင်း သွားအိပ်တော့လေ"

သူ့စကားသံ ကြားလိုက်ရမှ ငေးကြည့်နေခဲ့သည့် မူလ မျက်ဝန်းလေးတွေ မျက်တောင်ခတ်သည်။

"ရှင်လည်း အိပ်တော့လေ"

"အင်း .."

ခေါင်းညိတ်ပေမယ့် စီးကရက်သောက်ဖို့ လက်ပြင်နေသေးတာမို့ မူလ သူ့လက်ထဲက စီးကရက်ကို ဆွဲယူလိုက်သည်။

"စီးကရက်တွေ သောက်တာ လျှော့ပါ၊ အရမ်းကြိုက်တာလည်း မဟုတ်ဘဲနဲ့"

သူမပဲပြော၍ တန်းနဲ့ ဖိချေပစ်လိုက်တာကို ခေတ် က လိုက်ကြည့်နေကာ ...





"အဲဒါကို ဘယ်လိုလုပ် သိနေလဲ"

"စီးကရက်သောက်နေတိုင်း မောင့်မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်နေတာပဲလေ၊ ကြည်လင်နေတဲ့အခါ စီးကရက်သောက်နေတာ မရှိဘူး"

"ဟုတ်တယ် .. မင်းနဲ့ လက်ထပ်ပြီးမှ ကိုယ်တစ်ယောက်တည်း နေတတ်တော့ဘူး၊ အဲဒါကြောင့် ဒီနည်းနဲ့ နေတတ်အောင် နေနေရတာ"

ခေတ် က မူလ ပခုံးလေးကို ဆွဲယူပြီး စူးစိုက်ကြည့်သည်။ တစ်ဖက်လျှိုထုံးပြီး ရင်ဘတ်ပေါ်မှာ ချထားသည့် ဆံပင်တွေကို နောက်ကို အသာလေး ဖယ်ချလိုက်၍ မျက်နှာလေးကို မော့စေ၏။

"ကိုယ် အလုပ်လုပ်နေတဲ့အခါမှာတောင် မင်းကို ဘေးမှာ ရှိနေစေချင်တာ၊ မင်း မနေချင်ဘူးဆိုတာ သိလို့ ကိုယ်လေ .."

သူ ဆက်မပြောဘဲ မူလ မျက်နှာလေးကို အကြာကြီး ငုံ့မိုးကြည့်နေ၏။ ပြီးတော့ တစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်လိုက်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်မိ၏။

မွှေးနုသည့် ဆံစတို့ကို နမ်းရှိုက်ရင်း မြင်လွှာတို့ကို ဖွင့်လိုက်တော့ မှောင်မိုက်နေသည့်ခြံထဲဆီ အကြည့်တွေ ရောက်သွားသည်။

ညဆိုတာကို သိလျက်နှင့် မှောင်မိုက်နေတာကို သူ မလိုချင်။ မူလ ဆိုသည့် မိန်းကလေးဟာ သူ့ဘဝအတွက် အလင်းရောင် ဖြစ်နေပါလျက်နှင့် အလင်းရောင်မဲ့နေရသည်။

သူ့ရဲ့ညများစွာမှာ မှောင်မိုက်နေခဲ့တာ အချစ်က ကိုယ့်မှာ မရှိလို့လား ..။

ခုချိန်ကျမှ ပိုင်ဆိုင်ခွင့်နှင့် ချစ်ခွင့် ထပ်တူမညီခြင်းကို သိခဲ့ရပေမယ့် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မင်း နေကောင်းရဲ့လား .. ခုတလော မျက်နှာချောင်သွားသလားလို့"

"ကောင်းပါတယ်"

နဖူးပြေပြေလေးမှာ လက်ခုံနဲ့ ကပ်ကြည့်လိုက်သေးသည်။ ပြီးမှ မှန်ထဲမှာ မြင်နေရသည့်မျက်နှာလေးကို တစ်ချက်ကြည့်ပြီး လှည့်အထွက် ..။

"ဟင်!..."

ဟုတ်ရဲ့လားဆိုသည့် အံ့ဩစိတ်က ဖြန့်ချဖြီးထားသည့် ဆံပင်တွေကို ဆွဲကိုင်ကြည့်မိတဲ့အထိ ..။

"ဆံပင်တွေ ဖြတ်လိုက်တာလား"

"အင်း .. ဟုတ်တယ်၊ ဟိုလေ .. ပေါင်လယ်ထိ ဆင်းနေတော့ ထိုင်ရထရမလွယ်တဲ့အထိ ဖြစ်လာတာနဲ့ .."

"ဘယ်တုန်းက ဖြတ်လိုက်တာလဲ"

"မနေ့ကမှပါ၊ အဲဒါ မောင့်ကို ပြောမလို့ ဖုန်းဆက်သေးတယ်၊ ရုံးမှာ မောင် အလုပ်ရှုပ်နေတယ်ဆိုတာနဲ့ .."



"အဲဒါ မင်းဆီကို ကိုယ် ပြန်ခေါ်တယ်လေ"

"ဟုတ်ပါတယ် .. ဒါပေမယ့် မောင် စိတ်မကြည်ဖြစ်နေတုန်းဆိုရင် ဒေါသထပ်ဖြစ်သွားမှာစိုးလို့"

"ဟုတ်ရဲ့လား မူလ၊ ကိုယ်ကတော့ မင်း ဂရုစိုက်စရာမလိုတဲ့လူနေရာကို ရောက်သွားသလို ခံစားလိုက်ရတယ်"

မှန်တင်ခုံမှာပဲ နောက်ပြန်မှီရပ်လိုက်တော့ ထိုင်နေသည့် မူလနဲ့ မျက်နှာချင်းဆိုင် ဖြစ်သွား၏။

"မဟုတ်ပါဘူး မောင်ရယ် .. မောင် တစ်ခါက မေးဖူးတယ်လေ၊ 'တခြားလူတွေဆို ဆယ်တန်းဖြေရမှာတောင် အလုပ်ရှုပ်မှာစိုးလို့ ဆံပင်ရှည် မထားကြဘူး၊ မင်းကတော့ ပရော်ဖက်ဆာဖြစ်နေတာတောင် ဆံပင်က မတရားလွန် ရှည်နေတယ်' ဆိုတာ .."

"အဲဒါ ကိုယ်က မလိုလားလို့ ပြောတယ်လို့ မင်း သတ်မှတ်လိုက်တယ်ပေါ့"

"မလိုလားတာ မဟုတ်မှန်း မူလ သိပါတယ်၊ ဒါပေမယ့် မူလအတွက် အလုပ်ရှုပ်နေတာကို မောင် နားလည်ပြီးဖြစ်နေမှာပဲလို့ တွက်လိုက်တာပါ၊ ခုလည်း ခါးအောက်ထိ ရှည်နေပါသေးတယ်၊ အထိုင်အထလွတ်ရုံ တစ်တောင်လောက်ပဲ ဖြတ်ပစ်လိုက်တာ၊ အဲဒီဆံပင်ကိုလည်း ဘုရားမှာ သွားလှူခဲ့တယ်"

"ဪ .."

"နေရာတကာ မောင့်နားထဲ ပြေးထည့်ပြီး အလုပ်မရှုပ်စေချင်ဘူး၊ မူလ ကိုယ်တိုင်လည်း အလုပ်ရှုပ်ခံပြီး မြတ်မြတ်နိုးနိုး ထားခဲ့တဲ့ ဆံပင်တွေကို ဖြတ်တောက်ပစ်လိုက်ဖို့ တော်တော် ကြိုးစားခဲ့ရတာပါ မောင်၊ အလုပ်နဲ့ လူနဲ့ စိတ်နဲ့ လုံးထွေးလာတဲ့အခါ ဘာကိုမှ ထပ်ရှုပ်ခံနိုင်တော့လို့ပါ"

"ခုလည်း မင်း ကိုယ့်ကို အသိပေးတာ မဟုတ်ဘူး၊ ကိုယ်မေးလို့

www.burmeseclassic.com

www.burmeseclassic.com



ဖြေတာ"

"မောင် အိပ်ရာဝင်လာမှာပဲဆိုပြီး စောင့်နေတာပါ၊ မူလ နဲ့ မောင် အားလပ်ချိန်ချင်း တူညီပြီး တိုင်ပင်ဖို့ ဆုံးဖြတ်ဖို့ကလည်း မလွယ်ဘူးမို့လား၊ သွားလာလုပ်ကိုင်နေရင်း ရှင်းပစ်လိုက်ရတာမို့လို့ မောင့်ကို မပြောနိုင်ခဲ့တာ တောင်းပန်ပါတယ်"

"မင်း ဘုရားကိုတော့ သွားခဲ့သေးတာပဲ မူလ၊ မင်းရဲ့အချိန်တွေထဲမှာ ကိုယ် ဘယ်နေရာမှာ ပါခွင့်ရခဲ့သလဲ"

"မောင် အလုပ်လုပ်နေတာကို မနှောင့်ယှက်ချင်လို့ .."

"မူလ .."

သူ မူလ မျက်နှာရှေ့သို့ သူ့မျက်နှာကို ပို၍ နိမ့်ချ တိုးကပ်၍—

"ငါ့ရဲ့အချိန်တိုင်းက မင်းပဲ မူလ၊ မင်းအတွက် ငါ့ဘက်က ဖဲ့ထုတ်မပေးနိုင်တဲ့အချိန်ဆိုတာ မရှိဘူး၊ မင်းဆီက မရနိုင်တဲ့အချိန်တွေအတွက်သာ ကိုယ် တစ်ယောက်တည်း ဖြုန်းတီးဖို့ ကြိုးစားနေရတာ"

သူ့မျက်နှာ ပြန်ဆုတ်သွားချိန်မှာ ကိုယ်က မတ်မတ်ပြန်ဖြစ်လျက် ...

"မင်း လုပ်ပါ .. မင်းရဲ့အချစ်ကို ဆုပ်ဖမ်းနိုင်ဖို့ မြေရာတောင် မမြင်နိုင်သေးတဲ့အတွက် ဘယ်လောက် ပင်ပန်းနေနေ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ"

"မောင် .."

သူ တစ်ချက်မှ မကြည့်ဘဲ အပြင်ကို တောက်လျှောက်ထွက်သွား၏။

လင်မယား ပြန်ဆုံဖြစ်ကြတာက ညနေပိုင်းကျမှ ...၊ ခါတိုင်း တာဝန်ကိုယ်စီနဲ့မို့ အိပ်ရာဝင်ချိန်ကျမှပဲ အေးဆေး မျက်နှာချင်းဆိုင်ခွင့် ရသည်။





ဆိုင်မိတာနှင့် မတည့်ဖို့ချည်း ဖြစ်သွားတတ်သည့်အကြောင်းတွေ ပေါ်လာခြင်းသည် ...၊

"မောင် .. ခဏနေပါဦး"

ဖြန့်ချထားသည့်ဆံပင်တွေကို တင်းပါထက်မှာ ဝေ့ဝဲ လွန့်ခါနေတဲ့အထိ သူ့နောက်ကို မူလ အပြေးအလွှား လိုက်မိသည်။

ခေတ် က ခြေလှမ်းတွေ တုံ့ခနဲ ရပ်ပစ်လိုက်ပြီး စောင့်ပေမယ့် စူးရဲအေးစက်သည့်မျက်နှာနှင့် ဖြစ်လျက် ...

"တောင်းပန်ဦးမလို့လား .. ဒါက မှားယွင်းမှု မဟုတ်ဘူး မူလ၊ ကိုယ့်အတွက် အချိန်ရှာမရလောက်အောင် ခံစားလိုက်ရတဲ့ ကြေကွဲရာအဖြစ်တစ်ခု .. အဲဒီအတွက် တောင်းပန်ဖို့ မလိုဘူး"

"မဟုတ်ဘူး မောင် .. အဲဒါက ဟုတ်ပေမယ့် .. မောင့်ကို မူလ..."

"မင်း မှန်တယ် .. မင်း တမင်လုပ်နေတာတွေ မဟုတ်ဘူး"

ကိုင်လိုက်သည့်လက်ကို ခေတ် က ဖယ်ချပစ်လိုက်ပြီး ...

"ငါ့အပြစ်နဲ့ ငါ ဆိုတာ သိတယ်၊ သစ်ခြောက်ပင်အောက်မှာ ပန်းကောက်ဖို့ စောင့်နေရတဲ့လူလိုတော့ အပြစ်မဆိုနိုင်ဘူးလို့ ထင်ခဲ့မိတဲ့ အမှားပေါ့၊ မျှော်လင့်တယ်ဆိုတာ မျှော်လင့်ခွင့်ရှိမှ ကောင်းတာ၊ မင်း မှန်ပါတယ် .. ငါပဲ မှားနေခဲ့တာ"

ဘယ်ကို ကိုင်လို့မှ မအောင်မြင်ဘဲ ဖယ်ချခံနေရသဖြင့် မူလ မျက်နှာလေး မဲ့လာခဲ့ပြီး ...

"မောင်ရယ် .. မောင် ဒီလောက်ထိ ခံစားသွားရမယ်မှန်း .."

"တော်ပါတော့ .. ငါ့ကိုယ်ငါ အရူးလို့ ထင်လာရတဲ့အထိ မင်း မသိခဲ့တာတွေကို ဆွဲထုတ်မပြပါနဲ့၊ ဒီမှာ မူလ .."

ခေတ် တစ်ကိုယ်လုံး ဖျတ်ခနဲ လှည့်လာပြီး မျက်နှာချင်းဆိုင် ကပ်ကပ်လေး ရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဂျပန်ခရီးစဉ်မှာ လိုက်ပါဖို့ အားလုံး စီစဉ်ပြီးနေတဲ့အထိ ကိုယ့်ကိုပြောဖို့ မသိခဲ့တာလည်း ခွင့်လွှတ်ပေးဖို့ ကိုယ် ပြင်ဆင်ထား သေးတယ်"

"ဟင်!..."

"အဲဒါကြောင့် တောင်းပန်ဖို့ မလိုဘူး"

သူ ထွက်သွားသည့်ကားသံက ရင်ဘတ်ကိုပါ ဖိကြိတ်သွားသလို ရင်ထဲက နာကျင်မှုကြောင့် မျက်ရည်တွေပါ ပိုးပိုးပေါက်ပေါက် ကျ လာကြသည်။

ခွင့်လွှတ်ပေးတယ်ဆိုပေမယ့် နားတောင်ပါဦး ...၊

တောင်းပန်ပါတယ် မောင် ...။



## အခန်း (၁၉)

"မဟုတ်တာ သမီးရယ် .. မကြံကောင်းမစည်ရာ"

"သမီး စဉ်းစားဦးနော် .. သူ ငြိုငြင်သွားတာတောင် သမီး မျက်ရည်ကျနေရပြီမို့လား၊ ဒီလိုလုပ်လိုက်တဲ့အတွက် သည်ခေတ်လူ အခြားတစ်ယောက်နဲ့ ငြိသွားခဲ့ရင် သမီး ဝမ်းသာနိုင်မလား"

မျက်ရည်ဝေနေသည့် မျက်ဝန်းလေးတွေ ဦးဇေယျ ဆီ ရောက် လာသည်။ ငေးခနဲ ဖြစ်သွားပြီးမှ ခေါင်းညိတ်၍ မျက်တောင်တွေ အဖျပ်ဖျပ်ခတ်ရင်း ...

"မျက်ရည်ကျတာက ရှုပ်ထွေးရလွန်းတဲ့ဒဏ်ကို မခံနိုင်လို့ပါ အဖေ၊ မူလ ဘဝမှာ နေ့စဉ်နဲ့အမျှ စိတ်ပူ ပင်ပန်းနေရတာမျိုး စိမ်းတောင်ကျပြီဆိုမှ ကြုံရတာ၊ အဲဒါကြီးကို မခံချင်တော့ဘူး၊ သူ့ကို ငြိုငြင်ပေမယ့် သူနဲ့ ရင်ဆိုင်ရတိုင်း စိတ်ဆင်းရဲရတာကို ကြောက်နေ ပြီ တစ်ယောက်ယောက်အပေါ်မှာ သူ့စိတ် ချက်ချင်း ယိမ်းယိုင်သွား မှာ မဟုတ်ဘူး၊ အဲဒါ မူလ သိတယ်၊ ဒါပေမယ့် ကာယကံအားဖြင့် သာယာမှုတစ်ခုနောက်ကိုတော့ သူ လိုက်သွားမှာပဲ"

"ဒီလိုဖြစ်သွားရင် သမီးက ကျေနပ်မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွဲ့မူ ခေါင်းတခါခါ ဖြစ်နေလျက် ဦးဇေယျ နောက်ထ
မေးခွန်းထုတ်လိုက်မှ မူလ မျက်နှာကို ပြန်ကြည့်၏။

"ကျေနပ်သွားမယ့် ခံစားချက်မျိုးတော့ မဟုတ်ဘူးထင်တယ်
ဒါပေမယ့် သူ့စိတ်သာယာနေမှ မူလ အလုပ်ဖြောင့်ဖြောင့် လုပ်လို့ရမှာ
ရန်ဖြစ်ရတာတွေ နည်းသွားတယ်ဆိုရင်ပဲ သာယာဖို့ မသေချာပေမယ့်
မူလ ဒီတိုင်း ဆုံးဖြတ်ဖို့ အဆင်သင့်ပဲ ဒက်ဒီ"

"တစ်ခုခုတော့ လွဲနေဦးမယ် ထင်တယ်၊ သမီး ဆုံးဖြတ်တော
မဖြစ်ဘူး"

"ကိုဇေ ရယ် .. ဒီလို ဆုံးဖြတ်လို့ မဖြစ်ဘူးလို့ပဲ မိဘက တို
တွန်းရမှာလေ၊ ဒီကိစ္စမျိုးကို မှ တို့က ဝိုင်းစဉ်းစားပေးစရာလား"

ဒေါ်နွဲ့မူ စိုးရိမ်နေမိတာ ဘာကိုမှန်းတော့ မသိ၊ ဒါပေမယ့် စိတ်
ထဲမှာ ခံစားနေမိတာဟာ ရွှေ တို့ မိသားစုအားလုံးက တာဝန်
ဝတ္တရားမပျက်ရှိနေကြပါလျက်နှင့် အခါခါ ပျက်ကွက်မှုများနှင့် အဖြ
တွေပြုနေသူက ကိုယ့်သမီး ..။

မိဘနှစ်ယောက်သည် ထိုင်နေသည့် သမီးရဲ့ရှေ့ ဆိုဖာ
နောက်မှာ စိတ်ပင်ပန်းစွာ ရပ်နေကြဆဲရှိကာ ခုထိလည်း ထိုင်ဖို့ သတ
မရသေး ..။

လက်ထပ်ပြီးကာမှ တစ်ပတ်တစ်ခါတောင် မိဘဆီရောက်မလာ
ခဲ့ဘဲ ရောက်လာတော့လည်း တိုင်ပင်ချင်လို့ဆိုတာကြီးက မကြား
မနာသာ ..။

ထို့ကြောင့် မျက်နှာချင်းဆိုင် ထိုင်ပြီး ပြောဆိုကြဖို့က ဖင်မ
နိုင် ..။

"သမီး ပြောပုံကြီးက ခေတ် က နွားသိုးကြိုးပြတ်ပုံ ပေါက်
တယ်၊ ဒါက မေမေ သားအမိချင်းမို့လို့ ရိုးရိုးပဲ နိုင်းပြလိုက်တာ
သမီး ခင်းတဲ့ ဇာတ်ညွှန်းအတိုင်း သူ ကသွားလို့ နောက်တစ်ယောက်





ပါသွားတယ်ဆိုရင်တောင် သမီးကမှ ကျေနပ်နေနိုင်ရင် ပြဿနာ မရှိ
ဘူး၊ ဒီလိုမဟုတ်ဘဲ .."

"ဟုတ်တယ် သမီး .. ခေတ် က သမီးဆီက ထိတွေ့မှုကို
တောင်းနေတာ မဟုတ်ဘဲ သမီးကိုပဲ မြတ်နိုးတဲ့စိတ် ရှိနေတာဆိုရင်
ဒါကို သူ သိတဲ့အခါ ပြဿနာကြီးထွားလာမှာက မတွေးရဲစရာ၊ ဖေဖေ
တို့ကလည်း ဘာမှမသိခဲ့ရင် တော်သေးတယ်၊ သိထားကာမှ ဒီလိုဖြစ်
ခွင့်ပေးလိုက်တယ်ဆိုရင် သမီး စဉ်းစားကြည့် .."

မူလ က ဆုံးဖြတ်ပြီးဖြစ်သည့်အတိုင်း ခေါင်းတွင်တွင်ခါနေ၏။
ရင်ခွင်ထဲမှာ စုထပ်ပိုက်ထားခဲ့သည့် လက်ဆွဲအိတ်နဲ့ ဆလင်းဘက်ဝ်
ကိုပဲ ပိုတင်းအောင် ဖက်တွယ်ထားမိရင်း ...

"ဒီတစ်ခါတော့ မူလ ကို ခွင့်လွှတ်ပါ ဖေဖေ၊ ဖေဖေနဲ့မေမေ
ကို ခွင့်ပြုပေးပါလို့ မူလ လာခွင့်တောင်းတာ မဟုတ်ဘူး၊ အမြဲတမ်း
ကိုယ်သဘောနဲ့ကိုယ် ဆုံးဖြတ်ခဲ့ဖူးတာ မရှိလို့ လာပြောပြတာပါ၊
သူငယ်ချင်းနဲ့ တိုင်ပင်တုန်းကလည်း သူ ဒီလိုပဲ တားခဲ့တာပဲ၊ ဘယ်
သူတွေ တားတား မူလ က ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ပြီးသား၊ အဲဒါ
ကြောင့် ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်တဲ့ ကောင်းတာဆိုးတာက မူလ
နဲ့ပဲ ဆိုင်ပါတယ်"

"တစ်ခုရှိသေးတယ် သမီး၊ လူတွေ တော်တော်များများဟာ
ကိုယ့်အတွက် တကယ့်အစစ်က လိုအပ်ချက်ကို ကိုယ်တိုင် မသိကြဘူး၊
ဥပမာ အရိပ်ထဲမှာရှိတဲ့လူ နေပူမကြောက်တာမျိုး၊ လိုအပ်ချက်ဆိုတာ
တကယ် လိုအပ်လာမှ သိတာ၊ ခုချိန်မှာတော့ သည်ခေတ်လူ ဟာ
သမီး သွားမယ့်လမ်းမှာ သူ့အလိုလို ပေါ်လာတဲ့ အုတ်ခဲကျိုးတစ်ခုလို
လှတ်တိုက်ဖွယ်ရှိတဲ့ အမှိုက်တစ်စပဲ၊ ဒါပေမယ့် ရွှံ့ဗွက်တွေ ထူပြော
ပြီး စိုစွတ်တဲ့လမ်း ဖြစ်နေခဲ့ရင် အုတ်ခဲကျိုးလေးတစ်ခုခု ဖြစ်ဖြစ်
အားပြု ခြေဖော့နင်းချင်လာလိမ့်မယ်၊ သူ မရှိရင် သမီးရဲ့ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြီးပြည့်စုံလာမှာ သမီး သေချာရဲ့လား ..."

ဒေါ်နွဲ့မူ က အရှည်ကြီးပြောနေပြီးမှ မေးခွန်းထုတ်ကာ ...

"သမီး တကယ်လိုအပ်နေတာ ပညာတွေချည်းပဲ မဟုတ် သည်ခေတ်လူ ပါနေနဲ့ရင် ဒါဟာ ဖြည့်စွက်ပြင်ဆင်ဖို့ မလွယ် အမှား ...၊ နောင်တာပေါ်နဲ့ သမီးဘဝ ဆုံးရလိမ့်မယ်"

"အဲဒါတွေနဲ့ သာမကေပြနေရင် ရှုပ်ထွေးတွေဝေမှုတွေနဲ့ သ ရှုံးသွားလိမ့်မယ် မူ၊ လက်ထပ်ဖို့ မင်း စိစဉ်ကတည်းက ဒီလို ဖြစ်လာဖို့ရှိတာကို မင်းကို ငါ ပြောခဲ့တယ်"

မူလ ကို ပြောနေရင်းကနေ လင်မယားနှစ်ယောက်ရဲ့ အငြ အခံ ပြဿနာခြင်းသို့ ရောက်လျက် ...

"ဒီလောက် ပြောပြရင် သူ နားလည်နေပြီ၊ ကျန်တာ စိ ချမ်းသာသလို ဆုံးဖြတ်ပါစေ"

"ရှင် ဘာပြောလိုက်တယ် ကိုဇေ .. ဒါ မိဘက ပြောတဲ့စကာ လား .."

"မပြောသင့်တာက ငါတို့အပိုင်း၊ ငါ့သမီး စိတ်ဆင်းရဲ ကို ဆင်းရဲဖြစ်နေတာက ဒီတိုင်း သွားလေ .. သူ ပိုဆိုးလေ ဖြစ်ရမှာ"

"ကျွန်မ ပြောပြနေတာကလည်း သူ မြင်အောင် ထောက်ပြတာ မျိုးပဲလေ၊ မိဘ လက်ထပ်ပေးတာမှန်ပေမယ့် သမီးကိုယ်တိုင် ခါးခါး သီး မျိုသိပ် ခေါင်းငုံ့နေခဲ့ရတာ မဟုတ်ဘူး၊ သူ့စိတ်ထဲမှာ ကို တကယ် မလိုအပ်တာလား ...၊ ကိုယ့်စိတ်ကို နားမလည်တာလာ သေချာသိဖို့ လိုတာယ်"

"မှားသလား .. မှန်သလား ခွဲကြည့်တိုင်း မှန်တာကို ရှာတွေ့ ကြရင် ဘယ်သူက အမှားကို တမင် ကျူးလွန်မှာလဲကွ၊ တွေဝေမှုတွေ ထုံထိုင်းနစ်မွန်းနေတာထက်စာရင် ဆုံးဖြတ်ရဲတာက ကိုယ့်ကိုယ့်ကိုယ် ချမ်းသာစေခြင်းတစ်မျိုးပဲ၊ ငါ့သမီးနဲ့ သူ့ဝါသနာကို ခွဲခြားမရနိုင်ဘူ





ဆိုတာ ငါ အစကတည်းက သိတယ်၊ ခုလည်း သူ ဖြစ်ချင်နေတာကို ငါ သိတယ်၊ ပြောပြကြည့်လို့မှ မရရင် လုပ်ပစေ၊ မှန်ရင် စံ၊ မှားရင် ခံ .. ဒါပဲ"

"ကိုဇေ .. ရှင် .."

ဒေါ်နွဲ့မူ မယုံနိုင်သလိုဆိုရင်း သမီးဖြစ်သူကိုလည်း ပြန်ကြည့် မိသည်။ စဉ်းစားပါဦးလို့ ထပ်ပြောချင်သော်လည်း မူလ က နေရာမှ ထရပ်လိုက်ပြီးဖြစ်ကာ ...

"မူလ ပြန်တော့မယ်၊ ဖေဖေနဲ့ မေမေ မူလ ကြောင့် ဘာမှ မဖြစ်ကြပါနဲ့၊ ခု ပြောခဲ့တာတွေကိုလည်း မေ့လိုက်ပါနော်"

"သမီး .."

ဒေါ်နွဲ့မူ သမီးနောက်ကနေ ဒရောသောပါး ခြေလှမ်းများနှင့် လိုက်ပါသွားခဲ့ရင်း ...

"ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာကို မမေ့နဲ့ သမီး၊ ပညာတွေ ဘယ်လောက်တတ်နေနေ မိန်းမက မိန်းမရဲ့ဂုဏ်ကျက်သရေကို ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာတော့ သိရမယ်၊ လေ ဘယ်အရပ်ကပဲ ပြောင်းလဲတိုက်ခတ်နေပစေ လေညာအရပ်က တစ်နေရာရှိတာ၊ ကိုယ့်ယောကျ်ားရဲ့ ဂရုစိုက် မြတ်နိုးမှုကိုရဖို့ ဇနီးတစ်ယောက်ဘက်မှာ တာဝန်တွေ အများကြီးပဲ၊ ဖန်တီးယူဖို့ဆိုတာရော လွယ်သလား၊ သမီး က ရနေတာတောင်မှ သူများလက်ထဲ ထည့်ဖို့ ကြိုးစားနေတယ်"

"မေမေ .."

'တော်ပါတော့'လို့ ပြောချင်သည့်မျက်နှာလေးနှင့် ကားတံခါး ဖွင့်လိုက်ပြီးမှ မူလ ပြန်လှည့်ကြည့်သည်။ ဒေါ်နွဲ့မူ က ခေါင်းခါလိုက်ပြီး ...

"သမီး လိမ္မာခဲ့တာ သိပေမယ့် ကလေးမဟုတ်တော့တာလည်း မှန်နေပေမယ့် မေမေ ခွင့်မပြုနိုင်ဘူး၊ အဲဒါ ဘယ်မျက်နှာ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကိုမှ ငဲ့ကွက်စေချင်တာမဟုတ်တဲ့ သမီးအတွက် သီးသန့် စိုးရိမ်ခြင်းပါ၊ မေမေ သမီးအတွက် စိုးရိမ်လို့ သတိပေးနေတာ .. မကြဲ့စည်အစ်တာကို မကြဲ့ပါနဲ့"

ခေါင်းမညိတ် ခေါင်းမခါနှင့် မြင်ကွင်းထဲကနေ ပျောက်သွားတဲ့ အထိ ခေါ်နွဲ့မှု ကျန်ရစ်သည့်နေရာမှာပဲ မလှုပ်မယှက် ငေးနေမိသည်။

သမီး ခေါင်းမညိတ်ခဲ့သည့်အဖြေကို စိတ်ထဲမှာ သိနေသည်။ ဒါကို လုပ်ကိုလုပ်တော့မှာပါ။

'သူ တခြားတစ်ယောက်အပေါ်မှာ အာရုံပြောင်းသွားအောင် ကြိုးစားကြည့်ချင်တယ်'တဲ့။

သင်းမို့ ကြဲ့စည်ရဲလွန်းသည်။

ခက်ရချေရဲ့ ...။





## အခန်း (၂၀)

"အလုပ်ကိစ္စနဲ့ ဆိုပေမယ့် ဆယ်ရက်တောင် ကြာမှာကို မင်း လွှတ်လိုက်ရသလား ခေတ် ရာ .."

"ဒီကောင် ကြောင်နေပြီ"

တစ်ယောက်တစ်မျိုး ဘယ်လိုပြောပြော ခေတ် က စီးကရက် သောက်မပျက် ..။

မပြောဘဲ မနေနိုင်လို့ မေးတာနှင့် ပြောပြလိုက်သည်။ ဒီကောင် တွေသိရင် ခုတိုင်း ပြောကြမှာပဲဆိုတာလည်း သိပြီးသား ..။

"ဖိုးခေတ် .. မင်း သူ့ကို ချစ်တယ်ဆိုပြီးတော့ တူနှစ်ကိုယ် ငြိမ်းချမ်းဖို့ မကြိုးစားဘဲ ဘာတွေလုပ်နေတာလဲ"

"သူ ဖြစ်ချင်တာ ဖြစ်ခွင့်ပေးနေတိုင်း မင်းကို သူ ပြန်ချစ်လာမှာ ပဲလို့ ထင်နေတာလား"

ဒါလည်း ခေတ် က မဖြေပါ။

ရန်ကုန်ရောက်တုန်း ခဏဝင်လာတာဆိုသည့် ချစ်မင်းဦး ကတော့ ချောင်းသာမှာကတည်းက မျက်မြင်ကိုယ်တွေ့မို့ ခေတ် ငူငူ တုတ်မှေ့နေတာကို ကြည့်၍ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှေးမူလ ဆိုပေမယ့် ပိုစ်ကလည်း မတုန်မလှုပ်လေးနဲ့၊ သည်ခေတ်လူ ဆိုတဲ့ကောင်ကိုတော့ တော်တော် စည်းရုံးနိုင်တာပဲနော်၊ ငါ ဓားတစ်ဖြုတ် ဝင်လာတုန်း ဒီသတင်းမျိုး ကြားရလိမ့်မယ်လို့ ထင်ကို မထင်ဘူး"

"ဒါကတော့ အနိုင်ရတိုင်း တော်တယ်လို့ မသတ်မှတ်နိုင်ပါဘူးကွာ၊ ပြိုင်ဘက်က ညံ့နေရင် အနိုင်ရတာ ဆန်းလား"

"မင်းက ဖိုးခေတ် ကို ညံ့တယ်လို့ ပြောချင်တာလား"

"ဒီတိုင်းပဲလေ .. ဟိုမှာ ဖြစ်နေတဲ့မျက်နှာကို ကြည့်ပါလား၊ အချစ်ဟာ ဆန်းကြယ်တယ်ဆိုပေမယ့် ဒီကောင် ဒီလောက်ဖြစ်သွားတဲ့အထိ ဆန်းတာတော့ အံ့ဗာပဲ၊ သူ့ကို သည်ခေတ်လူ လို့ မပေးဘဲ ရှေးခေတ်လူ လို့ ပြောင်းဖို့ ကောင်းနေပြီ"

"ဟား .. ဟား .. ဟား ..."

ချစ်မင်းဦး က ပန်းတွေ လှုပ်အောင် ရယ်သည်။ ပြီးတော့ မီးမစွဲဘဲ ဒီတိုင်း လက်ကြားညှပ်ထားသည့် စီးကရက်အသစ်ကို ခေတ် လက်ထဲက ဖြုတ်ယူလိုက်ပြီး ခွက်ထဲ ပြန်ထည့်၏။

ဒါကို လိုက်ကြည့်ကာ အာကာ က အမိပ္ပာယ်တွေ ဖွင့်၍ ...

"မီးညှိထားတဲ့ စီးကရက်တောင် ဒီတိုင်း ပြန်သေသွားတယ်ဆိုတော့ မင်း မီးသေနေတာ ရှင်းပါပြီ"

"ကဲ .. မင်းတို့ ဟာသမြောက်ပြီဆိုရင်လည်း ကျေးဇူးတင်စကားလေး ဘာလေး ပြောပြီး ပြန်ကြတော့"

အိမ်ထိရောက်အောင် လာကြသည့် သူငယ်ချင်းတွေကို ခေတ် က နှင်လွှတ်၏။ ဘယ်သူကမှလည်း မျက်နှာမပျက်ကြဘဲ ...

"ကျေးဇူးတင်စရာလား .. ရယ်စရာကောင်းလွန်းလို့ ရယ်နေကြတာမှ မဟုတ်တာ .. စိတ်တိုလို့ ရယ်တာ၊ ခုချိန်မှ မင်း သူနဲ့ နွေးထွေးဖို့ ကြိုးစားရမှာ၊ နှစ်ယောက်စည်း နွေးထွေးဖို့မလွယ်ရင် သံယောဇဉ်





လေးတွေ ထပ်ငြိလာဖို့ ကွိစိကွစလေးတွေရမှ ဖြစ်မယ်ဆိုတာလည်း သိရမယ်"

"သိတိုင်း ရအောင် ယူဖို့ မလွယ်ဘူး၊ မင်းအလုညို့ကျမှ ဖြစ်အောင် လုပ်"

ချစ်မင်းဦး ယူချထားလိုက်သည့် စီးကရက်ကို ပြန်ယူ၍ ခေတ် က မီးညှိရင်း စိတ်မရှည်သံထွက်၏။ ထိုစဉ် အိမ်ရှေ့က ဘဲလ်မြည်သံကြောင့် ခေါ်အု ကပျာကယာ ထွက်သွားတာ မြင်လိုက်ရပြီး သိပ်မကြာမီ ...။

"လူလေး.. ညှိုသည် ရောက်နေတယ်၊ မှလေး ရဲ့သူငယ်ချင်းတဲ့"

"သူ မရှိဘူးလို့ ပြောလိုက်လေ"

"မဟုတ်ဘူး .. ခရီးဆေးက လာတာထင်တယ်၊ အိတ်တွေ သေတ္တာတွေနဲ့"

ခေါ်အု သတင်းပေးသဖြင့် ခေတ် က ဆံပင်တစ်ချက် ဖွရင်းကျွတ်ခနဲ ဖြစ်ကာ ...

"ခေါ်လိုက်ဗျာ .."

ဝင်လာမည့်သူကို စိတ်ဝင်စားသွားသဖြင့် အာကာ တို့ကလည်း ထိုင်ရာမထ ငြိမ်သက်နေ၏။ လှုထက်အရှင် ရေမွှေးနံ့က ဧည့်ပတ်နှုတ်ဆက်လာလျှင် အာကာ က နှာခေါင်းရော ပါးစပ်ရော လှုံယမ်းတွန့်ရှုံ့သွားအောင် အနံ့ရကြောင်း အမူအရာတွေ ခင်းသည်။

ဝင်လာတော့ ပန်းရင့်ရောင်အရိပ်တစ်ရိပ် ဖြစ်၏။ သုံးယောက်ပြိုင်တူ လှမ်းကြည့်လိုက်မိကြ၏။ မိန်းမတစ်ယောက်၏ ကြော့ရှင်းပြေပြစ်သော ကိုယ်ဟန်အလှက မျက်နှာပြင် လှမခြင်းထက် ပို၍ဆွဲဆောင်နေခဲ့သလား ...။

ဆေးသားညီညီနှင့်မျက်နှာက ခါးလောက်ရှည်သော ဆံပင်နှုန်းမှာ ဆံမြိတ်ပါးပါးနှင့်မို့ ယဉ်စစလေး လှနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထားလို့ဖြစ်စေ လှကိုလှတာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက် လှနေတာ မဆန်းပါ။ ဆန်းနေတာက သူမ၏ ကိုယ်ခန္ဓာမှာ ရှိနေသော ကောက်ကွေ့ကြောင်းလေးတွေ ဖြစ်သည်။

ရုတ်တရက်ကြည့်လျှင် ရင်လျားထားသလို ထင်ရသည့် ပန်းရင့်ရောင်ကိုယ်ကျပ်က ရင်ဘတ်ကနေ ခြေဖမိုးပေါ်ထိ ကိုယ်မှာ တစ်ထပ်တည်း ကပ်ကျပ်နေ၏။

အနားရောက်လာမှ ရင်ဘတ်အပေါ်နှင့် လက်တံတောင်ဆစ်အထိ ပန်းနုရောင်ဖျော့တော့သော ဇာပါးလေးတစ်ထပ် ရှိနေသေးတာ မြင်ရသည်။ ထို့ပြင် ...

"ကျွန်မက နွယ်တာညို ပါ"

သူမကိုယ်သူမ မိတ်ဆက်၍ သုံးယောက်စလုံးကို မျက်တောင်များတို့ မေးစဉ်းလျက်နှင့် ဝေ့ခနဲ ကြည့်၏။

ယောက်ျားလေးတွေ ငေးနေတာကို ဂုဏ်ယူချင်သော လှပ်ခတ်သည့်နှုတ်ခမ်းများတို့မှာ အပြုံးယဲ့ယဲ့နှင့် ...

"မူလ ပြောထားသေးလား မသိဘူး၊ သူရော .."

"မရှိဘူး၊ ခုနက ခေါ်ကြီး မပြောဘူးလား"

ခေတ် ဆိုတဲ့ကောင် လုပ်ပြီ ..၊ အာကာ ရဲ့ အားနာသောမျက်လုံးကြီး သူမ မျက်နှာဆီ ပြေးစားပြီးမှ ခေတ် ဆီ ရောက်၏။

ခါးကြီး တောင့်မတ်သွားတာကို သတိတရ ဖြည်လျှော့၍ မျက်နှာလွှဲ ခေါင်းဆိုးလုပ်ရင်း ခေတ် ကို သတိပေးရသည်။

ဆက်ဆံရေး မကြဲဖို့ ...၊

"ကျွန်မ ထိုင်လို့ ရမလားဟင်"

"ရပါတယ် .. ထိုင်ပါ၊ မင်းကို မူလ က ခေါ်တာလား"

"ရှင် .."

"သြော် .. ခရီးဆောင်အိတ်တွေနဲ့ လာတယ်ပြောလို့ပါ၊ မူလ





ဆီကို လာတာလား"

မျက်နှုံး ခပ်တွန့်တွန့်နှင့် ခေတ် ရဲ့မေးခွန်းတွေကို နွယ်တာညိုက ဖြေဖို့ပြင်တိုင်း ချစ်မင်းဦး တို့ဆီ အကြည့်တစ်ချက် မရောက်တရောက် ဝေ့သွားတတ်ပြီး ...

"ဟုတ်ပါတယ် .. ဒါပေမယ့် .."

"မင်း၊ ထိုင်လိုက်ပါဦး၊ ပြီးမှ ပြောပေါ့"

"ဟုတ် .."

အာကာ မျက်လုံးတွေ ချစ်မင်းဦး ဆီ ရောက်သွားပြန်သည်။ ချစ်မင်းဦး က မသိမသာ ပခုံးတွန့်ပြ၏။ နွယ်တာညို ဆိုတာလေးကို သူ့ရုံးခန်းထဲက စက္ကန့်ထရီ မှတ်နေသလား မသိ ..။

မူလ ရဲ့သူငယ်ချင်းဆိုကတည်းက ဆရာဝန်၊ ပါရဂူတစ်ယောက် မဖြစ်နိုင်ဘူးလား ..၊ ဘာပဲဖြစ်ဖြစ် ဒီလောက်လှနေတာလေးကို ..။

သူတို့နှစ်ယောက် အသံတိတ်အကြည့်တွေနှင့် ခေတ် ကို ကဲ့ရဲ့နေတာ မဆုံးသေး ..။

"ရပြီ .. ပြော"

ဤကဲ့သို့ ပြေပြစ်ရည်မွန်စွာ ..၊

"မူလ နဲ့ ချိန်းထားပေမယ့် ဘယ်နေ့လာမယ်ဆိုတာတော့ မပြောခဲ့မိဘူး"

"မင်းက ဘာအတွက် လာတာလဲ"

"ဒီမှာနေဖို့ပါ"

"ဘယ်လိုအကြောင်းကိစ္စမျိုးနဲ့လဲ ...၊ ဒီလိုလေ .. ခပ်ကြာကြာနေမယ့် အလည်အပတ်မျိုးလား၊ အလုပ်တာဝန်တစ်ခုခု ပြောင်းရွှေ့တာမျိုးလား .. အဲဒါ မေးတာ"

"နှစ်ခုစလုံး သိပ်တော့ မမှန်ဘူး၊ အလည်သက်သက် မဟုတ်ပေမယ့် အလုပ်တာဝန်နဲ့လည်း မဟုတ်ဘူး၊ ဒါပေမယ့် ဒီမှာနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေတ် က ကြည့်နေရင်း မျက်မှောင်ကုတ်၏။ နွယ်တည် က ရဲတင်းစွာ ပြန်ကြည့်လျက် မဝံ့မရဲပုံစံနှင့် မျက်ဝန်းတွေက မျက်လွှာချလိုက်တော့မလိုလို အားတင်း၍ ပြုံးပြတော့မလိုလို၊ ခဏအတွင်း ရွှေ့လျားလှုပ်ခတ်နေသည့် မျက်လုံးနဲ့ မျက်တောင်တို့မှာ ညှို့အားပြင်းပြင်းနှင့် ...၊

ခေတ် ချက်ချင်း စဉ်းစားမိလိုက်သည်။ ဒီမိန်းကလေး မူလ ရဲ့ သူငယ်ချင်းဆိုရင်တောင် စိတ်တူကိုယ်တူ ကြာရှည်စွာ လက်တွဲခဲ့ကြသည့် သူငယ်ချင်းမျိုး မဖြစ်နိုင်။

"အစ်ကိုက ကျွန်မကို မူလ လိုပဲ နွဲ့စိတ်ပါရှုတစ်ယောက်လို့ ထင်နေလား မသိဘူး"

ခေတ် က ခပ်မှုမှုပြုံး၍ သူမ မျက်လုံးတွေထဲကို စိုက်ကြည့်သည်။ မျက်လုံးချင်းဆုံလိုက်တာနှင့် ကိုယ့်ဆီက မေးခွန်းတွေကို သူမ ဖော်ထုတ်သွားပုံက အထင်ကြီးဖွယ်တော့ ရှိပေမယ့် ...။

"ထင်လိုက်ပေမယ့် မဟုတ်နိုင်ဘူးဆိုတာလည်း တွေးမိပါတယ်"

အားမနာတမ်း ပြောလိုက်ပြီး ပွင့်လင်းသည့်အပြုံးနှင့်ပဲ နေလိုက်ကာ ...

"အလည်သက်သက် မဟုတ်ဘူးဆိုတော့ မင်းက .."

"အလုပ်လုပ်ဖို့တော့ စိတ်ကူးရှိတယ်လေ၊ ကျွန်မက မူလ နဲ့ စက္ကန်းအမ်ဘီမှာ စခင်ခဲ့တာ၊ ဒါပေမယ့် ကျောင်းမပြီးဘဲ ကျွန်မ ထွက်လိုက်တယ်၊ အရမ်းခင်ကြပြီးမှ ဝေးသွားခဲ့ကြတာလည်း ကြာပါပြီ"

"ဆရာဝန် အင်ဂျင်နီယာဖြစ်ဖို့အတွက် ကြိုးစားကြရတာ နည်းတာမဟုတ်ဘူးနော်၊ မနွယ်တည် က ဘာဖြစ်လို့ ကျောင်းပြီးအောင် မတက်ခဲ့တာလဲ"

ချစ်မင်းဦး က ကြားဖြတ် မေးခွန်းထုတ်သည်။ နွယ်တည် က လှည့်ကြည့်ပြီး ပြုံးပြကာ ...



"ကျွန်မကို ရင်းနှီးတဲ့လူတွေ ခေါ်သလို နွယ် လို့ပဲ ခေါ်ပါ၊ အဟွန်း .. ကြိုးစားခဲ့တုန်းကတော့ ကြိုးစားသလို အရာထင်ပြီး ဆေးတက္ကသိုလ်တက်ခွင့်ရခဲ့တာပဲ၊ ဒါပေမယ့် စက္ကန်းအမ်ဘီမှာ ကျသွားတာလေ၊ စာမေးပွဲကျပြီဆိုကတည်းက ဆက်ကို မဖြေချင်တော့တာ"

"ဒါဆို မူလ နဲ့ ခဏလေးပဲ ဆုံခဲ့တာပေါ့"

ချစ်မင်းဦး စကားကြောင့် နွယ် မျက်နှာလေး ပျက်သွားကာ ခေတ် ကို လှည့်ကြည့်၏။

"ဒါပေမယ့် မူလ နဲ့ ကျွန်မ အရမ်းခင်ခဲ့တာပါ၊ Ph.D ဘွဲ့ရတဲ့နှစ်ကလည်း သူနဲ့ အင်္ဂလန်မှာ ပြန်တွေ့ကြသေးတယ်၊ နွယ့် အစ်ကိုက စင်ကာပူ Rafgle ဟိုတယ်လ်မှာ စာဖိုမှူးလေ၊ အဲဒီကနေ အင်္ဂလန် ထပ်ရောက်သွားတာ၊ မူလ တို့က ကျောင်းသူတွေဆိုတော့ ကျွန်မက အစ်ကိုကြီးဆီမှာနေရင်း အိမ်ရှင်လုပ်ပြီး သူ့အတွက် အများကြီး ကူညီခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဟင် .. မူလ နဲ့ သိပ်မရင်းနှီးရင် ဒီမှာ နေခွင့်မပေးနိုင်ဘူးလား"

"မဟုတ်ပါဘူးဗျာ .. ကျွန်တော်တို့က အိမ်ရှင်လည်း မဟုတ်ပါဘူး"

ချစ်မင်းဦး က ခေတ် ကို မေးဆတ်ပြရင်း နွယ် ပြောလိုက်တာကို ခေါင်းခါသည်။

"ကျွန်တော်တို့က ခေတ် ရဲ့သူငယ်ချင်းတွေပါ၊ ကျွန်တော်က ချစ်မင်းဦး၊ သူက အာကာ"

အိမ်ရှင်က နေဆိမ့်တော့လည်း ဧည့်သည်ချင်းပဲ ကိုယ့်ကိုယ်ကိုယ် ပြန်မိတ်ဆက်ရသည်။ အာကာ က သွားအဖြီးသားနှင့် ရှေ့နည်းနည်း ထပ်တိုး၍ ...

"ဒါဆို မနွယ် က အလုပ်လုပ်ဖို့ စိတ်ကူးနဲ့ လာတာပေါ့"

နွယ် က ခေတ် ကို လှမ်းကြည့်ပြီးမှ ခေါင်းညိတ်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်တွေကို ရင်ဘတ်ပေါ် ဆွဲယူလိုက်ပြီး ဖွဖွလေး ပွတ်သ
ကိုင်တွယ်ရင်း ...

"ဟုတ်တယ် .. ဆရာဝန် မဖြစ်ခဲ့ပေမယ့် ဘီအက်စ်ဘွဲ့တစ်
တော့ ရခဲ့ပါတယ်၊ မူလ ကလည်း သူ ကူညီမယ် လာခဲ့ဆိုလို့လေ
ရှင်းရှင်းဝန်ခံရရင် အလုပ်လုပ်ဖို့ထက် ခရီးသွားရတာ .. နယ်မြေသ
မှာ နေရတာမျိုးကို ကျွန်မက သဘောကျတာ"

"ဟွန်း .."

ခေတ် ဆီက ရယ်သံသဲ့သဲ့ကြောင့် တစ်ခုခု ပြောလိုက်တာလာ
ဆိုသည့် မျက်ဝန်းလေးတွေနှင့် နွယ် က လှည့်ကြည့်၏။

ရယ်ရလားလို့ အပြစ်တင်သည့်မျက်လုံးတွေ ခေတ် ဆီ ရော
လာတာကတော့ အာကာ့ ထံမှ ဖြစ်၏။ စိတ်ဆိုးသွားတာ တကယ်ပါ
ကြိုးစားနေတဲ့မိန်းမကို ရထားတော့လည်း သူ့အတွက် အချိ
မပေးနိုင်ရကောင်းလားဆိုပြီး မျောက် ငပိကိုင်မိသလို ဖြစ်နေတာ
ဘယ်က သည်ခေတ်လူ လဲ ..။

ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် နေတတ်ပါသည်လို့ ရိုးသ
စွာ ဝန်ခံတဲ့မိန်းမကျတော့လည်း ရွတ်ချသလိုလို ကဲ့ရဲ့သလိုလို ..
ဘယ်လိုမိန်းမမျိုးကို အထင်ကြီးချင်တာလဲ ..။

ဖျတ်ခနဲ ဖြစ်သွားသည့် မေးခွန်းတွေကို ပြန်ဖျောက်၍ အာကာ
က အခြေအနေကို ပေါ့ပါးစေကာ ...

"ဟုတ်လား .. ကိုယ်တို့လည်း ဒီလိုပါပဲ၊ ပညာဖြစ်ဖြစ် စည်းစိ
ဥစ္စာဖြစ်ဖြစ် လောဘလွန်လာရင် ပင်ပန်းတာပဲ၊ နွယ် ခုလို စိတ်ချ
သာတာကို ရွေးချယ်လိုက်တာ ကောင်းတာပေါ့"

ချက်ချင်းကြီး 'ကိုယ်'တွေ 'နွယ်'တွေ ဖြစ်ကုန်တော့ ချစ်မင်းဦ
ပါ မျက်နှာတွေ မသိမသာ ပင့်သွားသည်။ ခေတ် က အသံမထွက်
သွားတွေပေါ်အောင် ရယ်၏။





အာကာ တို့က ရင်းနှီးခွင့်တွေ ပြောင်ပြောင်တင်းတင်း ရယူနေ
သျှက် ...

"မူလ က ကူညီမယ်ဆိုတာတော့ အံ့ဩစရာပဲ၊ သူ့အလုပ်နဲ့
သူတောင် အရမ်းရှုပ်နေတာလေ"

"ရပါတယ် .. သူ့ကိုလည်း တတ်နိုင်သလောက် ကူရင်းနဲ့ သူ
ကူညီနိုင်မယ့် အားလပ်ချိန်တစ်ခုခု ဖြစ်တဲ့အထိ စောင့်မှာပေါ့၊ ခုလည်း
သူ ပြန်လာတဲ့အထိ နေရမှာ မျက်နှာတော့ ပူပါတယ်၊ ကျွန်မကို
လက်ခံချင်ရဲ့လား အစ်ကို .."

တည့်တည့်မေးလိုက်ကာမှ ခေတ် က ပြုံးယဲ့စမျက်နှာကို
တည်တည်ပြင်လိုက်ကာ ...

"သူ ခေါ်ထားတာဆိုတော့ ဖြစ်ပါတယ်၊ မင်း နေတတ်ဖို့ပဲ လို
တယ်၊ ဒီအိမ်ထဲမှာ အလုပ်သမားနှစ်ယောက်နဲ့ ငါပဲနေတာ၊ ဆောရီး
နော် .. မင်းနဲ့ မူလ အသက်တူလောက်ပဲ ထင်တယ်"

"ဩော် .. ရပါတယ်၊ မူလ နဲ့အတူတူပဲလို့ သဘောထားလိုက်၊
ဘာမှ မကွာဘူး"

ဟမ် ..၊

ပြောချလိုက်ပုံ၎

ထိုအခါကျမှ နွယ် က

အားလုံးကိုကြည့်ကာ

"အသက်မကျ

ခပ်အမ်းအမ်း

မင်းဦး က ပန်းတု

မလွယ်ဘူး

www.burmeseclassic.com



## အခန်း (၂၁)

မနက်အလုပ်သွားဖို့ သူ ဆင်းလာတော့ ထမင်းစားခန်းထဲ ဝ
မည့် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။

"ဘရိတ်ဖက်စ်ဆိုရင် အစ်ကိုက ဘာကြိုက်လဲဟင် ... နွယ် ကိ
လည်း ပြောပြထားလေ ဒေါ်အုံ၊ နွယ် က ချက်ပြုတ်တာ ဝါသနာ
တယ်"

"မဟုတ်တာကွယ် ... ညွှန့်သည်ကို မီးဖိုချောင်ထဲမှာမြင်ရ
ဒေါ်အုံ ကို မှုလေး တို့ ဆူမှာပေါ့၊ မလုပ်ပါနဲ့"

"ညွှန့်သည်လို့ သဘောမထားနဲ့ပေါ့၊ နွယ် က ဒီမှာ အကြာ
နေမှာ၊ မှုလ အကြောင်း နွယ် သိတယ်၊ ပညာသာ တော်တာ မီ
ချောင်မှာ သူ မကျွမ်းကျင်ဘူး၊ အဲဒါကြောင့် ကိုယ့်သူငယ်ချင်းကို
အစ်ကို့ကိုရော နွယ် ကောင်းကောင်း ပြုစုရင်း လက်စွမ်းပြချင်လို့

"မှုလေး က သိပ်တော့ မကျွမ်းကျင်ခဲ့ပေမယ့် အခုဆို တော်တေ
ဟုတ်နေပါပြီ၊ သူ့ယောက်ျားကို သူပဲ ပြုစုချင်လို့တဲ့လေ၊ အလုပ်ရှ
လည်း ရတဲ့အချိန်လေးမှာ ဝင်ချက်ရှာတယ်၊ ဘာပဲဖြစ်ဖြစ် သူ
ရုံးစိုက်မှသန်တော့ ဆိုင်လိုက်ရင် သိပ်အတတ်မြန်တာ"





"ကဲပါ ... ဟုတ်ပါပြီ ဒေါ်အုံ ရယ် ... နွယ် က မှုလ ကို ကဲ့ရဲ့
တယ်များ ထင်နေလား မသိဘူး"

"အို့ကွယ် ... မဟုတ်ရပါဘူး"

"ဒါဆိုလည်း အစ်ကို ဘာကြိုက်တတ်တယ်ဆိုတာ နွယ် ကို
ပြောပြထားစမ်းပါ၊ မှုလ က အမြဲတမ်း အားမနေဘူးဆိုတော့ မိန်း
ကလေး နှစ်ယောက် ကျွတ်ချိန်းပြီး ပြုစုရင် အစ်ကို ကောင်းကောင်း
စား ကောင်းကောင်းအိပ်၊ ပိုပြီး စိမ်မကျဘူးလား"

ခက်တော့တာပဲ၊ ဒီမိန်းကလေး ကိုယ့်စကားကို ဘယ်ရောက်လို့
ရောက်မှန်းမှ သိရဲ့လား ... ဒေါ်အုံ စိတ်တွေ လှုပ်ရှားကာ ထမင်း
ပန်းကန်ကို စားပွဲပေါ်ချလိုက်ပြီးမှ ပြန်ကိုင်မိလိုမိ ...။

"ယော ... အစ်ကို လာပြီ"

နွယ့် အသံလေး ယောက်ျားအတွက် ဖွယ်ဖွယ်ရာရာပြင်ရင်း
ဆောင့်မျှော်နေသည့် အိမ်ရှင်မတစ်ယောက်လို ကော်ဖီထည့်ထားသည့်
ကြွေကရားလေးကို တစ်ဖက်က မချသေးဘဲ ဒေါ်အုံ ချိတုံ့ချတုံ့ရှိနေဆဲ
ထမင်းကြော်ပန်းကန်ကို သူမပဲ ဆွဲယူ၍ ကိုယ်တိုင် တည်ခင်းသည်။

"ထမင်းကြော်ကတော့ ဒီနေ့ နွယ် မမီလိုက်ဘူး၊ ကော်ဖီကလေ
ယောက်ျားတွေ အခါးကြိုက်ကြတယ်ထင်လို့ နွယ် ဖျော်လိုက်တာ
နည်းနည်းခါးမယ် ထင်တယ်၊ အစ်ကိုက ဆိမ့်သက်လေးပဲ ကြိုက်တာ
ဆို ..."

"ရပါတယ်"

သူ ထိုင်လိုက်သည်နှင့် ပန်းကန်တွေကို ရှေ့မှာ စီရီ တိုးပေးကာ
ဘေးမှာ သူမက ထိုင်၏။

ရင်ဘတ်မှာ ပန်းပွင့်တွေကပ်ထားသလို စပ်ကျဲကျဲအပွင့်ကြီးတွေ
ပါသော အဖြူစံနှင့် ဆံပင်တွေကို ဘေးမဟုတ် နောက်မကျ
မြင့်မြင့်မှာ စပ်စောင်းစောင်း စည်းတင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုလေးတွေ သွက်နေသလောက် သူမရဲ့ ဆံပင်ဖျားလေး
က တဝေ့ဝေ့ လွှဲခါနေ၏။ ပြီးတော့ ရေမွှေးနံ့က တသင်းသင်း ...

"နွယ် ကို အားမနာနဲ့နော် အစ်ကို၊ ညီမလိုမဲ့ ဖြစ်ဖြစ် ခယ်မ
ဖြစ်ဖြစ် အဲ .. မရီးလို့ ပြောရမယ် ထင်တယ်၊ နွယ် က မူလ ထ
လပိုင်းလောက်တော့ ပိုကြီးတယ်၊ ဘယ်လိုဖြစ်ဖြစ်ပါ အစ်ကို
တရင်းတနှီးရှိမှ နွယ် ဒီမှာ နေရဲမှာပေါ့၊ နွယ့် ကိုလည်း တစ်မျိုးမထ
နဲ့နော်၊ ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် နွယ် က တရင်းတနှီး ခေါ်ပြ
တတ်တာ အကျင့် ..."

"ကောင်းတာပေါ့ .. မင်းလည်း လွတ်လွတ်လပ်လပ် နေပေ
ဘယ်သူ့အတွက်မှ ဝတ္တရားကျေဖို့ မလိုပါဘူး၊ ခဏဖြစ်ဖြစ် ကြာကြာ
နေနေ ဧည့်သည်က ဧည့်သည်ပဲလေ"

"ဟော .. နွယ် တို့ ပြောတာတွေ အစ်ကို ကြားသွားတ
ထင်တယ်၊ အဲဒါကြောင့် ပြောတာ၊ နွယ့် ကို တစ်မျိုးမထင်ပါနဲ့ဆိုတာ

"သမီးလည်း စားလေ"

သူမ ရှေ့ကို ဒေါ်အု က ထမင်းကြော်ပန်းကန် ချပေးပြီး သခ
ချဉ်နဲ့ ငရုတ်သီးကြော်လည်း ပါ၏။ နွယ် က စကားပြောနေရ
ဒေါ်အု ချခင်းတာတွေကို လှည့်ကြည့်ကာ ...

"အချဉ်က ဂင်ချိုလေးဆို ပိုကောင်းတယ် ဒေါ်အု ရဲ့၊ ငရုတ်
ကြော်တောင် မလိုဘူး၊ ရှိန်းရှိန်းလေး .."

"အဲဒါ ထုပ်ပိုးပြီးသားတွေဆို၊ မှုလေး က တစ်ခါတလေ
အလွယ်တကူ သုံးတာလေ၊ ဝယ်သိမ်းထားပြီး အကြိုက်စားတာ
မလုပ်ဘူး"

"ဩော် .. ခုခေတ်မှာ ဘယ်ဟာမှ လက်ဆတ်တယ်ဆိုတာ
တော့ပါဘူး၊ စားစရာကို ကိုယ်တိုင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်
ရှုပ်နေရမယ့်အချိန်နဲ့ ကိုယ့်အတွက် အရေးကြီးဆုံးအလုပ်ချိန် ဘာ





အရေးကြီးသလဲ၊ သူ့လို အမြဲတမ်း အလုပ်ရှုပ်နေတဲ့သူဆို ဒါတွေ
တောင် ဆောင်ထားသင့်တယ်၊ ကိုယ့်ယောက်ျားအတွက် အချဉ်လေး
အစပ်လေး ဖွယ်ဖွယ်ရာရာ ကျွေးလို့ရတယ်၊ ကိုယ်လည်း မပင်ပန်းဘူး၊
ကော့ အစ်ကိုက အစားရွေးများတာလား မသိပါဘူး"

"မဟုတ်ပါဘူး"

"မဟုတ်ပါဘူး သမီးရယ် .. မှုလေး က သူကိုယ်တိုင်လည်း
ရွေးများတာ မရှိဘူး၊ လူလေးကလည်း ဒီတိုင်းပဲ .. အစားအသောက်
တွေနဲ့ တစ်ခါမှ အဆင်မပြေ မဖြစ်ကြပါဘူး"

ပြောရင်း ဒေါ်အု အပြင်ကို ခပ်သုတ်သုတ် ထွက်ခဲ့မိသည်။ ဒီ
ထက် ကြာကြာနေလျှင် မပြောသင့်တဲ့စကားတွေ ဒီထက် ပိုပြောမိ
တော့မည်။

ဘယ်လိုမိန်းကလေးလဲလို့ အထပ်ထပ် တွေးမိရင်း အခန်းပြင်
ရောက်မှ ခြေစုံရပ်မိ၏။ မှုလေး တို့လင်မယား စားသောက်နေတိုင်း
သူမ အနားမှာ ရှိနေကျ ..။

ဒါပေမယ့် ပြန်ဝင်သွားရမှာလည်း လန့်နေမိသလိုပင်။ မနေ့ကမှ
ရောက်လာသည့် ဒီနေ့ တအား ရင်းနှီးနေပြီ ဖြစ်သည်။

ခေတ် က တည်တံ့နေတာတောင် မရင်းနှီးလို့ မရအောင် သူမ
ပုံစံက သွက်လွန်းနေသည်။ ဒါတောင် ပြောနေသေးသည်။

"မူလ မရှိမှန်းသိရင် မူလ ထွက်သွားတဲ့နေ့ကတည်းက နွယ်
ရောက်အောင် လာမှာပေါ့၊ အိမ်မှာ ပိုင်းကူမယ့်သူရှိရင် ဒေါ်အု လည်း
သက်သာမယ်၊ အစ်ကိုလည်း စကားပြောမယ့်သူရှိတော့ အလွမ်းပြေ
မှာ.."တဲ့။

တကယ့်စေတနာနဲ့လားတော့ မသိပါ၊ နားထဲမှာ ကြားလိုက်
သမျှကဖြင့် ကန့်လန့်ချည်းပါပဲ။

နာမည်က 'နွယ်တာဒို'တဲ့၊ နာမည်လည်း လှ၊ လူလည်း လှ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် တင်းကပ်နေသည့် အင်္ကျီစကက်တွေ ဝတ်ထားတာကြောင့် တစ်ကိုယ်လုံးက မယ်ဘွဲ့ပေးချင်လောက်အောင် ဆွဲဆောင်မှု ရှိနေ၏။

ရောက်သည့်နေ့က အပါးသား အသားရောင်လေးနှင့် ရင်ဘတ်မှာ ဘာမှမပါတဲ့အတိုင်း ...။

ဒီနေ့ကျတော့ စာအပါးက ရင်ဘတ်မှာ အပွင့်လိုကျဲကာ ပန်းပွင့်ကြီးတွေ ထပ်ကပ်ထားတာ မပါလျှင် ကြည့်လို့ ကောင်းပါ့မလား မသိ ...။

သူမလေး ဒီတိုင်းပဲ အမြဲ ဝတ်တတ်သလား၊ ဒါမှမဟုတ် ရောက်ကာစမို့ ဧည့်သည်ပီပီ လှလှပပလေး တစ်ခါတလေ ဝတ်တာမျိုးလား...။

ရင်လေးမိတာတော့ အမှန်ပါ။ အကဲခတ် သိရသလောက်ဆိုလျှင် မှုလေး အလုပ်ရှုပ်နေရခြင်းအတွက် ခေတ် နဲ့ အိမ်ထောင်ရေး သိပ်အဆင်ပြေပုံ မပေါ်။

ဒီလင်၊ ဒီမယားကြားမှာ ချောချောလှလှ သွက်သွက်လက်လက်လေး ဝင်လာသည့် နွယ် နဲ့တော့ ခက်ပါပြီ။

လူကြီးမို့ ကိုယ်က အုပ်ထိန်းသူ မဟုတ်ပေမယ့် ကြိုတင်တွေးမိရင်း ပူပန်နေမိသည်။

ပြောရှင့်မသာသည့်နေရာမှာ ဆိုတော့လည်း မတတ်နိုင်။

ဘာတွေ ဘယ်လိုဖြစ်လာနိုင်သည်ကို ကံကြမ္မာက လွှဲ၍ ...။





BURMESE CLASSIC .com

## အခန်း (၂၂)

"နွယ် ဝိုင်းကူပေးရမလား အစ်ကို"

အနားမှာ လာရပ်လိုက်သဖြင့် ခေတ် က မော့ကြည့်သည်။ ပန်းချိတ်ကြိုးလေးပဲ ပါသည့် အနက်ရောင်အသားပျော့ ညဝတ်အင်္ကျီနှင့် ဆံပင်တွေ ဖြန့်ချထားသဖြင့် မီးရောင်အောက်မှာ နွယ့် မျက်နှာလေးက ဖွေးနဝင်းမွတ်နေ၏။ သို့သော် သူ့မျက်လုံးတွေ သူမရဲ့မျက်နှာပေါ်က နေပဲ ဖျတ်ခနဲ ပြန်ရုတ်သိမ်းကာ ...

"ရတယ် ... မင်း ဗျင်းရင် ဗီဒီယို သွားကြည့်လေ"

"ဟင့်အင်း ... နွယ် က ထိုင်နေပြီး သူများ အလုပ်လုပ်နေရင် နွယ် မနေတတ်ဘူး၊ ပေးပါ ... စာရင်းအင်းလောက်တော့ နည်းနည်း ပြောပေးတာနဲ့ နွယ် လုပ်နိုင်မှာပါ"

ဘေးမှာပဲ နံဆွဲထိုင်သည်။ မျက်နှာအခိုက်မှာ ဆံပင်တွေ ပြုဆင်းလာတာကို လက်နဲ့သိမ်း၍ နောက်ပြန်ပို့လိုက်လျှင် ဆံဖျားတချို့က ခေတ် မျက်နှာဘေးကနေ ပြတ်ပြေးကြ၏။

"ဟွန့် ... ဆောရီးနော် အစ်ကို၊ နွယ် က စပ်စပ်စုစု ဝင်ပါတတ်တာရော၊ အလှအပကြိုက်တာရော အိမ်မှာဆို နာမည်ကြီးပဲ၊ အလှပြင်တာက ညအိပ်ရာဝင်ချိန်ထိဆိုတော့ မပြောဘဲ နေမလားနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောပုံလေးကြောင့် ခေတ် က ရယ်လိုက်ရင်း ခေါင်းညိတ်သည်။

"အစ်ကို .."

"ဟင်!..."

"အစ်ကို့ကို ညတိုင်း အလုပ်တွေ ဝိုင်းကူမယ်လေ၊ အစ်ကို့အလုပ်ထဲမှာ နွယ့် ကို အလုပ်တစ်နေရာ ထားပေးပါလား"

"အလုပ်ပေးရမှာက လွယ်ပါတယ်၊ ဒါပေမယ့် မူလ ရဲ့သူငယ်ချင်းဖြစ်နေတော့ နိုင်းရမှာ .."

"နိုင်းပေါ့ အစ်ကိုရဲ့ .. အစ်ကို့နားမှာ နီးနီးနေရရင် ပြီးတာပဲ"

ခေတ် ဖျတ်ခနဲ ငဲ့ကြည့်လိုက်မှ နွယ် က ပခုံးလေးကျုံ့သွားကာ..

"ရင်းနှီးတဲ့လူနဲ့ အလုပ်လုပ်ရတာ ပိုကောင်းတယ်လေ.အစ်ကိုရဲ့၊ အစ်ကိုက MD ဆိုတော့ လူသစ်ပေမယ့် နွယ် မျက်နှာမငယ်ရတော့ဘူးပေါ့ .. အဲဒါ ပြောတာပါ"

"ဘာသင်တန်းတွေ တက်ဖူးလဲ"

"မတက်ဖူးဘူး .. ကွန်ပျူတာတော့ အင်တာနက်ထိုင်ရင်း ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်တယ်၊ LCCI သင်တန်းလည်း တစ်လလောက် တက်ဖူးတယ်၊ ဒါပေမယ့် သူတို့ သတ်မှတ်တဲ့အချိန်တွေက နွယ် အားတဲ့အချိန်တွေ မဟုတ်တော့ သွားလာဖို့ လုံးပမ်းနေရတာ စိတ်ရှုပ်လာတာနဲ့လေ .."

မောက်စ်မှာ လက်တင်ရင်း ခေတ် က ပြုံးသည်။ စီးကရက်လက်ကြားညှပ်ထားရင်း ထိုလက်နဲ့ပဲ ခလုတ်တွေမှာ လှုပ်ရှားနေတော့ ဗိုင်ကို လှန်နေသည့် နွယ့် မျက်လုံးတွေ စုန်ချီဆန်ချီ ငေးလျက် ...

"အစ်ကို စီးကရက် လက်ကြားညှပ်ရင်း အလုပ်လုပ်နေတာ အရမ်းကြည့်ကောင်းတာပဲ၊ မူလ နဲ့အစ်ကို ညတိုင်း ဒီစားပွဲမှာပဲ အလုပ်လုပ်ကြတာလားဟင်"





"မလုပ်ပါဘူး .. သူက အိပ်ခန်းထဲမှာပဲ"

"ဟင်!... အံ့ဩစရာပဲ"

"ဘာဖြစ်လို့လဲ"

"လင်မယား ခုမှ ညားကာစ .. ပြီးတော့ အစ်ကိုက ချောတယ်လေ၊ တစ်နေကုန် တွေ့ကြရတာလည်း မဟုတ်ဘဲနဲ့ နွယ် ဆိုရင်တော့ အလုပ်လုပ်ရင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေလို့ ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘူး"

ခေတ် မျက်နှာ မပြုံးမရယ်နှင့် ဒသသတိတ်နေ၏။

"အစ်ကိုက ဆံပင်တွေ ပခုံးကျော်အောင် ထားတာ အရင်တည်းကလား"

"ဟုတ်တယ်"

"အစ်ကိုနဲ့လိုက်တယ် သိလား၊ အရပ်မြင့်ပြီး ကိုယ်လုံးသွယ်တော့ ဆံပင်ရှည်ပေမယ့် လူ့ပုံစံ ကြမ်းမသွားဘဲနဲ့ မင်းသားချောချောတာ"

"မြှောက်မနေနဲ့ နွယ် .. မင်း ပြောတဲ့ ပညာအရည်အချင်းလောက်နဲ့ ငါ့ကုမ္ပဏီမှာ နေရာကောင်းကောင်းပေးဖို့ မလွယ်ဘူး"

"အံမယ် .. မလုပ်ရတော့ ဘာဖြစ်လဲ၊ နွယ် က ညဘက် အစ်ကို့ကို ဝိုင်းကူပေးချင်လို့ တမင်ပြောတာ၊ နေရာကောင်းကောင်း မရလို့ကတော့ မလုပ်ပါဘူး၊ ချိမ့်ပြီဆိုကတည်းက ဂုတ်မဟုတ်ဘူး၊ ခေါင်(ဂေါင်)ကို ရမှ .."

စခရင်မ်ကို စူးစိုက်နေရင်း ခေတ် မျက်ခုံးတွေ မသိမသာ ကျုံ့သွား၏။

"နွယ် ရန်ကုန်ကိုလာတာ မူလ က အာမခံလို့ပါနော်၊ သူ ပြောတဲ့အတိုင်း နေရာကောင်းတစ်ခု ရဖို့က သေချာပြီးသား"

"မင်းက ဆေးကျောင်းတက်ထားဖူးတယ်ဆိုတော့ သူ့အလုပ်ထဲမှာ အဆင်ပြေမယ့်နေရာရှိလို့ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် .. အဆင်ပြေမယ့်နေရာလောက်ရဖို့အတွက် မအုပင်ကနေ တကူးတက တက်လာပါ့မလား၊ နွယ် တို့ သူငယ်ချင်းချင်းက နားလည်ပြီးသားပါ၊ ဘယ်လိုအလုပ်မျိုးကို နွယ် ဝါသနာပါတယ်ဆိုတာ မူလ သိတယ်"

"မော့ .. နေဦး .. အဲဒါ ပြန်ချထားလိုက်၊ မှားကုန်မယ်"

"အစ်ကိုက ပြောပြလေ"

စကားပြောရင်း နွယ် က ဖိုင်တွေကို ဟိုဆွဲဒီဆွဲ ကိုင်ဖို့ပြင်သည်။ ခေတ် က တားဆီး၍ ...

"မင်းကို သင်ပေးရမှာနဲ့ မင်းအကူအညီရမှာက မမျှဘူး၊ ခုလည်း ငါ မအားသေးဘူး"

"ဒါလည်း ကောင်းတာပဲ၊ အစ်ကို့ကို ထိုင်ကြည့်ပြီး နွယ် စကားများမေးမယ်"

နွယ် က ဘယ်ဘက်ကဖြစ်ဖြစ် မလွတ်အောင် ပြော၍ ပြောသမျှစကားတိုင်းက မရှင်းနိုးလို့ မရအောင်ပင် ...။

မူလ ထွက်သွားသည့်နေ့ကတည်းက ပူလောင်နေသည့် အိမ်ထောင်ရေးအကြောင်းကို တွေးမိတိုင်း သူ့ရဲ့ညများက စီးကရက်ထသောက်သိုက်၊ အပြင်မှာ ထွက်ထိုင်လိုက်နှင့် အမိပွာယ်မဲ့ခဲ့ရသည်။

ဒီညတော့ သူ ထလည်း မထဖြစ်၊ တွေးတော ပူလောင်ချိန်လည်း မရ၊ နွယ် ဆိုသည့် သူမ စကားများတာမှန်ပေမယ့် မေးတာတွေ ပြန်ဖြေရသည့်အလုပ်တစ်ခု တိုးကာ သေချာတွေးကြည့်လိုက်တော့လည်း ကျေးဇူးတောင် တင်ရမလိုလို ...။

ဆိုးတော့ မဆိုး ...။





## အခန်း (၂၃)

"ကျွတ် .."

ဖုန်းခေါ်တိုင်း မရတာကို ခေါ်သမထွက်သင့်မှန်း သိပေမယ့် မရတိုင်း တက်ခေါက်မိလိုက် စုတ်သပ်လိုက်နှင့် ဒီအခေါ်သကို ထိန်းချုပ်ဖို့ ရင်ထဲမှာ လစ်မစ်မရှိ ...။

ဖုန်းကို ကန်တောင်ပေါ် ပြန်တင်လိုက်ရင်း ဆုပ်ပြာရေတွေကိုပါ ဖွင့်ချပစ်လိုက်သည်။ ပြီးတော့ ရှာဝါဖွင့်၍ ကိုယ်ကို သန့်စင်ရင်း မှိတ်ထားသည့်မျက်လုံးတွေထဲမှာ မူလ အလုပ်လုပ်နေသည့်ပုံရိပ်တွေပဲ မြင်ယောင်နေခဲ့၏။

ထို့ထက် ပြည့်စုံအောင် ပြောရလျှင် အလုပ်တစ်ခုကို အာရုံစိုက်နေသည့် မူလ မျက်ဝန်းတွေထဲတွင် နောက်ပိုင်းမှာ ကျန်ခဲ့သည့် အချစ်အကြင်နာ၊ လွမ်းဆွတ်စရာ ဘာမှအရိပ်ထင်မနေခဲ့ခြင်း၊ ခေတ် ရေချိုးခြင်းပြီးဆုံးကာ တဘက်ဆွဲယူပတ်လိုက်တဲ့အထိ မူလ ရဲ့ ဥပေက္ခာမျက်ဝန်းတွေက ခွဲနေဆဲ ...။

သူမကို သတိရလို့ မြင်ယောင်မိတိုင်း ကိုယ့်စိတ်နဲ့ကိုယ် ဗမ်းဖွဲ့ကြည့်တာတောင် ကိုယ့်အတွက် သူမဆီမှာ အကြင်နာ မရှိပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူရယ် မှူလ ရယ်အတွက် အချစ်က ဤမျှဝေးကွာစွာ နုတ်ထွက်တည်ရှိနေလိမ့်မည်လို့ မထင်ခဲ့မိတာ အမှန်ပင်။

ဘေးခင်ပေါ်မှာ လက်တင်ရင်း မှန်ထဲကို စူးစိုက်ကြည့်နေပေမယ့် ကိုယ့်မျက်နှာကို မမြင် …။

မင်းကို အရမ်းချစ်တယ် မှူလ၊ ကိုယ် သေလောက်အောင် လွမ်းနေသမျှ မင်းကတော့ ကျေနပ်နေ ပျော်ရွှင်နေမှာပါ။

စကားသံတွေ အပြင်မထွက်သော်လည်း အံကြိတ်၍ ဖိပိတ်ထားသည့် နှုတ်ခမ်းလွှာတို့က မရိုတရို ရှုန်းကြွနေကြ၏။ တကယ်တမ်းကျတော့ သူမကို ချစ်လိုက်ပါ၊ လွမ်းလိုက်ပါလို့ ဘယ်သူကမှ တိုက်တွန်းခဲ့တာ မဟုတ် …။

ကာယကံရှင်ကိုယ်တိုင် စိတ်ညစ်လောက်အောင် ချစ်ပြီးရင်း ချစ်နေခဲ့တာသူ၊ ရှိနေတုန်းကထက် ဝေးကွာနေတော့ ပိုပြီး တမ်းတမိသည်။ ကိုယ် လွမ်းနေသလို သူ လွမ်းမှာမဟုတ်ဘူးဆိုတာ သိနေလို့ နာကျင်ရတာက သပ်သပ် …။ မလွမ်းဘဲ မနေနိုင်တာက တစ်မျိုး၊

သူမကို မြင်မြင်ချင်း သဘောကျခဲ့ပေမယ့် ဒီလောက်ထိ ဘယ်လို ချစ်မိသွားခဲ့မှန်း မသိ။ ဘယ်တုန်းကဆိုတာလည်း အဖြေမရှိခဲ့ဘဲ …

"ခေါက် … ခေါက် …"

တံခါးခေါက်သံကြောင့် သူ လှည့်ကြည့်လိုက်မိသည်။ တစ်ချိန်တည်းမှာပဲ ကြွေကန်ဘောင်ပေါ်မှာ ဖုန်းမြည်လာသဖြင့် ချက်ချင်း ဒီဘက်ပြန်လှည့်တော့ ဖုန်းနားကို ဘယ်လိုရောက်သွားမှန်း မသိ …။

"ခေါက် … ခေါက် … ခေါက်"

"အစ်ကို … အစ်ကို ရှိတယ်မို့လား"

ရေချိုးခန်းအပြင်ကနေ နှယ် တံခါးခေါက်တာရော ခေါ်တာပါ စုပြုံ အလုပ်ရှုပ်နေပေမယ့် ဖုန်းနံပါတ်ကို ငုံကြည့်ရင်း ရှုံ့မဲ့သွားသည့် ခေတ် ရဲ့အာရုံတွေက ဘာသံကိုမှ ဂရုစိုက်မိပုံ မပေါ် …။





"တောက် …"

ringtone မှာ ကိုယ်နှစ်သက်လို့ ထည့်ထားသည့် သီချင်းသံကြောင့် စိတ်တိုခြင်းက နှစ်ဆတိုး၏။ ကိုယ်ကြိုက်ခဲ့တဲ့ သီချင်းက ကိုယ့်ကို လှောင်ရယ်နေသည်သို့ …။

♪ – ရေစုန်တွေ ခြားနေပေမယ့် – ဖေါ်သံလေး နားထဲကြားသလိုပဲ –
– အသစ်တပြုသလား တွေးရင်းနဲ့ရင်မှာ – နှင် မေ့များတော်ခဲ့ပြီလား
– နိုင်ငံတော်ရှိဝေးနေပေမယ့် – နှင် ငုံ့မှား အမြဲတမ်း ရှိသလိုပဲ –♪

"အစ်ကို အထဲမှာ တစ်ခုခုဖြစ်နေသလား၊ အစ်ကို့အသံ ပေးလေ"

တံခါးထုလိုက်သံ ဝုန်းခနဲ ထွက်လာမှ ခေတ် ခေါ်သံတွေ တံခါးဆီ ပြေးဆောင့်သွားသလို …။

"ဘာမှမဖြစ်ဘူး … ဘာလုပ်မလို့လဲ"

"အစ်ကိုရယ် … ရေချိုးနေတာ ကြာလှပြီ၊ အအေးပတ်မှာ စိုးလို့ပေါ့၊ ခေါ်တာလည်း မထူးတော့ …"

"နှယ် … မင်း နေတတ်သလို နေပါ၊ ငါ့ကို မနှောင့်ယှက်ပါနဲ့ ကျေးဇူးတင်တယ်"

နှယ့် အသံလေး တိတ်သွားသည်။ ဖုန်းမြည်နေသည့် သီချင်းသံက ရပ်သွားလိုက် ပြန်ခေါ်လိုက် …၊

"ဟလို …"

"ဆရာ … အရမ်းအရေးကြီးတဲ့ကိစ္စရှိလို့ ခေါ်တာပါ၊ စိတ်မဆိုးပါနဲ့ ဆရာ၊ မနက်ဖြန် ကုမ္ပဏီအစည်းအဝေးမှာ စင်ကာပူ ကိုယ်စားလှယ်က ကျွန်တော်တို့ ပျောက်သွားတဲ့ စာရွက်စာတမ်းတွေ အမြန်ပို့လိုက်မယ်လို့ မက်ဆေ့ချ် ရောက်တယ်"

"မနက်ဖြန် … ဟုတ်လား"

"ဟုတ်တယ် ဆရာ … သူ ပို့လိုက်ပြီ ထင်ပါတယ် ဦးဝင်းညွန့်



www.burmeseclassic.com

www.burmeseclassic.com



ကို သူပြောတဲ့အတိုင်း လက်ရဖမ်းပေးထားတယ်ဆိုတော့ ကျွန်တော်တို့ ဆရာကိုယ်တိုင် ဘယ်လိုတုံ့ပြန် အကြောင်းကြားလိုက်ရမလဲ"

"အဲဒါ မလိုသေးဘူး၊ စာရွက်စာတမ်းတွေ ရောက်လာရင် ငါ မရှိသေးလို့ မစစ်ရသေးဘူးပဲ ပြောလိုက်"

"ဟုတ်ကဲ့"

"အစည်းအဝေးကို တစ်ရက် ထပ်ရွှေ့ထား၊ မနေ့ကလည်း မနက်ဖြန်အမီ ပြန်ရောက်မှာ မဟုတ်ဘူး"

"အစည်းအဝေး ရွှေ့မယ့်အကြောင်း ကိုယ်စားလှယ်ကို …"

"ထွန်းထွန်း …"

"ဗျာ …"

"ငါမှာတာကို လုပ် … ပြန်မမေးနဲ့၊ မနက်ဖြန် ဖုန်းလည်း မဆက်နဲ့၊ လိုအပ်တာ အတွင်းရေးမှူး စီစဉ်သွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

မျှော်နေသည့်ဖုန်းက မလာဘဲ မမျှော်တာက ဝင်လာတော့ အလိုလိုနေရင်း အထာမကျသည့်စိတ်က ပိုဆိုးသွားသည်။

မနက်ဖြန် မူလ ပြန်လာမှာမို့ သူမအတွက် လက်ဆောင်ဝယ်မည်၊ သွားကြိုရင်း အမှတ်တရ ပေးချင်၏။ လွမ်းနေရသည့်အခါ စိတ်တို့ရ ကြေကွဲရတာတွေကြောင့် လူက နာလန်မထူပေမယ့် ပြန်လာတော့မယ်ဆိုတော့လည်း ကျေနပ်မိပြန်၏။

ဒါကြောင့် မနက်ဖြန်အတွက် ဒီနေ့တည်းက ကုမ္ပဏီကအလုပ်တွေကို သူ ဖြတ်ခဲ့သည်။ သူ့အတွက် မနက်ဖြန်ကို ရင်ခုန်နေရသမျှ မူလ ဆီက ပြန်လာမည့်အကြောင်း တစ်စုံတစ်ရာသော ဆက်သွယ်ချက်လေးဖြစ်ဖြစ် ရောက်မလာသင့်ဘူးလား …။

ဒီတစ်နေ့လုံး ဖုန်းကို သူ သွားလေရာ သတိတရ ဆောင်သွားခဲ့သည်။ ရေချိုးခန်းထဲထိ မယူခဲ့ဘူးဘဲ ဒီနေ့ ယူလာခဲ့မိ၏။





အဲဒီလို မင်း ကြင်နာတတ်တာ ကိုယ် သိတော့ သိပါတယ်၊ ဒါပေမယ့် …

ခေါင်းက တဖောက်ဖောက်ကျနေသည့် ရေစက်တွေကို လက်နှစ်ဖက်နဲ့ သပ်ချထုတ်ပစ်ရင်း ဒီတိုင်းပဲ သူ အပြင်ထွက်လိုက်သည်။

"အစ်ကို …"

နှယ် က အခန်းရှေ့မှာ …၊

စောစောတည်းက ထွက်မသွားခဲ့တာလား၊ ခုပဲ ရောက်လာတာလား မသိ …။ သူ့မျက်နှာကနေ ဆံပင်တွေဆီ မော့ကြည့်၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ …

"ခေါင်းမှာ ရေလည်း မသုတ်ဘူး၊ ဘာသံမှ မကြားဘဲ ငြိမ်နေကတည်းက ရေချိုးပြီးပြီမှန်း နှယ် သိသားပဲ၊ အဲဒါကြောင့် စိုးရိမ်လို့ အစ်ကို့ရဲ့ အအေးအငေါက်ခံပြီး စောင့်နေတာ"

ပြောပြီး ခေါင်းလေးငုံ့လိုက်တာ မျက်နှာသုတ်ပဝါကို ကမ်းပေး၏။ ခေတ် က မယူဘဲ နောက်ဆုတ်ရပ်လိုက်ရင်း …

"ဟုတ်တယ် … ကိုယ် ဒေါသထွက်နေတယ်၊ အဲဒါ မင်းနဲ့ မဆိုင်ပေမယ့် မနေတတ်ရင်တော့ ဒေါသက မင်းဆီ ရောက်လာမှာပဲ၊ အထဲမှာ ပဝါတွေ ရှိတယ်၊ နောက်ကို ရေချိုးခန်းအပြင်ကနေ ရပ်စောင့်တာမျိုး မလုပ်ပါနဲ့၊ မင်းအတွက် ပြောတာ"

ကိုယ်မှာ တဘက်ပတ်ထားသည့်ပုံစံနှင့် ခေတ် သုံ့မသားကနေ ရှောင်ထွက်လာခဲ့လျှင် ပဝါကိုင်လျက် နှယ် ဒီတိုင်း ကျန်ခဲ့၏။

မြင်ကွင်းကို ထောင့်တစ်နေရာကနေ မသိမသာ ချောင်းကြည့်နေခဲ့သည့် ဒေါ်အုံ ကိုယ်ကို နောက်ပြန်ရှိလိုက်ရင်း သက်ပြင်းရှည်ကြီး ချသည်။

တော်သေးတာပေါ့ …။

ပြီး



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

"မင်း ဘာလုပ်နေတာလဲဆိုတာ ငါ သိပါတယ်ကွာ .. မိန်းမကို သွားကြိုမလို့ ဆပ်ပြာမြှုပ်မဟုတ်ဘဲ ရေမွှေးကန်ကြီးလုပ်ပြီး ဝင်စိမ်နေပြီမို့လား"

ခေါင်းငြိမ့်နေရင်း သူ ပြုံးလိုက်မိသည်။

"ဖုန်းတွေ ခေါ်တာလည်း သတိထား အာကာ၊ ငါ့မိန်းမဖုန်း မှတ်လို့ ကိုင်လိုက်ပြီး မဟုတ်ရင် လူသတ်ချင်စိတ် ပေါက်ပေါက်လာတယ်"

ဘီးကို မှန်တင်ခုံပေါ် ပြန်တင်၍ အိပ်ရာပေါ် နောက်ပြန်ထိုင်ကာ ...

"ရေလည်း ချိုးပြီးပြီ၊ အကျီလည်း လဲပြီးပြီ၊ ခုပဲ အပြင်ထွက်တော့မလို့"

"ဟ .. မင်းမိန်းမက .."

"ဟုတ်တယ် .. သူ့အတွက် လက်ဆောင်ဝယ်ပြီး သွားကြိုရင်းပေးမှာ"





"အစီအစဉ်ကတော့ ဝွတ်ဒ်တယ်ကွာ .. မူလ ကရော မင်းအတွက် ဘာတွေ ဝယ်လာမယ်ပြောလဲ၊ ဘယ်နှယ်လဲ .. ဝေးနေကြတော့ လွမ်းတတ်သွားပြီမို့လား"

ပြုံးနေသည့် ခေတ် မျက်နှာ ဖျင်းခနဲ ပူဆွေးသွား၏။ ဖုန်းကိုင်ရင်းနှင့်အသွားသလိုရှိလျက် ချက်ချင်း ဘာမှပြန်မပြောနိုင် ..။

"ငါ ပြောသားပဲ .. အချစ်ဆိုတာ ဝေးကွာသွားမှ သိတာမျိုးပါ၊ ဟောကောင် အရှိန်ဆွဲမနေနဲ့၊ သူ့ပါးစပ်က လွမ်းတာဆွေးတာတွေ ထွက်ကျလာတာနဲ့ ချစ်သလားလို့ တစ်ခါတည်း မေး၊ ကိုယ့်မိန်းမကို မြန်မြန် ရည်းစားစကားပြောရတာ ပိုဝွတ်ဒ်တယ်ကွ၊ ရင်ခုန်သံတွေ မြန်လာသလောက် မင်း အပီကဲလို့ ရတယ်"

အလိုက်ကမ်းဆိုးမသိ ပြောလေခြင်းလို့ အပြစ်တင်ရမည့်အစား အာကာ့ စကားသံတွေက နှလုံးသားတစ်ခုလုံး အရင်းအမြစ်မကျန် ပြုလဲအောင် အမှည့်ခြွေ ခြွေနေသလိုပင် ..၊

စကားစ ရှာမရတိုင်း ဖုန်းက ဘယ်လက်မှ ညာလက် ..၊ ပြီးတော့ ညာမှ ဘယ်သို့ ပြောင်းပြီးမှ ...

"ငါ အပြင်သွားတော့မလို့ .. ဒါပဲ"

"ဟာ!... ဟေ့ .."

အာကာ့ အသံ ပြေးလွှားကျန်ရစ်ခဲ့၏။ ဖုန်းကိုင်လျက်နှင့် ခေတ် အိပ်ရာထက်မှာ ကန့်လန့်ဖြတ်ကြီး ပက်လက်လှန် လှဲလိုက်သည်။

လက်ထပ်ပြီးစက ဘာဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့ဆိုတိုင်း ရင်ဖွင့်ဖြစ်သည်။ နောက်ပိုင်းမှာတော့ ဝေဖန် အကြံပြုတာတွေလည်း မကြားလို မသိလို ဖြစ်လာခြင်းကြောင့် ဘာမှ မပြောဖြစ်တော့ပေ။

အနီးဆုံးက အာကာ ပဲရှိကာ အာကာ တောင်မှ လက်ရှိ သူ့ခံစားချက်တွေကို မသိခဲ့။ မျှော်လင့်မှန်းကျုပ်လာခြင်းတွေက အချစ်တစ်ပွဲ စစ်ပွဲတစ်ရာဆိုတဲ့အတိုင်း ..။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို .."

အခန်းအပြင်က တံခါးခေါက်သံဖွဖွ ခေါ်သံ တိုးတိုးလေးနှင့်

"အစ်ကို အပြင်သွားမှာဆို နှယ် ကို ဒဂုန်စင်တာမှာ ဝင်ထား

ခဲ့နော်၊ နှယ် ပြင်ထားပြီးပြီ"

သူ ဘာမှ ပြန်မပြောသေးခင် သူမ ပြန်ထွက်သွားသံ ကြားလို

ရ၏။

မနေ့က ပြောလိုက်မိသည့်စကားအတွက် နှယ် တစ်ညလုံး မျ

နာမကောင်းပေ။ သူလည်း အလုပ်စားပွဲ မထိုင်တော့ သူမနဲ့ စကာ

မပြောဖြစ်ခဲ့ ..။

တောင်းပန်ဖို့ စိတ်ကူးမိတာလည်း စိတ်နဲ့လူက မကပ်တော့

ဒီတိုင်းနဲ့ပဲ အမှတ်တမဲ့ ဖြစ်သွား၏။ မူလ ပြန်ရောက်လာမှပဲ ဒါ

ပြောပြပြီး တောင်းပန်ဖို့ စိတ်ကူးလိုက်၏။

ပြီးတော့ ညာဘာစိတ်လေး ဖျတ်ခနဲဝင်လျှက် ဒဂုန်စင်တာ

ပေးဖို့ပါ ဆုံးဖြတ်ရင်း လှဲနေရာကနေ ထထိုင်လိုက်မိသည်။

ထိုစဉ်...

"လူလေးရေ .. မူလေး ပြန်ရောက်လာပြီ"

ဟင်!...

ကိုယ့်နားကိုတောင် မယုံ ..၊

ပြန်လာမယ် ပြောတဲ့အချိန်က ဒီအချိန် မဟုတ်။

ဖျတ်ခနဲ ခုန်ထကာ တံခါးဆွဲဖွင့်လိုက်တော့ သတင်းပေး

အပြေးအလွှား ပြန်လှည့်သွားသည့် ဒေါ်အုံ ကျောပြင်ကို မြင်လိုက်

သည်။

မပြေးရုံတမယ် သွက်ခြေလှမ်းတွေ မြန်ဆန်သွားခဲ့ပြီး ဧည့်ခန်း

ရောက်မှ မူလ ဝင်လာတာနှင့် ပက်ပင်းတိုး၏။

"မောင် .."





မူလ မျက်နှာလေးက ပို၍ ဖြူနုစိုပြေလျက် တင်းပြည့်သည့်

နှုတ်ခမ်းသားလေးတွေက နီမြန်းနေ၏။ ဘယ်နေရာမှာဖြစ်ဖြစ် အဖြူ

ရောင်ကုတ်ကို ဝတ်ထားတတ်သည့် သူမကိုယ်မှာ အဝါအနက်ခံ

ပါတိတ်ဝတ်စုံနှင့် အဖြူရောင် ကုတ်အကျီရှည်က ဒီနေ့ ပို၍ တင့်တယ်

နေသည်။

မျက်နှာရဲ့ ဘေးနှစ်ဖက်မှာ ကပိုကရို ဝဲကျနေသည့် ဆံစလေး

တချို့ကြောင့် ခရီးပန်းသလို ပုံစံလေး ဖြစ်နေတာပဲ ရှိသည်။

ဆံပင်ရှည်တွေ နောက်မှာ ကလစ်နဲ့ စုညှပ်ထားသဖြင့် ဘာမှ

မပြောင်းလဲဘဲ ပိုလှနေသည်။

ခေတ် ကတော့ လှနေသည့် မူလ ကို ငေးမိတာက နာကျင်သည့်

မျက်ဝန်းတွေနဲ့ ...

"မင်း ဒီအချိန် မဟုတ်ဘဲနဲ့ .."

"ဟုတ်တယ် မောင် .. အဖွဲ့က စီစဉ်ပေးထားတဲ့ ဖလိုက်က

အခက်အခဲရှိနေလို့၊ ဖလိုက် ပြောင်းသွားတာ"

"အဲဒါကို ဖုန်းဆက်လို့ ရတာပဲ"

"မောင် အလုပ်ရှုပ်မှာ စိုးလို့ပါ"

"အဲဒီ အလုပ်ရှုပ်ရမယ့်နေ့ကို ကိုယ်က စောင့်နေတဲ့သူ .."

"မောင်ရယ် .. မေမေတို့ဆီက ဖုန်းဝင်လာတော့လည်း ဖေဖေ

သွေးတိုးနေတယ်ဆိုတော့ ဒီကလူတွေ အလုပ်ရှုပ်မှာပဲလို့ မူလ တွေး

လိုက်မိလို့ပါ"

ပြောနေရင်း မူလ က အောက်ထပ် အိပ်ခန်းဆီကို ဝင်သွားသည်။

လက်ဆွဲအိတ်နဲ့ ဆလင်းဘက်ခ်လေးပဲ ကိုင်ထားလျက် အဝတ်

သေတ္တာကို နနနဲ့ ဒေါ်အုံ တို့က အထဲသွင်းကြဖို့ လုပ်နေကြ၏။

သူ မူလ နောက်တနေ တစ်လှမ်းချင်း လျှောက်ဝင်လာခဲ့ရင်း...

"အန်တီတို့ ဖုန်းဆက်တော့ မင်းရဲ့ဖုန်းက တန်းတန်းမတ်မတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသားပဲ"

မူလ က အိတ်နဲ့ ဆလင်းဘက်ခ်ကို ဗီရိုအောက်ဆုံးထပ်မှာ သွားထည့်ပြီးမှ ပြန်လှည့်ကြည့်၍ ...

"ပြန်မယ့်ညကလေ .. မောင့်ဆီကဖုန်းမှတ်လို့ ရေချိုးနေရင်းကမန်းကတန်း ပြေးကိုင်လိုက်တာ"

"အဲဒီနေ့ မဟုတ်တဲ့ အရင်နေ့တွေကရော ကိုယ် ဖုန်းဆက်တာတွေ မင်း မကိုင်တာ ထား၊ ပြန်ဆက်ဖို့ကိုလည်း မေ့နေတာပဲလား"

"တစ်ခါပဲ မကိုင်လိုက်တာပါ၊ အဲဒါလည်း ပရယ်တီကယ်လ်ပြီးတော့ မူလ ပြန်ခေါ်ဖို့ ကြိုးစားသေးတယ်၊ ဒီကပါသွားတဲ့ ဟန်းဆက်နဲ့ ဟိုမှာ ကွန်နက်ရှင်မကောင်းဘူး မောင်၊ လေဆိပ်က ထွက်ကတည်းက ဟိုကခေါ်ရင် အရမ်းခက်တာ၊ အပြင်မှာ ဖုန်းဆက်ဖို့ကလည်း .."

"မလွယ်ဘူးပေါ့"

"တကယ်ပြောတာပါ မောင်ရယ် .. မောင့်အတွက် မူလ လက်ဆောင်ဝယ်လာတယ်၊ ဒီတစ်နေ့လေးတော့ မူလ ကို မကျေနပ်စရာအကြောင်းတွေနဲ့ မျက်နှာကြီး ပုပ်သိုးမထားပါနဲ့တော့"

ရှေ့မှာ လာရပ်ပြီး ပြုံးပြနေတော့လည်း ခေတ် မျက်နှာ အလိုလိုပြေကျသွားခဲ့ရလျက် ...

"ကိုယ် လိုချင်တာ လက်ဆောင်မဟုတ်ဘူး မူလ၊ မင်း ခုထိပြောဖို့မေ့နေတဲ့ 'မောင့်ကို လွမ်းလိုက်တာ'ဆိုတဲ့ စကားတစ်ခွန်းပဲ"

မူလ က သွားလေးတွေပေါ်အောင် ရယ်လိုက်ပြီး သူ့ရင်ဘတ်ကို ဖွဖွလေး လက်တင်၍ ...

"လွမ်းလို့ မောင့်အတွက် လက်ဆောင်တွေ ဝယ်လာတာပေါ့၊ ခဏလေးနော် .. အင်္ကျီလဲပြီးရင် ထုတ်ပြမယ်"

မူလ က မှန်ရှေ့ပြန်လှည့်ပြီး ကုတ်အင်္ကျီလေးကို ချွတ်လိုက်၏။





ဒါပေမယ့် သေချာ မချွတ်ရသေးခင် ခေတ် က နောက်ရောက်လာပြီး အင်္ကျီအဖြူလေးကို ဆွဲချွတ်ပေးလိုက်သည်။ ပြီးတော့ သူမကိုယ်လေးကို သိမ်းကျုံးဖက်လိုက်ရင်း နူးမွှတ်သည့် ဂုတ်သားလေးမှာ မျက်နှာပိနှစ်၍ အလွမ်းသယ်၏။

မူလ သူ့ရင်ခွင်ကျယ်ထဲမှာ ကျောကပ်လျက်သားလေးနှင့် ပခုံးလေးနှစ်ဖက်ကျုံ့ကာ မျက်လုံးတွေကို အလန့်တကြား မှိတ်ပစ်မိသည်။

အိမ်ထောင်သည်ဆိုပေမယ့် ရည်းစားဦးနဲ့ချိန်းတွေ့သည့် အပျိုဖြန်းလေးလို သူ နမ်းလိုက်တိုင်း လူက ဓာတ်လိုက်ခံလိုက်ရသလို အမြဲတမ်း ..။

ရင်ခုန်သံတွေ ကြီးစိုး လွှမ်းမိုးဖို့ ကြိုးစားနေဆဲမှာ မူလ အိတ်ထဲမှာ ဖုန်းခေါ်သံလေး မြည်၏။

"မောင် .."

"ထားလိုက်ပါကွာ .. မသိတတ်တဲ့သူက ဆက်နေတာ"

ကုတ်အင်္ကျီအဖြူလေးနဲ့ လူကို ရောသိမ်းဖက်ထားတာမို့ သူ့လက်ဖျံပေါ်မှာ လုံးထွေးနေသည့် အင်္ကျီထဲကဖုန်းကို မူလ ဘယ်လိုယူရမှန်း မသိ ..။

"အရေးကြီးတဲ့ဖုန်း ဖြစ်နေမှာစိုးလို့ပါ၊ ခဏလေး ပြောမယ်နော်"

"ဟာ!..."

ဖက်ထားသည့် လက်တွေကို ဖြည်လွှတ်ပေးလိုက်ပေမယ့် စိတ်တိုသွားခြင်းကြောင့် လက်က နဖူးပွတ်လိုက် ဆံပင်သပ်လိုက်ဖြစ်၏။

ဘယ်က ဖုန်းလဲ ..၊ ဒီလောက် အရေးကြီးနေတာ ..။

သည်းခံလိုက်ဖို့ စိတ်ကူးသည် သည်းခံစရာမလိုဟု ချက်ချင်းပြင်ဆင်ချက်ထွက်လျက် 'ဟလို'ထူးနေသည့် မူလ လက်ထဲက ဖုန်းကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် .."

ဖုန်းကို ပြန်ဆွဲမလို့ ပြင်သည့်လက်လေးတွေကို ကျောပေးရှောင်လိုက်ပြီး နားထောင်လိုက်လျှင် ...

"သမီးရယ် .. မေမေ့အိပ်ခန်းထဲ ဝင်အိပ်ပြီး မျက်မှန်ဘူးနဲ့ သမီးဆရာအတွက် လက်ဆောင်ဘူး မှားယူသွားတာ ခုထိ မသိသေးဘူးလား၊ ကိုယ့်အိမ်ကျမှ နားပါဆိုတာ ခဏလေးပဲဆိုပြီး အိပ်တယ်၊ ပြီးတော့ လောလော လောလောနဲ့ ဟိုဟာမေ့ ဒီဟာမေ့ .."

ခေတ် မျက်မှောင်ကြီး တွန့်ကုတ်သွားလျက် မူလ ကို ပြန်ကြည့်သည်။ မေမေက ဘာပြောမှန်း မသိပေမယ့် သူ့အကြည့်ကြောင့် မူလ ထိတ်ခနဲတော့ ဖြစ်သွား၏။

ခေတ် မေးရိုးနှစ်ဖက် တင်းခနဲဖြစ်ကာ ဖုန်းနားထောင်ရင်း ပြတင်းပေါက်နား လျှောက်သွား၏။

"သမီး အခု အိမ်ပြန်ရောက်ပြီလား၊ ဆရာ့အိမ် လက်ဆောင်ဘူး အရင်ဝင်ပေးဦးမယ်ဆိုပြီး ပြန့်လည် လာမယူဘူး .."

ဆက်လက် နားထောင်နိုင်စွမ်းမဲ့သွားကာ ခေတ် နားမှာ ကပ်ထားသည့်ဖုန်းကို လက်ဆန့်ချရင်း အနားပေးလိုက်၏။ စကားသံတွေ ဆက်လက် ထွက်ပေါ်နေဆဲ ဖုန်းကို လိုက်ငုံ့ကြည့်ကာ မူလ မျက်နှာလေး ပျက်လျက် ...

"မေမေ ဘာတွေ ပြောနေတာလဲ၊ မူလ ကို ခဏပေးပါ"

"ခွမ်း .."

"မောင် .."

ကြမ်းပြင်နဲ့ ပစ်ဆောင့်ကာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားသည့် ဖုန်းကို ကြည့်ကာ မူလ ကိုယ့်မျက်စိကို မယုံနိုင် ..၊

ပြီးတော့ ခေတ် မျက်နှာကို ကြည့်မိတော့ တစ်ခါမှ မမြင်ဘူးခဲ့သည့်အတိုင်း ...





"မောင် .. ဘယ်လိုလုပ်လိုက်တာလဲ"

"မင်း မြင်တဲ့အတိုင်းပဲ .."

ခေတ် မျက်နှာတစ်ပြင်လုံး ခရမ်းရင့်သီးမှည့်ထက် အရောင်ရင့်၏။ အသံတွေ တုန်ခါနေခြင်းကို တွက်ခြင်းအားဖြင့် ဒေါသကို ဘယ်သောက်ထိ ထိန်းချုပ်ထားနေရမှန်း ပြောဖို့မလို ..။

"မင်း မြင်တယ်မို့လား .. မင်းရဲ့ဖုန်း ကြေမွသွားတာ၊ နိုင်ငံခြားမှာ ဒေါ်လို့ ရရမရရ၊ ပြောလို့ ဖြစ်ဖြစ်မဖြစ်ဖြစ် မင်း မက်မောစွာ ...တ်တွယ်ထားခဲ့တဲ့ ဖုန်း၊ မင်းရင်ထဲက သတ်မှတ်တဲ့ တန်ဖိုးအတိုင်း ...ရမ်းအဖိုးတန်တဲ့ ဖုန်းပဲ၊ အခု ကြေမွသွားပြီ၊ ဘာလဲ .. ရင်နင့်သွားပြီ...ား၊ ငါနဲ့ ဆက်သွယ်ပြောဆိုဖို့ကလွဲရင် မင်းအတွက် အရမ်း အသုံး...င်နေတာလေ"

"တော်တော့ မောင် .. မောင့်ဆီက အဲဒီလိုစကားတွေ မူလ ...ကြားချင်ဆုံးပဲ"

"မကြားချင်တာတွေပဲ ငါ ပြောမိအောင် မင်း လုပ်နေတာ ...ည့်ပြော .."

"အခု မေမေ့ဆီက ဖုန်း၊ အလုပ်နဲ့ ဘာမှမဆိုင်ဘဲနဲ့ .."

"အလုပ်ထက် အရေးကြီးတဲ့ မင်းရဲ့ နောက်ထပ် အရေးကြီး ...တစ်ခု ငါ တွေ့သွားလို့ မခံစားနိုင်တာ ငါ့အဖြစ်က ဘာနဲ့တူနေသလဲ ...သိလား .. ပုံနိုင်းရင် ရိုင်းမယ်၊ နွားဆန်ဆန် ငတုံးတွေလို 'ကိုယ့်ခြံဝင် ...ကိုယ့်နွား' လို့ သဘောပိုက်ပြီး မင်း ပြန်လာမှာကိုပဲ ထိုင်စောင့်နေခဲ့ ...ရတယ်၊ ဘယ်နိုင်ငံ၊ ဘယ်အရပ်ရောက်နေနေ ဖုန်းပြောခွင့် မရှိ၊ ...ိုဆောင်ကြိုယူခွင့် မရှိ .."

"အဲဒါတွေရော ဘာဆိုင်လို့လဲ၊ မေမေရယ် ဒီဖုန်းရယ် ရှင် ...ဘာကို မကျေနပ်တာလဲ"

"ကျန်သေးတယ် မူလ .. မင်းကိုပါ မကျေနပ်တာတွေ အခု



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ၊ မင်း ပြန်လာမယ့်နေ့အတွက် ငါ အများကြီး ပြင်ဆင်ပြီး ရင်ခုန်နေခဲ့တယ်၊ အဲဒီ နာရီ မိနစ်တွေအတွက် မျက်တောင်ခတ်ရင်း ကုန်သွားမယ့်အချိန်တွေဝါ ငါ တွက်ပြီးမှ နှမြောနေသေးတယ်၊ မင်း ရောက်လာတော့ တလွဲ ..”

“အဲဒါ မောင့်ကို ပြောပြီးပြီပဲ”

“ဘာပြောတာလဲ .. အဓောကြီး မြန်မာပြည်ပြန်ရောက်နေပြီး မင်းအမေအိမ်မှာ တရေးတမော ဝင်အိပ်ခဲ့တဲ့အကြောင်းလား”

ဟင်!...

မူလ ရဲ့ ဒေါသမျက်နှာလေး ကွက်ခနဲ ပျက်၏။ ပြန်မော့လိုက်ရင်း မျာပျာသလဲ တောင်းပန်ဖို့ပေမယ့် ...

“ဒီလမ်းဆဖြတ်ရင် ဒီဇရပ်မှာ တစ်ထောက်နားမယ်ဆိုတဲ့ နားရိုးရာအစဉ်နလောက်နဲ့ မင်း ငါ့ဆီပြန်လာတာ၊ မိဘအိမ်ကို ဝင်၊ အသိမိတ်ဆွေတွေကို လှမ်းအောင် လက်ဆောင်လိုက်ပေးပြီးမှ ငါ့ကို သတိရလို့ ဝယ်လာတယ်ဆိုတဲ့ လက်ဆောင်ကို ..”

“ခဏလေးပါ မောင် .. မူလ ရှင်းပြပါရစေ”

“နေပါ .. မင်း လက်ဆောင်ပေးဖို့ သတိရတဲ့လူစာရင်းထဲမှာ ပါခွင့်ရတဲ့အတွက် ကျေးဇူးပါပဲ”

“မောင် ..”

ခေတ် အခန်းထဲက ထွက်ခဲ့သည်။ ကိုယ့်ခြေလှမ်းတွေကို ပြန်ငုံ့ကြည့်ရင်း ရက်လည်း ရက်မိပါ၏။ မိန်းမနဲ့ ဒီလိုအကြောင်းအရာတွေနဲ့ပဲ ခဏခဏ စကားများ ...။

ဒီခြေလှမ်းမျိုးတွေနဲ့ပဲ သူ ထွက်ခဲ့ရတာ အကြိမ်ကြိမ် ...။

သူမရဲ့ တောင်းပန်ဖာထေးသော စကားသံတွေကို ကြားလိုက်တိုင်း အားလုံးသော ဆုပ္ပက်ခြင်းတွေက ဖြစ်ပျက်သဘောတရားများထဲမှာ ပြီးဆုံးခဲ့ရတာတွေရော ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါလဲ ...။





ဒါဆို သူ မိန်းမတစ်ယောက်လို စိတ်ကောက် သဝန်တို .. ပြန်ချော့တော့ မော့တာပြုး ...၊

သူ ဘာနဲ့တူနေပြီလဲ ...။ တွေးလေ .. ရှက်လေ ...။

“မောင် ..”

“တောက်”

“ဒုန်း ..”

အခန်းထဲ လှမ်းဝင်လိုက်ကာမှ နောက်က ပြေးလိုက်ခေါ်သံကြောင့် တံခါးကို တအား ဆောင့်ပိတ်ပစ်လိုက်သည်။

“မောင် .. တံခါးဖွင့်ပါဦး၊ အဲဒါတွေကို သေချာပြောပြမှ အဆင်ပြေမှာမို့လို့ မောင့်ကို ချက်ချင်း မပြောခဲ့တာပါ၊ ဖေဖေ မကျန်းမာဘူးဆိုလို့ ဝင်ကြည့်ချင်တာနဲ့ ခဏဝင်လိုက်တယ်၊ စမ်းသပ်ပြီးတော့လည်း ဖေဖေ အိပ်ရာပြန်နိုးတဲ့အထိ စောင့်ကြည့်ချင်လို့၊ စောင့်နေရင်း ခဏလေး အိပ်ပျော်သွားတာပါ”

ကလေးတွေ ဒေါသထွက်သလို ‘မပြောနဲ့’လို့ ကျူးအော်ပြီး တံခါးကိုပါ ပြေးကန်ပစ်ချင်၏။

ခေတ် ဆိုတဲ့ကောင် ငါ တစ်ခါ ကျောသပ်လိုက်တာနဲ့ ဝပ်ဆင်းသွားတာပါလို့ တွက်ထားတာလား၊ ဟုတ်မှာပါ .. မင်းအတွက်ဆို ငါက ခွေးတစ်ကောင် ကြောင်တစ်ကောင်လို ...။

“ဟုတ်ပါတယ် .. မူလ မှားသွားပါတယ် မောင်ရယ် .. ဒါပေမယ့်လေ ဆရာ့ကို ဝင်ပေးဖို့က လက်ဆောင်ပစ္စည်း မဟုတ်ပါဘူး၊ မေမေ မေးလို့ ပြီးစလွယ် ပြောခဲ့တာ၊ အဲဒါ မူလ တို့ ပထမဆုံးပြန်စမယ့် ပရောဂျက်အတွက် အလိုအပ်ဆုံး ခတ်ကူပစ္စည်း၊ မူလ တကယ် ပြောတာပါ ..”

အခန်းတံခါးရှေ့မှာ ရင်ဘတ်နဲ့ကပ် လက်ဖဝါးလေးတွေနဲ့ ပွတ်သပ်ပုတ်ခတ်ရင်း မူလ တွင်တွင်ရှင်းပြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် သည်းခံခွင့်လွှတ်သမျှကို သူမ သိသည်။ ကိုယ့်အတွက် သူ့ရဲ့ ခွင့်လွှတ်မှုဟာ မလိုအပ်ဆုံး မဟုတ်ခဲ့ရင်တောင် ကိုယ် လိုအပ်သမျှအတွက် သူ လိုအပ်သမျှကို ခွင့်လွှတ်လိုက်လျော့ခဲ့တာ တစ်ခါ နှစ်ခါတည်း မဟုတ် ..။

ဒီတစ်ခါ ထပ်ပြီး သူမ ကျူးလွန်ခဲ့မိတာ ခွင့်လွှတ်နိုင်လောက်သည့်အပြစ် မဟုတ်မှန်း နားလည်လိုက်သဖြင့် အခွင့်အရေးမယူတတ်သည့်စိတ်က မျက်ရည်တွေကိုပါ ဖြိုချလေသည်။

"မူလ တောင်းပန်ပါတယ် ..၊ တကယ် ရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး"

သူ ကြားစေအောင် မဟုတ်တော့ဘဲ အခန်းရှေ့မှာပဲ မျက်ရည်တွေသုတ်ရင်း တတွတ်တွတ် ပြောနေမိ၏။ ထိုစဉ် ပန်းကို ဖွဖွလေး ဖက်လာသည့်လက်၏ အထိအတွေ့ကြောင့် ဖျတ်ခနဲ မော့ကြည့်မိလျှင်...

"သွားမယ်"

မူလ ဘာမှမပြောရသေးခင် နွယ် က ပန်းကိုဖက်၍ လှေကားထိပ် ပြန်ရောက်အောင် အသံတိတ် ခေါ်လာပြီးမှ ...

"ဒီလောက် တောင်းပန်နေဖို့ မလိုပါဘူး မူလ ရယ် .."

"မဟုတ်ဘူး .. ငါ အခု မှားသွားဟား၁ .."

"တော်ပါတော့ .. ငါ သိပါတယ်"

နွယ် က သူများကြားမှာစိုးသလို နားနားကပ်ပြောကာ လှေကားပေါ်က ဆင်းဖြစ်ရေးအတွက် ပန်းကိုပဲ မလွှတ်တမ်းဖက်၍ အတူတူ ဆင်းကြရင်း ...

"နင် ခုမှ ပြန်ရောက်လာတာ .. အမောမပြေသေးဘူးလေ၊ ရေမြေခြားက ပြန်လာတဲ့သူကို သူက ဝုန်းဒိုင်းကြဲပြီးကြိုတာ ဘာအကြောင်းနဲ့ဖြစ်ဖြစ် သူ လွန်တာပဲ"





"မဟုတ်ဘူး .. မဟုတ်ဘူး နွယ်"

"ဟုတ်တယ် .. ငါ အမြင်မတော်လို့ တမင်ခေါ်လာတာ၊ ဒီမှာ မူလ .. နင့်ကို ငါ ခင်လို့ ဒီမှာ လာနေတာ နေစရာမရှိလို့ မဟုတ်ဘူးနော်၊ တစ်ခါတလေ ငါ့ရဲ့ ရွံတတ်တဲ့စိတ်က ထူးထူးဆန်းဆန်းတွေ လမ်းကြောင်းပြောင်းသွားတယ်ဆိုတာ နင် သိတယ်"

မူလ မျက်တောင်ခတ်ရင်း စိတ်က ဟိုအဖြစ်နဲ့ ဒီအဖြစ်မှာ ကူးလူးသွား၏။ ခေတ် က မှန်နေသည်။ ဒါကို သိနေပါလျက်နှင့် နွယ် က မှားနေသည်ပြောတာကိုလည်း မငြင်းနိုင် ..။

ဘယ်သူ့ဆီက စေတနာကိုယူပြီး ဘယ်သူ့ဘက်ကို ပုတ်ချပစ်ရမလဲ ..။

အားလုံးမှန်နေပြီး ကိုယ်ပဲ မှားခဲ့သလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"မောင် ဘယ်အချိန်ထွက်သွားတာလဲ ဒေါ်ဒေါ်အု၊ ညက ညဉ့်နက်မှ အိပ်ပျော်ပြီး လေးနာရီလောက်က မူလ နိုးသေးတယ်၊ ခေါင်းတွေ အုံ့မဲနေတာနဲ့ ပြန်အိပ်လိုက်တာ မသိတော့ဘူး"

"သူ အရင်အချိန်ပဲ ထွက်သွားတာပါ၊ သမီးကိုတောင် သွားမနှိုးနဲ့လို့ မှာခဲ့သေးတယ်"

ဒေါ်အု က ဘာကို သဘောကျနေမှန်း မသိ ပြုံးနေလျက် မူလကိုလည်း ပေါင်မုန့်မီးကင်မှာ ထောပတ်လေး ပါးပါးသုတ်၍ ရှေ့မှာ ချပေးကာ ...

"ဒရိုင်ဘာကို မှာနေတာလည်း အကြာကြီးပဲ၊ သမီးရဲ့ကားကို ချက်ချင်း တက်မောင်းမသွားနဲ့တဲ့၊ ဒီနေ့ အပြင်သွားမယ်ဆို ဒရိုင်ဘာနဲ့သွားတဲ့၊ ကားက ဆယ်ရက်လောက် ပစ်ထားတော့ လမ်းမှာ တစ်ခုခု ဖြစ်မှာ စိုးလို့တဲ့ .."

မူလ နားထောင်နေရင်း ဒီစကားတွေနဲ့ မနေ့က သူ့ဒေါသတွေကို ချိန်ထိုးကြည့်မိသည်။

ဒေါသမပြေလို့ပဲ မျက်နှာချင်းမဆိုင်မိခင် ထွက်သွားတာ မဟုတ်ဘူးလား ..၊ ဒေါ်အု ကတော့ မဟုတ်ဘဲ ပြောမှာ မဟုတ်ပါ...။





ခုကျမှ သူ့ဒေါသတွေကြောင့် တုန်လှုပ်နေမိသည့် ကိုယ့်အဖြစ်ကိုလည်း နားမလည်ချင်တော့ပေ။

ညကလည်း ဘယ်လို ဇွတ်မှိတ်အိပ်လို့မှ မပျော်၊ မှေးခနဲ ဖြစ်သွားလို့ မျက်လုံးပြန်ဖွင့်လိုက်တိုင်း ဘေးမှာ သူ မရှိတာ မြင်ရသည်။

အပြင်ထွက်ရှာဖို့ စိတ်ကူးတွေ ဖြစ်သော်လည်း နှယ် တားဆီးထားတာတွေကို ပြန်ကြားပြီး ထိုင်ရခက်၊ ထသွားရခက် ..။

နေမြင့်အောင် အိပ်လိုက်မိတာပဲ ရှိသည်။ ခေါင်းတွေ အုံ့မဲနေဆဲ..။

"ဒေါ်ဒေါ်အု .."

"ဟင် .."

"ညက မူလ တို့ ဖြစ်ကြတာ သိလားဟင်"

ဒေါ်အု မသိလို့များ လင်မယားကြားမှာ ရင်ကြားစေဖို့ ကြိုးစားပြီး ဟာထေး ပြောနေသလား ..။ တွေးမိလိုက်သောကြောင့် မူလ မေးလိုက်တာ ဖြစ်သည်။

ဒေါ်အု က မူလ အတွက် ကော်ဖီထည့်ပေးရင်း ပင့်သက်ရှိုက်သည်၊ ပြုံးနေသည့် နှုတ်ခမ်းက မသိမသာ လျော့ရဲသွားခဲ့ပြီး ...

"လင်နဲ့မယားဆိုတာ ရန်ဖြစ်ကြ၊ ပြန်ချစ်ကြ၊ ဒီလိုပါပဲ သမီးရယ် .. တစ်ခုတော့ ရှိတာပေါ့"

"ဘာလဲဟင် .."

မေးလိုက်သည့် မူလ မျက်နှာလေးက အားကိုးမဲ့နေသလိုပင်။ ဒီမျက်နှာလေးကို ကြည့်ရတာနှင့် နှယ်တည်သို့ ဆိုသည့် မျက်နှာကို မြင်ရသည့် ခံစားချက် .. ဘယ်လိုမှ မတူတာ ခဏအတွင်းမှာ သိလိုက်ရင်း ဒေါ်အု ငေးသွားမိ၏။

မူလ သည် မတတ်တာလည်း သင်ချင်သည်၊ မသိတာကိုလည်း ဝန်ခံ၏။

ဘယ်အချိန်မှာဖြစ်ဖြစ် မာန်မာနကင်းသည့် မျက်နှာလေးက ပြုံး



www.burmeseclassic.com

www.burmeseclassic.com



နေဖို့မလိုဘဲ ကြည်လင်နေတတ်သည့် မျက်ဝန်းလေးတွေကြောင့် ချစ်စရာ ကောင်းသည်။ နှယ် ကျတော့ ဤသို့မဟုတ် ...၊

"ပြောလေ – ဒေါ်ဒေါ်အု"

"ဩော် .. လင်နဲ့မယား လျှာနဲ့သွား ဆိုပေမယ့် ယောက်ျားနဲ့ မိန်းမက လျှာနဲ့သွားတွေမှ မဟုတ်ကြတာ၊ သူတို့မှာ ပတ်ဝန်းကျင်မရှိဘူး၊ လူတွေမှာ ရှိတယ်၊ အဲဒီတော့ လျှာနဲ့သွားက တခြားစီ ဖြစ်မသွားနိုင်ပေမယ့် လင်နဲ့မယား ကွဲကွာသွားနိုင်တယ်၊ အဲဒါ သမီး သတိထားပေါ့ကွယ် .."

"အမလေး .. ဆုံးမသံတွေကြားနေလို့ မှုလ ရဲ့မေမေ ရောက်နေတယ် မှတ်တာ၊ ဟွန်း .."

နှယ် က စေ့စေ့စီးစီး ရဲရဲတောက်ဝတ်စုံနှင့် နားကွင်းဝိုင်းနဲ့ ဘီးတုတ်ကအစ ချင်းချင်းနီ၊ ရယ်သလို မဲ့သလို မျက်နှာလေးနှင့် ဒေါ်အု ရပ်နေသည့်ဘက်က ခုံကို ဆွဲယူထိုင်၏။

ကျောမှီပေါ်မှာ လက်တင်ထားတာမို့ ဒေါ်အု ကမန်းကတန်း နောက်ဆုတ်လိုက်ရသည်။

"ထမင်းကြော် ရှိလား .. လုပ်ပေးပါဦး၊ ဗိုက်ဆာလို့"

"ထမင်းကြော် ဒီနေ့ လူလေး မစားလို့ မကြော်လိုက်ဘူး မနှယ်၊ မနေ့ကတော့ ပူတင်းကိတ်နဲ့ နို့ပဲသောက်တော့ ဒေါ်အု မကြော်လိုက်မိဘူး"

"မနေ့က သောက်တာနဲ့ပဲ ဒီနေ့ ထမင်းကြော် မစားရတော့ဘူးပေါ့၊ ဟွန်း .. ဒေါ်အု တို့က မျက်နှာလိုက်တယ်နော်၊ အစ်ကိုနဲ့ မှုလ တို့ ဘယ်နေ့မှာ ဘာစားတတ်တယ်ဆိုတာကျတော့ မှတ်ထားတယ်၊ ထိုင်တာနဲ့ ပြုစုပြီးသားပဲ၊ နှယ့် ကျတော့ တောင်းမှ မေးမှ .."

"မဟုတ်ရပါဘူးကွယ် .. ညှိသည်ဆိုတော့ .."

"ညှိသည်ကို ပိုဂရုစိုက်ရမှာ မဟုတ်ဘူးလားလို့"





နှယ် က ဆိုးနွဲ့နေတာလိုလို အပြစ်တင် ဆူပြောနေသလိုနှင့် မပြီးနိုင် ...။

"ကဲ .. ထမင်းပဲ ကြော်ပေးလိုက်ပါ ဒေါ်ဒေါ်အု ရယ်နော် .. နှင်ကလည်း အထင်မလွဲပါနဲ့ဟာ၊ နှင်က ညှိသည်ဆိုတော့ နှင် ဘာတွေကြိုက်မှန်း ဒေါ်ဒေါ်အု က ဘယ်သိဦးမလဲ"

နှယ် က လက်မခံသည့်မျက်နှာလေးနှင့် မဲ့၍ ခေါင်းခါသည်။

"နှင်မေးကြည့်ပါလား ...၊ ငါဆိုရင် ဒီရောက်တဲ့ နောက်နေ့ပဲ အားလုံးရဲ့အကြိုက်ကို မေးပြီးသား"

"ဟင်!..."

"ဟုတ်တယ်လေ .. ညှိသည်ဆိုပေမယ့် ငါ့ဘက်က ညှိသည် လို စိမ်းစိမ်းတန်းတန်းကြီး မနေချင်လို့ပေါ့၊ ကြုံရင် ကြုံသလို ချက်ပြုတ်မယ်၊ စီစဉ်မယ်ဆိုပြီး ဘယ်သူ ဘာကြိုက်သလဲ မေးထားတာ"

'အစ်ကို ဘာကြိုက်သလဲ' လို့ပဲ မေးခဲ့တာကို သတိရကာ ထမင်းကြော်ဖို့ လုပ်နေရင်း ဒေါ်အု ခေါင်းယမ်းမိ၏။ မှုလ ပြောလိုက်တာကို ထပ်ကြားရတော့ သဘောပေါက်သွားခဲ့လေသည်။

"အံ့ဩစရာပဲ နှယ် ရယ် .. နှင်က အိမ်မှာ အရမ်းမိုလ်ကျတဲ့ အငယ်ဆုံး အဆိုးဆုံးဆို ... မီးဖိုချောင်ဝင်ရမှာ အရမ်းကြောက်တာလို့လည်း ပြောဖူးပါတယ်"

"ဟုတ်တယ် .. ဒါပေမယ့် ဒါက သူများအိမ်လေ"

"မဟုတ်တာဟာ .. နှင်က ငါဖိတ်လို့ လာတဲ့သူ၊ ငါတို့ကရော မသိတဲ့ တစိမ်းတွေမှ မဟုတ်တာ၊ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေပါ၊ ဒေါ်ဒေါ်အု ကလည်း ငါတို့အိမ်မှာ အုပ်ထိန်းသူလိုပဲ .. ဘာဖြစ်ဖြစ် ပြောဆို တိုင်ပင်လို့ ရတယ်"

"ဟွန်း .."

နှယ် က ပခုံးလေးတွန့်ရင်း မှုလ ကိုင်ထားသည့် ပေါင်မုန့်ကို



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနီး ဆွဲယူလိုက်၏။

"စားမယ်နော် .. ငါက ဗိုက်ဆာရင် မရဘူး"

မူလ က ပြုံး၍ ခေါင်းညိတ်သည်။ ကော်ဖီပဲ သောက်မလို့ ပန်းကန်ကိုင်လိုက်တော့လည်း နှယ် ကပဲ ယူလိုက်ကာ ...

"အရည်နဲ့ အဖတ်နဲ့ မျိုချမှ ရမှာလေ"

မချိုမချဉ် မျက်နှာလေးနှင့် နှုတ်ခမ်းမှာတော့ရင်း မျက်လုံးတစ်ဖက် မှိတ်ပြ၏။

"အေးပါ .. သောက်ပါ၊ တော်သေးတယ် .. ငါ မသောက်ရသေးလို့"

"သိတယ်လေ .. သိလို့ ယူသောက်တာပေါ့"

'သောက်ပြီးသားဆို သောက်စရာလား' ဆိုသည့်အကြည့်နှင့် ရယ်သေးသည်။ မူလ အံ့သြဟန်လေး တစ်ချက်ဖြစ်သွားပေမယ့် သွားလေးတွေပေါ်အောင် ရယ်၏။

နှယ် က ပေါင်မုန့်ကို တစ်ကိုက်လောက်ပဲစားပြီး ပန်းကန်ထဲ ပြန်ထည့်၏။ ကော်ဖီကို သောက်တာလည်း မြည်းကြည့်သည့်ပုံစံမျိုးပဲ ဖြစ်ကာ ထမင်းကြော်နေတာကို လှည့်ကြည့်သည်။

"ပြီးပြီ မနှယ်"

ဒေါ်အု ကမန်းကတန်း လုပ်နေတာကိုမြင်မှ ဒီဘက် ပြန်လှည့်၍...

"နင့်အိမ်က ပျင်းဖို့တော့ ကောင်းတယ် သိလား .. ဒါပေမယ့် နင် ပြန်လာတော့ စိုပြေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရန်ဖြစ်ကြတာ အုန်းခနဲ ဒိုင်းခနဲလေ .."

နှယ် က ဖြန့်ချထားသည့် ကျောပေါ်က ဆံပင်တွေကို ခေါင်းလေးလှန်၍ ဟိုဘက် ခါထုတ်လိုက်၊ ဒီဘက် ခါပစ်လိုက်ရှိရင်း နှုတ်ခမ်းနီဆိုးထားသည့်ပေါ်ကို တစ်သျှူးနဲ့ ဖွဖွလေး တို့နေတာလည်း





...ခဏ ..။

ထမင်းကြော်ပန်းကန် ချပေးရင်း မူလ အတွက်ပါ ကော်ဖီ ထပ်...ပေးသည့် ဒေါ်အု မျက်လုံးတွေက နှယ့် ထံ ဇွေခနဲ ဖြတ်ပြေး၏။

သူမ ရောက်လာကာစက ယဉ်စစ ငြိမ်ငြိမ်ဝပ်ဝပ်လေးလို့ ထင်...ာ ဒီနေ့ အလှပြင်ထားပုံကလည်း ထင်းတောက်နေသည်။ ပြော...တွေက အမူအရာတွေနှင့် ..၊

ထို့ပြင် စကားလုံးတိုင်း၏သက်ရောက်မှုက လူကြီးတစ်ယောက်...ားထဲမှာ အံမဝင် ..၊

တစ်ယောက်တည်း သက်ပြင်းငွေ့ငွေ့ချရင်း အပြင်ကိုသာ ထွက်...ခဲ့မိ၏။ နှယ် က ဒေါ်အု ထွက်သွားတာကို သေချာကြည့်နေပြီးမှ ...ဘက်ကို ပြုံးစစနှင့် ပြန်လှည့်၍ ...

"မူလ .."

"ဟင် .."

"နင့်ကတိနဲ့ နင်နော်"

"ဘာလဲ .."

"ရပါတယ် .. လွှတ်လွှတ်လပ်လပ် နေပါ၊ ငါ သဘောထား...သေးတတ်ပါဘူးဆို"

"အင်းလေ .. ဘာဖြစ်လို့လဲ"

"အဟွန်း .. သည်ခေတ်လူ ကို နင်က ဘာသဘောမကျ ဖြစ်နေ...းတော့ မသိဘူး၊ တကယ် မိုက်တယ်၊ သူ့ပုံစံနဲ့ နင့်ကို ဒီလောက်...နေတာ ထင်တောင် မထင်ရဘူး"

သောက်လက်စ ကော်ဖီပန်းကန်ကို ပြန်မချဖြစ်ဘဲ မူလ နှယ့်...ကို မျက်လုံးပြူးလေးနဲ့ ကြည့်၏။

"ဩော် .. နင်လည်း လှပါတယ်၊ ငါ ပြောတဲ့သဘောက သူက ...သည်ခေတ်လူ ဆိုတဲ့အတိုင်း ဒီနိုင်းက မိုက်လောက်တယ်လေ၊ နင်က (



www.burmeseclassic.com

www.burmeseclassic.com



လုပေမယ့် သူ့လောက် မဟုတ်တာ သေချာပါတယ်"

နွယ် က အားမနာတမ်းပြောကာ ပန်းလေး တွန့်လိုက်ပြီး ...

"ဒါပေမယ့် သူ ချစ်သလို နင်က မချစ်နိုင်ဘူးဆိုတော့ တက ဥပေက္ခာထားနိုင်တယ်ဆိုရင်လည်း စောစောစီးစီး ပြောပေါ့၊ မုဝ် လွှင့်ပစ်ရမယ့်အချိန်ကျမှဆိုရင် နှမြောစရာကြီး"

ပြောပြီး ခိုးခိုးခစ်ခစ် ရယ်သည်။ မူလ ပြုံးလိုက်ရပေမယ့် မပို ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။ နွယ့် စိတ်ကို ခထေ ရင်းနှီးခဲ့ပေမယ့် သူ မသိဘဲ နေမလား ...။

နွယ် က စိတ်ကြီးသလောက် အငြိုးကြီးသည်၊ မိဘ စီးပွား ကျဆင်းပြီး အထည်ကြီးပျက်ဘဝရောက်ကြရသည့်အဖြစ်တွေ အ ကြီးရှိခဲ့သော်လည်း သူမကတော့ အဖေ မုဆိုးဖိုတစ်ယောက်ကို ရိုးမယ်ဖွဲ့၍ နာကြည်းလို့ မပြီးနိုင် ...။

ကျောင်းတက်နေတုန်းကဆို သူမနဲ့ သင့်မြတ်တဲ့လူ မ သလောက်ဖြစ်ကာ မူလ တို့နဲ့ ခင်မင်သွားသည်နှင့် သူမအကြောင် တွေချည်း ထိုင်ပြောနေတာလည်း ဘာမှ မေးဖို့မလို၊ ပြီးတော့ ပြော က သူ့အဖေအကြောင်း ...။

"နောက်မိန်းမ ထပ်မယူဘူးဆိုတဲ့ နာမည်ကောင်းတစ်ခု အ ဆုပ်ကိုင်ပြီး တခြားသော ကောင်းမှု မကောင်းမှု ဘာမှမရှောင် အဲဒါ ဘယ်သူသိလို့လဲ ...၊ ယောကျ်ားတစ်ယောက်က မိန်းမ မရှ ဆိုတိုင်း အားလုံးကောင်းမွန်တဲ့ယောကျ်ား ဖြစ်ရောလား ... နင်ပဲ စားကြည့်ပါဦး၊ ဖဲသမားနဲ့တွေ့ရင် ဖဲရိုက်လိုက်တာပဲ၊ အသော အစားဆိုလည်း လူမှုရေးအရဆိုတဲ့ အကြောင်းပြချက်နဲ့ ကလပ် ရောက်သွားတာမျိုးကျတော့ ယောကျ်ားပဲ မကင်းရာမကင်းကြော လောက်တော့ ရှိတာပေါ့ သမီးရယ်တဲ့၊ စီးပွားရေး ထိုးဆင်းတော့ သူ တော့ ငါပဲ ချွေးဖြစ်တာ၊ ကိုကြီးက ဘာပူစရာရှိလို့လဲ၊ သူ့ဟာ





အဆင်ပြေပြေ မပြေပြေ ယောကျ်ားလေး"

နွယ် က ပြောပြနေရင်း ဒေါကန်တာတွေလည်း ဖြစ်လာတတ် ၏။ ယောကျ်ားသားဆိုတာ 'စီးတဲ့ရေ ဆယ်တဲ့ကန်သင်း' ဆိုတဲ့ ဓနိ ယား အနားမှာမရှိတော့ရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်လို့ မူလ တို့ နားချ နှစ်သိမ့်ကြည့်ဖူးသည်။

"ဘာမှမဟုတ်ဘူး ... အဲဒါ မိန်းမတစ်ယောက်ယောက် အနားမှာ ဖြစ်မနေရှိနေဖို့ သူတို့ရဲ့ အကောင်းဆုံး အကြောင်းပြချက်ပဲ၊ ရှာတော့ ရှာတယ်လေ ... မသုံးစွဲတတ်ဘူးဆိုတာ တွေးကြည့်လေ၊ ကိုယ့်အဖေ အကြောင်း ပြောနေတာမို့လို့ ဥပမာတွေနဲ့ နိုင်းနှိုင်းမပြချင်ပါဘူး"

နွယ့် အယူအဆက ဤသို့ အမြစ်တွယ်ခဲ့တာ ဖြစ်သည်။ အိမ်မှာ ဒေါ်တွေ ညီအစ်မဝမ်းကွဲတွေနဲ့ နေကြပေမယ့် ရိုင်းချင်သည့်စိတ်ကို ၍ မြှင့်တင်သည်။

ရွဲ့တတ်တဲ့သဘောကို အားလုံး သိသာအောင်ပြ၍ တစ်အိမ်လုံးနဲ့ တစ်ယောက် ဖြစ်ခဲ့၏။

"ငါ့အိမ်မှာ လာကပ်နေကြတာကို မအေမရှိလို့ စောင့်ရှောက် ယ် ... အုပ်ထိန်းမယ်နဲ့ အလကား အပိုတွေ၊ အဲဒါကြောင့် တမင်ရွဲ့ပြီး သောင်းကျန်းပစ်လိုက်တာ ... သူတို့ကို နှင်ချပေးဖို့ ငါ ပြောတယ် လား၊ သူတို့ရှိနေရင် ကျောင်းမတက်တော့ဘူးလို့ ပြောတာတောင် အဖေက ဂရုမစိုက်ဘူး၊ ငါ တကယ်မလုပ်ဘူးထင်လို့ နေမှာပေါ့၊ ဒါကြောင့် တမင်ကို ဆက်မတက်တော့တာ၊ ပညာမတတ်လည်း းစားလို့ကောင်းမယ့် ယောကျ်ားတစ်ယောက် ခေါင်းခေါက်ရွေးလို့ တယ်"တဲ့ ...။

ဤသို့သော ရည်ရွယ်ချက်တွေလည်း ရှိခဲ့တဲ့သူ ...၊

နွယ် ကို ဒီရောက်လာအောင် မုန်းတစ်ချက်ဆက်လိုက်ရုံနဲ့ အောင်မြင်ခဲ့သည်။ စိတ်ကူးခဲ့တုန်းကလည်း သူမ ခုလိုပြောလာသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားမျိုးတွေကို မောင့်ပါးစပ်က ပြောလာရင်တောင် ခံနိုင်ရည်ရှိအောင် ကိုယ့်စိတ်ကို ပိုင်းဖြတ်ခဲ့ပြီးသားပါ။

ဒါပေမယ့် နွယ် တကယ်ပြောလာတော့ မကြားရဲသလိုလို မကြားချင်သလိုလို ဒီစကားမျိုး ကြားလိုက်ရတာပဲ အံ့ဩနေခဲ့မိသည်။

နင် ဘာဖြစ်တာလဲ၊ ဘာတွေ ကြောင်အအ လုပ်နေတာလဲ မူလ

ကိုယ် မပြောရဘဲ နင် ဘာမှ ခွဲခြမ်းစိတ်ဖို့ မလိုဘဲ သူ့အတိုင်း ဖြစ်သွားတာ မကောင်းဘူးလား …။

နွယ့် ကို ငေးနေမိရင်း မူလ ပြုံးနိုင်အောင် ကြိုးစားသည်။ သွားတွေပေါ်အောင် ရယ်နိုင်ခဲ့ပေမယ့် ဟက်ဟက်ပက်ပက်တော့ မဖြစ် …။

"လုပ်ပါ … နင် လွှတ်လပ်သလိုနေလို့ ငါ ပြောပြီးပြီပဲ"

သူ့ကိုမဟုတ်ဘဲ ကိုယ့်ဆုံးဖြတ်ချက်ကို ပြန်၍ ဒေါက်တင်လိုက်တာဖြစ်ကာ …

"ငါက နင် ချက်ချင်း ပြန်မသွားဘူးဆိုရင်တောင် ကျေးဇူးတင်ရဦးမှာ"

"ဟုတ်လား … ဘာဖြစ်လို့လဲ"

"မောင့်အတွက် စကားပြောဖော်ဖြစ်ဖြစ်ပေါ့၊ အခု နင်နဲ့ မောင် ခင်ခင်မင်မင်ရှိနေကြပြီမို့လား"

"အင်းလေ …"

"ငါက အဲဒီလို ဖြစ်စေချင်တာ၊ တစ်ယောက်တခြားစီ အလုပ် လုပ်နေကြပေမယ့် မောင့်အလုပ်တတော့ ခါးဆန့်လို့ရတယ်၊ စီး ရက်သောက်ပြီး နားနိုင်တယ်၊ အဲဒီအချိန်လေးမှာ မောင်တစ်ယောက် တည်း အထီးကျန်တာပေါ့ဟာ၊ ငါက ပွမှန်းအေးမှန်း မသိအောင် မြူးပြဲ တွက်ချက်နေရတုန်း မောင် နားတဲ့အချိန်လေးမှာ …"

"ငါ ရှိနေတာ တကယ် ကျေနပ်တယ်ပေါ့"





မူလ ခေါင်းညိတ်လိုက်ဖို့ စိတ်ကဖြစ်ပြီး တကယ် မညိတ်ဖြစ်ဘဲ နောက်ထပ် ငေးကြည့်နေမိပြန်၏။ ပြီးမှ …

"တကယ်ပါ … ငါတို့က သူငယ်ချင်းတွေပဲဟာ"

"ဟွန်း …"

ပြုံးနေသည့် နွယ့် နှုတ်ခမ်းလေးတွေကို မူလ နားလည်နေသည်။ ထို့ကြောင့် မျက်နှာလွှဲလိုက်မိရင်း ဆက်၍ …

"ငါက ငါဖြစ်ချင်တာကို ဖြစ်အောင်လုပ်ချင်တဲ့စိတ် ရှိပေမယ့် သူများ ဘာဖြစ်ဖြစ်ဆိုတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ဥပေက္ခာ တော့ ငါ့ရင်ထဲမှာ မရှိဘူး၊ ငါ ကျေနပ်နေတဲ့အချိန်မှာ သူများလည်း ဒီတိုင်း ရှိနေစေချင်တာ"

"သမီးရေ …"

စကားပြောနေကြတုန်း ဒေါ်နွဲ့မူ ရောက်လာသည်။ တစ်ခုခု အတွက် စိတ်စောနေသည့်ပုံစံမျိုး ဖြစ်သော်လည်း နွယ့် ကို မြင်လိုက်တော့ ဖျတ်ခနဲ တုံ့သွားကာ အံ့ဩရိပ် ထင်၏။

"ညှိသည် ရောက်နေတာလား"

"မေမေ လာလေ … နွယ် က မူလ သူငယ်ချင်းပါ"

"သြော် …"

နွယ့် ကို မေမေသာမက ဘယ်သူငယ်ချင်းမိဘမှ မမြင်ဘူးကြပေ။ နွယ် က အဆောင်မှာနေပြီး ကျောင်းတတ်တာဖြစ်သလို သူမ ဘာသာ လွတ်လွတ်လပ်လပ် ဘယ်ကိုပဲသွားသွား ဘယ်သူ့အိမ်ကိုမှ လည်း လိုက်မလည် …။

"ငါ့ပါးစပ်ကို ငါ သိတယ်၊ ငါနဲ့ ပြောဆိုမိတာနဲ့ ချစ်သွားတဲ့လူ သိပ်မရှိသေးဘူး၊ အဲဒါကြောင့် နင်တို့နဲ့ပါ ခင်မင်ပျက်ရဖို့ ရှိတယ်ဟာ၊ လူကြီးတွေနဲ့တွေ့ဖို့ မိတ်ဆက်ဖို့ဆို ငါ့ကို မခေါ်နဲ့"

လို့ ကြိုပြောထားခဲ့၏။ ထို့ကြောင့် မေမေ မသိတာ မဆန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



မူလ က မေမေ့အတွက် နေရာပြင်ပေး၍ ကော်ဖီတစ်ခါတည်း ထည့်ပေးရင်း ...

"မေမေ အစောကြီး ထလာတယ်၊ ဒီကို သက်သက်လားဟင်"

"ဆိုပါတော့"

လွှယ်လွှယ်ပြောလိုက်ပြီး လက်ကိုင်အိတ်ကို စားပွဲပေါ် အသာတင်ပြီးမှ ထိုင်လိုက်၏။

သမီးနှင့် မနေ့က ဖုန်းဆက်တုန်း ဒီဘက်မှာ တစ်ခုခုဖြစ်ကြပြီကို သိသည်။ ဆိုပေမယ့် ချက်ချင်းကြီး ပြေးချမလာသင့်မှန်းလည်း နားလည်နေသဖြင့် ဗီမနက်ထိ အောင့်အင်း စောင့်ခဲ့ရ၏။

အိတ်ထဲမှာ သမီး မေ့ကျန်ခဲ့သည့် လက်ဆောင်ဘူးလေးလည်း ပါလာသည်။ ဒါကိုပေးရင်း မနေ့က ဘာဖြစ်ကြတာလဲလို့ မေးဖို့ဖြစ်သည်။

ခုကျတော့ တခြားတစ်မ်းရှေ့မှာ ဘယ်လိုလုပ်မေးမလဲ- ...။

"သူ့နာမည်က နွယ်တညို တဲ့ မေမေ၊ တက္ကသိုလ် အတူတူတက်ကြဖူးတယ်"

"ဪ .. သမီးက ဘယ်မှာ တာဝန်ကျလို့လဲ၊ သမီးရဲ့သူငယ်ချင်းတွေထဲမှာ မမြင်ဘူးလို့"

ဒေါ်နွဲ့မူ က မူလ မိတ်ဆက်ပေးတာကို ခေါင်းညိတ်၍ နွယ် ကို မေးသည်။ နွယ် က ထမင်းကြော်ကို ပါးစပ်ထဲထည့်၍ သေချာ ညက်အောင် ဝါးနေပြီးမှ မျက်နှာကြည့်၍ အဖြေကို စောင့်နေသည့် ဒေါ်နွဲ့မူ ဘက်ကို လှည့်၏။

"ကျောင်းအတူတက်ဖူးပေမယ့် ကျောင်းမပြီးခင် နွယ် က ထွက်လိုက်တာလေ"

"ဪ .. ကွယ် နှမြောစရာ"

"လိုချင်တာကို ဆုံးရှုံးရတာက နှမြောစရာပါ၊ နွယ် က ဆရာဝန်





ဖြစ်ချင်လွန်းလို့ မဟုတ်တော့ အေးဆေးပဲ"

"ဪ .. အင်းပေါ့"

ဒေါ်နွဲ့မူ ဖျတ်ခနဲ မျက်နှာပြောင်းသွားတာကို နွယ် ကလည်း သိပါတယ် ဆိုသည့်အပြုံးနှင့် ...

"နွယ့် ကို လာပြောတဲ့လူတိုင်း ဒီလို ဖြစ်သွားတာပါပဲ .. ဟွန်း.."

ပန်းတွန့်ရယ်ရင်း ထမင်းကြော်ကို နှစ်ဇွန်းဆက်တိုက် ပါးစပ်ထဲ ...င်းသည်။ ပါးတစ်ဖက်မှာ ဖောင်းကားသွားမှ နှုတ်ခမ်းလေး ပိတ်ဝါး ...င်း ပြန်ငုံကြည့်၏။

"အတင်း ကြိုးစားတာတောင် လွဲကြရတဲ့ အခွင့်အရေးကို နွယ် ... အလွယ်တကူ ရခဲ့တာ အန်တီရဲ့ .. သူများတွေ မြင့်သထက်မြင့် ...အောင် ကြိုးစားကြတုန်း နွယ် လုံးဝ စွန့်လွှတ်ပေးလိုက်တယ်၊ ...တယ်တော့ ဆေးတက္ကသိုလ်တက်ရတာ စိတ်ပျက်ဖို့ အကောင်း ...ုံးပဲဆိုတာ သူတို့ မသိလို့ပါ၊ ဘွဲ့တစ်ခုရရင် နောက်ထပ်တစ်ဘွဲ့ ...ောက်ထပ်တွေ အများကြီး နစ်မြုပ်ပေးဆပ်ပြီးတော့ ဘဝမှာ ရပ်တည် ...ို့ရပြီဆိုတဲ့အချိန်လည်း ရောက်ရော ဘဝက နှစ်ဆစ်ချိုးနေပြီ၊ ရိုးရိုး ...ရာဝန်ဘွဲ့ရရုံနဲ့ ဘာလုပ်လို့မှ မရဘူးလေ"

"အင်း .. သမီးက အပြုသဘောနဲ့ မတွေးတတ်လို့ပါ၊ လူတိုင်း ...ိုယ့်အတွေးနဲ့ကိုယ်တော့ မှန်ကြတာပါပဲ၊ အခုရော အလည်သက်သက် ...လား"

"အလည်တော့ မဟုတ်ပါဘူး၊ ကိုယ် စိတ်ကူးပေါက်နိုင်မယ့် ...လုပ်တစ်ခုခု တွေ့ရင်တော့ လုပ်ဖို့ပေါ့၊ မူလ ကလည်း ဒီမှာပဲ ...နေပါလို့ ခေါ်တာနဲ့ .."

ဒေါ်နွဲ့မူ အကြည့်တွေ သမီးဖြစ်သူထံ ဒိုင်းခနဲ ရောက်သွား၏။ ...ူလ မျက်နှာလေး ဖျက်ကာ မျက်ဝန်းတွေ မသိမသာ ရှောင်ဖယ်...သွား၏။ သားအမိ မျက်လုံးတွေကို နွယ် က ဂရုမစိုက်ဘဲ ထမင်း...း



www.burmeseclassic.com

www.burmeseclassic.com



မပျက် ပြောနေလျက် ...

"မူလ က သူ ခရီးသွားမှာကို ဘယ်နေ့ဘယ်ရက် ပြောမထ
တော့ နွယ် ကလည်း လာချင်စိတ်ပေါက်တဲ့နေ့ ထလာလိုက်တာ
ဒီရောက်တော့ သူကမရှိဘူး၊ ကိုခေတ် က ဖော်ရွေလို့ တော်သေးတယ

ဒေါ်နွဲ့မူ မျက်နှာမပျက်အောင် ဘယ်လိုမှ ထိန်းမရတော့
'အင်း .. အဲ'လည်း မလိုက်နိုင် ...။ ထို့ကြောင့် အိတ်ကို ကိုင်
နေရာမှ ထရပ်လိုက်ကာ ...

"သမီးတို့ အေးဆေး စားသောက်ကြလေ၊ မမေ ဒေါ်အု
စကားပြောရင်း စောင့်နေမယ်"

'နှစ်ယောက်တည်း ပြောဖို့ရှိသည်'လို့ သတိပေးသွားသည့်
ဝန်းများနှင့် မေမေ ထွက်သွား၏။ ဒေါ်အု ကို မေးမြန်းတော့မည်
လည်း မူလ သိသည်။

နွယ် ဘာရော ဘာဖြစ်လို့ မမေးတာတွေကို အဝိုဆောင်း
လိုက်ရတာလဲ ..။ မူလ ကော်ဖီကုန်အောင် မသောက်နိုင်တော့
မေမေ့အတွက် ထည့်ပေးထားသည့် ကော်ဖီပန်းကန်လေးကို ငေး
ငိုင်နေခဲ့၏။

"တွေ့ပြီလား .. ငါ့ကိုဆို လူကြီးတွေက အဲသလိုချစ်တာ"

နွယ် က အားလုံးကို ရိပ်မိနေသည့်စကားတွေ ပြော၍ ပန်း
ရယ်သည်။

"မဟုတ်ပါဘူးဟာ .. မေမေက ငါ့ကို မနေ့က ငါတို့ဖြစ်တဲ့
မေးမလို့ ရောက်လာတာပါ၊ အဲဒါကြောင့် ငါတို့စကားဝိုင်းကို စိ
မဝင်စားတာ .."

"ဘာလဲ .. နင့်ကို မမေးခင် ဒေါ်အု ကို သွားမေးတာလား
သေချာတယ်၊ ငါ့အကြောင်းလေးတွေပါ ပြောပြလိမ့်မယ် .. သာ
ထိုးထိုး"





"နင်နဲ့ ဒေါ်ဒေါ်အု ငါ ပြန်ရောက်မလာခင်က တစ်ခုခု အပြော
အဆိုမတည့်ထားတာ ရှိလို့လားဟင်"

"မရှိပါဘူး .. ရှိလို့ရော ရမလား၊ သူက အိမ်ဖော်ပဲ"

"ဒီလိုလည်း မဟုတ်ဘူးလေဟာ၊ ဒေါ်ဒေါ်အု က .."

"နင်နဲ့ ဆွေမျိုးတော်လို့လား"

"မတော်ပေမယ့် ဆွေမျိုးလိုပါပဲ"

"ငါကတော့ ဆွေမျိုးဖြစ်ဖြစ် တစိမ်းဖြစ်ဖြစ် ငါ့ကို ဆရာကျရင်
မုန်းတယ်၊ ငါ့ကို မြင်တာနဲ့ စကားစလိုက်ရုံရှိသေးတယ်၊ အထင်သေး
အမြင်သေးဖြစ်သွားတဲ့ မျက်လုံးတွေရောပဲ၊ အဲဒါကြောင့် များသော
အားဖြင့် လူကြီးတွေနဲ့ သင့်မြတ်ဖို့ ငါ ဘယ်တော့မှ မကြိုးစားဘူး၊
အိုးရှဲ့နဲ့လာရင် စလောင်းရှဲ့နဲ့ ပြန်ဖုံးရုံပဲ"

နွယ် စိတ်ကို သိမ်ပါလျက်နှင့် ခုမှ ပို၍ စိတ်ညစ်ရမှန်း သိလာခဲ့
သည်။ ဟိုတုန်းက ကျောင်းမှာ ပြောကြ၊ ကျောင်းမှာပဲ ပြီးသွားသည်။

အခုက သူမ ဝင်ပါလာတာ ကိုယ့်ရဲ့အိမ်ထောင်ရေး၊ ဒီအရေးထဲ
မှာ လူကြီးမိဘတွေ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေက ရှိသေးသည်။

အခြေအနေတစ်ခုကို တတ်ညွှန်းရေးသလို လိုချင်တဲ့အတိုင်း
ထုတ်နုတ်ဖြည့်စွက်ပြီး ကိုယ်တိုင် တာသိမ်းရေးလို့ ရပါ့မလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"မမေ ခေါင်းနပမ်းကြီးအောင် ထိတ်လန့်ရတာ .. သမီးနဲ့ကျူမှပဲ ကြုံဖူးရတယ်၊ ဘာတွေ လျှောက်လုပ်နေတာလဲ သမီး .. ပြောစမ်း"

သားအမိ နှစ်ယောက်တည်း ခြံထဲ ဆင်းလာခဲ့ကြပြီး ခုံတန်းလေးမှာ ငြိမ်ကျ ထိုင်လိုက်သည်နှင့် မေမေ့အသံက စိတ်လှုပ်ရှားမှုများနှင့်...

"မေမေ့ကို ခေါ်အု ပြောပြတယ်၊ မပြောခင်တည်းက ဒီမိန်းကလေး ပြောတာတွေကို ကြားပြီး ဒါ သမီးရဲ့လုပ်ကွက်ဆိုတာ မေမေ သိတယ်"

'အဲဒါ ဟုတ်ပါတယ် မေမေ၊ ဒါပေမယ့် .."

"ဟုတ်ပါတယ်ဆိုကာမှ ဒါပေမယ့်ဖို့ ဘာရှိသေးလဲ သမီး၊ ပြောတဲ့အတိုင်း တကယ်လုပ်ချလိမ့်မယ်လို့ မေမေ လုံးဝ ထင်မထားဘူး၊ ကောင်မလေးပုံစံ ကြည့်ရတာ ရဲရဲကဲကဲလေး၊ ရုပ်လေးကလည်း သနားကမားနဲ့ ဒုက္ခတွေများကုန်တော့မှာပဲ မူလ ရယ် .. မိုက်လှချေလားဟင်.."

"မဟုတ်ပါဘူး မေမေရယ် .. သူ့ကို မူလ အဲဒါတွေပြောပြီး အကူအညီတောင်းခဲ့တာ မဟုတ်ပါဘူး၊ စိတ်ကူးထဲမှာရှိလို့ မေမေတို့ကို ပြောပြခဲ့ပေမယ့် မေမေတို့ အားမပေးခဲ့တာကို မူလ မစွန့်တားပါ





ဘူး၊ ဒါပေမယ့် သူလည်း သူ့အိမ်နဲ့ အဆင်မပြေလို့ ရန်ကုန်ကို လာဖို့ အဆင်သင့်ဖြစ်နေတုန်း စိတ်ကူးမိတဲ့အတိုင်း သူ့လိုလို ဖြစ်သွားဖို့ အခြေအနေ ကြုံလာတာပဲလို့ တွက်ခဲ့မိတယ်၊ အဲဒါ မူလ မှားပါတယ်၊ မှားပေမယ့် ခရီးသွားနိုင်ဖို့ဆန္ဒက ဒါကိုလုပ်ဖို့ပဲ တိုက်တွန်းနေခဲ့တာ.."

"နို့ .. သမီးကို ခေတ် က ဒီလို လွှတ်စားမထားခဲ့ရင် မသွားရဘူးလို့ တားနေလို့လား"

မူလ ခေါင်းလေးငုံ့၍ ခါယမ်းလိုက်ကာ ...

"မတားပေမယ့် သူ မကြည်ဖြူတာကို မူလ သိတယ် .. အဲဒါကို စိတ်ပြောင်းစေချင်လို့"

"ဟုတ်ပြီ .. ဆက်ပြော"

ရွှဲမေးနေမှန်း သိသော်လည်း မူလ မေမေ့မျက်နှာကို မကြည့်ဘဲ ဆက်ပြော၏။

"သူ့ကို ပြောနေပေမယ့် သူ ခွင့်မပြုခဲ့ဘူး၊ ခွင့်မပြုဘဲနဲ့ မူလ သွားခဲ့တာ၊ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်လို့ မျက်နှာလွှဲခဲပစ် ထွက်သွားရပေမယ့် ပြန်လာရင်တော့ ရင်ဆိုင်ရဦးမှာပဲလေ၊ မူလ သွားနေတဲ့အချိန်မှာ ခေါ်သတွေနဲ့ ကျန်ခဲ့မှာရယ် .. ပြန်လာရင် ရန်ဖြစ်စိတ်ညစ်ရမှာတွေရယ် .. အဲဒါတွေကို ရင်မဆိုင်ချင်လို့ ခုလို လုပ်ခဲ့မိတာပေါ့"

"အဲဒီတော့ သမီး ထင်သလို ဖြစ်သွားလား"

"ဖြစ်တယ်လို့ ပြောရမှာပဲ မေမေ၊ မောင် အဲ .. ခေတ် နဲ့ နွယ်တို့ ခင်ခင်မင်မင်ပဲ အလုပ်မပျက် အကိုင်မပျက် ရှိကြတယ်၊ မူလ ပြန်လာတော့လည်း မောင် သိပ်မပြောဘူး"

"ဒါတွေက နွယ်တည့် ကြောင့်ပေါ့"

မူလ မျက်လွှာပင့်ကြည့်ပြီး မဖြေပါ။ ခေါင်းညိတ်မှ ခေါင်းတယမ်းယမ်းနှင့် လက်ကိုင်အိတ်ကို ဖိုက်၍ အသံတိတ်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"နှယ် က အပြောအဆို ကြမ်းသလို ထင်ရပေမယ့် .."

"သူ့စိတ်လည်း ဒီလိုပဲဆိုတာ သူ့ရဲ့မျက်လုံးထဲမှာ မေမေ မြင်နေရတယ် သမီး၊ ခေတ် တို့ ရွှေသမက် ငွေသမက်ဆိုပြီး လက်လွှတ်ဆုံးရှုံးရမှာ စိုးလွန်းလို့ မေမေ ပြောနေတာ မဟုတ်ဘူး၊ သူ့ကို ဂရုမစိုက်ဘူး၊ မယားဝတ္တရား မကျေဘူးဆိုတဲ့ ပုဒ်မတွေတပ်ပြီး သူကိုယ်တိုင် သမီးကို ထားသွားခဲ့တာဆိုရင် သမီး မိုက်လိုက်တာဆိုတဲ့စကား မေမေ ပြောမိမှာ မဟုတ်ဘူး၊ ဒီလိုဖြစ်အောင် သမီး ဟမင်လုပ်တယ်ဆိုတာက အရမ်းကို အဆင်ဆိုးလွန်းတယ်၊ ဒါ ထုံးစံကာလနား မရှိခဲ့တဲ့ စရိုက်ပျက်လုပ်ရပ်မျိုး .."

"မူလ အဲဒီထိ ဖြစ်ပါစေလို့ မရည်ရွယ်ဘူး မေမေ .."

"မိုင်းထောင်ထားမှန်းသိရင် ဘယ်သူမှ အသေခံပြီး သွားမနင်းဘူး၊ သမီးက မိုင်းမှန်းသိရက်နဲ့ သေနိုင်တယ်ဆိုတာကို မယုံတာ၊ တကယ် သေမသေ စမ်းနင်းမယ်ဆိုပြီး ရှေ့တိုးတာ၊ အခု နင်းမိထားပြီ၊ ဘာဆက်လုပ်မလဲ .. ပြော"

"မေမေ စိုးရိမ်နေတာမျိုး မဖြစ်ပါဘူး မေမေရယ် .. နှယ် က စည်းသည်ပါ၊ အချိန်တန်ရင် ပြန်သွားမယ့်သူ .."

"ပြန်သွားတဲ့အချိန် သမီးယောက်ျားကို လက်ဆွဲထွက်သွားရင်ရော အဲဒီလို ဖြစ်သွားလည်း ကောင်းတာပဲလို့ သမီးရင်ထဲမှာ ရှိနေသလား .."

မူလ မဖြေနိုင် ...။

အစတုန်းက ရှိခဲ့ဖူးသည့် လွတ်လပ်လိုခြင်းတွေဟာ ခရီးဝေးသွားလိုက်ခြင်းရဲ့ အပြန်လမ်းမှာ ဒါက အလိုချင်ဆုံးအရာ မဟုတ်ဘဲ ဖြစ်နေပြန်၏။

ဘာကြောင့်လဲဆိုလျှင် မောင်နဲ့ နှယ် ရင်းနှီးနေကြတာကို သူမ ထင်သလောက် မပျော်နိုင်ခြင်း ...။





"ဒီမှာ သမီး .. သမီး အရမ်းခုံမင်နေတဲ့ ပညာရေးဟာ ဘဝကြီးတစ်ခုလုံးလောက် အရေးပါနေတယ်ဆိုရင်တောင် အရှက်သိက္ခာအတွက် အိမ်ထောင်ရေးကိုပဲ သမီး အမိကရွေးရမှာပဲ၊ အသက်နဲ့ လုလုပ်တာ မဟုတ်ဘူး၊ အရှက်နဲ့ လုလုပ်တာ၊ ရွှံ့စရာမိန်းမတစ်ယောက်အဖြစ်နဲ့ ရှိနေရရင် သမီး မိုးထိပညာတွေ မြင့်မားနေလည်း အလကားပဲ၊ အခု ခေတ် နဲ့သမီး ရန်ဖြစ်ထားကြတယ်မို့လား"

"သူ ပြန်လာရင် မူလ တောင်းပန်မှာပါ"

"အေး .. အဲဒါက သမီးတို့လင်မယားရဲ့အပိုင်း၊ မေမေ ဝတ္တရားရှိတဲ့အတိုင်း စကားကုန် ပြောပြီးပြီ"

ခေါ်နွဲ့မှု က တည်တင်းနေသည့် မျက်နှာထားနှင့် နေရာမှ ထရပ်လိုက်ကာ ...

"သမီးလည်း အပျိုဖြန်းလေးအရွယ် မဟုတ်တော့ဘူး၊ ဒီနေ့ မေမေကတော့ နောက်ဆုံး သတိပေးတာပဲ၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိတယ်လို့ သမီး သတ်မှတ်ပြီး ခြေလှမ်းစခဲ့တယ်"

"မဟုတ်ဘူး မေမေ .. အဲဒီလို မဟုတ်ပါဘူး"

"ထားလိုက်ပါတော့ .. အရေးကြီးတာက သမီး ကိုယ့်ကိုယ်ကိုယ် ပြန်မေး ..၊ ကိုယ်ပိုင်ထားတဲ့ပစ္စည်း ကိုယ်မလိုအပ်တာ သေချာသလား၊ ဘယ်သူ ကောက်သွားသွား ကျေနပ်နိုင်သလား .. သေချာရင်တော့ သဘောပဲ"

မေမေ လှည့်ထွက်သွားတာကို တားဆီးဖို့ မေ့နေခဲ့၏။

မေမေ့လို မေးခွန်းတွေ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ရင်း ခေါင်းခါမိသည်။

အဲဒီလို အမေးအဖြေတွေ တစ်ခါမှ မရှိခဲ့ဘူးသည့် ရင်ထဲမှာ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"သနပ်ခါးနံ့လေး မွှေးနေတာပဲ၊ ရေမိုးချိုးပြီး လှလို့ပါလား၊ ဘယ်လဲ .."

"မောင့်ဆီ လိုက်သွားပြီး အပြင်မှာ ဒင်နာစားခဲ့မလို့လေ"

"ဘာရယ် .."

မူလ့ကို ပြန်ကြည့်ပြီး နွယ် က ထူးဆန်းသွားသည့်မျက်နှာနှင့်...

"နင်က လိုက်သွားမယ်ဆိုတော့ သူ့ကို ချော့မလို့ပေါ့ .. ဟုတ်လား"

မူလ က ရှက်ပြုံးလေးဖြစ်သွားပြီး ဝတ်ထားသည့် မိုးပြာရောင်ခံနှင့် ပါတိတ်အဖြူပွင့်လေးကို သေသပ်အောင် ပြင်သလို အကြောင်းရှာ၍ ငုံ့ပစ်၏။

ငုံ့သွားသည့်မျက်နှာလေးကို ကြည့်နေပြီးမှ နွယ် မျက်လုံးတွေ မူလ ကျောပြင်ထက်မှာ အုပ်ခဲပြန့်ကျနေသော ဆံပင်ရှည်တွေဆီ မျက်လုံးရောက်သွားသည်။

ဖားလျားမချရဖူး ဆံပင်တွေကို ခေါင်းလျှော်ပြီး မခြောက်တခြောက်နှင့် ဖြန့်ထားသည်။





အတိုအရှည်မညီသည့်ဆံစတွေ မျက်နှာ ပတ်ဝန်းကျင်မှာ ဖြိုဆင်းနေတာကိုလည်း ဘီးကုတ်တွေ၊ ကလစ်တွေနဲ့ ရှင်းလင်းထားတာမျိုး မလုပ် ..။ ထို့ကြောင့် မျက်နှာလေးငုံ့တိုင်း ပြန်မော့လာတော့ ဆံပင်တွေကို ဖယ်ထုတ်ပစ်လိုက်နှင့် .. ထူးခြားသည့် အမူအရာလေးတွေ ဖြစ်နေပြန်သည်။

တစ်ကိုယ်လုံးကို သိမ်းမြုံကြည့်ပြီး နွယ့် မျက်ဝန်းတွေ ပို၍ ကျဉ်းမြောင်းလာခဲ့၏။

မူလ ကိုယ်မှာ ထူးခြားစွာ သင်းပျံ့နေသည့် ကိုယ်နံ့ ..၊

ပါတိတ်တွေ ချိတ်အဆင်လေး အမျိုးမျိုးဝတ်ပေမယ့် ချုပ်ဝတ်သမျှ ဒီဇိုင်းဆန်းလေးတွေကြောင့် ဘယ်လိုနေနေ ခေတ်မီ၍ ယဉ်စစလှနေသော မူလ ရဲ့ ပင်ကိုစတိုင်လ် ..။

ဘာကိုမှ သူမ မနှစ်မြို့နိုင် ..။

မူလ ရဲ့ကိုယ်ပေါ်မှာ ဘယ်လိုထူးခြားသော ဆွဲဆောင်မှုတွေ ရှိနေလို့ သည်ခေတ်လူ မြတ်မြတ်နိုးနိုး ဖြစ်နေရသလဲဆိုတာ တွေးကြည့်မိလေ သဝန်တိုစိတ်တွေ ဖြစ်ရလေ ..။

တကယ်ဆို 'ငါ့လောက် လှတာလည်း မဟုတ်ဘူး' ဆိုသည့် အတွေးနှင့် နှိုင်းယှဉ်စရာမဟုတ်တာကို နှိုင်းယှဉ်မိသည်။ ဒါမှမဟုတ်ရင် ထပ်ဆင့် ပါရဂူကြီးဖြစ်နေလို့ မက်တာလား ..။

ဒါဆိုရင်လည်း သူ့လိုလူအတွက် မူလ ထက် လှပြီး ဒီလိုပညာတတ်တဲ့မိန်းမတွေ ရှားမှာမဟုတ်ပါ ..။

"ငါတော့ တကယ် အံ့သြနေပြီ မူလ ရယ် .."

"ဟင် .. ဘာဖြစ်လို့လဲ"

အခန်းတံခါး လှည့်ပိတ်ရင်း မူလ ဖျတ်ခနဲ ပြန်လှည့်၏။

"ငါ့ကိုလား .."

"ဟုတ်တယ်လေ .. ကိုယ့်ကို ဒီလောက် ပြောဆိုပေါက်ကွဲသွား



www.burmeseclassic.com

www.burmeseclassic.com



တာ နင် မရှက်ဘူးလား၊ သူပြောတာကို စောင့်ရမှာ၊ နင်က ဘာဖြစ်လို့ လိုက်သွားမှာလဲ"

"နွယ် ရယ် .. လင်နဲ့မယားပဲဥစ္စာ၊ အဲဒီလို မာနတွေ မထားသင့်ဘူးထင်လို့ပါ၊ သူ ပေါက်ကွဲသွားတာ ငါ့ရဲ့ဖုန်းတစ်လုံးပဲ ဆုံးတာလေ၊ တကယ်လို့ ရိုက်နှက်သွားရင်တောင် သူ ဒီလောက်တော့ ပေါက်ကွဲသင့်တယ်လို့ ငါ့ဘက်က ဖြေရမှာပဲ"

"ဩော် .. ဩော် .."

မူလ က နက်ပြာရောင်မှာ ကျောက်တန်းလေးတွေနှင့် လိပ်ပြာပုံဖော်ထားသည့် ဆုလင်းဘက်န်ကို ပခုံးပေါ်ထပ်တွဲတင်၍ မျက်နှာပူသလို ဖြစ်သွားသည့်ပုံစံလေးနှင့် ပြုံးရိပ်ထင်ကာ ...

"ငါ လွန်တယ်လို့ ငါ့ကိုယ်ငါ သိနေလို့ပါ"

နွယ် က 'မပြောတော့ဘူး' ဆိုသည့် မျက်နှာနှင့်မဲ့၍ ...

"ဒါဆို နင်တို့အတွက် ငါ ဒေါ်အု နဲ့ စီစဉ်ချက်ပြုတ်ထားတာတွေ သွားပြီပေါ့"

"ဟင် .. နင် ဝင်ချက်ထားတယ်"

မူလ က မေးလိုက်မှ နွယ် က ခေါင်းညိတ်ပြီး မျက်နှုံးတွေကို ဟန်ပါပါပင့်၍ ...

"ဟုတ်တယ် .. အခု နင် ပြန်လာတော့ နင့်အတွက်ရောပေါ့၊ နင် မရှိတုန်းကလည်း အစ်ကို့အတွက် ငါ ကြိုးစားပြီး ချက်ပြုတ်ပေးတာပဲ၊ နင့်ထက် သုံးရက်ပဲ စောရောက်တာပေမယ့် အစ်ကို ဘာကြိုက်လဲဆိုတာ နင် သိတာထက် ငါ အများကြီး ပိုသိတယ် .. ယုံလား"

ဟင်!...

မူလ ပြုံးနေသည့်မျက်နှာလေး 'ဟင် .. ခနဲ' ရပ်တန့်သွားသလိုပင်။ နွယ် က ရယ်၍ ...

"နင်က ငါ့သူငယ်ချင်းလေ ... သူက တစ်မိမ်းဆိုတော့ တစ်မိမ်း





တွေ့နိုင်အောင် ဖားထားရတာပေါ့၊ မျက်နှာကြီးက ဘာဖြစ်သွားတာလဲ .."

"ဘာမှမဖြစ်ပါဘူး"

"အဟွန်း .. နင် လွတ်လပ်အောင် ငါက ကူညီတာပါ၊ နင် တွေ့ပြန်ရမယ့်ဝတ္တရားတွေ ငါ လုပ်ပေးနေမှ နင့်ကို ပြောစရာမဖြစ်မှာ မဟုတ်ဘူးလား"

မူလ ခပ်ယဲ့ယဲ့ ပြုံး၍ ခေါင်းညိတ်သည်။

"နင် အလုပ်လုပ်နေတဲ့အခါ သူတစ်ယောက်တည်းလို့ ပြောသံကြားကတည်းက နင်တို့လင်မယားအတွက် လိုအပ်နေတာ ဘာလဲဆိုတာ ငါက သိတယ်၊ စိတ်ချစမ်းပါ .. နင် ဘယ်လိုနေနေ .. အစ်ကို နင့်ကို နောက်ထပ် မငြိုငြင်စေရဘူး၊ ငါ ရှိတယ်"

နွယ့် ဘာစကားတွေ ပြောနေတာလဲ ...၊ မြူးနေသည့် မျက်နှာပြင်မှာ ရောင်စုံမီးလုံး လည်ပတ်နေသလို အမျိုးမျိုး ပြောင်းလဲနေသော အကြည့်တွေ၊ အမူအရာတွေကိုလည်း နားမလည်ချင် ...။

အစ်ကိုလို့ ခေါ်နေတဲ့အထိ မောင်နဲ့ နွယ် ဘယ်လောက် ရင်းနှီးနေကြသလဲ၊ မောင့်ပါးစပ်ကနေ နွယ့် အကြောင်း ဘာမှမပြောခဲ့သေးပေမယ့် နွယ့် ဘက်မှာ ရင်းနှီးနေသမျှက မယုံနိုင်အောင် တိုးတက်မှုမြန်ဆန်လျက် ...

"ကဲ .. သွားမှာဖြင့် သွားလေ ...၊ ချက်ပြုတ်ထားပေမယ့် စားမယ့်သူ မရှိတာ ဘယ်တတ်နိုင်မလဲ၊ ငါတစ်ယောက်တည်းပဲ ကျူးတုတ်ထားလိုက်မယ်"

ဒီလိုပြောတော့လည်း တွေးနေတာတွေ ပျောက်ကွယ်ကုန်ကာ မူလ စိတ်မကောင်းဖြစ်သွား၏။

"ဆောရီးပါ နွယ် ရာ .. အခုက မောင်နဲ့ အဆင်ပြေပြေ ပြောဖို့ ဖြစ်ဖို့ မသေချာလို့ပါ၊ နောက်တစ်ခါဆို နင့်ကို လိုက်ကျွေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ မူလ ရယ် ‥ ငါ့မှာလည်း ယောက်ျားမရှိပေမယ့် ကိုယ့်ချစ်သူနဲ့ ကိုယ် ဒင်နာစားဖြစ်အောင်တော့ အစွမ်းအစ ရှိပါသေးတယ်၊ နင် ကျွေးတာကို စားစရာလား ‥"

"ငါ ပြောတာကလည်း သော်ဒါကမ္ဘာပါ"

"နေပါစေတော့ ‥ မကြာခင် ငါချစ်တဲ့သူနဲ့ ဒင်နာစားဖြစ်မှာမို့လို့ ဆောင်းရီးဖို့ မလိုဘူး၊ စိတ်ဖြောင့်ဖြောင့် ကြ ‥"

နွယ် မှာ ချစ်သူရှိနေတာပဲ ‥။

ဟိုလိုဒီလို တွေးမိသည့်အဖြစ်ကိုတောင် အားနာသွားမိသည်။ သူက ကိုယ့်ကို တကယ့်စေတနာနဲ့ပြောတာမှာ အပြောအဆိုမတတ်တာမျိုး ဖြစ်လိမ့်မည်။

မူလ မျက်နှာလေး ပြန်လည် ကြည်လင်သွားခဲ့ပြီး ‥

"ငါ မောင့်ကို ဖုန်းအရင်ဆက်ဦးမှာ ‥ တော်ကြာ သူ အပြင်ထွက်နေရင် လွဲမှာစိုးလို့ ‥"

မူလ က နာရီကြည့်လိုက်ပြီး အောက်ထပ်ကို ဆင်းသွား၏။ နွယ် က လှေကားထိပ်ကနေ ရပ်ကြည့်နေ၍ ‥

"ဒီမှာ ဖုန်းရှိသားနဲ့"

"ဟုတ်တယ် ‥ ဒါပေမယ့် အောက်ထပ်ဖုန်းက ပြောလို့ ပိုကောင်းတယ်"

ပြန်လှည့်မကြည့်ဘဲ ပြောခဲ့သော်လည်း ဖုန်းဆီကိုသွားမည့် ခြေလှမ်းတွေက ပေါ်တီကိုအောက် ဝင်လာသည့် ကားအဖြူလေးကြောင့် တုံ့နေးသွားခဲ့၏။ ကိုယ့်အိမ်ကကား မဟုတ်မှန်းသိလို့ ရပ်ကြည့်လိုက်မိစဉ် ဆင်းလာသူက ဒေါက်တာ နောင်တူးနော် ‥။

"ကိုတူး ‥"

"အေး ‥ ဟုတ်တယ်၊ ကားထဲမှာ ညို ပါတယ်၊ ဆရာက အခုနာရီဝက်အတွင်း ဓာတ်ခွဲခန်းကို ရောက်အောင်လာခဲ့ဖို့ မှာလို့ ‥"





"သုံးယောက်စလုံးလား"

"ငါတို့ ငါးယောက်စလုံးပဲ"

ကိုတူး က အိမ်ထဲဝင်လာပေမယ့် တံခါးနားမှာပဲ ရပ်သည်။ လှေကားပေါ်က ဆင်းလာသည့် နွယ် ကို လှမ်းမြင်တော့ စကားဆေရပ်သွား၏။ ပြီးမှ ‥

"ဒေါက်တာ အုရှိ မေးလ်ပို့ထားတယ်လို့လည်း ပြောတယ်၊ အရေးကြီးတယ် ထင်တယ်၊ နင် ဘယ်သွားမလို့လဲ"

မူလ နောက်ပြန်ဆုတ်ရမလား ‥ ရှေ့တိုးရမလား မသိဘဲ ရုတ်တရက် ဗျာများသွား၏။ ဒါပေမယ့် ‥

"ဒေါ်ဒေါ်အု ‥"

ဒေါ်အု ထွက်လာတာ မြင်လိုက်သဖြင့် ချက်ချင်း လှမ်းခေါ်မိကာ အစရာရှိတာမှာ၍ ကားပေါ် ရောက်သွားခဲ့၏။

ဒေါ်အု ခဏရပ်နေပြီးမှ အိမ်ထဲပြန်ဝင်လာခဲ့လျှင် နွယ် လှေကားခြေရင်း ရောက်နေပြီဖြစ်လျက် ‥

"ဘာချက်လဲ ဒေါ်အု ‥"

"သမီး ချက်ခိုင်းတာတွေပဲလေ၊ နံရိုးပေါင်းရယ် ‥ ဗုဒ္ဓနံချဉ်စပ်ရယ် ‥"

"မဟုတ်ဘူးလေ ‥ အစ်ကို့အတွက် ပြောတာ"

"လူလေးအတွက်က တစ်မယ်ကောင်းလောက်ဆိုရင် ရတယ်လေ၊ မူလေး တို့ လင်မယားက စားကြပုံချင်းတော့ တူတယ်၊ အလုပ်လည်း သိပ်မအားကြတော့ စားကြတဲ့အချိန်မှာ အဆင်ပြေသလို စားသောက်ကြတယ်၊ တစ်ခါတုံလေပဲ ဘာလေးချက်ပေးပါ၊ ညာလေးချက်ပေးဝါ ပြောဖူးတာ"

ဒါဆို ကိုယ်ကျမှ ကြေးထူတယ်လို့ ပြောချင်တာလား ‥။

နွယ် စိတ်တိုသလို ဖြစ်သွားစဉ် ဖုန်းသံကြောင့် မျက်လုံးက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆီ ရောက်၏။ ဒေါ်အု ကလည်း အိမ်ထဲကို လှမ်းနေပြီးမှ သဘော လည်ပြန် လှည့်ကြည့်သည်။

"ရတယ် ... နွယ် ကိုင်လိုက်မယ်"

ဖုန်းနားကို နွယ် ရောက်သွားတဲ့အထိ ကျောခိုင်းထွက်ခဲ့သည့် ဒေါ်အု ခြေလှမ်းတွေ နှေးကွေးနေဆဲ ...၊

'နေရာ' ဆိုတဲ့သဘောကို ဒီမိန်းကလေး မသိဘူးလား ...။

သိတာမသိတာတွေထက် နွယ် လက်ထဲမှာ ဖုန်းရောက်သွား သည့်နောက် ...

"ဟလို ... အမိန့်ရှိပါရှင်"

"ဘယ်သူလဲ ... နွယ် လား"

"အစ်ကိုလားဟင် ... ကြည့်ပါဦး အစ်ကို့အသံကို မကျက်မိဘူး ပြောလေ အစ်ကို"

"မူလ နဲ့ ပြောချင်လို့၊ သူ အပေါ်ထပ်မှာလား"

"မရှိဘူး"

"ဘယ်ရောက်နေလဲ ... ခဏ ခေါ်ပေးစမ်းပါ"

"ခေါ်လို့မရဘူး အစ်ကို၊ ကိုတူး ဆိုတဲ့လူ လာခေါ်သွားတယ်"

"ဘယ်အချိန်လောက်ကလဲ ...၊ ဘာမှာသွားသေးလဲ တစ်ခုခု ..."

"နွယ် ကိုတော့ မမှာဘူး၊ သူ ပြင်ဆင်ပြီး ထွက်လာတာမြင်လို့ စကားတောင် ပြောနေကြသေးတယ်၊ ကိုတူး ဆိုတဲ့လူ ရောက်လာတာ နဲ့ ပါသွားတာပဲ"

အသံ တထောတိတ်သွားသည်။ ပြီးတော့ ဘာမှမပြောဘဲ ဖုန်းချ သွား၏။ နွယ် နှုတ်ခမ်းမှာ အပြုံးတစ်ချက် ဖြစ်ထွန်းသွားသော်လည်း တစ်ဖက်မှာ ခံလိုက်ရသည့်လူက မျက်နှာတစ်ပြင်လုံး မြို့ကျတော့ မည်မိုးလို ညိုလျက် ...

"ဖုန်းဆက်ပြီး ဘာဖြစ်သွားတာလဲ၊ မင်းမျက်နှာကြီးက ..."





"မေးမနေနဲ့ ငါ သိတယ်"

အာကာ နဲ့ ထက်မြတ်မိုး က တစ်ယောက်ကမေးပြီး တစ်ယောက် က ပြောသည်။ ခေတ် မျက်နှာလွှဲနေလျက် မေးရိုးနှစ်ဖက်စလုံး တင်းနေ ဆဲရှိကာ ...

"ငါ နောင်တ မရချင်ပါဘူး"

ဘယ်သူ့ကိုပြောမှန်း မသိ၊ အာကာ တို့ တစ်ယောက်ကိုတစ် ယောက် ကြည့်ကြ၏။ ပြီးမှ အာကာ က ...

"နတော့ နောင်တရနေပြီ ... ဒီလိုလား"

"မသိဘူး ... ဒါပေမယ့် ငါ့ရင်ထဲမှာ ရှုန်းရင်းဆန့်စတ် ဖြစ်နေ သမျှ ဘာတွေ ဆိုးဝါးနေနေ အချိန်တန်ရင် သူ့ကို အရှုံးပေးချင်လာ တာပဲ"

"မင်းက ချစ်နေရတာကိုးကွ ... အစကတည်းက ကိုယ်ကြိုက်တဲ့ အရုပ်မျက်နှာကို ရွေးခဲ့တာပဲ ခေတ် ရာ ... လေစုန်ဖြစ်ဖြစ် လေဆန်ဖြစ် ဖြစ် မင်း နေရတော့မှာပဲ၊ ဘာဖြစ်လို့လဲ ... သူနဲ့ မင်း အခြေအနေ ဖိုဆိုးနေပြီလား"

"အေးလေ ... ပြန်ရောက်လာတုန်း ချစ်ချစ်ခင်ခင်လေး ဖြစ်ရမှာ ကို ... မကျေလည်စရာတွေကို ထားလိုက်စမ်းပါကွာ၊ မစာနာလို့ ပြော တာ မဟုတ်ဘူး၊ အကောင်းဆုံးဆိုတာ ကိုယ် လိုချင်တိုင်း ရတာမှ မဟုတ်တာ၊ ရအောင် ကြိုးစားနေရင်း ဖြစ်လာတာ မလာတာက ရလဒ်တစ်ခုပဲလေ၊ မင်းနဲ့ မူလ ရဲ့ အနေအထားကို ငါတို့ ခန့်မှန်းရ သလောက်ဆိုရင် မင်းက ကြိုက်ခဲ့တယ် ... ချစ်သွားတယ်၊ ပိုပိုပြီး မြတ်နိုးနေတယ်၊ မူလ ကတော့ ချစ်တာခင်တာတွေကို စိတ်မဝင်စား ဘူး၊ ဘာနဲ့တူသလဲဆိုတော့ ကြိုးပြတ်တဲ့စွန်နောက် လိုက်ရင်း ပန်း ဥယျာဉ်ကြီးထဲ ရောက်သွားတဲ့ကလေးလိုပေါ့၊ ပန်းတွေ ရောင်စုံမှုပြီး ပြီး လှနေတာလည်း မသိဘူး၊ မွေးရနံ့တွေ ဘယ်လို ကြိုင်လှိုင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သတိမထားမိဘူး၊ သူ လိုချင်စောသန်နေတာက ကြိုးပြတ်ကျလာတဲ့စွန်ကို ကောက်ယူနိုင်ဖို့ပဲ''

ဥပမာပေးနေတဲ့ အာကာ ကို ခေတ် က မှန်ကုတ်ကုတ် မျက်နှာတွေတွန့်လျက် စိုက်ကြည့်နေ၏။

အိမ်က ထွက်လာကတည်းက ဘာလုပ်လို့မှ စိတ်မပါတာရို့ ရုံးခန်းမှာ စောပဲထိုင်ပြီး ဟိုသွားဒီသွားနှင့် အချိန်ဖြုန်းရင်း လေနေမိသည်။

ဒေါသတွေထဲမှာ သူမကို တမ်းတနေမိတဲ့စိတ်ကို နှစ်မြှုပ်၍ အချိန်ကုန်မှ အိမ်ပြန်မည်ဆိုတာလည်း စိတ်ကူးပြီးသား၊ ဒါပေမယ့် လက်တွေ့နဲ့ စိတ်ကူးက တစ်ထပ်တည်း မကျ ...။

နေမြင့်လေ အရှူးရင့်လေဆိုသည့် အပြစ်မျိုးနှင့် ဒီညနေမှာ ဖုန်းဆက်မိတဲ့အထိ ဟန်မဆောင်နိုင်အောင် ဖြစ်ခဲ့ရသည်။ သို့သော် ...

"သူ ပြန်လာတာ နှစ်ရက်ရှိပြီမို့လား၊ မနေ့ညကရော မင်းတို့ စကားမပြောကြဘူးလား"

ထက်မြတ်စိုး က ပြန်မေးသည်။ အာကာ ကလည်း ခေါင်းညိတ်၍ ...

"မနေ့က မင်း ပြန်သွားရင်တော့ သူ ပြန်ချော့မယ်ထင်တာ ဘာလဲ .. မင်းကလည်း သူ မချော့လို့ တင်းနေလိုက်တာမို့လား"

"ချော့တာ ကောက်တာတွေ ပြောမနေစမ်းပါနဲ့၊ ငါက ဂန်ဒူးလား"

"ဩော် .. မင်းကလည်း ဂန်ဒူး ဟုတ်ဟုတ်မဟုတ်ဟုတ် တစ်ဖက်က အလျှော့ပေးလာရင် ကျေနပ်လိုက်ရတာပဲ၊ အဲဒီသဘောက ချော့မော့ခြင်း၊ စိတ်ပြေခြင်းပဲ၊ နေရာတကာ မိန်းကလေးတွေချည်းပဲ လုပ်ခွင့်ရှိနေတာ မဟုတ်ပါဘူးကွာ ..."

ခေတ် ငြိမ်ကျသွားပြန်သည်။ မနေ့ကထိ သူ စိတ်မပြေနိုင်တာ





သူပဲ သိသည်။ မူလ ကိုယ့်သားရောက်လာရင်တော့ အခြေအနေ ပြောင်းလဲသွားမသွားဆိုတာ မသေချာ။ ဒါပေမယ့် ...

မူလ လည်း သူ့ဆီ ရောက်မလာသလို သူလည်း တခြားစီ တစ်နေရာစီမှာနေရင်း မိုးလင်းခဲ့၏။

"ခေတ် .. မင်း ငါပြောတာကို စဉ်းစားကြည့်လိုက်၊ မုန်းနေတဲ့လူကို ချစ်လာအောင် လုပ်ဖို့ လွယ်ရင် လွယ်မယ်၊ မုန်းတာမဟုတ် ချစ်လည်း မချစ်နဲ့ ဟိုမရောက် ဒီမရောက် အေးစက်စက် ခံစားချက်တွေကို နွေးထွေးလာအောင် လုပ်ဖို့က ခက်တယ်ကွ၊ မင်း စိတ်ရှည်မှဖြစ်မှာ၊ စုန္ဒက ပြောတဲ့ ဥပမာလိုပေါ့ .. စွန်လိုချင်နေရင် စွန်ကို ကောက်ပေးလိုက်၊ ပြီးမှ ဒီမှာ ဥယျာဉ်ကြီး မလှဘူးလားလို့ ပြ၊ ပန်းတွေမမွှေးဘူးလားလို့ မေး ..."

"မင်းပြောတဲ့အတိုင်း 'ရှင်ဖျား ဝါသနာပါတာကိုပဲ ဖြီးဆုံးအောင် လုပ်ပါတော့'လို့ ပြောလိုက်ရင်လား.. မူလ ဆိုတဲ့မိန်းမ သူ့ရဲ့ ခတ်ခွဲခန်းထဲကကို ထွက်မှာ မဟုတ်တော့ဘူး"

ခေတ် ပြန်အော်တော့ အာကာ က ရယ်သည်။ သူငယ်ချင်း စိတ်ညစ်နေမှန်းသိလို့ အလုပ်တွေကိုယ်စီရှိနေတဲ့ကြားက ဟိုခေါ်ဒီခေါ် သွားလာနေပေးခဲ့ကြတာ ဖြစ်သည်။

မူလ ဆီကို ဖုန်းဆက်ခေါ်မယ်ဆိုတော့လည်း သူမ ရောက်လာရင်တော့ သူတို့ဘာသာ ပြန်သွားကြဖို့ပါ။

"စိတ်ရှည်ရမယ်လို့ ငါ ပြောပြီးပြီပဲ၊ မင်း သူကလွဲပြီး တခြားတစ်ယောက်ကို မပြောင်းနိုင်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာနေသားနဲ့၊ ဒေါသထွက်စရာတွေချည်း တွေးနေရင် မင်းပဲ ဒုက္ခရောက်မှာပေါ့"

"ငါ မေးပါရစေဦး .. အခု ဖုန်းထဲက ဘယ်သူလဲ၊ ဘာပြောလိုက်လို့လဲ .. အဲဒါ ငါတို့ကို ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စီ မေးမြန်းနေကြသည့် အာကာ နဲ့ ထက်မြတ် တို့ ကို သူ တစ်ချက်ကြည့်၍ နဖူးပွတ်သည်။ ပြောတော့ ပြောချင်ပေမယ့် မပြောချင် ...။

အာကာ က နှယ် ကို တစ်ခါနှစ်ခါ မြင်ဖူးထားသည်မို့ ခေတ် ကို အကဲခတ်ကာ ...

"နှယ် ဆိုတဲ့တစ်ယောက်ကိုလည်း လျှော့မတွက်နဲ့နော် ... သူ ရောက်လာကာစပုံနဲ့ ဟိုတစ်ခါ ဒဂုန်စင်တာမှာ တွေ့လိုက်ရတဲ့ပုံစံက လုံးဝ ကွဲတယ် ... မထင်ရဘူး"

ထက်မြတ် က ပြောသံပဲ ကြားရသူမို့ ဟိုကြည့်ဒီကြည့်နှင့် နားပဲ ထောင်နေသည်။ အာကာ က သူ့ပခုံးကို ပုတ်လိုက်ပြီး ...

"မင်းက မမြင်ဘူးလို့ ... ယဉ်သလို ရိုင်းသလိုနဲ့၊ ရှေလည် လန်းတာ"

"မူလ ထက် သာနေတာလား"

"သာတာပေါ့၊ ခေတ် ရဲ့မျက်လုံးနဲ့ မကြည့်ဘူးဆိုရင် ..."

ခေတ် ကို မျက်စပစ်ပြရင်း အာကာ က နောက်သည်။

"အလကား ပြောတာပါ ... နှယ်တချို့ က လှပေမယ့် အရမ်းကြွ တယ်၊ ယဉ်အောင် ဝတ်ထားတဲ့ကြားက သူလုပ်တဲ့ပုံစံက ဆက်စီဖြစ်နေ တာ၊ မူလ ကတော့ အငြိမ်လိုင်းပေါ့၊ မတူတာက သိသာပါတယ်"

"ဟုတ်လား ... ဒါဆို ခေတ် က အငြိမ်ယောက်မှာ ကြွေသွားတာ ပေါ့"

"အေး ... ခုတော့ အငြိမ်လွန်ပြီး အနည်မထတော့တဲ့ ရေခဲ ဖြစ် သွားပြီ"

ခေတ် က စီးကရက်တစ်လိပ် ထုတ်လိုက်ပြီး အကြည့်မရောက် ဘဲ မျက်နှာရှုံ့ညည်းပဲ ငုံ၍ ...

"ဝေဖန်လို့ ပြီးကြရင်လည်း ပြန်ကြတော့"



"မပြီးသေးဘူးလေ ... မင်းကို နှယ် က ဘာပြောလိုက်တာလဲ၊ ခုနက ..."

"မူလ ခေါက်တာ နောင်တူးနော် နဲ့ ပါသွားတယ်တဲ့"

"ကိုတူး ဆိုတာလား"

စီးကရက် မီးညှိရင်း ခေတ် က ခေါင်းညိတ်သည်။

"ဘာလဲ ... မင်းက သူ့အလုပ်ထဲမှာ ဝင်နေတဲ့အချိန်တွေကို သဝန်တိုနေတာလား၊ ကိုတူး နဲ့ သဝန်တိုတာလား"

"ဘာမှ ပြောမနေနဲ့တော့ကွာ ... ငါ သွားမယ်၊ မင်းတို့ရော"

"မင်းကလည်း လိုတစ်မျိုး မလိုတစ်မျိုး ... မထူးပါဘူး၊ ပြန်နေကျအချိန်ကျမှ ပြန်ပါ၊ မူလ လည်း အိမ်မှာရှိမှာ မဟုတ်ဘဲနဲ့"

"ငါ ကုမ္ပဏီကို ပြန်သွားမှာ"

"ဒါဆို ငါတို့လည်း လိုက်မယ်"

"ဘာလိုက်လုပ်မှာလဲ"

"လိုက်ချင်လို့"

ခေတ် မျက်နှာက မကြည် ...။

အာကာ တို့က မှင်သေသေ မတည်မပြုံးနှင့် မျက်တောင်တွေ ခတ်၍ ဟိုကြည့်ဒီကြည့် အလုပ်ရှာနေကြသည်။

ခေတ် ဘာမှမပြောတော့ဘဲ ဆိုင်ထဲက ထွက်လာခဲ့၏။

သူ စိတ်ညစ်နေမှန်း သိ၍ သူငယ်ချင်းတွေက တာဝန်ကျေနေကြ မှန်း သိသည်။ ဒါပေမယ့် ဘယ်လိုနေနေ ဘာတွေ ပြောကြပါစေ ...။

စိတ်ညစ်နေတာက တခြား၊ ကြားနေရတာတွေက သဝ်သဝ် ...၊

အသည်းကွဲပါတယ်ဆိုမှ စကားပြောဖော် ရှိနေတာနဲ့ပဲ ပျောက် ရောတဲ့လား ...၊ ဘာမှမဆိုင် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ထမင်းစားတုန်းကတော့ မောင့်ကို မျှော်ရင်း ထင်သလောက် လည်း စားမဝင်ဘဲ ဒီတိုင်းပဲ ပြီးသွားခဲ့ရသည်။ အလုပ်စားပွဲ ထိုင် လိုက်သည်နှင့် စိတ်က အလုပ်မှာပဲ နှစ်မြုပ်သွား၏။

နာရီကို တစ်ခါနှစ်ခါ မော့ကြည့်မိပေမယ့် နောက်တော့ မေ့သွား သည်။ တစ်ဝက်ပွင့်နေသည့် တံခါးမှာ အရိပ်တွေ့လိုက်လို့ လှည့်ကြည့် မိလျှင် ဒေါ်အုံ က ...

"သမီး .. ဘာနိုင်းစရာရှိသေးလဲလို့"

"ဒေါ်ဒေါ်အုံ ပုတီးစိပ်တော့မှာလားဟင်"

"အေး .. သမီး၊ လူလေးကို စောင့်ပေးရဦးမလား"

မူလ လုပ်လက်စတွေကို ခဏရပ်၍ နေရာမှ ထလာကာ ...

"မူလ ထွက်သွားတုန်း မောင် တစ်ခါမှ ဖုန်းမဆက်ဘူးလား ဟင်"

တံခါးဝမှာ ရပ်နေရင်း ဒေါ်အုံ မျက်နှာ တစ်မျိုးပြောင်းသွား သည်။ ခဏကြာအောင် စဉ်းစားလိုက်ပြီးမှ ...

"သမီး ထွက်သွားသွားချင်းပဲ ဖုန်းလာတယ်"





"မောင်ဆီကလား .."

"ဟုတ်တယ် .."

"ဘာတွေ ပြောသွားလဲဟင် .. အိမ်ကို တစ်ခုခု မှာတာလား၊ မူလ ကို တစ်ခုခု ပြောခိုင်းတာလား"

ကိုယ့်ကိုတော့ ဘာမှမှာဖို့ မရှိတာကို သိပါသည်။ ဒါပေမယ့် တစ်ခုခု ခန့်မှန်းခြေလေးနှင့် မရဲတရဲတော့ မေးလိုက်မိ၏။

ဒေါ်အုံ က စိတ်မကောင်းသည့် အကြည့်တစ်ချက်နှင့် ဘေးဘီ ကိုလည်း မသိမသာ မျက်လုံးဝေ့ကာ ...

"ဒေါ်အုံ ကိုင်လိုက်တာ မဟုတ်ဘူး သမီးရဲ့ .. မနွယ် ကိုင်တာ"

"ဟုတ်လား .. မူလ နာမည်ပြောသံရော ကြားလိုက်သေးလား ဟင်၊ နွယ် က ဘာမှတော့ မပြောဘူး"

နွယ် နဲ့ အမူ ထမင်းအတူစားပြီးပြီ ဖြစ်သည်။ ပြောရင်းရယ်ရင်း နှင့် နွယ့် စကားတွေထဲမှာ မောင့်အကြောင်း ဘာမှမပါ ...။

ဒေါ်အုံ ကလည်း တော်ရာမှာ နေရသည့်ဘဝပဲမို့ ...

"လူလေးနဲ့ ရယ်ရယ်မောမော ပြောနေကြတာပဲ၊ ဘာတွေ ပြောကြလဲဆိုတာ ဒေါ်အုံ ဘယ်လိုလုပ် နားထောင်ရဲမှာလဲ သမီး ရယ်.."

"ဪ .. အင်းပေါ့"

မူလ နားလည်သည်။ နွယ် က ပြောစရာရှိလျှင် နေရာမရွေး အချိန်မရွေး ပက်စက် ...။

"ဟုတ်ပါပြီ .. ဒေါ်ဒေါ်အုံ နားတော့လေ၊ အေးအေး ပုတီးစိပ်ပါ၊ အပြင်မှာ နွယ် ရှိတယ်မို့လား"

'နွယ် ရှိရမှာ မဟုတ်ဘူး၊ အဲဒီနေရာမှာ သမီး ရှိရမှာ' လို့ ပြော ချင်မိသည်။ မပြောဖြစ်သည့်စကားကို လျှာဖျားပေါ်မှာ ဒီတိုင်းထား၍ လှည့်ထွက်ခဲ့ရပေမယ့် စိတ်မချမ်းသာ ...။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ပြန်ရောက်လာတဲ့အခါ လင်မယား အဆင်မပြေလို့များ အရက်တွေဘာတွေ သောက်လာခဲ့ရင် ဘယ်လိုလုပ်မလဲ ...။

ဒီလိုမဟုတ်ရင်တောင် ဘာမှ မစားရသေးဘူးဆိုပြီး ထမင်းစားခန်းထဲမှာ တန်းဝင်သွားလျှင် အပေါ်ထပ် အိပ်ခန်းထဲက သိနိုင်ပါ့မလား ...။

ခေတ် ကရော ထမင်းစားချင်တယ်၊ ပြင်ဆင်ပေးပါလို့ သွားခေါ်မှာတဲ့လား ...။ ခြေလှမ်းက ဧည့်ခန်းမှာ ခြေချင်းချိတ်ထိုင်ရင်း ဝတ္ထုစာအုပ်ဖတ်နေသည့် နွယ် ကို မြင်လိုက်တာနှင့် လုံးဝ ရပ်တန့်သွားခဲ့သည်။

အားလုံးသည် ထင်ထားသည့် အခြေအနေတွေအတိုင်း ဟိုတစ်စ ဒီတစ်စ ပီပြင်လာခဲ့၏။

နေရာလိုချင်နေသူက တမင်တကာ ဒီလိုအခွင့်အရေးကို စောင့်နေတာလား ...၊ ပိုင်ရှင်ကိုယ်တိုင်က ယူပါတော့လို့ ပေးချင်နေတာလား...။

ကြီးမားသော အန္တရာယ်စက်ကွင်းနှင့် အကာအကွယ်မဲ့ နေရာတစ်နသည် မြင်ရသူအဖို့တော့ ရင်သပ်ရှုမောဖွယ်ပင် ...။

ဒါပေမယ့် ကိုယ့်ဘက်က ပြောရေးဆိုခွင့် မရှိနိုင်သော အရပ်မျက်နှာ ဖြစ်နေသည်ကြောင့် ...။





အခန်း (၂၉)

"ကျွမ်း ..."

တံခါးသော့ရိုက်သံကြားမှ မေးခနဲ အိပ်ပျော်သွားသည့် နွယ် မျက်လုံးတွေ ပွင့်သွား၏။

"အစ်ကို ပြန်လာပြီ"

သော့ကို ကောက်ယူကာ ထိုင်ရာကနေ ကမန်းကတန်း ထသည်။ အနက်ရောင် ညဝတ်ဂါဝန်အပျော့သားလေး၏ပုံစံက လက်တစ်လုံးချိတ်သာသာလေးမို့ တံခါးနားကို ပြေးလာတော့ ခေတ် မျက်နှာလွှဲထားမိသည်။

"အစ်ကိုကလည်း ညည့်နက်လိုက်တာ"

"ဟုတ်တယ်"

အိမ်ထဲကို မျက်လုံးဝေ့ရင်း သူ ဘာမှထပ်မမေးဘဲ ဒီတိုင်း ဝင်လာခဲ့သည်။ သော့ပြန်ပိတ်ကာ နွယ် က သူ့နောက်က လိုက်လာ၏။

"ဆယ်နာရီမခွဲသေးဘူး .. အစ်ကို ဘာစားခဲ့လဲဟင်၊ တစ်ခုခု စားမလား ဒါမှမဟုတ် ထမင်းလား၊ ရေချိုးမယ်ဆိုရင် .."

"ငါ အိပ်တော့မှာ မင်း သွားအိပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. အစ်ကိုက အလုပ်စားပွဲ မထိုင်တော့ဘူးလား၊ မူလကတောင် နွယ် ဖောင့်ပေးမယ်ဆိုလို့ အစ်ကို အလုပ်လုပ်ရင် ကူပေးလိုက်ဦးလို့ မှာနဲ့သေးတယ်"

ခေတ် က ပြန်လှည့်ကြည့်ရင်း ခြေလှမ်းရပ်သွား၏။

"သူကရော .."

"အိပ်နေပြီလား မသိဘူး .. ပြန်လာကတည်းက ဆင်းကို မလာဘူး၊ အရမ်း ပင်ပန်းလာတဲ့ပုံပဲ .. သူတို့နှစ်ယောက်စလုံးပါပဲ၊ ခေါက်တာတွေ ဖြစ်နေကာမှ ပိုပင်ပန်းသလိုပဲနော်၊ တော်သေးတယ် .. နွယ် ဆက်မတက်ခဲ့တာ"

"ဘယ်သူနဲ့ ပြန်လာတာလဲ"

"ကိုတူး ဆိုတဲ့လူနဲ့ပဲ"

ဘယ်အချိန် ပြန်လာတာလဲလို့ မေးချင်ပြီး မမေးဖြစ်ဘဲ တုံ့ဆိုင်းနေမိ၏။ ဒါပေမယ့် ...

"စောပါတယ် .. ရှစ်နာရီကျော်ကျော်လောက်က ပြန်လာတာ၊ အစ်ကိုတို့လင်မယားကလည်း ခုထိ မတည့်ကြသေးဘူးလား"

သူ ဘာမှမပြောဘဲ ပြန်လှည့်လာခဲ့ရင်း ...

"မင်း အိပ်တော့လေ"

လှည့်မကြည့်ဘဲ ပြောတော့ နွယ် က နောက်မှာကျန်ခဲ့ရင်း ပခုံးလေးနှစ်ဖက် တွန့်၍ မဲ့သည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်၏။ ဘယ်သူက အိပ်မှာမို့လို့လဲ ..။

မနေ့ညကတည်းက အပေါ်ထပ်မှာ ခေတ် ရဲ့ သွားလာလှုပ်ရှားနေသံတွေ သူမ ကြားနေခဲ့သည်။ ထွက်ကြည့်မိတော့လည်း ခေတ် က မမြင်ပေမယ့် သူမက မြင်သည်။

ဒီညတော့ ကိုယ်လည်း အိပ်ပျော်မှာမဟုတ်သည့်အတူတူ တခြားလူအတွက်လည်း အဖော်အလျော်ဖြစ်အောင် ဆုံးဖြတ်ခဲ့၏။





သူ မအိပ်ဘဲ ကိုယ်လည်း မအိပ် ..။

ခေတ် က နောက်ကို လှည့်မကြည့်ပါ၊ လှေကားပေါ်တက်နေသည့် တောက်လျှောက်မှာ မြည်သံပေးလာသည့် ဖုန်းကို ထုတ်၍ ကြည့်ဘဲ ပိတ်ပစ်လိုက်သည်။

ဒီအချိန်ဆက်တာက အလုပ်နဲ့ပတ်သက်တဲ့ဖုန်း မဖြစ်နိုင်တာကို သိပြီးသား ..။ တွေနေသည့်စိတ်က စပ်ဟဟတံခါးကို မည်းသာစွာ တွန်းဖွင့်ပစ်လိုက်၏။ မျက်နှာချင်းဆိုင် တွေ့မိကြရင်တော့ ပြေလည်နွယ် မရှိပေမယ့် စားပွဲပေါ်မှာ လက်နှစ်ဖက်ပေါ် မျက်နှာလေး မေးတင်ကာ အိပ်ပျော်နေသည့် မူလ ကျောပြင်လေးက သူ့ခြေထောက်တွေကိုရော ခေါင်းတွေကိုပါ ချွေးသိပ်ပေးလိုက်သလို ရှိ၏။

ပွင့်နေခဲ့ ကွန်ပျူတာကို ကြည့်ရင်း တစ်လှမ်းချင်း ဝင်ခဲ့မိသည်။ သက်ထပ်ပြီးကတည်းက ဒီနေ့ထိ ချောင်းသာကိုသွားခဲ့သည့် ခရီးစဉ်မှလွဲ၍ သူ့အတွက် အိမ်ထောင်နဲ့တူသည့် နွေးထွေးမှုဆိုတာ ဘာရှိခဲ့သလဲ ..။

သူမမျက်နှာကို ကြည့်နူးရင်ခုန်စွာ တစ်ရက်လောက် ကြည့်ခဲ့ရချွင် တစ်ပတ်စာလောက် ပြန်ပြီး ဝေးကွာခဲ့၏။ မြူးရတာ တစ်ရက်၊ ခံရွံ့နာကျင်ရတာက နေ့စဉ်ရက်ဆက် ..။

ထိုင်လျက်ကနေ စားပွဲပေါ် မှောက်အိပ်နေသဖြင့် နောက်မှာ ညှပ်ထားသည့် ဆံနွယ်ရှည်တို့က ကျောပြင်ကို ကန့်လန့်ဖြတ်၍ ခပ်လျှာလျှော ပြုဆင်းနေကြ၏။

သနပ်ခါးရေကျဲလေး လိမ်းထားသည့် ပါးပြင်လေးတစ်ဖက်က မီးရောင်အောက်မှာ စိမ်းနု ဝင်းစိုနေလျက် .. သူ့အကြည့်တွေကို ပို၍ ကျဉ်းမြောင်းသွားစေခဲ့၏။

ငုံ့မိုးကြည့်နေရင်း စူးရှနာကျင်သွားသည့်အတွေးနှင့် ကျိခနဲ ခံကြိတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"‥ ပြန်ကို ဆင်းမလာတော့ဘူး"

"‥ ကိုတူး ဆိုတဲ့လူနဲ့ပဲ ‥"

"ကျွတ်!‥"

ဘောင်းဘီအိတ်ထဲ လက်တွေထည့်လိုက်ရင်း နှုတ်များမှ ကျွတ်ခနဲ စုတ်သပ်သည်။ ဒါပေမယ့် မျက်နှာလွှဲပစ်လိုက်ပြီးမှ ပြန်ငုံ့ကြည့်မိ၏။ အိမ်ထောင်ရေးဆိုတဲ့ဘောင်ဟာ သူ့ကျမှ ဘာဖြစ်လို့ မီးတောက်မီးလျှံတွေနဲ့ တူနေခဲ့တာလဲ ‥။

ဂရုမစိုက်တတ်သည့်မိန်းမကိုမှ သူ ဖွဲ့လမ်းနေမိသည်။ သူများတွေအမြင်မှာ ဘာမှမဟုတ်လောက်ဲဲဘူးဆိုသည့် မိန်းမက သူ့မျက်လုံးထဲမှာ ဘယ်မိန်းမနဲ့မှ ထပ်တူမညီနိုင်သည့် တန်ဖိုးတွေအပြည့် ‥

သူ့ဘက်ကတော့ မင်းက ဘာမှမဟုတ်တဲ့ကောင်ပဲ ခေတ် ‥ အဲဒီတော့ ထားလိုက် ‥ ချစ်နေပေမယ့် ထားလိုက်တော့ သည်ခေတ်လူ ‥။

သူ ချာခနဲ နောက်ပြန်လှည့်လိုက်သည်။ သို့သော် ‥

"အ ‥ အား ‥"

တိုးသဲ့သော ညည်းသံလေးကြောင့် ခြေလှမ်းက ဆက်လက် မရွှေ့လျားနိုင်တဲ့ နေရာမှာတင် ရပ်၏။

ပြန်ငုံ့ကြည့်လိုက်တော့ အနည်းငယ် လှုပ်ရှားသွားကာ မျက်နှာလေး မဲ့နေရင်း မူလ က အိပ်ပျော်နေဆဲ ‥။

ဘယ်အချိန်ကတည်းက ဒီတိုင်း အိပ်နေခဲ့တာလဲ ‥။

ကွန်ပျူတာပေါ်မှာ အလိုအလျောက် မေးခွန်းတွေ ထွက်ပေါ်ကာ ဖြေမည့်သူက မရှိ ‥။ သူ့အကြည့်တွေ ဟိုရောက်ဒီရောက်နှင့် ကွန်ပျူတာကိုတော့ ဒီတိုင်းပဲ ထားလိုက်ကာ မူလ ကိုယ်လေးကို သာသာလေး ပွေ့ယူလိုက်၏။

"အား ‥"





မျက်လုံးမဖွင့် မျက်နှာလေးမဲ့သွားသည်။ ပြီးတော့ သူ့ရင်ဘတ်မှာ မျက်နှာလေး မှီကျလာကာ အိပ်ရာပေါ် ချသိပ်လိုက်တဲ့အထိ သူမ မနိုးပေ ‥။

ခါးစပ်လေးအထိ စောင်ဆွဲခြုံပေးလိုက်ပြီးမှ စိတ်ထဲမှာ တင်းခနဲ ပြန်ဖြစ်သည်။

"ဥပေက္ခာထားလိုက်ပုံကတော့ ဗွတ်ရှယ်ပါပဲ သည်ခေတ်လူ"

ကိုယ့်ကိုယ်ကိုယ် မကျေနပ်ခြင်းဖြင့် မျက်နှာကြီး တင်းကာ အိပ်ခန်းထဲကနေ တရှိုးတည်း ထွက်ခဲ့သည်။ တိတ်ဆိတ်နေသော ညဦးယံမှာ သူတစ်ယောက်တည်း အထီးကျန်စွာ လှုပ်ရှားနေရင်း မီးဖိုခန်းထဲ ရောက်လာခဲ့သည်။

တကယ်တော့ ဘီယာပုလင်း လာထုတ်ယူတာ ဖြစ်ကာ ဘာမှ မစားရသေးသည့် ဗိုက်ထဲက ထမင်းစားပွဲဆီ မျက်လုံးရောက်အောင် တွန်းပို့၏။

ပုလင်းနဲ့ ဖန်ခွက်ကို စားပွဲပေါ်မှာ ပြန်ချ၍ အုပ်ဆောင်းကို ဖွင့်ကြည့်လိုက်မိသည်။

"သိသားပဲ ‥ အစ်ကို ဘာမှ စားမလာခဲ့ဘူးဆိုတာ"

ရုတ်တရက်မို့ အသံလာရာကို ဖျတ်ခနဲ လှည့်ကြည့်မိ၏။ နွယ် က လက်ပိုက်လေးကနေ လက်တွေကို ဖြည်ချလိုက်ပြီး အထဲဝင်လာသည်။

"အစ်ကိုတို့လင်မယား အဆင်မပြေနိုင်သေးဘူးဆိုတာ သိနေလို့ပါ"

သူ ပြောသည့်စကားကို ပြန်ရှင်းပြရင်း နွယ် က အုပ်ဆောင်းကို ယူ၍ သွားထားသည်။ တစ်ဆက်တည်း ဟင်းတွေကို ပြန်နွှေးဖို့ လှုပ်ရင်း ‥

"နောက်ပြီး အစ်ကိုက တင်းနေတဲ့သူဆိုတော့ ပိုဆိုးတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မူလ က သူ့အလုပ် သူလုပ်နေရရင် နောက်ကြောင်းကို မေ့ထားတတ်တဲ့သူ၊ သူ ထမင်းစားရင်းနဲ့ ပြောတော့ ပြောရှာပါတယ်၊ အစ်ကို အပြင်က စားလာမလား မသိဘူးတဲ့၊ ညဉ့်နက်မှ ပြန်လာပြီး စားမလာခဲ့ဘူးဆိုရင် နင်ပဲ ပြင်ဆင် ကျွေးလိုက်ပါတဲ့"

"ဘာ၊..."

အနီရောင်သမ်းနေသည့်မျက်နှာကို နွယ် က ပြုံးပြက်လက်သွားသည့် အကြည့်တစ်ချက်နှင့် ပြုံးပြကာ ...

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့ ... ထမင်းပြင်ကျွေးတာ ဘယ်သူ ကျွေးကျွေးပေါ့၊ နွယ် တို့က သူ့အလုပ် ကိုယ့်အလုပ် ခွဲနေရမယ့်လူတွေမှ မဟုတ်တာ"

ဒါက ခွဲတမ်းတွေ အသီးသီးနဲ့ တာဝန်ကျေနေရမယ့် အလုပ်မျိုးလား ...၊ သည်းမခံနိုင်ခြင်းက မျှိုသိပ်ရခြင်းအပေါ်မှာ သူ့ထက်ငါ ရှန်းကြွတက်ဖို့ ကြိုးစားလာ၏။

ရှေ့မူလ ဆိုတဲ့မိန်းမ ဘယ်လိုအချိုး ချိုးနေတာလဲ ...။

"ကဲပါ အစ်ကိုရယ် ... နွယ် က စောစောမအိပ်တတ်မှန်းသိလို့ သူက မှာတာပါ၊ ဒီရောက်မှ နွယ် ပိုတောင် မအိပ်နိုင်သေးတယ်၊ အစ်ကိုတစ်ယောက်တည်း အလုပ်လုပ်နေရင်း စကားပြောဖော် လုပ်ပေးမယ် ... ဝိုင်းကူမယ်ဆိုပြီးတော့၊ ထိုင်ပါ ... ဒီမှာ ဟင်းတွေ ရပြီ၊ နွယ် အစ်ကို့ကို စောင့်နေတာ၊ ဘာမှ မစားရသေးဘူး"

ကြားရပြန်ပြီ ထူးဆန်းတာတွေ ...၊

ဟင်းတွေ ပြင်ဆင်ရင်း စူးစိုက်ကြည့်တော့ နွယ် က မော့ကြည့်ပြီး ရယ်သည်။

"နွယ် လည်း ကိုယ့်ကိုယ်ကိုယ် ထူးဆန်းနေပြီ ထင်တာပဲ၊ အစ်ကို့ကိုကျမှ တအားခင်ပြီး လိုလိုမလိုလို ခင်ချင်မှန်း မသိ၊ မခင်ချင်မှန်းမသိ ကူညီချင်တယ်၊ ခေါ်ချင်တယ်၊ တစ်မျိုးတော့ မတွေးဘူးနော်





...ားဟင်"

ငိုင်နေပြီးမှ ခေါင်းခါပြမိသည်။

ထမင်းမစားဘဲ စောင့်နေသည်ဆိုသည့်အသိက အားနာစိတ်ကို ...ခဲ့ဆောင်သွားသလိုရှိကာ ထမင်းစားပွဲမှာ ထိုင်လိုက်မိတဲ့အထိ ...၊ ...ိုသော် ...

"ဆောရီးပဲ နွယ် ... မင်းကို ကျေးဇူးတင်ပေမယ့် ငါ စားချင်စိတ် ...ုန်သွားပြီ"

"ဘာဖြစ်လို့လဲ အစ်ကို"

"မင်းကို စော်ကားတယ်လို့ မထင်ဘူးဆိုရင် ဒီမှာပဲ ကိုယ် ...ာက်မယ် ... ဖြစ်မလား"

"ဖြစ်တာပေါ့ ... အစ်ကို စိတ်ချမ်းသာရင် ပြီးတာပဲ"

နွယ့် မျက်နှာက အပြုံးတွေကို အခန်းပြင်ကနေ ဒေါ်အု ချောင်း...ကြည့်နေရင်း မကြာခင် တိတ်တဆိတ် ထွက်သွား၏။ ဒါကို ဘယ်သူ ...မသိလိုက် ...။

နွယ် က ခေတ် အတွက် အမြည်းနဲ့တူတဲ့ ဟင်းတွေကို ရွေးထုတ် ...ရင်း ...

"နွယ် တော့ ပြန်ရမှာတောင် ခက်နေပြီ"

"ဘာဖြစ်လို့လဲ"

"အစ်ကို့ကို စိတ်မချသလို ဖြစ်နေလို့၊ နွယ် ပြန်မယ်ဆိုရင် ...ာင် မူလ ကို သေချာမှာခဲ့မှာပါ၊ လင်မယား နှစ်ယောက်ပဲရှိတာ ...ခင်းလက်ဆုံမစားနိုင်တဲ့အထိ အလုပ်ရှုပ်နေတာ မကောင်းဘူးလေ... ...ူးရှာတာက ရှာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် ဝတ္တရား မပျက် ...ွက်ဖို့ မပြောလို့ မဖြစ်ဘူး၊ မူလ က နွယ့် ကို ခင်ပါတယ်၊ ပြောရင် ...ထောင်မှာပါ"

ပြောနေတာက ဟိုအတွက်လိုလို ဒီအတွက်လိုလို ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စိတ်ထဲမှာ တကယ် ရည်ရွယ်တာကတော့ မူလ
လိုအပ်ချက်တွေကို ကွင်းကွင်းကွက်ကွက် မြင်သွားဖို့ပဲ ဖြစ်သည်

ယောကျ်ားတစ်ယောက်ရဲ့ သည်းခံနိုင်ခြင်းစွမ်းအား ဒီလော
ထိ ရှည်လျားမြင့်မားနေတာကို တအံ့တသြ ဖြစ်မိလေ နှယ် အသည်
ယားလေ ...။

သည်ခေတ်လူ ဆိုတဲ့ယောကျ်ားက ဘာမို့လဲ ...၊ ယောကျ်ား
ယောကျ်ားလိုပဲ ကျင့်ရမည်။

ရင်ထဲက ရည်ရွယ်ချက်တွေကို တန်းစီ ကြိတ်မျိုရင်း နှ
အကြည့်တွေက ဘီယာထည့်လိုက်၊ မျက်မှောင်ကုတ်ရင်း ငေးနေလို
နှင့် ခေတ် ဆီမှာ စူးစိုက်လျက် ...။

တကယ် ခိုက်နေပြီ သည်ခေတ်လူ ... ရှင်ကို။





အခန်း (၃၀)

မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာတော့ လူက ချက်ချင်း ထထိုင်ပြီး
...အားဖြစ်ကာ နာရီ လှည့်ကြည့်မိ၏။ မနက် လေးနာရီတိတိ ...။

ငါ ဘာဖြစ်သွားတာလဲ ...။ နာရီကြည့်၍ အံ့သြသွားပေမယ့်
...ချိန်းစပ် ဖန်တွတ်နေသည့် မျက်လုံးတွေကို ပြန်မှိတ်လိုက်ရသည်။
...ဒါပေမယ့် သိလိုက်တာက သူမ ဘေးမှာ မောင် မရှိ ...။

အလုပ်တစ်ခုခုကို ပြီးပြတ်အောင် လုပ်တော့မည်ဆိုလျှင် မပြီးဘဲ
...နဲ့ အိပ်မပျော်တတ်ခဲ့ပါ။ မတော်တဆ မှားယွင်း ငိုက်မျဉ်းသွားရင်တောင်
...ထောတဖြုတ် ဖျတ်ခနဲ ဆတ်ခနဲ မေးသွားမိတာလောက်ပဲ ရှိသည်။

ခုတော့ မောင့်ကို စောင့်မည်ဆိုပြီး အလုပ်ကို လက်စသတ်ထား
...ခဲ့သည်။ အိပ်ရာထဲဝင်လှဲနေလျက် အိပ်ပျော်သွားတတ်တာမို့ ပြီးခဲ့တာ
...တွေကို ပြန်လှေလာရင်း ကွန်ပျူတာရှေ့က မထဘဲလည်း နေခဲ့သည်။

ဒီလောက် သတိထားနေပါလျက်နှင့် အိပ်ပျော်သွားလိုက်တာ
...ဒီအချိန်မှ နိုးခဲ့ရသည့်အဖြစ် ...၊ မူလ ကမန်းကတန်း ထကာ အိပ်ခန်း
...ခါးကိုဖွင့်၍ ပြနေကျအတိုင်း မှန်ရှေ့မှာရပ်ပြီး ခေါင်းဖြီးသည်၊ ပြီးတော့
အော်တိုမစ်တစ်ကလစ်နဲ့ နောက်မှာ စုသိမ်းညှပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇျတ်ခနဲ လှည့်ထွက်လိုက်ကာမှ ပွင့်နေဆဲ ကွန်ပျူတာဆီ မျက်လုံးက ရောက်သွားသည်။ ဟုတ်သည် .. ညက သူမ အိပ်ပျော်သွားတာ ဒီရှေ့မှာ ..။

အိပ်ရာပေါ်ကို မောင် ရွှေ့ပေးသွားတာ သိလိုက်သည်နှင့် မူလ နှုတ်ခမ်းလေး ပြုံးသွား၏။ သူ့ဆီက ဒီလို ကြင်နာတတ်ခဲ့တာတွေ အများကြီး ရခဲ့ဖူးသည်။ ခုကျမှ ဘာဖြစ်လို့ ပိတိတွေ ဖြစ်သွားခဲ့တာလဲ..

ကိုယ့်ကို စိတ်ဆိုးမပြေနိုင်သေးဘူးပဲ ထင်ခဲ့တာမို့ ခုလို သိလိုက်တော့ ပျော်သွားတာ အမှန် ..။ မျက်နှာသစ်၊ သွားတိုက်ခြင်းကို အမြန် လွှားလုပ်ကာ အောက်ထပ်ကိုဆင်းပြီး ချက်ပြုတ်ဖို့လည်း သတိမရ..

သနပ်ခါးရေကျဲလေး လိမ်းလိုက်ဖို့လည်း အရေးမကြီးတော့ သူ ရှိနေမှန်းသိသည့် ဝရန်တာကိုပဲ ခြေဦးလှည့်မိ၏။ ထို့စဉ် ...

"ဘယ်ကိုလဲ .."

ဝရန်တာတံခါး ဖွေထားတာကို ဖွင့်ရန် လက်လှမ်းလိုက်သည်နှင့် လက်တစ်ဖက်က အသာလေး ပုတ်ခတ် ဖယ်ချပစ်လိုက်ကာ ...

"နင့်ယောက်ျား ခုနကမှ မျက်နှာသစ်ပြီး ထွက်သွားတာ"

တစ်အိမ်လုံး တိတ်ဆိတ်နေဆဲ မိုးသောက်ချိန်မို့ နွယ် က လေသံ သာသာနဲ့ပဲ ပြောသည်။ ပန်းနုရောင်ဆွယ်တာလက်တို ကိုယ်ကျပ် လေးနှင့် စကက်ရှည်ကျပ်ကျပ်ဝတ်ထားသည့် နွယ် ကို မြင်လိုက်လျှင် ရုတ်တရက် စကားပြောဖို့ မေ့လောက်အောင် မူလ အံ့ဩသွားတာကို ထိန်းလို့မရ ..။

နွယ် ဒီလို အိပ်ရာစောစောမထတတ်တာကို သိသည်။ 'စောစော ထရတာလောက် စိတ်ပျက်ဖို့ကောင်းတာ မရှိဘူး' လို့ သူမကိုယ်တိုင် ညည်းညူပြခဲ့ဖူးတာပဲ ..။

"လူကို ကြည့်မနေနဲ့ .. နင် အဲဒီလို အလိုက်မသိတာတွေကြောင့် နင်တို့နှစ်ယောက် ဘယ်တော့မှ တည့်မှာ မဟုတ်ဘူး"





တိုးတိုးကြိတ်ပြောကာ နွယ် က မူလ လက်လေးကို တစ်နေရာ ထိ ဆွဲခေါ်သွားပြီးမှ ...

"မျက်နှာသစ်တယ်ဆိုတာရော သိရဲ့လား .. အိပ်ရာက နိုးတာကို ပြောတာ မဟုတ်ဘူး၊ တစ်ညလုံး စီးကရက်သောက် .. အရက်သောက် နဲ့ ခုမှ မျက်နှာသစ်ပြီး အိပ်ဖို့ ပြန်စတာကို ပြောတာ၊ သွားနှိုးလိုက်ရင် တော့ သည်ထားတဲ့အရှိန်နဲ့ အိပ်ရေးပျက်တာနဲ့ စုပြုံပြီး နင့်ကို စကား ကောင်းကောင်း ပြန်ပြောမလား .."

"သူ တစ်ညလုံး အဲဒီလို နေတယ် ဟုတ်လား၊ နင်က .."

"ငါက သူ့ကို တံခါးစောင့်ဖွင့်ပေးရတယ်လေ .. အိပ်ရေးမက်တာ မှန်ပေမယ့် အဲဒီလို အိပ်ချိန်လွန်သွားရင် ငါက မျက်လုံးကြောင် အတတ်တယ်၊ အိပ်ရာဝင်လိုက်ရတာပဲ ရှိတာ .. ကောင်းကောင်းမှ မပျော် တာ သိနေတာပေါ့"

မူလ စိတ်ထဲမှာ မှိုင်းရီသွား၏။ မောင် ဒီလောက်ထိ မကျေနပ် နေတာတောင် ကိုယ့်ကိုတော့ အိပ်ရာပေါ် ပြောင်းရွှေ့ပေးခဲ့သေးသည်။

ဘာကို မကျေနပ်ပြီး ဘာကိုတော့ ခွင့်လွှတ်နိုင်ခဲ့တာလဲ ..၊ မောင် နဲ့ သူမကြားမှာ ကွာဟနေတာ ဘာလဲ ..။

"ဘာလဲ .. ငါ့ကို အားနာနေတာလား"

နွယ် က လက်လေးပိုက်၍ ပြန်စမေးကာမှ ...

"ဟုတ်ပါတယ် .. နင် တံခါးစောင့်ဖွင့်ပေးရတဲ့အတွက် .."

"မလိုပါဘူးဟာ .. ငါက အလုပ်အကိုင်ရှိတဲ့လူမှ မဟုတ်ဘဲ၊ သူ ပြန်လာတာလဲ သိပ်တော့ ညဥ့်မနက်ပါဘူး၊ စကားတွေ လာပြော နေတာနဲ့ ငါလည်း ချက်ချင်း ပြန်မအိပ်ဖြစ်တော့ .. အဲဒါကြောင့် မျက်လုံးကြောင်သွားတာ"

"ဟုတ်လား .. ငါ အိပ်ပျော်သွားလိုက်တာ တစ်ရေးမှ မနိုး ဘူးဟာ၊ နင့်ကို ကျေးဇူးတင်ပါတယ်၊ မောင် ငါ့ကို တော်တော်စိတ်တို



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပဲ''

နွယ် က မူလ ကို သနားစရာသတ္တဝါလေးလို စိုက်ကြည့်ပြီး ရယ်သည်။

''ဒီလောက်တော့ မဟုတ်ပါဘူး၊ ငါနဲ့ စကားပြောတော့ ရယ် ရယ်မောမောပဲ၊ ဒေါ်အု လည်း အိပ်သွားပြီဆိုတော့ သူ့ စကားပြောဖို့ အဖော်က ငါပဲ ရှိတာကိုး၊ ခွဲ့သည်မို့လို့ပဲ ပုံစံမျိုးကျတာလား ဘာ လား မသိဘူး၊ ငါ လူကြီးလုပ်ပြီး ဆုံးမစကားတွေ ပြောတာတောင် ခေါင်းညိတ်နေလိုက်တာ ချောနေတာပဲ''

''ဟုတ်လား''

မောင်နဲ့ အဝေးကြီးရောက်သွားသလို ချက်ချင်း ခံစားလိုက်ရ သည်။ နောက်ထပ် ကျေးဇူးတင်စကားပြောလိုက်ဖို့ စိတ်ထဲမှာ ဖြစ်လျက် မပြောလိုက်နိုင် ...။

ဒီလို ဖြစ်စေချင်ခဲ့တယ်မို့လား .. ထားလိုက်တော့ မူလ ...။

''ဒါဆို ငါ အောက်ထပ်ဆင်းတော့မယ်၊ နင် ပြန်အိပ်ကြည့်ပါ လား .. နေမြင့်တဲ့အခါ အိပ်ရေးပျက်ထားတာက မူးလာတတ်တယ်''

''မအိပ်တော့ပါဘူး၊ အိပ်ချင်မှပဲ အိပ်တော့မယ်''

ဖန်စပ်စပ်ဖြစ်နေဆဲ မျက်လုံးကို မျက်တောင်တွေ ခတ်ပစ်ရင်း မူလ လှည့်ထွက်လာခဲ့သည်။ ကြည်နူးတက်ကြွသွားခဲ့သမျှ စိတ်တို့ သည် အားလုံးအပေါ်မှာ ရှိပါစေတော့လို့ မျက်နှာလွှဲနေလိုက်ဖို့ထိ တိုက်တွန်းနေသလိုပင် ...။

မီးဖိုချောင်မှာ ချက်ပြုတ်လုပ်ကိုင်ရင်း မုံ့ပြုတ်တွေချည်း ဖြစ်နေ တတ်သည့် နွယ့် မျက်နှာကို မြင်ယောင်နေသည်မို့ အလုပ်အကြောင်း တွေ တွေး၍ ဖျောက်ပစ်နေရသည်။

သိပ်မကြာခင် ဒေါ်အု ရောက်လာပြီး ...

''သမီး နိုးနေပြီလား''





''ဟုတ်ကဲ့ ဒေါ်ဒေါ်အု''

မူလ မျက်နှာလေးကို အကဲခတ်ပြီး ဒေါ်အု က လုပ်စရာရှိတာ တွေ ဝင်လုပ်ရင်း ...

''သမီး ညက ဆင်းလာသေးလား''

''ဆင်းလာမလို့ပါပဲ ဒေါ်ဒေါ်အု ရယ် .. ဘယ်လို အိပ်ပျော်သွား မှန်းကို မသိဘူး၊ ခုထိ ခေါင်းတွေ နောက်နေတုန်းပဲ''

''ဟင်း ..''

သက်ပြင်းခိုးပေမယ့် အသံထွက်သွားခဲ့၏။ သနပ်ခါး မလိမ်းနိုင် ခဲ့သည့် မျက်နှာပြောင်ပြောင်လေးကို မြင်လိုက်ကတည်းက မသိဘဲ နေမလား ...။

ညက ပွဲတီးစိပ်ပြီးမှ ပြန်ထွက်လာတော့ နွယ် နဲ့ ခေတ် တို့ ဘယ်လို ဘာတွေ ပြောဆိုရင်းနှီးနေကြတာ သူ မြင်လည်း မြင်သည်၊ ကြားလည်း ကြားသည်။ ထို့ကြောင့် ...

''ညက သမီး အိပ်မပျော်ဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားတာ လား''

''မဟုတ်ဘူး .. အစောကြီးလည်း မဟုတ်ဘဲနဲ့ မှေးခနဲ ပျော်သွား ပြီး နိုးကို မနိုးတော့တာ''

ကိုယ့်ကိုယ်ကိုယ် အံ့သြနေသလိုမျိုး မူလ က ဟင်းအိုးမွှေနေရင်း ဒေါ်အု ဘက်ကို သေချာလှမ်းကြည့်၍ ...

''မူလ အိပ်ရေးပျက်ဖူးပါတယ် ဒေါ်ဒေါ်အု ရယ် .. နိုးပြီးသွား တဲ့အထိ ခုလို လေးလံထိုင်းမှိုင်းနေတာမျိုး မဖြစ်ခဲ့ပါဘူး''

''အေးပေါ့ကွယ် .. ဒေါ်အု ပြောချင်တာကလေ သမီး စောစော ထတတ်တဲ့အကျင့်ရှိတာ မှန်တယ်၊ စောစောထ ချက်ပြုတ် ဆွမ်းတော် ကပ်တာ၊ မိသားစု စားသောက်ဖို့ ပြင်ဆင်စီမံတာ ဒါတွေလည်း အိမ်ရှင်မကောင်းပီသတဲ့ အရည်အချင်းတွေမို့လို့ မှန်တာပဲ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်း ဝတ္ထုရားမပျက်ကွက်တာထက် တစ်နေ့တာ အိမ်ထောင်မှုကိစ္စ တာဝန်ရှိလေးတွေ ထောင့်စေ့ လုံခြုံပြီဆိုမှ အိပ်ရာဝင်တာ ပိုကောင်းမယ်လို့ ဒေါ်အုံ ထင်တယ်"

"ရှင်!..."

မူလ တွေခနဲ ဖြစ်သွားသည်။ ဒေါ်အုံ က မျက်လုံးချင်းဆုံပြီးမှ မျက်နှာလွှဲ၍ အလုပ်ဆက်လုပ်ရင်း ...

"အိမ်ထောင်ဦးမှာ အဆင်မပြေမှုဆိုတာ ရှိတတ်တာပဲဆိုပေမယ့် စလယ်ဝင် ဖင်မမြဲခင် ကွဲတဲ့ လင်မယားတွေ အများကြီးပဲ၊ သမီးလို အရည်အချင်းတွေ ပြည့်စုံပြီး ရုပ်ရည်လည်းရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် ချမ်းသာတဲ့ ယောကျာ်းကောင်းတစ်ယောက်ရဖို့ မခက်ခဲပါဘူး .. ဒါပေမယ့် ကိုယ့်ကို တကယ်ချစ်ခင် မြတ်နိုးတဲ့ အိမ်ထောင်ဖက်ဖြစ်ဖို့တော့ မလွယ်နိုင်ဘူး"

"ဒေါ်ဒေါ်အုံ ဘာကို ဆိုလိုတာလဲဟင် .. မူလ နားလည်နေသလိုနဲ့ မရှင်းသေးလို့ပါ"

"တည်ဆောက်ထားပြီးတဲ့ အိမ်ထောင်ရေးကို မပျက်စီး မပြိုကွဲရအောင် သမီး ဂရုစိုက်စေချင်တာ၊ ရွက်ဝါတွေပဲ လေလွင့်တတ်တာ မဟုတ်ဘူး၊ သမီးရဲ့ .. လေတိုက်တာကို မခံနိုင်တဲ့ ရွက်စိမ်းတွေလည်း ရှိတယ်၊ သိထားသင့်တာက သစ်ရွက်ဆိုတာ ကြွေတတ်တဲ့အမျိုး .."

ဒေါ်အုံ ပြောသွားတာတွေကို သူမ နားမလည်ပေမယ့် တစ်ခုခုကို သိနေသည်။ စိတ်ထဲမှာ ဘာတွေ လေးသွားခဲ့မှန်း မသိဘဲ မုန်းပြည်သံကိုတောင် လန့်သွားခဲ့၏။

ကြည့်လိုက်တော့ ညို ခေါ်နေတာ ဖြစ်သည်။ မောင် ဆင်းမလာသေးသဖြင့် အပေါ်ပြန်တက်နှိုးမလို့ ခြေလှမ်းတွေက မုန်းကိုင်၍ သောတံခါးကနေ မြို့ထဲသို့ ဦးတည်ခြင်းသို့ ရောက်၏။

"ညို ပြောလေ"





"... ... ... ..."

"ဟင်!... ဟုတ်လား .. အေး .. ငါ နှ လာမယ်၊ ခဏပဲ ခဏပဲ စောင့် .."

မူလ ခြေလှမ်းတွေ သွက်ကုန်သည်။ အလုပ်က တစ်ဖက်၊ အိမ်ထောင်ရေး မသာယာသည့် ရာသီဥတုက တစ်ဖက် ..။

ဒေါ်အုံ ပြောသွားတာတွေကြောင့် မောင့်ကို ဆေးရာ ပြောခဲ့ပြီးမှ သွားဖို့ အပေါ်ထပ်ကို ပြန်တက်ခဲ့မိသည်။ ဒီအချိန်ထိ မောင် မအိပ်နဲ့ဘူးသဖြင့် ပြေမှမယ်ဆိုလည်း နှိုးရမှာပဲ ဖြစ်၏။

မောင့်ကို တွေးမိလိုက်သည်နှင့် နွယ် ကိုပါ မျက်လုံးထဲ ရာမိသည်။ မနက်စာစားချိန်ရောက်တဲ့အထိ ဘယ်ရောက်နေလဲ ..။

မူလ ဖုန်းပြောဖို့ ထွက်သွားသည်နှင့် ခေတ် ထမင်းစားခန်းထဲ ဝင်လာသဖြင့် အပေါ်ထိ တောက်လျှောက်ပြန်တက်ခဲ့တော့ ခေတ်နဲ့ မူလ လွဲသွားခဲ့၏။

"ဟော .. လူလေး နိုးလာပြီလား"

"နွယ် လည်း ပါလာတယ်၊ ဒေါ်ဒေါ်အုံ ဖယ်လေ .. နွယ် တို့ စားဖို့ ကိုယ့်ဟာကိုယ်ပဲ ပြင်လိုက်တော့မယ်"

ခေတ် ကို မြင်လိုက်သဖြင့် ဒေါ်အုံ ထမင်းစားခန်း ဝင်လိုက်ခဲ့သော်လည်း နွယ် က နောက်က ပါလာကာ သူမကိုယ်တိုင် စီစဉ်တည်ခင်း၍ ...

"နွယ် လည်း အစောကြီး နိုးနေတာနဲ့ မြို့ထဲဆင်းပြီး လမ်းလျှောက်နေတာ၊ အစ်ကို ထိုင်လေ .."

ခေတ် က အစတည်းက ပြင်ဆင်ထားပြီးသား ရှိနေသည့် စားပွဲတစ်ခုလုံးကို စိုက်ကြည့်ပြီး ဒေါ်အုံ ဘက် လှည့်၍ ...

"မူလ ရော .."

"သမီး .."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း ထွက်သွားမိတော့ မူလ ဘယ်ရောက်သွားမှန်း မသိလိုက်ပေ။ ခေတ် ကို မြင်လိုက်သဖြင့် မူလ သွားနိုးတာပဲလို့ ထင်ခဲ့တာတွေလည်း လွဲနဲ့သည်။

"မနက်က သူ့ပဲ အစောကြီး လာချက်နေတာ လူလေးရဲ့ .."

"စောစောကတော့ ဖုန်းပြောသံ ကြားလိုက်သလိုပဲ"

ဒေါ်အုံ စကားမဆုံးခင် နွယ် က ဝင်ပြောပြီး နံ့ဆွဲထိုင်လိုက်သည်။ မထိုင်ဘဲရှိနေသည့် ခေတ် အတွက်ပါ နေရာပြင်ပေးကာ ...

"အလုပ်သွားပြီလားမှ မသိတာ၊ ကားသံလည်း မကြားသေးဘူးနော်"

သူပဲ ထင် .. သူပဲ ဆုံးဖြတ်နေ၏။ ပြီးမှ ခေတ် မျက်မှောင်ကုတ်ထားသည့် မျက်နှာကို အကဲခတ်၍ ...

"မူလ ကလည်း ခက်တယ်၊ မိုးမလင်းခင်ကပဲ အပေါ်ထပ်မှာတွေ့လို့ နွယ် ပြောလိုက်သေးတယ်၊ အရေးပါသင့်တာတွေကို ဖယ်ထားပြီး ဘာတွေ အရေးကြီးနေမှန်းကို မသိပါဘူး၊ နွယ် ကလည်း အကြောင်းသိခတ်သိ အချစ်ဆုံးသူငယ်ချင်းတွေဖြစ်နေလို့ .. မဟုတ်ရင် သူ မသိတတ်ပုံနဲ့ တစ်ရက်လေးတောင် နေဖြစ်မှာ မဟုတ်ဘူး"

နွယ် ပြောတဲ့စကား အသွားအလာတွေကို နားလည်နေကာ ဒေါ်အုံ ဘယ်လိုနေရာက ဝင်ပါပြီး ဘယ်နည်းနဲ့ ဖြေရှင်းပေးရမှန်း မသိအောင် ဖြစ်သွား၏။

ခေတ် ရဲ့မျက်နှာက တစ်စက်လေးမှ ပြေပြစ်မသွားခဲ့ဘဲ ...

"သူ သွားပြီးလား .. ဒေါ်အုံ မသိဘူးလား"

"မသွားလောက်သေးပါဘူး .. ဒေါ်အုံ က ဒီနေ့ ဘုရားပန်းလဲရမှာမို့လို့ ခြံခေါင်းရင်းဘက်က နှင်းဆီနီတွေ သွားခူးနေတာ"

"ကဲ .. အစ်ကိုက အဲဒီလိုမျက်နှာကြီးဖြစ်နေတော့ သူလည်းပြောရဆိုရ ကျပ်နေမှာပေါ့၊ ဒီမှာ ပြင်ဆင်ပေးထားတာပဲဟာ၊ ထိုင်ပါ





အစ်ကိုရဲ့ .. နွယ် ကိုယ်တိုင် သွားခေါ်ပေးပါ့မယ်"

နွယ် က ပြောရင်း နေရာမှ ထရပ်လိုက်၏။ ခေတ် က ခေါင်းခါပြ၍ နံမှာ ဝင်ထိုင်လိုက်ကာ ...

"မခေါ်ပါနဲ့ .. သူ ဒီလိုနေရတာ ကျေနပ်နေရင် ပြီးတာပဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ အစ်ကို၊ မူလ က နွယ် ရှိနေလို့ ဆင်ခြင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ၊ အစ်ကို စိတ်မပြေသေးဘဲ မျက်နှာချင်းဆိုင်မိရင် စကားများကြ ရန်ဖြစ်ကြတာတွေရှိရင် ရှိမယ်လေ.. မဟုတ်ဘူးလား၊ စိတ်ဆိုးပြေအောင် ရှောင်တာလည်း ဖြစ်နိုင်တာပဲ၊ စိတ်မပူပါနဲ့ .. အစ်ကိုတို့လင်မယားကို နွယ် အောင်သွယ်တော် လုပ်ပေးမှာပါ"

"မလိုဘူး နွယ် .. ငါ တစ်သက်လုံး သူများအားကိုးနဲ့ ဘာမှ မလုပ်ခဲ့ဘူး၊ ဒါ ရည်းစားထားကြတဲ့ကိစ္စမျိုးလည်း မဟုတ်ဘူး၊ ကိုယ်မှန်တယ်ထင်တဲ့လမ်းကို လျှောက်ခွင့်ရှိတယ်"

အုံ့ပွဲ့နေခဲ့သည့် နှာကျင်မှုကြောင့် ခေတ် မျက်နှာ နီမြန်းမြန်းဖြစ်လာ၏။ နွယ် ထည့်ပေးသည့် ကော်ဖီကို ဒီတိုင်း မော့လိုက်ပြီး ပြန်ချတော့ ခွပ်ခနဲ မြည်၏။ နောက်မှ ဒေါ်အုံ ကို လှည့်ကြည့်၍ ...

"ဒီည ကျွန်တော့်အိမ်မှာပဲ ဒင်နာလုပ်ဖို့ စီစဉ်ထားတယ်၊ အဲဒါ ဒေါ်အုံ လုပ်ပေးပါ"

"လုပ်ပေးမယ် လူလေး .. ဆရာကြီးတုန်းကလိုပဲမို့လား .. ဟိုတယ်လ်စာတွေ မပါဘူးလေ"

ခေတ် က အနည်းငယ် စဉ်းစားပြီးမှ ...

"ဒေါ်အုံ တစ်ယောက်တည်း ဖြစ်ပါ့မလား .. ခုနစ်ယောက်စာဆိုတော့ မနည်းဘူး"

"ဖြစ်ပါတယ် အစ်ကိုရယ် .. နွယ် လည်း ရှိတာပဲဟာ"

ရှိစေချင်တာက နွယ် မဟုတ်ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ မှုလ မျက်နှာလေးကို မြင်ယောင်သွားကာ နှုတ်ခမ်းတွေ တင်းစေ့ နေ၏။

အိပ်ရာ စောစောဝင်သွားသည်၊ မိုးမလင်းခင် ဆွမ်းတော်ကပ်ဖို့ ထပြီး မျက်ပြူးတ်သွားတာလည်း တာဝန်ကျေ၏။

ကိုယ့်ဆီကိုတော့ ယောင်လို့တောင် ခြေဦးလှည့်မဲ့ပုံ မပေါ် ...။

"အစ်ကို"

"ဟင် .."

"လိုလေသေးမရှိအောင် ဒေါ်အု နဲ့ ဝိုင်းကူပြီး ပြင်ပေးထားတယ်၊ ကျေးဇူးသိဖို့က အစ်ကို့တာဝန်နော် .."

ခေတ် က ခပ်ယဲ့ယဲ့ပြုံး၍ ခေါင်းညိတ်ကာ ..

"ဟုတ်ပါပြီ .. အိမ်ကလူတွေ ပင်ပန်းမယ်ဆိုတာ သိတယ်၊ အားလုံးက ကိုယ့်အိမ်ကိုပဲ တောင်းဆိုနေကြလို့ ခေါင်းညိတ်လိုက်ရတာ .."

တွေးစရာက ပြန်လာရပြန်ပြီ ...။

ဒီအိမ်မှာ ဒင်နာလုပ်မယ်လို့ သူတို့တွေ တောင်းဆိုခဲ့သည့် အဓိကအချက်ဟာ မှုလ ကို မမြင်ဘူးသေးသည့် မိတ်ဆွေတွေ ရှိနေလို့ ဖြစ်သည်။

"တစ်ခါမှလည်း တွေ့သွားတွေ့လာ မရှိဘူး၊ အသက်လေးငယ်ငယ် နဲ့ ပညာထယ်ဆိုပဲ၊ တမင် မမြင်အောင် ဝှက်ထားတယ်ဆိုလည်း ငါတို့ကတော့ အလိုက်မသိစွာနဲ့ပဲ အိမ်လိုက်ကြည့်ဖို့ ဆုံးဖြတ်ပြီးပြီ"တဲ့။ ရောက်လာကြရင် ဘယ်လိုလုပ်ရမလဲ ...။

နာကျင်မှုက ပို၍ ပြင်းရှသွား၏။

"ခင်ဗျားကလည်း သူ့မိန်းမကို မြင်ဖူးစရာတောင် မလိုဘူး၊ ခေတ် ရဲ့ဝါးစပ်ထဲမှာ စီးကရက်တစ်မထားတဲ့အချိန်တိုင်း သူ့မိန်းမ အကြောင်းက မပါမပြီး၊ မယုံရင် သူ့ဖုန်းကို ဖွင့်ကြည့်ပါလား၊ တစ်နေ့





တစ်နေ့ အလုပ်လုပ်နေရင်း သူ့မိန်းမကို ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ခေါ်ထားသလဲဆိုတာ .."

"ဟုတ်လား .. ဟိုက ပြန်ခေါ်တာရော မရှိဘူးလား"

"ဒါတော့ မသိဘူး၊ သူ ဘယ်ရောက်နေနေ မိန်းမကိုချည်း ခေါ်နေတာတော့ လက်တွေ့ပဲ"

ဤသို့ပြော၍ ရယ်နေကြတာလည်း ကိုယ့်ကို ကဲလွန်း သည်း လွန်းလို့ ကဲ့ရဲ့နေတာလား .. ချစ်တတ်လိုက်တာဆိုပြီး ချီးမွမ်းကြ တာလား ...။

ဘာဖြစ်ဖြစ် ဂရုမစိုက်ဘဲ တစ်ဖက်သတ်ကြီး ချစ်ခဲ့ရတာ သူပဲ ဖြစ်သည်။ 'ချစ်တော့ ဘာဖြစ်လဲ၊ လူတွေ သိလေ ပိုကောင်းလေ' လို့ တောင် တွေးခဲ့ဖူးသည်။ ဒါပေမယ့် ...

"ယော .."

နှယ့် အသံလေးကြောင့် အတွေးတွေ ပြတ်တောက်သွားသည်နှင့် ထွက်ခွာသွားသော ကားသံကို ကြားလိုက်ရ၏။

"မှုလ ခုမှ ထွက်သွားတာ အစ်ကို"

လိုက်ခေါ်ပေးတော့မလိုလို နှယ် ခါးလေးမတ် ကိုယ်လေး ကြွ သွားသည်။ ခေတ် မျက်နှာ ခပ်ငိုင်ငိုင် လွှဲပစ်လိုက်ပြီး အလုပ်ရှာသည့် မျက်လုံးတွေက လက်တနာရီဆီ ရောက်၏။

"သွားတော့မယ်"

လို့ ပြော၍ ထရပ်လိုက်ပေမယ့် ကားပေါ်ရောက်သွားတော့ ဦးတည်လိုက်တာက အလုပ်သွားဖို့ မဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ရှိပါစေတော့ ဟုတ်လား .. ပြောပါဦး မူလ ရဲ့ .."

ညို တအံ့တသြမေးတော့ အားတင်း၍ ပြုံးလိုက်သည့် မူလ မျက်နှာလေးက မဲ့သည့်ဘက်သို့ ရောက်လျက် ...

"ဟုတ်တယ် .. မောင်က ရုတ်တရက်ကြီး ဖောက်လွဲဖောက်ပြန် ဖြစ်လောက်အောင် ကာရိုက်တာ မပျက်ပါဘူး၊ ငါ ဒီပရော့ဂျက် မအောင်မြင်သေးတဲ့အချိန်ထိ ဒီတိုင်း ကြည့်နေဖို့ ဆုံးဖြတ်ထားတယ်၊ အစကတည်းကလည်း ငါ ခုလိုဖြစ်ဖို့ မျှော်လင့်ခဲ့ဖူးတာ နင် သိသားပဲ"

"မဖြစ်နိုင်တာတွေ ပြောနေတယ်ဆိုပြီး ငါကလည်း ခေါင်းထဲကို သိပ်မထည့်ခဲ့ဘူး မူလ၊ အခု နင်က တကယ် အကောင်အထည်ဖော်နေပြီ၊ ဒါ လုပ်ဖို့မပြောနဲ့ ကြံတောင် မကြံစည်သင့်တဲ့ကိစ္စ"

အပြစ်တင်သည့်လေသံအပြင် ညို့ မျက်နှာမှာ ကရုဏာဒေါသ တွေ ရှိလာလျက် ...

"နင် ဘာဖြစ်လို့ ဒီလောက် ရူးသွပ်တာလဲ မူလ ရယ် .. အားလုံး ပဲ ပညာသင်ကြတယ်၊ ရောင့်ရဲနိုင်တဲ့သူတွေ ရသလောက်ပဲ ယူပြီး ကျန်ခဲ့သလို မရောင့်ရဲနိုင်တဲ့သူက ဘွဲ့တွေ ထပ်ရဖို့ ပညာဂုဏ်ရှိန်





မြင့်သထက်မြင့်ဖို့ ကြိုးစားတယ်၊ ဒါက လူတိုင်းထဲက အမျိုးမျိုးသော ထူးဆန်းခြင်းတွေပါ၊ နင့်ကျမှ ဒီပညာ ဝါသနာတွေကိုပဲ ပွေ့ဖက်ပြီး ကျန်တာ ဘာမှမလိုဘူး ဖြစ်နေတာ အံ့ဖွယ်သုတပဲ"

"ငါ အဲဒီလောက် မဟုတ်ဘူး ညို .. စူးစိုက်နေတဲ့အချိန်လေးကို နှောင့်ယှက်မခံချင်တာ၊ အပြင်မှာ အချိန်လွန်သွားရင်လည်း သူ ဖုန်း တွေ ဆက်၊ မကိုင်မိတော့ ရန်ဖြစ် .. အိမ်မှာဆိုလည်း ညဥ့်နက်တာနဲ့ ငါ ဆက်ထိုင်နေလို့ မရတော့အောင် သူ .."

"ဒါကတော့ နင် အိမ်ထောင်သည်ဖြစ်နေပြီလေ .. နင့်ရဲ့ဘဝကို ဆောင် သူ ပိုင်နေပြီဥစ္စာ၊ နင့်ရဲ့အချိန်တွေကို သူ မှဲလိုချင်တာ သဘာဝ ကျပါတယ်၊ ဘာဖြစ်ဖြစ် လင်နဲ့မယားပဲ မာနတွေ ထားမနေပါနဲ့ဟာ၊ ခေတ် နဲ့ ပြေလည်အောင် ကြိုးစားစမ်းပါ၊ အနားမှာ တခြား မိန်း ကလေးတစ်ယောက် ရှိနေတာတောင် နင်က အေးချမ်းချင်သေးတာ ငါ နားမလည်တော့ဘူး သိလား"

နေ့လယ်စာ စားကြဖို့ ငါးယောက် ချိန်းထားပြီးမှ ညို နဲ့ မူလ တို့က တမင် စောရောက်နေအောင် လာခဲ့ကြတာ ဖြစ်သည်။

အလုပ် အရေးကြီးလို့ ခေါ်လိုက်တိုင်း ချက်ချင်း ရောက်လာ တတ်ပေမယ့် ဒီနေ့ မူလ ကားပေါ်က ဆင်းလာတော့ နီမြန်းနေသည့် မျက်နှာလေးက ဘာဖြစ်လာမှန်း ရုတ်တရက် မသိ ..။

မေးနေရင်း သေချာကြည့်တော့မှ မျက်ဝန်းမှာ မျက်ရည်နှင့် တူသော စိုလက်လက်လေးကို တွေ့မြင်ခဲ့ရသည်။

"နင့်ယောက်ျားကို နင် မချစ်ဘူးလား မေးသင့်ပေမယ့် နင် ချစ်နေတယ်ဆိုတာ ငါ သိတယ် မူလ၊ အေး .. နင့်ကိုယ်နင် သိလာတဲ့ အချိန်မှာ လွန်ကျူးကုန်ရင် ဘယ်လိုလုပ်မလဲ၊ ဒီနေ့ ခင်မှာ လုပ်ကြမှာ ဆို .."

"ဟုတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင် မှီအောင် ပြန်"

"မပြန်တော့ဘူး၊ သူတို့ချင်းပဲ .."

"ဘာ .. သူတို့ချင်းလဲ .. သူတို့ ပြောနေတာတွေ ကြားပြီး ငါ မပါလည်း ဖြစ်တယ်လို့ နင် တွေးလိုက်တာလား"

"ဟုတ်တယ် .. ငါ့ကို မတိုက်တွန်းပါနဲ့ ညို ရယ် .. ပရောဂျက် မပြီးခင် ငါ သူနဲ့ တည့်လည်း မတည့်ချင်ဘူး၊ ရန်လည်း မဖြစ်ချင်ဘူး"

"နင် လိုအပ်တဲ့အချိန်မှာ ခေတ် ကို အချိန်မရွေး ပြန်ကောက် ယူလို့ ရမယ်လို့ တွက်ထားတယ်ပေါ့"

မှုလ ရေသန့်တစ်ဘူး လှမ်းမှာပြီး မျက်နှာလေး ပြန်ငုံ့သွားသည်။

"နွယ်တညို ကို နင် အဲဒီလိုဖြစ်ဖို့ တမင်ခေါ်တာ မဟုတ်ဘူး နော်"

"မဟုတ်ပါဘူး ညို ရယ် .. ဒါတော့ ယုံပါ၊ ငါ စိတ်ကူးမိတာ တောင် ရှိုင်းစိုင်းသွားမှန်း ပြန်တွေးမိပါတယ်၊ ဒါပေမယ့် နွယ် ဒီကို ရောက်လာတယ် .. မောင်နဲ့ အဆင်ပြေသွားတယ်၊ အဲဒါတွေ သူ့အလို လို ဖြစ်လာတဲ့အတွက် ကျေနပ်သွားခဲ့တာ အမှန်ပဲ"

"ခုရော .."

"ခု .."

မှုလ ပေါ့ပါးစွာ ပြန်ဖြေဖို့ ကြိုးစားပေမယ့် မအောင်မြင် ..။

ဒီလောကအချိန်လေးအတွင်းမှာ ခုလို မြန်ဆန်စွာ ရင်းနှီးသွား မည်လို့ နွယ် ကို မထင်ခဲ့သလို အပြောအဆို အပြုံးအရယ်တွေနဲ့ အဆင်ပြေနေကြတော့လည်း ခေတ် ကို အံ့သြမိသည်။

ဒါပေမယ့် မယုံနိုင်စရာတော့ မရှိပါ။ ဒီလိုဖြစ်လိမ့်မယ်လို့ မေမေတို့ သတိပေးခဲ့ဖူးတာမို့ နီးစပ်ရင်းနှီးခြင်းကို လက်ခံဖို့ ကြိုးစား ခဲ့ရသည်။

ကိုယ် မရည်ရွယ်ဘဲ ဖြစ်လာသည့် အခြေအနေတစ်ခုကို ရည်





ရွယ်ထားခဲ့သော ကာလတစ်ခုအထိတော့ မျက်နှာလွှဲ သည်းခံရမည် ဘာ ..။ အကယ်၍ အဆိုးဝါးဆုံးဆိုသည့် အခြေအနေမျိုးထိ ဆိုက် ရောက်ခဲ့လျှင် ..

"ဖြေလေ မှုလ .."

ရေသန့်ရောက်လာတော့ ဝိတ်တာက ဖန်ခွက်ထဲ ထည့်ပေးပြီးမှ ပြန်ထွက်သွား၏။ မှုလ ကိုင်လိုက်သည့်ဖန်ခွက်ကို ညို က ဖိကိုင်ထား ရင်း ..

"ရေ နောက်မှ သောက် .. မေးတာကို ဖြေဦး"

"ဟင် .. ဘာလဲ"

"အခု နင် ကျေနပ်နိုင်သလား .. ပျော်နေလား"

မှုလ ဖန်ခွက်ကို ပြန်လွှတ်၍ ခေါင်းလေး ခါပြ၏။

"မပျော်ပေမယ့် နွယ် က ငါ လိုလားလို့ လက်ခံခဲ့တဲ့ သူငယ်ချင်း ညီသည်၊ ဖြစ်လာတာက ငါ လိုအပ်နေတဲ့ တွက်လစ်ကို ဖြည့်နိုင်မယ့် အခွင့်အရေး၊ ဘာကိုမှ ပျက်စီးမခံနိုင်ဘူး ညို၊ ဒီအခြေအနေကို ပြောင်း သို့ ငါ ကြိုးစားမှာ မဟုတ်ဘူး၊ အဲဒါ ဆုံးဖြတ်ပြီးသား .."

"လူတစ်ယောက်ရဲ့ဘဝအတွက် တိုးတက်မိုင်မာဖို့က ဥစ္စာရယ် ပညာရယ်ပဲ လိုတာ မဟုတ်ဘူး၊ နင် ဘာဖြစ်လို့ ပညာတွေတတ်ပြီး လောက် တယူသန်နေရတာလဲ၊ ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်သည် ဖို့မဆိုတာ မေ့ထားလို့ မရဘူးလေ၊ ဒီည ဒင်နာမှာ သူ့အသိုင်းအဝိုင်း မိတ်ဆွေတွေ ရှိနေမယ်၊ နင် မရှိလို့ ရှိတဲ့လူကို သူနဲ့ ယှဉ်တွဲမြင်ပြီး ဟိုလိုဒီလိုတွေ စနောက်ကြရင် ဘယ်လိုလုပ်မလဲ .. သူ့မိတ်ဆွေတိုင်း နင့်ကို မြင်ဖူးထားကြတာ မဟုတ်ဘူးလေ၊ မမြင်ဘူးတဲ့လူက မင်းရဲ့ ဇနီးမလားလို့ တည့်တည့်မေးကြတာလည်း ရှိလာမှာပဲ၊ နင့်ရဲ့ နွယ် က ရင်းနှီးလို့ .. ဂရုမစိုက်လို့ ဘာကြောင့်ဖြစ်ဖြစ် ဒါကို ပြုံးနေပေးမှာပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ညို ရယ် … ဒါတွေက …"

"နင် မပြောနဲ့ဦး မူလ … နွယ် မေ့ပုံထိုင်ပုံ ပြောဆိုပုံတွေအား မမြင်ရပေမယ့် နင် ပြောတာနဲ့ပဲ ငါ မှန်းလို့ရတယ်၊ ပွဲလန့်တ ဖျာခင်းမယ့်လူမျိုး မဟုတ်ဘူးလို့ နင် ပြောနိုင်လား၊ အလိုက်အထို ပြုံးရယ်နေရတာဆိုရင်တောင် တစ်ခါစကြည့်လိုက်လို့ သူ ကျေနပ် မှန်းသိရင် ယောက်ျားလေးတွေ ပါးစပ်က ထင်ရာပြောကြတာ 'ပညတ်သွားရာ ဓာတ်သက်ပါ' ဆိုတာတွေလည်း မသိတာမဟုတ်ဘဲ မူလ ရယ် … အဲဒီပွဲကို နင် ဝင်မပါချင်လည်း အိမ်မှာတော့ ရှိနေရမှာပဲ"

"ဟင့်အင်း"

မူလ ခေါင်းပဲ ခါနေမိသည်။ မျက်ရည်မလွယ်ပေမယ့် ငိုချ လာ၏။

"သူက ငါ့ကို စိတ်ဆိုးနေတာ ညို … ငါ ရှိနေရင်လည်း အ ဖြစ်မယ့်အပြင် သူ ပြန်ရွံ့တာတွေ မြင်ရကြားရဖို့လည်း ရှိသေးတယ် အဲဒီလောက်ထိ ငါ စိတ်မနိုင်လောက်ဘူး၊ ငါ့ဆုံးဖြတ်ချက်တွေ ယိ ယိုင်ကုန်အောင် မလုပ်ပါနဲ့ဟာ၊ မလွှဲသာရင် ရင်ဆိုင်ရမှာပဲလို့ အ စွန်ထိ တွက်ပြီး ကျောခိုင်းထားနိုင်တယ်၊ မသိမသာလေးဆို ခံ မခက်ဘူးပေါ့"

"ခက်တာပါပဲ မူလ ရယ် … မစာမနာပြောရရင် လင်မယားကြ မှာ ချစ်မပေးဘဲ ဒီအခြေအနေအတိုင်း နေတတ်သလို နေတ ငါတော့ စွပ်စွဲချင်လာပြီ၊ နင့်ရဲ့ နွယ် ကို …"

ညို က မူလ ရှေ့ကို ဖန်ခွက်လေး ပြန်တွန်းပို့ကာ ရေသောက်ပြ တဲ့အထိ ကြည့်နေပြီးမှ …

"မရဘူး … ငါ့စေတနာကို တန်ဖိုးထားရင် ဒီညနေ ခင်နှာအ ပြန် …"

ညို က လေသံပြတ်နှင့် ပြောလိုက်ပြီး …



"မရည်ရွယ်တာတွေ ဖြစ်လာတယ်ဆိုတာ ထား၊ မိုးက သူ့အလို ကို ရှာချပေမယ့် ရေလိုချင်ရင် ရေခံထားမှ ရတာ၊ ခေတ် နဲ့ နင် ပြေလည်အောင် မကြိုးစားချင်ဘူးဆို နေပေါ့၊ တမင်ရှောင်ပေးနေတာ မျိုး မလုပ်ရဘူး"

စေတနာနဲ့ ပြောနေတာကို နားမလည်လို့ မဟုတ်ပါ …။ ဒါပေ မယ့် သူမ ယုံကြည်ခဲ့သည့် မသိစိတ်ထဲမှာ ခေတ် ကို ဖြစ်စေ၊ ဆိုးဝါး သောမည့် တစ်စုံတစ်ရာသော အခြေအနေကို ဖြစ်စေ …

ကိုယ့်ဆီကို ကျရောက်လာဖို့ မရှိနိုင်ဘူးဆိုတာပဲ စွဲနေခဲ့၏။ ခေတ် ဟာ ဒီလိုယောက်ျားမျိုး မဖြစ်နိုင် …၊ သို့သော် လောလောဆယ် မှာတော့ ကိုယ့်ကို မေ့နေစေချင်၏။

ဆိုးဝါးသည့်အခြေအနေကို လက်ခံ နားလည်နိုင်ဖို့အတွက် သည်း ကြိုတင် ပြင်ဆင်ခဲ့တာ မရှိ၊ မရှိတာက မဖြစ်နိုင်ဘူးဆိုသည့် ယုံကြည်ချက်ကြောင့်ပဲ ဖြစ်လေသည်။

မေမေ အပါအဝင် ညို ကအစ ဒေါ်အု အထိ အားလုံး ပြောကြ တာသည် 'ကိုယ် လိုသလို စာယ်တော့မှ မရနိုင်' …

ဘယ်သူ မှားမလဲ … မှန်သလဲဆိုတာကတော့ …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ခင်နှာအတွက် စီစဉ်နေတာတွေအားလုံး ပြီးနေပြီဆိုတော့ မှုလ အံ့ဩသွား၏။ နွယ် က ပြုံးနေပေမယ့် ဒေါ်အု က မပီပြင်သည့်အပြုံး နှင့် ...

"အေး .. သမီးရယ် .. စောတော့ စောသေးတယ်၊ ဒါပေမယ့်"

"တွေ့လား ဒေါ်အု .. နွယ် ခန့်မှန်းတာ မမှန်ဘူးလား"

ဒေါ်အု စကားမဆုံးခင် နွယ် က မီးဖိုခန်းထဲ ဝင်လာသည်။ ပြီးတော့ နံရံကပ်ဗီရိုကြီးထဲက ချုပ်ပြုတ်ပြီးသားတွေကို နှစ်မျိုး လောက် ဆွဲထုတ်၍ ...

"အစိမ်းကြော်တွေတော့ လူတွေစုံမှ လုပ်မှာပါ၊ ငါက နင် ပြန် လာမှာပဲဆိုတာ သိလို့၊ အားလုံးပြီးအောင် လုပ်ထားဖို့ စီစဉ်တာ"

"ဘာဆိုင်လို့လဲ နွယ် .."

"ဆိုင်တာပေါ့ .. ခင်နှာ ရှိနေမှန်းသိရင် နင် ဝင်ပြီး ချက်ပြုတ်မှာ ပဲလေ .. ပင်ပန်းမှာစိုးလို့ပေါ့၊ အခု အစ်ကိုနဲ့ နင်က ဒီအိမ်မှာ အပင် ပန်းဆုံးလူတွေလေ .. ငါကလည်း အလုပ်မရှိသေးဘူး၊ ဒေါ်အု က လည်း တစ်ယောက်တည်း .. အဲဒါကြောင့် ပြီးနိုင်သမျှ ပြီးအောင်





ငါ ချက်ပြုတ်ထားဖို့ စီစဉ်တာ၊ မသိတာရှိရင် မေးရတယ်၊ ကောင်း အောင် ကြိုးစားရတယ်၊ အဲဒါတွေ နင့်ကြောင့် အပင်ပန်းခံတာပါ နော် .."

ကိုင်ထားတာတွေ စားပွဲပေါ်မှာ ချကာ မျက်စောင်းလေး ရွယ်၍ မဲ့သည်။ မှုလ ကိုယ့်မျက်နှာ ဘာတွေဖြစ်နေပြီကို သတိရလိုက်ရင်း ပြင်ဆင် ပြုံးရယ်ဖို့ ကြိုးစား၍ ...

"ကျေးဇူးတင်ပါတယ် နွယ် ရယ် .. စောနေသေးလားလို့ အံ့ဩ သွားတာသက်သက်နဲ့ မေးတာပေါ့၊ အခု နင် သွားနားလေ ..၊ ငါ ဒါတွေထားပြီး အကျီလဲပြီးတာနဲ့ ပြန်ဆင်းခဲ့မယ်"

ထုံးစံအတိုင်း ဂျူတီကုတ်အဖြူလေးက လက်မောင်းမှာ တင် လျက်သားနှင့် ဖိုင်အပါးလေးနှစ်ထပ်ကို ဒီတိုင်း ကိုင်ထားဆဲမို့ ...

"ဆေးကြောပြင်ဆင်ဖို့တွေပဲ ကျန်တယ်မို့လား .. ငါ ဝိုင်းလုပ် မယ်"

"အမလေး .. ဒေါက်တာ ရှေးမှုလ ရယ် .. ရှင် ပင်ပန်းနေတဲ့ ရုပ်ကြီးနဲ့ ပွဲမတက်စေချင်လို့၊ ကျုန်မက အပင်ပန်းခံထားတာပေါ့၊ သွား .. ရှင်ပဲ ရေမိုးချိုးပြီး ခဏနား၊ လှလှပပလေး ပြင်ပြီး စောင့်နေဖို့ သာ လုပ်၊ ဒီနေ့မှ နင်တို့လင်မယား မသင့်မြတ်ကြသေးရင် နဖူးချင်း တိုက်ပြီး ဆံပင်ချင်း ချည်ထားပေးလိုက်တော့မယ်"

နွယ့် စကားကြောင့် ဒေါ်အု ပါ ရယ်သံထွက်လာ၏။ ဒီလိုကျ တော့လည်း ကောင်မလေးက မှုလ အတွက် သိတတ်ရှာသားလို့လည်း တွေးမိ၏။

မှုလ က ဖိုင်တွေကို လက်ပြောင်းကိုင်လိုက်ပြီး ရယ်ကာ ...

"သူ ဒေါသကြီးနေတုန်းမို့လို့ ငါ့အပြစ်နဲ့ငါ တိတ်တိတ်နေပေး လိုက်တာပါ နွယ် ရယ် .. သူ့ကို တုပြိုင်စိတ်တိုနေရအောင် စကတည်း က အပြစ်ရှိခဲ့တာ ငါပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



နွယ် က မှဲ့တဲ့တဲ့မျက်နှာလေးနှင့် ခေါင်းညိတ်ရင်း ...

"အေးပါ .. ကိုယ့်ကိုယ်ကိုယ် သိနေရင်လည်း ပြီးတာပါပဲ၊ လာ- ဒီလိဝ်သည်းတုံးလေး မြည်းကြည့်ဦး"

"လိဝ်သည်း .."

"ဟုတ်တယ် .. ဟိုတယ်လ်ကို ပို့နေတဲ့ ငါးနိုင်ကြီးက ဒေါ်အု တပင်တပန်း ပြေးဝယ်ထားတာ၊ ကိုယ့်အိမ်မှာ ချက်ပြုတ်တာပေမယ့် ဟိုတယ်လ်စာတွေအတိုင်း စီစဉ်ရတာလေ .. နင်က လိဝ်သည်း မစားရဲဘူးလား .."

"စားရဲပါတယ် .. စားတော့ မစားဖူးဘူး၊ ဒါ နင် ချက်တာလား"

"ဒေါ်အု ပြောတဲ့အတိုင်း လိုက်လုပ်ရတာလေ၊ လာပါ .. ဒါလေး မြည်းကြည့် .. ထမင်းလေးပါ နည်းနည်းပါတယ်၊ အဆာပြေပေါ့"

ထမင်းကို ပန်းကန်လုံးအဖြူလေးနဲ့ ခပ်ထည့်ကာ လိဝ်သည်းတုံးလေးကို ထမင်းပေါ် တင်ပေး၏။

တလေးဆန်သလိုလို စည်းကမ်းမဲ့သလိုရှိသော်လည်း သူ့လက်ရာလေးကို မြည်းစေချင်တာမှန်း သိနေသဖြင့် မူလ ငြင်းရခက်သွား၏။

"ဟဲ့ .. စားပါဆိုမှ၊ ပြီးရင်လည်း မကောင်းဘူး မပြောနဲ့နော်၊ ဒါ ငါ့လက်ရာစစ်စစ်၊ ဟင်းချိုလေးလည်း တစ်ဇွန်းနှစ်ဇွန်း မြည်းပေး၊ အုမကြီး ငုံးဥဟင်းချို"

ပြောနေရင်း ပန်းကန်လုံးသေးသေးလေးတွေနှင့် ခပ်ထည့်ပြီး ချပေးလိုက်သဖြင့် လက်ထဲကပစ္စည်းတွေတောင် မသိမ်းရသေးဘဲ မူလ ထိုင်လိုက်ရတော့သည်။

မြည်းတယ်ဆိုပေမယ့် အားလုံးထက်အရင် စားဦးစားဖျား မြည်းတာမျိုး တစ်ခါမှ မလုပ်ခဲ့ဘူးပေ။ ထို့ကြောင့် မစားကောင်းသည့် အစားတစ်ခုလို စိတ်ကမရဲ ...။

"စားပါ မူလ ရယ် .. နင့်ကို တမင် ကြွားချင်လို့ ငါ ဖယ်ထား





တာပါ၊ စားဦးစားလို့ တွေးမနေနဲ့၊ ပင်ပန်းလာတာကို ဒါလေးစားပြီး ခဏနား၊ ရေမိုးချိုးပြီးတာနဲ့ ဧည့်သည်တွေ ရောက်မှာ အဲတော်ပဲလေ၊ နင် ဘာမှ မစားထားရင် တောက်လျှောက် ဘာမှ စားဖြစ်မှာ မဟုတ်တော့ဘူး သိရဲ့လား ..၊ အလုပ်လုပ်တဲ့သူက အရင် ဝအောင် စားထားရတာ မသိဘူးလား"

"ဟုတ်တယ် သမီး .. ဒါလေး နည်းနည်းလေးပဲဟာ စားလိုက်ပါ၊ ဧည့်သည်တွေ လာဖို့က လိုပါသေးတယ်၊ ခဏနားပြီးမှ ရေချိုးပေါ့"

ဒေါ်အု ဝါ ဝင်ပြောတော့ အားနာသွားမိသည်။

"နွယ် ရယ် .. နင့်မှာ မောင့်အတွက်တင်မကဘူး ငါ့အတွက်ပါ လုပ်ပေးရသလို ဖြစ်နေပြီ၊ တကယ်ဆို ဧည့်သည်က ဧည့်သည်လို မနေရတာ ငါ တာဝန်ပျက်ကွက်တာပဲ"

"လုပ်မနေနဲ့ .. ဧည့်သည်ဆိုတာကို လုံးဝ မေ့ထားလိုက်"

စားကြည့်လိုက်တော့ ကိုယ့်ကိုယ်ကိုယ် ဆာသည်မထင်ခဲ့သည့် ဝမ်းထဲမှာ အားမရသလိုတောင် ဖြစ်မိ၏။

"အရမ်းကောင်းတာပဲ .. အချဉ်ဓာတ်လေးလည်း ပါတယ်နော်၊ ညှီလည်း မညှီဘူး၊ အဲဒီလိုလက်ရာတွေ စားမိရင် ချက်တာပြုတ်တာကို တတ်ချင်စိတ်တွေ ဖြစ်လာတယ်"

နွယ် က ခပ်မဲ့မဲ့လေး ပြုံး၍ လှည့်ထွက်သွားသည်။ ဒေါ်အု က ရယ်ရင်း ဘေးမှာ လာရပ်၍ ...

"ဘယ်လိုအတတ်ပညာမဆို သမီး စိတ်ဝင်စားတတ်တာ ဒေါ်အု သိပါတယ်၊ အိမ်တွင်းမှုပညာဆိုတာလည်း လက်ထပ် သင်ရတာမျိုးမှ မဟုတ်တာ၊ မီးဖိုကလေးတိုင်းမှာ မြင်လိုက်မှတ်လိုက်တာနဲ့ ကျွမ်းကျင်တတ်မြောက်နိုင်တဲ့ ပါရမီက ပါလာပြီးသား၊ အဲဒါ ချက်ပြုတ်သိမ်းဆည်းတဲ့ပညာပေါ့၊ သမီး တကယ် စိတ်ဝင်စားလို့ လေ့လာလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးနဲ့ တက်သွားမှာပါ၊ အခု ပြီးရင် ခဏနားလေ .. မနွယ် ပြောသလို လှလှပပလေး ပြင်ဆင်ပြီး စောင့်နေ ..”

“ဒေါ်ဒေါ်အု ..”

“ဟင် ..”

“မောင် ဘာပြောသေးလဲဟင်”

“မပြောပါဘူး .. သူ သမီးဆီကို ဖုန်းဆက်ချင်တယ်နဲ့ တူတယ်”

“မူလ မှာ ဖုန်းမှ မရှိတာ”

“အဲဒါကြောင့် မချင့်မရဲ ဖြစ်နေတာ ထင်တယ်၊ သမီးဘက်က လိုက်လိုက်လျောလျောလေး ပြောဆိုချော့မော့လိုက်တာနဲ့ သူ ကျေနပ်သွားမှာပါ”

နွယ် နဲ့ စကားပြောနေတုန်းမှာ နွယ် ပြောခဲ့သော ဟိုလိုလို ဒီလိုလို စကားတွေကို ဖျတ်ခနဲ တွေးမိ၏။ ဒါပေမယ့် ခုတော့ ဘာမှ မဟုတ်ဘူးလို့ပဲ သတ်မှတ်လိုက်ပြီမို့ ချက်ချင်း ပြန်ပျောက်သွားသည်။

ဒေါ်အု လိုပဲ မူလ ကိုယ်တိုင် နွယ့် ကို တစ်မျိုးတစ်မည် ထင်ခဲ့မိတာတွေအတွက် စိတ်မကောင်းဖြစ်ရရင်း အခန်းထဲ ပြန်ဝင်လာတဲ့ အထိ တွေးမိနေတုန်း ..။

နဖူးချင်း တိုက်၊ ဆံပင်ချင်း ပူးချည်ထားမည်ဆိုတာကို တွေးမိတော့ တစ်ယောက်တည်း ရယ်မိ၏။ မဆင်းခဲ့နဲ့ဆိုပေမယ့် ရေချိုး အဝတ်လဲပြီးတာနှင့် ပြန်ဆင်းသွားဖို့ စိတ်ကဖြစ်ရင်း ခဏလေးတောင် အနားမယူနဲ့မိပေ ..။

ခဲပုပ်ရောင် ဆွဲသားစကက်ရှည်လေးကို ဝတ်ပြီး အရမ်းပြောင် နေသလားလို့ မှန်ထဲမှာ သေချာကြည့်မိ၏။

မိုးမချုပ်သေးဘဲ မီးဖွင့်ကြည့်ရင်း မီးခိုးရောင် အပါးသားလေး ရင်ခံ ထည့်ချုပ်ထားသော အင်္ကျီလက်တိုလေးနဲ့ တစ်ခါတည်း တွဲဝတ်လိုက်သည်။





စိန်လော့ကတ်လေးနှင့် ပလက်တီနမ်ကြိုးပျော့လေး လည်ပင်းမှာ ကပ်ဆွဲလိုက်ရင်း ခေါင်းထဲမှာ လေးလံသလိုကြီး ဖြစ်လာ၏။

လက်ကောက်နဲ့ လက်စွပ်လေးတွေ လိုက်ဖက်ရာ ရွေးနေစဉ် ခဏလေး လဲလျောင်းနားနေချင်စိတ်တွေပါ ဖြစ်လာမိသည်။

မတ်တတ်ရပ်နေရင်း ခေါင်းလေ့ကျင့်ခန်း လုပ်ကြည့်သည်။ မှန်ရှေ့မှာ ခဏထိုင်လိုက်ပြီး ငြိမ်ငြိမ်လေး နေကြည့်၏။ ခေါင်းထဲမှာ ဒီတိုင်းပဲ ဖြစ်နေသည်။

နာရီ မော့ကြည့်ရင်း ခဏနားလို့ ဖြစ်သေးရဲ့လား စဉ်းစားမိ၏။ ဟိုနေ့ကလည်း မောင့်ကို စောင့်နေကာမှ စားပွဲမှာ မှောက်လျက် အိပ်ပျော်ခဲ့ရ၏။

ဒီတစ်ခါ အဖြစ်မခံနိုင်ပါ ..။ စိတ်ကိုတင်းကာ အောက်ထပ် ဆင်းလာခဲ့သည်။

“ယော .. လှလို့ပါလား၊ ချက်ချင်း ပြန်ဆင်းလာတာလား”

နွယ် က ရေချိုးခန်းထဲက ထွက်လာတာနှင့်ဆုံတာ မူလ ကို ရယ်ဟဟနှင့် ခြေဆုံးခေါင်းဆုံး ကြည့်၏။ မျက်နှာလေး မှုန်အိနေအောင် နည်းနည်းတော့ ပြင်လာတာမှန်း သိသာပေမယ့် ဆံပင်တွေက အရင်လိုပဲ နောက်မှာ ကလစ်နဲ့ ညှပ်ထားတာ ဖြစ်သည်။

သေချာကြည့်ပြီးမှ ခေါင်းညိတ်နေလျက် ...

“တကယ့်လူကြီးတွေ လာမှာကို ဒီလောက်ပဲလား မူလ ရယ် .. အချိန်ယူပြီး သေချာပြင်လို့ရအောင် လုပ်ပေးထားတာတောင် ..”

“တစ်နေကုန် မှန်ရှေ့မှာ ထိုင်ပြင်နေလည်း ဒီ့ထက် ပိုလှလာမှာ မဟုတ်ဘူး နွယ်၊ ပြင်ကို မပြင်တတ်တာ တစ်ခါမှလည်း မပြင်ဖူးဘူး”

“တော်ကြာ .. ငါက တအား ပြင်ထားတယ်လို့ ထင်သွားရင် ဘယ်လိုလုပ်မလဲ၊ ငါ အလှပြင်တာ ဝါသနာပါတာ နင် သိတယ်နော်၊ ကြိုပြောထားတာ”



www.burmeseclassic.com

www.burmeseclassic.com



မူလ က ရယ်လိုက်ရင်း မီးဖိုခန်းထဲကို လှမ်းကြည့်သည်။

"အထဲမှာ ဒေါ်ဒေါ်အု ရှိလား"

"မရှိဘူး ထင်တယ်၊ ဝီစကီ ကုန်နေတယ်ဆိုလား၊ လိုနေတယ် ဆိုလား ဒရိုင်ဘာ ရှာဦးမယ်လို့ ပြောပြီး ထွက်သွားတယ်"

"ဟုတ်လား .. နင် အေးဆေး ပြင်လေ .. ငါ အထဲမှာ လုပ်ထား လိုက်မယ်"

"မလုပ်နဲ့ .. ပြီးထားသင့်တာတွေ အားလုံးပြီးလို့ တစ်ခန်းရပ် ထားတာ၊ ပူပူနွေးနွေး ပြင်စရာတွေက လူစုံမှ ပြင်မှာပါဆို"

"အချိုမွဲရော .."

"ဘုန်းကြီးဆွမ်းကပ်တာမှ မဟုတ်တာ မူလ ရယ် .. နင် တစ်ခါ မှ ဒါမျိုး လုပ်မပေးဖူးဘူးလား"

"ဟင့်အင်း .."

မူလ အမှန်အတိုင်း ဝန်ခံမိသည်။ မေမေက အပြည်းစားစရာတွေ လုပ်ပေးရဖို့ နေနေသာသာ ဖေဖေက သူငယ်ချင်းအပေါင်းအသင်းနဲ့ အိမ်ပြန်လာတယ်ဆိုတာလည်း မရှိ ..။

ပါလာတဲ့အခါဆိုရင်လည်း မိန်းမရေ ဘာယူခဲ့ပါ၊ ဘာလုပ်ခဲ့စမ်း ပါ ဘယ်တော့မှ မနိုင်း ..၊ ထို့ကြောင့် ယောကျ်ားတွေချည်း ဒင်မှာ စားကြသည့်ပွဲမျိုးမှာ ဘာတွေ လိုအပ်နိုင်သည်ကို သူမ မသိပေ ..။

နွယ် ကတော့ ရယ်စရာ ပြက်လုံးတစ်ခုကို ကြားရသလို အသံ လေးထွက်အောင် ရယ်သွားလေသည်။ မီးဖိုခန်းထဲမှာ ချက်ပြုတ်ပြီး သမျှကို အားလုံး ပြင်ဆင်ဆေးကြောထားတာကို တကယ်မြင်မှ ပြန် ထွက်လာခဲ့ရင်း တွေးမိ၏။

နွယ် တကယ်ကို ပြီးစီးအောင် လုပ်ပေးထားသည်ပဲ။ ဒေါ်အု ကို မေးမြန်းချက်ပြုတ်ရသည်ဆိုပေမယ့် သူမကိုယ်တိုင် စီမံနိုင်စွမ်း ရှိတာကို ပြလိုက်သလိုပင် ..။





အံ့ဩစရာကောင်းနေတာက နွယ် ကို သူမ သိခဲ့တာ ဒီလိုပုံစံမျိုး မဟုတ် ..။

"ဟား၊... ကျွတ် .."

ခေါင်းထဲမှာ ပေါက်လာသဖြင့် လေ့ကားလက်ရန်းကို ကိုင်ရင်း နှုံ့မဲ့ ညည်းမိသည်။

မလိုအပ်တာတွေ လျှောက်တွေးနေမိလို့လား .. တစ်ရက်မှ မနား ဘဲ လှုပ်ရှားနေခဲ့လို့လား ..။

နှစ်ခုစလုံး ဖြစ်နိုင်သဖြင့် အိပ်ခန်းပဲ ပြန်ဝင်ကာ ခဏလှဲလိုက် မိသည်။

ဟိုတစ်ခါလို အိပ်ပျော်သွားမှာ ကြောက်သောကြောင့် လက်တစ် ဝါးလောက်ထူသော နှစ်တစ်ရာပြက္ခဒိန်စာအုပ်သေးသေးလေးကို ခေါင်းအောက်မှာ ခုထားပြီး မှေးလိုက်တာ ဖြစ်ပေမယ့် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"အနက်ရောင်ကိုယ်ကျပ်နဲ့ တစ်ယောက်လား ..."

"ဟုတ်တယ် ထင်တာပဲ၊ မင်္ဂလာဆည်ခံပွဲညကပဲ ကျုပ်က မြင်ဖူးတာဆိုတော့ သိပ်မမှတ်မိဘူး"

"လှသားပဲ .. ဘော်ဒီစထရပ်ချာ မိုက်တယ်၊ ဒါပေမယ့် ကျုပ်တို့ကြားဖူးထားတာတော့ ဒီလိုပုံမျိုး မဟုတ်သလိုပဲ"

ဧည့်ခန်းထောင့်မှာ ပန်းအိုးလာတင်ရင်း ကြားလိုက်ရသည့်စကားသံတွေကြောင့် နွယ် ချက်ချင်းထွက်မသွားဘဲ ပန်းတွေကို ပြုပြင်၍ အချိန်ဆွဲနေမိသည်။

ပြောတုန်းက ခြောက်ယောက် ခုနစ်ယောက်ဆိုပြီး စုတွဲတွေပါလာသဖြင့် အားလုံး ကိုးယောက် ဖြစ်သွားသည်။ ထို့ကြောင့် ဒေါ်အုမီးဖိုခန်းထဲမှာ ခေါင်းချာစိုင်းနေတာ တစ်ယောက်တည်း ...။

နွယ် ကတော့ ရေမိုးချိုးပြီးရင် မီးဖိုနား မကပ်ချင်တော့ဘူး၊ သယ်ယူပို့ဆောင်ရေးပဲ လုပ်မှာ လို့ ပြောထားခဲ့ပြီး သူမ ဒီရောက်နေတာ ဖြစ်သည်။

ဧည့်ခန်းထဲကိုဝင်လာပြီး အအေးပွဲ၊ မုန့်ပွဲ တစ်ခုခု ယူလာပို့တိုင်း လိုက်ကြည့် အကဲခတ်ကြသော မျက်လုံးတွေကို သတိထားမိသည်။





ပြောကြတာတွေကိုလည်း ကြား၏။ ဒါပေမယ့် မကြားသလိုပဲ နေခဲ့လိုက်၏။ တစ်ခါတစ်ခါ ပြုံးလိုက်မိသေးသည်။

မူလ တစ်ယောက် တာဝန်မကျေသမျှ အားလုံး သူမ ခေါင်းပေါ်မှာပါလားလို့ တွေးမိခြင်းကြောင့် ဖြစ်၏။

"မမနွယ် ကျွန်မ ဘာလုပ်ပေးရဦးမလဲ"

စိတ်ကူးနဲ့သွားနေတုန်း နန က ရေ့မှာ ဘွားခနဲ ပေါ်လာသဖြင့် နွယ် မျက်နှာ တင်းသွား၏။

"ဘာမှ လုပ်ဖို့မလိုဘူး၊ ဘယ်သူ လွှတ်လိုက်တာလဲ"

"ဒေါ်လေး လွှတ်တာပါ၊ မမနွယ် နိုင်းစရာရှိရင် ခေါ်မနေရအောင် အနားမှာ သွားနေတဲ့"

"မနိုင်းဘူး ... သွား .. မခေါ်ဘဲနဲ့ မလာနဲ့"

စိတ်တိုတာက ဒေါ်အု ကို ဖြစ်၏။ နန ကို တမင်လွှတ်လိုက်တာလို့ ခံစားမိလိုက်သဖြင့် မျက်မှောင်ကုတ်ရင်း အတန်ကြာရပ်နေမိသည်။

"မူလ .. ဆင်းမလာသေးဘူးလား"

မေးသံနှင့်အတူ ရေမွှေးနံ့တစ်ချက် ဝေ့သွားကာ ခေတ် သူမနားရောက်လာ၏။ ဆောင်းဘီရှည် ကြည်ပြာရောင်ရင့်ရင့် ကောင်းကင်ရောင် ရှပ်လက်ရှည်အပြာနုနုနှင့် ဝင်းမွန်နေသော မျက်နှာက တင့်တယ်သည်။

ဆံပင်တွေ သိမ်းလုန်ဖြီးထားသောကြောင့် ဘီးကြောင်းရာ ထင်နေပေမယ့် မကျဉ်းမကျယ် နဖူးပြင်နှင့် နီးမြန်းသော နှုတ်ခမ်းသားတို့ကြောင့် ရင့်ရော်သွားတာမျိုးလည်း မဖြစ် ...။

အနားရောက်လာတော့ မျက်နှာကို ငေးကြည့်နေမိသည်။ ပြီးမှ မျက်ဝန်းတွေကို ခပ်လွှဲလွှဲ ငုံလိုက်ပြီး ...

"ခုနကပဲ ရောက်လာတာ .. ဘယ်လိုလုပ် ချက်ချင်း ဆင်းရမှာလဲ၊ ဒင်းအခုရှိတာကိုရော အစ်ကိုက ပြောထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ပြင်ဆင်နေတာ သူ ဘာမှ မမေးဘူးလား"

"ဪ .. မေးမှ သိတော့လည်း အစ်ကိုက သူ့ကို ဒီပွဲမှာ မင်းရှိရမယ်လို့ ပြောထားတာမဟုတ်တော့ အနေသားကြီးပဲဟာ၊ သူ့မှာလည်း မာနနဲ့ပဲလေ"

နွယ့် စကားက ကိုယ့်ကို အပြစ်တင်တာလား ... မူလ ဘက်ကို ထောက်ပြတာလား ..။ ခေတ် ရုတ်တရက် ဘာထပ်ပြောရမှန်း မသိ..။

လူတွေ အပိုအလျှံပါလာသဖြင့် ဒေါ်အု မီးဖိုချောင်ထဲ ပြန်ရောက်သွားခဲ့တာကြောင့် စကားစမြည်လည်း မပြောဖြစ်လိုက်ပေ။ ဒါပေမယ့် နွယ် ကတော့ ပြီးအောင် ပြင်ဆင်ထားသည်။ စိတ်ပါလက်ပါ ချက်ပြုတ်ကူညီထားသည်ဆိုတာလည်း မယုံစရာ မရှိ ..။

လည်ပိုင်းလက်ရှည် ခါးရှည်နှင့် ကိုယ်ကျပ်အပျော့ကို ရင်ဘတ်တစ်ခြမ်းမှာ ခံပုပ်ရောင် ကပ်ပန်းတွေ တပ်ထားသည့်အင်္ကျီနှင့် ..။

စတော့ကင်အတူ အနက်မှာ နက်ပြာရောင် ဖောင်းတွန့်လေး တစ်ဖက်က ခြေတစ်ဖက်တည်းမှာ ခွေဆင်း ပုံဖော်၍ ခေတ်ဆန်ထား၏။

ဆံပင်ရှည်တွေကို ဖားလျားဖြန့်ချထားပြီးမှ ရှေ့တစ်မျက်နှာလုံးကို အပြောင်ပြန်သိမ်းကာ အနက်နဲ့နက်ပြာပြောင်လက်နေသော နားကွင်းဝိုင်းကြီးတွေ ပန်ထားသေးသည်။

ချက်ပြုတ်တာမှာရော ကြိုဆိုဖို့အတွက် ပြင်ထားပုံကာအစ ကျေးဇူးတင်စရာပဲ ဖြစ်၏။ ဒါပေမယ့် သူ ကျေးဇူးတင်ချင်တာက နွယ့်ကို မဟုတ် ..။ ခြေလှမ်းတွေက ဧည့်ခန်းကို ကျော်ရောင်ကာ အပေါ်ထပ်ကို တောက်လျှောက် လှမ်းခဲ့မိသည်။

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ရင်ထဲမှာ စူးဝနဲ့ အောင့်၏။

"မူလ .. ဒီမှာ ရှေးမူလ"

နူးညံ့နိုင်ခြင်းတရားတွေ ကုန်ဆုံးခဲ့ပြီး အိပ်ပျော်နေသည့် သူမကို ပခုံးလေးကနေ ဆွဲလှုပ်နှိုးလိုက်သည်။





"ဟင် .. အား ..."

မျက်ခွံတွေလေးနေပုံနှင့် မူလ မျက်တောင်ဖျားတွေ မှေးစင်းကြည့်ရင်း မဲ့သွား၏။

"မောင် .."

"ဟုတ်လား .. မင်းရဲ့မောင်လား .. သေချာတယ်လို့ အတည်ပြုပြီးရင် ဟန်ဆောင်ပန်ဆောင်ဖြစ်ဖြစ် ဝတ္တရားကျေပေးဖို့ စဉ်းစား .. အောက်မှာ ဧည့်သည်တွေနဲ့"

"ဟုတ်လား .. အင်းပါ၊ မူလ သိပါတယ်၊ အဲဒါအတွက်လေ.."

ဆက်ပြောလို့မရအောင် မျက်လုံးတွေက ဝေနေသည်။ ရေမွှေးနံ့ သင်းသင်းနဲ့ ချောမွေ့နေသော မျက်နှာက မျက်တောင်တွေ ဖိခတ်ပစ်နေတာတောင် မြင်ကွင်းထဲမှာ မကြည့်လင် ..။

မောင့် မျက်နှာမှာ ဒေါသတွေ ဘယ်လောက်ထိ မြင့်တက်နေသလဲ .. ဘာတွေ ထပ်ပြောချင်နေသလဲ ..၊ သိချင်သော်လည်း နိုးနိုးလေး ကပ်နေတာတောင် စူးစိုက်ကြည့်လို့မရအောင် မျက်လုံးတွေက စပ်ဖျင်းနေ၏။

"တောက် .. မင်း .."

လက်တွေကို လွှတ်၍ မောင် ဆတ်ခနဲ ထရပ်ပြီး တက်ခေါက်တာ သိလိုက်သည်။

"မင်းကို နေချင်သလို နေခွင့် ငါ ပေးချင်ပါတယ်၊ ဒီနေ့ .. ဒီ တစ်နေ့ပဲ မင်းကို တောင်းပန်တယ် .. ခုချက်ချင်း ဆင်းလိုက်ခဲ့"

"မောင် .."

မောင့်လက်ကိုတွဲပြီး တစ်ခါတည်း ဆင်းလိုက်သွားဖို့ ဖြစ်သည်။ ဒါပေမယ့် မူလ ယိုင်ခနဲပြန်ခွေကျကာ ခေတ် က ထွက်ခွာသွားပြီဖြစ်၏။

မဟုတ်ဘူး မောင် .. မောင့်အတွက် မူလ ပြင်ထားတာ၊ မောင့်ကို တောင်းပန်ရမှာက မူလ ရယ်ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ရင်ထဲမှာ ပြောရင်း ခေါင်းကို တစ်ခါပြီးတစ်ခါ ဖိနှိပ် ခါထုတ်ပစ်မိ၏။

မှုံးသထက် မှုံးလာပြီး ဝေသထက် ဝေလာသည်။ အာရုံတွေက မကြည်လင် …၊ ဖုန်းကို သတိရပေမယ့် သူမမှာ ဟန်းဖုန်း မရှိ၊ ထို့ကြောင့် အခန်းပြင်ထွက်ခဲ့ရင်း ဖုန်းနားကို သွားနေဆဲ …

"မမမှု .. အစ်ကိုလေး ခေါ်နေတယ်"

"ဟင် .."

လှည့်ကြည့်လိုက်တော့ နုနု မျက်နှာက မငြိမ်မသက်ကြီး ဖြစ်နေသလိုလို …၊ မဟုတ်ဘူး .. ငါ ဒီလိုဖြစ်တာ မဟုတ်ဘူး …။

ဘုရား .. ဘုရား …၊ ခေါင်းကို လက်နဲ့ ပြန်ဖိထောက်ရင်း မျက်လုံးတွေ မှိတ်လိုက်တော့ ရင်ထဲမှာ တလှပ်လှပ် …။

"ရှာဘူး နုနု .. မောင့်ကို ပြောလိုက်ပါ၊ ငါ အရမ်းကို မူးနေလို့လို့ .."

"ဟုတ်ကဲ့ .. ကျွန်မ မမမှု အတွက် ဘာလုပ်ပေးရမလဲဟင်၊ ဒေါ်လေးကို ပြောလိုက်ရမလား"

"မပြောနဲ့ .. မပြောနဲ့ အဲဒီမှာပဲ ပြည့်စုံအောင် လုပ်ပေးလိုက်ပါလို့ .. နော်"

နုနု ထွက်သွားတာနှင့် ဖုန်းကို ကောက်ကိုင်မိကာ —

"ညို .. ညို လားဟင် .. ငါ့ဆီ အခု လာနိုင်မလား၊ လာခဲ့ပါ — ခဏလေးပါ ညို .."

ဖုန်း ပြန်ချလိုက်ပေမယ့် မှုလ မျက်ဝန်းထဲမှာ နွယ် မျက်နှာ လှလှလေးကတော့ ပီပြင်ထင်ရှားစွာ ပြုံးနေခဲ့လျက် …။





## အခန်း (၃၄)

"ရတယ် ကိုခေတ် .. မစိုး တို့က နားလည်တတ်ပါတယ်၊ အထူးသဖြင့် အိမ်မှာ ညှိသည့်စုံပြီဆိုရင် အိမ်မှာ တစ်ခုခု အဆင်မပြေဖြစ်တတ်တာ ခုနစ်ဆယ်ရာနှုန်းလောက် ရှိတယ်"

"အေးလေ .. ထိုင်နေစမ်းပါ ကိုခေတ် ရာ .. တစ်စိမ်းတွေပေမယ့် သိတဲ့လူတွေမှ မဟုတ်တာ၊ လူရင်းတွေမှာ အားနာ မျက်နှာပူစရာ စကားတွေ မရှိရဘူး၊ နေမကောင်းလို့ ဆင်းမလာဘူးဆိုတာ ကျုပ်တို့ကတောင် ပြန်အားနာသင့်နေပြီ"

"ဟုတ်တယ် .. အိမ်မှာပဲ ဒင်နာလုပ်စမ်းပါလို့ တို့တွေကပဲ တိုက်တွန်းခဲ့တာ"

တစ်ယောက်တစ်မျိုး ဖေးမ တွေးတောပေးကြသည်။ ဘာမှ ဖြစ်လောက်စရာ မဟုတ်သလို ပေါ့ပါးသည့်အပြုံးတွေနှင့် ပုံစံမပျက် ဆက်လက် ဆင်နွှဲကြ၏။

ဒင်နာဆိုသည့်ညမှာ သူ့အတွက်ကတော့ ဒုတိယအကြိမ် တိမ်မြှုပ်ခဲ့ရသော မင်္ဂလာမဲ့ည တစ်ညသာ …။



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးမရှိသော မင်္ဂလာအိပ်ခန်းကြီးထဲမှာ အထီးကျန် ဒေါသများနှင့် လုံးထွေး ကုန်ဆုံးခဲ့ရသည့် မင်္ဂလာဦးည၏ ပထမဆုံး တိမ်ပြိုခြင်းကို သတိရတော့ ပိုဆွေးသွား၏။

ပွဲ့စည်းသည် .. တည်ဆောက်ခဲ့သည်၊ ပြီးတော့ ပြိုကျ ပျက်ပြယ် သွားတာ မြေပြင်မှာလည်း အစရှာမရ ...၊

မူလ နဲ့ပတ်သက်သမျှ သူချစ်ရတဲ့ အချစ်တွေ၊ ဖြစ်ခဲ့ရတဲ့ ဒေါသ တွေ .. ဘာပြန်ရတာ ရှိခဲ့သလဲ ...။ အချစ်အတွက် အချစ် ပြန်မရသလို ဒေါသအတွက်လည်း ဖြေသိမ့်ဖွယ် မမြင် ...။

"အစ်ကို .."

သူ ကိုင်လိုက်သည့် ဖန်ခွက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်ထားလိုက် သဖြင့် ဖျတ်ခနဲ လှည့်ကြည့်မိသည်။ နွယ် က အံ့ဩဟန်တွေနှင့် လှမ်းကြည့်လာကြသည့် မျက်ဝန်းတွေကို ရက်ပြုံးလေးနှင့် တစ်ချက်ပဲ ဝေ့ကြည့်ကာ ခေတ် လက်ထဲက ဖန်ခွက်ကိုလည်း မလွှတ် ...။

"တော်ပါတော့ အစ်ကိုရယ် .. အစ်ကို မူးနေပြီ"

'ကမ္ဘာဦး'ကုမ္ပဏီရဲ့ အတွင်းရေးမှူး ကိုခန့်မောင်မောင် က အပြုံးမျက်နှာနှင့် သောက်လက်စဖန်ခွက်ကို ပြန်ချထားလိုက်ရင်း –

"ဟုတ်တယ် .. အဲဒီလို တားတဲ့လူလည်း ရှိဦးမှ"

"မနွယ် က ပိုင်သားပဲ .. လုပ်ပါ .. ကိုခေတ် ဒေါသတွေနဲ့ မျိုချနေတာ အဲဒါ .."

ဘေးစကားတွေကြောင့် ခေတ် မျက်နှာမှာ အရက်ရှိန်တက်လို့ နီတာထက် နစ်ဆတိုး၏။ ဆွေးနေတာက တခြား .. ရောက်လာတာ က တစ်ယောက် ...။

"လွှတ်လိုက် နွယ် .. ငါ့ကို မနှောင့်ယှက်ပါနဲ့"

"အစ်ကို စိတ်ရှုပ်ရှုပ်နဲ့ လွန်ကုန်မှာ စိုးလို့ပါ၊ မူလ ကို အခုပဲ သွားခေါ်လိုက်မယ်၊ ဟို .."





"နွယ်တသို .."

အေးစက်စက်အသံသည် မျက်လုံးတွေပါ စူးစူးရဲရဲ ဖြစ်သွားစေ လျက် ...

"မင်းလည်း ပင်ပန်းနေပြီမို့လား .. သွားနားလိုက်တော့"

စိတ်ကို မရမက ပြန်လည်ချုပ်တီးကာ အကောင်းဆုံး ပြင်ဆင် ပြောလိုက်မိသည်။ နွယ် က ခေါင်းခါ၏။

"နွယ့် ကို အမိန့်မပေးပါနဲ့ အစ်ကို၊ အားနာလို့ ပြောတာဆိုရင် လည်း နွယ် က ခြည်သည်မှမဟုတ်တာ၊ အစ်ကိုတို့ အိမ်ထောင်ရေး ကို .."

"မင်းစကားကို ရှေ့မဆက်သင့်တော့ဘူးလို့ မထင်ဘူးလား နွယ် တသို၊ မသိလို့ဆိုရင်လည်း အခု ပြောမယ် .. ဘာမှ ဝင်မပါဝါနဲ့"

နွယ့် မျက်နှာလေးမှာ ရက်သွားသလိုလို အံ့အားသင့်နေသလိုနှင့် မျက်လုံးချင်းဆုံပြီး ခဏငေး၏။

ပြီးတော့မှ အသံတိတ် ခေါင်းလေးညိတ်လိုက်ပြီး ထထွက်သွား လေသည်။

"ကိုခေတ် ကလည်းကွာ .. သူက စေတနာနဲ့ပါ"

"ကျွန်မကတော့ ကိုခေတ် မမူးဘူးလို့ ထင်တာပဲ"

"မှန်တိုင်းတော့ မကောင်းဘူးလေ၊ သူက မိန်းကလေးမို့လား"

စားသောက်ပွဲဟာ စိုစိုပြေပြေ စားသောက်ရယ်မောခြင်းတွေ ဖြစ် လိုက်၊ တိတ်ဆိတ်ငြိမ်ကျသွားလိုက်နှင့် ပုလင်းသံ ဖန်ခွက်သံတချို့ အပြင် ပြုံးပြုံးဖျောက်ဖျောက် လှုပ်ရှားသံလောက်နဲ့ပဲ စခန်းသွားနေ တာလည်း ရှိ၏။

အားလုံး ပြီးဆုံးခြင်းသို့ရောက်သော် တစ်ယောက်တည်း ကျန်ခဲ့ သည့် ခေတ် တစ်ကိုယ်လုံး ယိမ်းထိုးနေ၏။

"ဒုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား .."

ထိန်းနေပါလျက်နှင့် အခန်းရှေ့က ဖုန်စုတ်စက်ကို ဆောင့်တိုက်မိသည်။ နံရံနဲ့ ပန်းဆောင်း ပစ်ကုပ်သွားမိပြီး ပုံပန်းပျက်နေစဉ် အနားမှာ အရိပ်တစ်ရိပ် ..။

"အစ်ကို .."

"ဟင် .. ဘယ်သူလဲ"

ယိမ်းထိုးနေသလိုရှိသည့် ပုံရိပ်ဟာ ဆံပင်တွေ ဖြန့်ချထားသဖြင့် လက်နှစ်ဖက်က သူမ ပခုံးသားလေးတွေဆီ ဖိဆုပ်မိခြင်း ဖြစ်သွားလျက် ...

"မှုလ .."

"ဟိုလေ .. အစ်ကို့ကို အခန်းထဲ လိုက်ပို့ပေးမလို့၊ လမ်းမှာ လဲနေမှာ စိုးလို့နော် .."

လက်တစ်ဖက်ကို ပခုံးပေါ် ထမ်းလိုက်သလိုရှိကာ ရင်ခွင်တစ်ခြမ်းမှာ သူမ ခေါင်းလျှိုဝင်လာ၏။ နားခေါင်းထဲ တိုးဝင်လာသည့် ရေမွှေးနံ့က ခေတ် ရဲ့မျက်လုံးတွေကို ပြုံးပြုံး ဖွင့်စေခဲ့လျက်...

"မင်း .."

မဟုတ်ဘူး .. မှုလ က မောင်လို့ ခေါ်တာ ..။

အသိစိတ်က မူးနောက်ရီဝေနေသည့်ကြားထဲ ဖျတ်ခနဲ တိုးဝင်၏။ သူမကိုယ်ကို ပြန်တွန်းလွှတ်မိကာ၊ ...

"နှယ် .. နှယ်တညို .."

"ဟုတ်ပါတယ် .. အစ်ကို့ကို ဒီနားမှာ လဲနေမှာစိုးလို့ပါ၊ နှယ့်ကို တွဲနော်"

"ရတယ် .. မလိုဘူး"

"ကဲ .. လာပါ အစ်ကိုရယ် .. အပေါ်ထပ် မတက်နိုင်တော့ဘူးမို့လား၊ အောက်ထပ်အခန်းထဲမှာပဲ .."



"ဖယ်ပါ .. ဖယ်စမ်းပါ၊ အဲဒါ မင်းကိစ္စ မဟုတ်ပါဘူး"

ပြောရင်း ကြို့ထိုးရင်းနှင့် ဘယ်ကိုမှ အကိုင်မခံဘဲ ခေတ် လှေကားရင်း ရောက်သွား၏။ မြန်မြန်လျှောက်သွားလို့ မဟုတ်ပါ။ ခြေလှမ်းမမှန်သောကြောင့် လဲမလို ပြိုမလိုနှင့် ရောက်သွားခြင်းဖြစ်သည်။

ပြီးတော့ လှေကားထစ်တွေကို တက်သွားတာ တောင်တက်သမားလို .. နှယ့် မျက်လုံးတွေ ခေတ် ရဲ့ကျောနောက်မှာ ကပ်ငြိပါသွားခဲ့၏။ ဆွေးရိပ်သမ်းနေသည့် မျက်နှာမှာ အေးစက် ခက်ထန်လာပြီး ...

"တောက် .."

ခက်ထန် ပုလောင်ခြင်းသည် မီးပြင်းတိုက်ခံရသည့် ဖယောင်းတက်တွေလိုပင် ..။

မျက်နှာပြင်မှာ ချက်ချင်း တင်းခဲသွားပေမယ့် အတွင်းလှိုက်ပူလောင်နေတာချည်း .. အချစ်မှာ မျက်စိမရှိတာ မဟုတ်ဘူး၊ ဦးနှောက်မရှိတာ ..။

ဒီယောက်ျားကို မြင်မြင်ချင်း သဘောကျခဲ့သည်။ မြင်နေရင်းနဲ့ မြတ်နိုးလာသည်။ ပိုင်ဆိုင်လိုတဲ့အထိ လောဘတွေ တက်လာခဲ့တာသည်း ကြည့်နေရင်း ဖျောက်ဖျက်မရအောင် ဖြစ်လာလို့ပဲ မဟုတ်ဘူးလား ..။

ရှင့်ကို ကျွန်မ ချစ်တယ် သည်ခေတ်လူ ..၊ အဲဒါကြောင့် ရမှဖြစ်မယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဘယ်လိုလဲ .. ခင်ဗျားရဲ့ ဒေါက်တာပါရဂူတွေ ပြန်သွားပြီလား"

စကားသံကြောင့် ဆေးရှိန်နှင့် မှိန်းနေသည့် မျက်လုံးတွေ ပွင့်သွား၏။ အာလေးလျှာလေးဖြစ်နေသံနှင့် အရက်နံ့ကြောင့် မှုလ ဒရင်းမ်ဘက်ဒ်ပေါ်ကနေ ထထိုင်လိုက်သည်။

ခေါင်းတွေ မကြည်ပေမယ့် အမြင်အာရုံကတော့ တည်ငြိမ်သွားပြီ ဖြစ်၏။ အပြာရောင်ဝတ်စုံနှင့် ချောမွေ့နေသည့် ခေတ် ရဲ့မျက်နှာက အနီရောင်ရင့်နေပေမယ့် ကြည့်ကောင်းနေဆဲသာ ..။

"မှုလ တောင်းပန်ပါတယ် မောင် .. အရမ်းကို မူးနေလို့ မဆင်းနိုင်လို့ပါ"

တောင်းပန်ရင်း ထရပ်လိုက်တော့ မှုလ လှုပ်ရှားတဲ့အတိုင်း ကပ်တွယ် စူးစိုက်နေသည့် မျက်လုံးတွေက မဲ့နေသော နှုတ်ခမ်းတို့နှင့် ပေါင်း၍ လှောင်ရိပ်သန်းနေ၏။

"နေ ကောင်းသွားပြီလား"

"ညီ ရောက်လာတော့ ဆေးသောက်ပြီးတာနဲ့ .."

"ဪ .. ဆရာဝန်က ဒေါက်တာ လှမ်းပင့်ရတာကိုး .. အော-"





လှောင်ရယ်လိုက်ပေမယ့် ကြုံ့ထိုးလိုက်သဖြင့် လူက စိုက်ခနဲ ယိုင်သွားသည်။ လှမ်းဆွဲမိတော့မလို လက်ပြင်ပြီးမှ ပြန်ရုပ်မိကာ မှုလ ရှေ့ထပ်တိုး၍ ...

"မှုလ မောင်ထင်သလို မဟုတ်ပါဘူး .. တကယ် ဖြစ်သွားတာပါ၊ ဒီထက်လည်း ပိုရှင်းမပြနိုင်သေးလို့ပါ"

"ဘယ်ပြနိုင်မလဲ .. မင်း ရှုပ်နေတာ မင်းကိုယ်မင်း သိမှာပေါ့၊ ငါက ဆင်းခဲ့ပါဆိုမှ မင်း ရှုပြီး အောက်မှာ တစ်ဖွဲ့၊ အပေါ်မှာတစ်ဖွဲ့ မင်း ခင်းပြလိုက်တာ၊ ဘာဖြစ်လို့ တစ်ယောက်တည်း ဖိတ်တာလဲ"

"မဟုတ်ဘူး .. ညီ့ ကို မှုလ ခေါ်တာက .."

ပြောရင်း ရပ်သွားပြီး နောက်ထပ် ဘာမှမလာတော့ ခေတ် က ဆံပင်တွေသပ်ရင်း တဟားဟား ရယ်သည်။

"မောင် .."

"ပြောပါ .. မင်းကို ပြောခွင့်ပေးနေတာပါ .. လုပ်လေ"

မှုလ မျက်ရည်တွေ ဝေလာလျက် ဘာမှမပြောနိုင်ဘဲ နှုတ်ခမ်းသားလေးတွေကို ဖိကိုက်ရင်း ...

"မပြောတော့ပါဘူး .. မောင် ရယ်ပါ .. မောင့် ရယ်နိုင်ပါတယ်"

မျက်ရည်မကျခင် သူ့ရှေ့က ရှောင်ထွက်ဖို့ ကြိုးစား၏။ ခေတ် က လက်မောင်းကို ဖျတ်ခနဲ ဆောင့်ဆွဲကာ ...

"ရယ်နေတဲ့ ရင်ထဲကို မင်း ဝင်ကြည့်စမ်း မှုလ .. မင်း .. အော.."

ကြုံ့ထိုးလိုက်တာနှင့် မဲ့သည့်မျက်နှာ ရောသွားကာ ပခုံးနှစ်ဖက်ပါ ကျုံ့သွား၏။ ပြီးမှ ...

"မင်း ငါ့ကို ဘယ်လိုအငြိုးတွေနဲ့ ဒီလောက် တိုက်ခိုက်နေတာလဲ၊ ငါ့ရဲ့အချစ်တွေက မင်းဘက်မှာ ဘာဖြစ်လို့ အမုန်းရဲ့ဆတိုးကိန်းတွေ ဖြစ်နေခဲ့တာလဲ .. ဟင် .. မင်း .. ပြောလေ .."

"မောင့်ကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူး မောင် .. မှုလ တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်လို့ မောင် ထင်သမျှကလည်း မူလ ဘက်မှာ ဘာမှမရှိခဲ့တဲ့ ပုံရိပ်ယောင်တွေပါ"

"ပုံရိပ်ယောင် မဟုတ်ဘူး၊ မင်း .. မင်းရဲ့ ရှိုးသားပါတယ်ဆိုတာ တွေက လက်နက်တွေ၊ ခုအတိုင်း မင်းနေရတာ သိပ်ပျော်နေတယ် မို့လား"

မျက်ရည်ဝေနေသည့် မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်မိသည်။ လှုပ်ခတ်တုန်ယင်နေသည့် နှုတ်ခမ်းလေးတွေ အညိုရောင်သမ်းအောင် ရဲတွတ်နေတာကို မြင်ရ၏။

ဒီနှုတ်ခမ်းလေးတွေကို ဖိတိုက်၍ မျက်နှာလွှဲသွားတိုင်း သူ့ရင်ဘတ်ထဲမှာ ဆွဲညှစ်ခံရသလို နာကျင်သွားတာ လူမသိ။ မမုန်းပါဘူးဆိုပြီး စိမ်းကားစွာနေခဲ့သူကို နာကျင်နေသည့်ကြားက သူ မမုန်းနိုင်…။

"ငါ့ကြောင့်ဆိုတဲ့ လက်သွိုးထိုးစရာတစ်ခုနဲ့ မုန်းမကိုင်ဘဲ မင်းနေတယ်၊ သွားလေရာ ရှာပွမ်ပွမ် မုန်းဆက်နေတဲ့ကောင် .. ဒီအသံ မကြားရလေ ကောင်းလေပေါ့၊ ဟုတ်တယ်မို့လား .."

"မုန်းကြောင့်ဖြစ်ရတဲ့ ပြဿနာကို ကြောက်သွားတာပါ၊ မောင်ပြောသလို .."

"နားထောင်ချင်ပါတယ်၊ မင်း ပြောသမျှ မှန်တယ် .. ဝါပြောသမျှ မှားနေတယ်ဆိုပြီးတော့၊ ဒါပေမယ့် ရင်နာတာက ခံရခက်တယ် မူလ၊ အဲဒါ မင်း ခံစားဖူးမှာ မဟုတ်ဘူး"

မူလ သူ့မျက်နှာကို မော့ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။ ပြီးတော့ ဖိဆုပ်ထားသည့်လက်တွေကို ဖယ်ချရင်း …

"အားလုံးအတွက် မူလ တောင်းပန်ပါတယ် .. ခွင့်လွှတ်နိုင်စရာ မရှိလောက်အောင် မှားနေတယ်ဆိုရင်လည်း တောင်းပန်ပါတယ်"

မူလ ငိုသံလေးစွက်လျက် ငုံ့ချပစ်ရင်း …

"ဘာမှ ထပ်ပြီး မပြောတတ်တော့လို့ပါ၊ မူလ တစ်ယောက်





တည်း နေပါရစေ .. အဲဒါလည်း တောင်းပန်တာပါ၊ မောင် မကျေနပ်လည်း ကျေနပ်ပေးပါ"

"ကျေနပ်ပေးရဦးမယ် .. ဟုတ်လား"

'တော်တော် တရားကျဖို့ ကောင်းပါလား'လို့ မပြောဖြစ်ဘဲ ခေတ် နှုတ်ခမ်းတွေ မဲ့သွား၏။

"ကောင်းပါတယ် .. မင်းရဲ့ ချစ်ကြင်နာမှုတွေက ကျေနပ်လောက်စရာပဲဟာ"

စူးစိုက်ကြည့်ပြီး ခေတ် က ရွဲ့သည်၊ ပြောပါစေတော့ …။

မွေ့ရာစွန်းမှာ ထိုင်လိုက်ရင်း မူလ မျက်လုံးတွေကို မှိတ်ထားခဲ့မိ၏။ ကိုယ့်အဖြစ်က အပြစ်ကို မကျူးလွန်ပါဘဲ အပြစ်ဖြစ်အောင်နေခဲ့မိသည်။ ဒါ ဒီလိုကြောင့် ဖြစ်ရတာပါလို့ ရှင်းပြချင်သော်လည်း…

"ကျေနပ်ပေးမယ် မူလ .. မင်းရဲ့ တောင်းပန်သံတွေ မကြားရဘူးဆိုရင်တောင် ငါက ကျေးဇူးတင်ရဦးမှာ"

ညှို့မနက်သေးပေမယ့် တိတ်ဆိတ်ခြင်းတို့ လွှမ်းမိုးနေပြီဖြစ်သည့် ညသည် မညင်သာသော ခေတ် ရဲ့လှုပ်ရှားမှုများဖြင့် ဆူညံသက်ဝင်နေခဲ့၏။ သူ ဘာလုပ်တာလဲ …၊

မီးရိုတံခါးဖွင့်သံ ထင်သလို ဆွဲချ၊ ခါထုတ်ရင်း တံခါးပိတ်သံတွေပြီးမှ လှည့်ကြည့်လိုက်တော့ ချည်ချောပုဆိုးနှင့် ဝင်းနနေသည့် ရင်အုံကျယ်မှာ အင်္ကျီဗလာ …။

"မောင် .."

တဘက်ကို တစ်ဖက်က တန်းလန်းကိုင်ထားပြီး တံခါးအပြင်ကို ခြေလှမ်းကျူးနေကာမှ ခေတ် တုံ့ခနဲ ရပ်၏။ မူလ သူ့နောက် ရောက်သွားကာ …

"မောင် .. ဘာလုပ်မလို့လဲ"

အကြည့်မရောက်ဘဲ လှည့်လာသည့် မျက်နှာ ခပ်တောင်းတောင်း



www.burmeseclassic.com

www.burmeseclassic.com



က ရှေ့ပြန်လှည့်သွား၏။ ပြီးတော့ ဘာမှမပြောဘဲ ထွက်သွားဖို့ ခြေလှမ်းပြင်လျှင် ...

"မောင် .."

ဝမ်းနည်းကြေကွဲခြင်းကို စိတ်က သတိတရ မခံစားရသေးမီ ပါးပြင်ထက်သို့ မျက်ရည်တွေ ပြိုဆင်းလာခဲ့လျက် ...

"မောင် ရေမချိုးပါနဲ့ .."

ခေတ် မျက်နှာ ပန်းနွမ်းနဲ့ ကပ်ထိသွားတဲ့အထိ လှည့်လာ၏။ မူလ မျက်ရည်တွေကို မြင်လိုက်တော့ မျက်မှောင်ကုတ်သွားကာ မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်၍ ...

"မင်း ဘာပြောလိုက်တယ်"

သူ့လက်ထဲက တဘက်ကိုဆွဲယူလိုက်ရင်း မူလ အင့်ခနဲ ရှိုက်သည်။

"မောင် အရက်တွေ တအားသောက်ထားတယ်၊ ရေမချိုးပါနဲ့.. အဲကွန်းနဲ့ ခဏနေလိုက်ရင် .."

"ငါ သေသွားမှာ စိုးလို့လား"

"မငေါ့ပါနဲ့ မောင်ရယ် .. လူတိုင်း ဖြစ်ကြတာ မဟုတ်ပေမယ့် ဖြစ်သွားတတ်တာတွေရှိလို့ တားနေတာပါ"

"ငါကတော့ ဖြစ်မှာမဟုတ်ပါဘူး၊ ခုတောင် ငါ မူးနေတဲ့ ရီဝေမှုတွေ မင်းဆီက မွှန်းတည့်နေကြောင် ဘာမှ မရှိတော့ဘူး၊ ကံနာခင်နှာ ဆိုတာလည်း ဆေးမတိုးဘူးလို့ ပြောကြတယ်၊ မင်းရဲ့ ရက်စက် စိမ်းကားမှုတွေကို လူးလိမ့်ဖို့ ငါ့မှာ ဝဋ်ကြွေးမကုန်သေးဘူး"

"မောင်ရယ် .."

မူလ ခေတ် ရင်ခွင်ထဲ တိုးဝင်၍ ကလေးလို ငိုလိုက်မိသည်။ ပြီးတော့ ...

"မူလ အရမ်း ပင်ပန်းနေပြီ မောင် .. ထပ်ပြီး မနှိပ်စက်ပါနဲ့၊ ရေသွားမချိုးပါနဲ့နော်"





ခေတ် ရဲ့လက်တွေ သူမ ပခုံးသားလေးတွေဆီ ပွပွလေး ပွေ့ဖက်လာ၏။ ထို့နောက် နွေးအိသင်းပျံ့သော ကိုယ်လေးကို မက်မောစွာ ပွေ့ပိုက်ထားမိရင်း မြတ်နိုးသောအနမ်းတို့သည် ..၊

မူလ ကိုင်ထားသည့် တဘက်လေး ကြမ်းပြင်ပေါ် လွတ်ကျသွား၏။ အခန်းပြင်နံရံမှာ သူမ ကျောပြင်လေး တဖြည်းဖြည်း ထိကပ်သွားခဲ့လျက် ကြာရှည်သော အနမ်းများကြောင့် မျက်ဝန်းတွေကို ရှက်ရွံ့စွာ မှိတ်ထားမိသည်။

ညက တိတ်ဆိတ်လွန်းတာလား .. ဒါမှမဟုတ် ညို ပြောသလို သွေးအားနည်းနေလို့လား .. ရင်တွေ တဒိတ်ဒိတ်ခုန်နေခဲ့တာ မူလ ကိုယ့်ကိုယ်ကိုယ် နားမလည် ..။

နားလည်မှုတွေကြောင့် သွေးပွက်ပွက်ဆူလျက် အံကြိတ် ရပ်ကြည့်နေခဲ့သော နှယ့် မျက်လုံးတွေကတော့ မှောင်ရိပ်တစ်နေရာကနေ မီးတောက်မီးလျှံတွေပမာ ..။

'မကြည့်ချင် မြင်လျက်သား'ဆိုတာမျိုး မဟုတ်ပေ ..၊

တမင် သိချင်လို့ လိုက်ကြည့်ခဲ့တာ ဖြစ်၏။ အနမ်းတွေကို ငေးရင်း ရင်ထဲမှာ ဆွေးသွားသည်။

သည်ခေတ်လူ ကို သူမ ချစ်နေမိပြီဆိုတာ သေချာပြီးရင်း သေချာနေခဲ့လျက် ကိုယ့်အတွက်မဟုတ်သည့် အနမ်းတွေနဲ့တောင် ရင်တွေခုန်နေတာ နှုတ်ခမ်းတွေကို ဖိကိုက်ထားမိတဲ့အထိ ..။

သူမ ကြားဖူးခဲ့တာ ရှိသည်။ 'ဖူးစာဆိုတာ ဦးရာလူ"

နင်က 'ဦး'ခဲ့ရင်တောင် ဖူးစာရှင်ဆိုတဲ့နေရာကို ငါ မြင်နေရတယ် မူလ ..။

ခုထိ လွတ်နေတုန်းပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

ကားရပ်ထားလို့ကောင်းသည့်နေရာ ခေတ် က ရွေးနေစဉ် မူလ မြင်မြင်သမျှကို လျှောက်ကြည့်နေမိ၏။

အားလုံးလိုလိုက စုံတွဲတွေချည်းဖြစ်ကာ ရိုးသားစွာ ပခုံးချင်းယှဉ်ထိုင်ပြီး စကားပြောနေကြတာက မရှိသလောက် ရှား၏။

"ဆင်းလေ မူလ … ဒီမှာ ခဏထိုင်ပြီး စကားပြောရအောင်၊ ပြီးမှ လမ်းလေးဘာလေး လျှောက်တာပေါ့"

ဆင်းဆိုလို့ ဆင်းလိုက်ရပေမယ့် မလှမ်းမကမ်းက စုံတွဲဆီ အကြည့်ရောက်သွားပြီး ဖျတ်ခနဲ မျက်နှာလွှဲမိ၏။ သွားလာတွေ သွားလာ လှမ်းမြင်နိုင်တဲ့နေရာမှာတောင် မဆင်ခြင် …။

"မောင်က ဘာရယ်တာလဲ"

"မင်းရော မျက်နှာက ဘာဖြစ်သွားတာလဲ"

ရေစပ်က ခုံတန်းလေးမှာ အတူထိုင်မိကြကာ မူလ က သူနဲ့ ပခုံးချင်းထိကပ်ပြီးမှ မော့ကြည့်၍ …

"မူလ စဉ်းစားမိလိုက်တာ ရှိတယ်သိလား … သာမန်အရပ်သား တစ်ယောက်အနေနဲ့ဆိုရင်တော့ စကားကြီးစကားကျယ် ပြောရာများ ကျမလား မသိဘူး"





"ဘာလဲ …"

"မူလ လည်း လူကြီးတန်းဝင်တဲ့ အသက်အရွယ်တော့ မဟုတ်သေးဘူး ထင်တယ်၊ ဒါပေမယ့် ခုလို မြင်ကွင်းမျိုးတွေကို လွှတ်လွှတ်လပ်လပ်ကြီး မြင်နေရတာကို မကြိုက်ဘူး"

"ဪ … ပန်းခြံတို့ ကန်ဘောင်တို့ဆိုတာ သူတို့နေရာလို ဖြစ်နေတာပဲ"

"ဒါပေမယ့် မောင်ရယ် … သူငယ်ချင်းနဲ့ ချစ်သူဆိုတာ ဟိုအရင်ကဆို ခွဲခြားဖို့တောင် ခက်တယ်လေ၊ သူငယ်ချင်းချင်း ဒီလိုနေရာကို နှစ်ယောက်တည်း တွဲမလာဘူး၊ နှစ်ယောက်တည်း ပခုံးချင်းထပ် မထိုင်ဘူး … လက်မကိုင်ဘူး၊ ချစ်သူတွေ ဖြစ်သွားကြတော့ ဒီစည်းကို ကျော်လွှန်ခွင့် ရတယ်၊ ဒီလောက်ပဲ … မကောင်းဘူးလား"

"ဟွန်း …"

ခေတ် က မူလ ဘာကို ရည်ရွယ်နေမှန်း နားလည်သဖြင့် ရယ်သည်။

"ဟိုစုံတွဲကိုမြင်ပြီး မင်း တော်တော်တရားကျသွားတယ် ထင်တယ်"

"မဖွယ်ရာဘူးဆိုတာကို ခံစားမိတာပါ၊ ဗုဒ္ဓဘာသာရဲ့ ယဉ်ကျေးမှုထုံးစံတွေက သီးသန့် ခန့်ညားပါတယ်၊ လူငယ်တချို့က နိုင်ငံခြား ယဉ်ကျေးမှုတွေနောက်လိုက်ဖို့ ကြိုးစားတယ်၊ လွတ်လပ်တာ၊ ပွင့်လင်းတာကို တလွဲသုံးစားကြတာ အန္တရာယ်ကြီးပါတယ်၊ အရက်အကြောက်တရားမှာ စည်းလွတ်သွားတာနဲ့ ကိုယ့်နိုင်ငံမှာ ယဉ်ကျေးမှု ပျောက်မှာ၊ တိုးတက်အောင် အတုယူကြတဲ့ထဲမှာ မကောင်းတာ ပါယ်…၊ ကောင်းတာကို ဆယ် ဆိုရင် ကောင်းမှာ သိလား"

"အဲဒါတွေ တွေးနေလို့ကတော့ ဖြစ်လာမှာ … မလာမှာတွေနဲ့ လုံးထွေးပြီး ဦးနှောက်မှာ ရေခန်းသွားလိမ့်မယ်၊ ထားလိုက်ပါကွာ..



www.burmeseclassic.com

www.burmeseclassic.com



လာ .. ထ .. ဟိုနေရာလေးကို လမ်းလျှောက်သွားရအောင်၊ ဘယ်ကိုမှ မကြည့်နဲ့၊ ကိုယ့် ခြေဦးထိပ်ကိုပဲ ကြည့် .."

ခေတ် က မူလ ခေါင်းလေးကို ကလေးကိုကိုင်သလို ရှေ့ငုံ့သွားအောင် ဖိနှိမ့်ချ၏။ မျက်နှာလေး ငုံ့ပါသွားပြီး မူလ က ရယ်သည်။

"ချစ်လို့ နမ်းကြတာကို ကဲ့ရဲ့နေတယ်၊ မင်းဘေးမှာ ပါလာတဲ့ ကောင်ကရော ငြိမ်ငြိမ်နေမယ် ထင်လို့လား"

"မနေလို့ ရမလား .. နမ်းတယ်ဆိုတာလည်း သူ့နေရာနဲ့သူ လစ်မစ်ရှိတယ်"

"ပြောပါဦး"

"နေရာတကာ နမ်းစရာလား .. ဥပမာ နှုတ်ခမ်းနဲ့နမ်းတာမျိုး"

"အဲဒါလည်း ချစ်လို့ပဲ"

"မောင်နော် .. စကားတွေ ခေါ်မနေနဲ့"

မူလ က ပခုံးချင်းတိုက်ပစ်ပြီး ယိုင်ထွက်သွားတော့လည်း သူမပဲ ဖြစ်သည်။ ခေတ် က ရယ်ကာ လက်ဖဝါးလေးကို ဖမ်းဆွဲထားလိုက်ပြီး လက်ဖဝါးချင်း ထပ်ဆုပ်၍ ...

"မူလ .."

"ဟင် .."

"ညက ကိုယ် အရမ်းကဲသွားလား"

"ဘာလဲ .."

"စိတ်ဆိုးလားလို့ .."

"ဟင့်အင်း .. ဘာဖြစ်လို့လဲ"

"မင်း တကယ် နေမကောင်းဖြစ်နေတာ ကိုယ် မသိလို့ပါ၊ အဲဒါကြောင့် ကိုယ် ပြောမိတဲ့ ဘုဘောက်စကားတွေအတွက်ရော .. အစစအရာရာအတွက်ပါ ကိုယ် တောင်းပန်ပါတယ်"

မူလ က ကျောပေါ်မှာ ဖြန့်ချထားသည့် ဆံပင်ရှည်တွေကို လက်





လေးတစ်ဖက်နဲ့ သပ်၍ မော့ကြည့်သည်။

"မောင့်အပြစ် မဟုတ်ပါဘူး၊ မောင် သိတာမသိတာအတွက် မူလ ကပဲ တောင်းပန်ရမှာ"

သူ မူလ လက်ဖဝါးလေးကို ဖျစ်ဆုပ်လိုက်ပြီး ...

"မင်းနဲ့ကိုယ် အဆင်ပြေပြေ ပြောဆိုဆက်ဆံချင်တဲ့ဆန္ဒ ရှိပေမယ့်လေ တစ်ခါတစ်ခါကျတော့လည်း အားမရသလိုပဲ"

"ဘာကိုလဲဟင် .."

"အဲဒီလို စိတ်မဆိုးတတ်သလိုလို .. သဘောထားပြည့်ဝနေသလိုလို မင်းဘက်မှာ ဘာမှ ထိရှမကျန်ခဲ့တဲ့ပုံစံတွေ မြင်ရတာမျိုး၊ မုန်တိုင်းလာခါနီးရင် ထူးခြားတဲ့ ငြိမ်သက်မှုတွေ ဖြစ်တတ်တယ်၊ ပြီးဆုံးသွားတဲ့အခါမှာလည်း လေပြည်လေညင်းဆိုတာ ရောက်လာတာပဲ၊ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်းဆိုတာ ဆန့်ကျင်ဘက်သဘောတွေပေမယ့် ဖြစ်လာမှာကို မျှော်လင့်လို့ ရတယ်၊ ပျက်သွားမှာကိုလည်း ခန့်မှန်းနိုင်တယ်ကွာ .. ကြမ်းတာမဟုတ်၊ နုတာလည်း မဟုတ်တာကို ဘယ်လိုမှ တိုင်းတာခန့်မှန်းဖို့ မလွယ်ဘူး .."

"မောင် က ဘာကို ဆိုလိုတာလဲ"

"တစ်ခါတလေ မင်းနဲ့ကိုယ် ဝုန်းဒိုင်းကြဲ ထဖြစ်လိုက်ချင်တာ၊ ပြီးမှ ပြန်ချော့ ပြန်တည့်ပေါ့"

"ဖြစ်ကြတာပဲဟာ ငါ့ ဖုန်းတစ်လုံးတောင် ဆုံးခဲ့သေးတယ်"

"အဲဒါ ကိုယ်ပဲ တစ်ဖက်သတ် ပေါက်ကွဲခဲ့တာလေ၊ ပြီးသွားပြီဆိုရင် အနိုင်ကျင့်မိသလို ဖြစ်သွားပြီလို့ တွေးမိပြီး နောင်တရသလိုလို၊ ဒီလိုဖြစ်ရတာ မင်းဘက်က ဘာလိုလို အေးစက်မှုတွေကြောင့်လို့ ပြန်တွေးမိတော့ တနုံ့နုံ့ စိတ်တို .."

"အဲဒါတွေက မူလ ကြောင့်ပါ မောင်"

"တော်ပါပြီကွာ .. မင်းနဲ့ကိုယ် လက်ထပ်ပြီးစတုန်းကလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၊ အရေးအတင် မခံချင်အောင် စကားနိုင်လုရအောင် .. ဘယ်လိုလဲ"

"မူလ ကတော့ မလုချင်ပါဘူး၊ အိမ်ထောင်ရေးအစဆိုတာ တစ်ယောက်ရဲ့သဘောကို တစ်ယောက်က နားမလည်သေးတဲ့အချိန်၊ အခု မောင့်စိတ်ကို မူလ နားလည်တယ်"

"ဟုတ်လား .. ဘာတဲ့လဲ"

ပြုံးစစမျက်နှာကို မော့ကြည့်ပြီး မူလ က ရယ်သည်။ ပြီးတော့ သူ ကိုင်ထားသည့်လက်ကို ရုန်းထွက်လိုက်ကာ လက်လေးပိုက်၍ တစ်လှမ်းချင်း လျှောက်ရင်း ...

"မောင်ဘက်က သည်းခံတာတွေပေါ့"

"ဘာဖြစ်လို့ သည်းခံတာလဲဆိုတာရော .. ဆက် နားမလည်လိုက်ဘူးလား"

မဖြေဘဲ ရယ်လိုက်တော့ ခေတ် အသည်းယားသွားသည်။ ထို့ကြောင့် ခြေလှမ်းရပ်ပစ်လိုက်ပြီး မူလ ပခုံးလေးကို တင်းခနဲ ဖက်လိုက်ကာ ...

"ဘာရယ်တာလဲ .. ဒီမှာ ကြည့် .."

"ဟာ .. မောင်ကလည်း ဖယ်ပါ"

ဟိုကြည့်ဒီကြည့်နှင့် ဖယ်ချဖို့ ကြိုးစားတော့ ပခုံးလေး ကျုံ့ပါလာတဲ့အထိ အတင်းဖက်ထားလိုက်ရင်း ...

"ကိုယ့်မိန်းမကို ဖက်တာ ဘာဖြစ်လဲ .. မေးတာကိုပဲ ဖြေ"

"သိပါတယ် မောင်ရယ် .. သိလို့လည်း မူလ ကလည်း အစစ အရာရာအတွက် အပြစ်မကင်းသလို ခံစားနေရတာပေါ့"

"အပြစ်တွေ မသိချင်ဘူး၊ အချစ်ပဲ ပြန်ရချင်တာ"

"မောင်ကလည်း .."

မူလ သူ့ရင်ခွင်ထဲက ရုန်းထွက်ကာ ရေထဲမှာ ထိုးထားသည့် တံတားဗိုင်းဘက်ကို လှည့်ဝင်လိုက်သည်။





ကမ်းစပ်ပိုင်းမှာ သစ်ပင်အောက်လည်းဖြစ်တော့ ပိုအေးသဖြင့် တန်းအစွန်မှာ ဝင်ထိုင်လိုက်၏။ ခေတ် က ဘေးမှာ ပုံးကပ်ထိုင်လိုက်ပြီး ...

"ခုနေ ကိုယ် မင်းကို ချစ်မှာလားလို့ ဖွတ်တရွတ်မေးရင် စိတ်ညစ်မှာလား"

"မဆိုးပါဘူး .. ဒါပေမယ့် စိတ်တော့ ညစ်မှာပေါ့၊ မူလ ခုလောပင်ပန်းသလိုကြီး ဖြစ်နေတယ် မောင်၊ ခဏခဏလည်း မူးတတ်တယ်"

"အင်း .. ဟုတ်တယ်၊ ကိုယ် မေ့သွားတယ် .. ဆောရီး"

ခေတ် ရဲ့မျက်နှာ ချက်ချင်း ပုံစံပြောင်းသွားကာ အလျှော့ပေးချင်သည့် နူးညံ့မှုများနှင့် မူလ လက်ဖဝါးလေးကို ထပ်ကိုင်၍ ...

"ဘာတွေ ဖြစ်နေတာလဲ၊ ကိုယ့်ကိုယ်ကိုယ်ရော ဂရုစိုက်မိရဲ့လား .. အလုပ်ကိစ္စ ပင်ပန်းတာလောက်နဲ့ မင်း အသံထွက်မှာ မဟုတ်ဆိုတာ ကိုယ် သိတယ်၊ ကျန်းမာရေးအတွက်လည်း ထည့်စဉ်းစား မူလ"

မူလ က ခေတ် ရဲ့ ပခုံးစွန်းမှာ ခေါင်းလေးမှီလိုက်ပြီး သူ ကိုင်သည့် လက်ပေါ်ကနေ ထပ်အုပ်ကိုင်၍ ...

"မသိဘူး .. ကိုယ်တိုင် ဆရာဝန်ပေမယ့် ကိုယ့်ကိုယ်ကိုယ် ဘာမှ မဖြစ်ဘူးလို့လည်း ထင်ထားတော့ မထင်ဘဲ ဖြစ်လာတာကို အဖြေရှာလို့လည်း သတိမရဘူး၊ ဒီလိုပဲ လုပ်ရင်းကိုင်ရင်း နေမကောင်းဖြစ်တော့မှ စိတ်ညစ်လာတာ"

"မူလ .."

"ဟင် .."

"ဟို .. ကိုယ်ဝန်တွေဘာတွေ ရှိလို့များလား"

မူလ ခေါင်းလေးမတ်သွားတော့ သူက ပခုံးလေးပေါ် လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက် တင်လိုက်ရင်း ...

"ပြောကြည့်တာပါ၊ ကိုယ် ကလေးလိုချင်နေပေမယ့် မင်း စိတ်
ညစ်အောင် မပြောပါဘူး၊ တစ်ခုတော့ရှိတယ်ကွာ .. တားဆီးထားတာ
တွေတော့ မလုပ်ပါနဲ့၊ ကိုယ် ပြောတာ ကြားလား"

"အင်း .."

"မင်းကို ကိုယ် ချစ်တယ်၊ ကိုယ် သဘောကျတဲ့မိန်းမကို လ
ထပ်ယူနိုင်ဖို့ အဓိကလို့ ထင်ခဲ့ဖူးပေမယ့် တကယ်တမ်းကျတော့ အိ
ထောင်ရေးမှာ ထိတွေ့ပေါင်းဖက်ဖို့ပဲ လိုအပ်တာ မဟုတ်ဘူး၊ မင်း
ပိုင်ဆိုင်ခဲ့ရပေမယ့် ကိုယ့်လောဘက အဲဒီလောက်နဲ့ မတင်းတိမ်ချင်
ဖြစ်နေတယ်"

ခေတ် က မူလ ရဲ့ နားသယ်စပ်လေးကို နမ်းတာလည်း မဟု
ဘဲ မျက်နှာငုံ့၍ နှာခေါင်းနဲ့ တိုးတိုက်ပစ်လိုက်ပြီးမှ ...

"မင်းနဲ့ ထိတွေ့မိလိုက်တိုင်း မြတ်နိုးကြင်နာစိတ်တွေ ဖြစ်
တယ်၊ ကိုယ့်ရှေ့မှာထားပြီး မျက်နှာလေးကို ထိုင်ကြည့်နေချင်တာ
အဲဒါ ကိုယ် လွန်တယ်ကင်တယ်၊ ချစ်နေတာကို မွန်းကျပ်မှုတစ်ခု
မြင်နေတဲ့သူအတွက် ကိုယ်က လိုချင်မှန်း မသိ၊ မလိုချင်မှန်း
ရွတ်ပေးနေသလိုပဲလေ"

"မူလ .. အဲဒီလို မထင်ပါဘူး၊ မောင် တစ်ခုခု အထင်လွဲ
တိုင်း မပြေရှင်းတတ်တာကိုပဲ .."

"ရပြီ .. အဲဒါတွေ မပါနဲ့တော့၊ ကိုယ်တို့ မတည့်ခဲ့တာတွေ
ထားခဲ့မယ်ကွာ .. တတ်နိုင်သမျှ ရန်မဖြစ်ကြေး"

"နောက်ဆို မူလ ကြိုးစားပါ့မယ်၊ အခု ပြန်စနေတဲ့ ပရော
အတွက် ကြိုးစားနေကြတဲ့အချိန်လေးပဲ မူလ ကို နားလည်ပေး

ပခုံးစွန်းကို မှီနေသည့် ခေါင်းလေးက သူ့ရင်ခွင်ထဲထိ တိုး
နိဝင်လာကာ ...





"မူလ ဘဝမှာ မိဘဆရာသမားတွေကလွဲရင် ရင်းနှီးတွယ်တာရ
ဆုံး တစ်စိမ်းလူဟာ မောင် တစ်ယောက်တည်းပါ"

"မောင့်ကိုပဲ ချစ်တာပါလို့ ပြောကြည့်ပါလား .. လိုချင်တာ
အကုန်ပေးမယ်"

"ပြောရင် ပြီးရောလား"

သူ့ တမင် စနေတာကို သိသောကြောင့် မူလ က ပြန်မေးသည်။
ခေတ် က ပါးလေးတစ်ဖက်ကို လေနဲ့မှုတ်လိုက်ပြီး ဆတ်ခနဲ ခေါင်း
ညိတ်၏။

"ပြီးတယ် .. ချစ်တယ်လို့သာ ပြော .. ကြိုက်တာ ပေးမယ်"

"ပေးနိုင်နေတဲ့သူကို ရပြီးသားဟာ ဘာလုပ်ရမှာလဲ .. မပြော
ဘူး"

"ဟား .. ဟား .. ဟား ..."

မျက်နှာမော့ပြီး အကျယ်ကြီး ရယ်လိုက်တော့ ဖျန်းခနဲ ရိုက်သွား
သာ မူလ ရဲ့လက်လေး ခေတ် ရဲ့ခါးစပ်ကို ဖိလိမ်ပြီးသား ဖြစ်သွား၏။

"အား .."

ခေတ် က မျက်နှာတစ်ချက်ပဲ မဲ့သွားပြီး လိမ်ဆွဲထားသည့်
လက်ကလေးပေါ် ထပ်ကိုင်ရင်း ရယ်လက်စအသံနှင့် ...

"လည်တယ်နော် .. အသည်းယားပြီး တစ်ထိုင်တည်း ကိုက်ဝါး
ပစ်မိတော့မယ်"

"မောင်နော် .."

"ဘာဖြစ်လို့လဲ .. ပန်းလေးတောင် ဖက်ထားခွင့် မရှိဘူးလား"

စူပွပွဖြစ်သွားသည့် မျက်နှာကြောင့် မူလ ဆံပင်လေးတစ်ဖက်
သိမ်း၍ သူ့ကို ငုံကြည့်ရင်း ပြုံးမိသည်။

"ဘာပြုံးတာလဲ"

"ဟင့်အင်း .. ဘာမှမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မဟုတ်ပါဘူးဆို"

"မဟုတ်ရင် နမ်းမယ်"

"ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာပေါ့ .. ခင်ဗျား ညာနေတာကို အပြစ်ပေးမလို့"

"မောင်နော် .. ပန်းပေါ်က လက်ကြီးပါ ခုချက်ချင်း ရာထူးကျသွားမယ် သိလား .. မျက်နှာကြီးကို နောက်ပြန်ဆုတ်လိုက်"

ရေပြင်က ပျံ့လွင့်လာသည့် ရေငွေ့နွေးတစ်ချက်တစ်ချက်နှင့် ညနေခင်း လေပြည်က ချစ်သူလေးရဲ့ ဆံယဉ်စလေးတွေကို သူ့လည်ပင်းနား ရောက်အောင် မထိတထိ တွန်းပို့ ကျီစယ်နေ၏။

လှပသော သွားတန်းလေးတွေ ပေါ်အောင် ရယ်နေသည့် မျက်နှာဝင်းဖန့်ဖန့်လေးကို စူးစိုက်ကြည့်ရင်း ခေတ် မျက်ဝန်းတွေမှာ ရယ်မြူးရိပ်များနှင့် ကြည်လင်နေခဲ့သည်၊ တပ်မက်မြတ်နိုးသည့် သူ့နှုတ်ခမ်းအစုံက ပြုံးယောင်သမ်းလျက် ...

"မူလ .."

"ဟင် .."

"မင်း ခုလို ရယ်နေတာ အရမ်းချစ်ဖို့ကောင်းတာပဲ၊ ဒီအတိုင်း အမြဲကြည့်နေခွင့်ရအောင် မင်းမျက်နှာ ပြုံးနေဖို့ ကိုယ် ဘာလုပ်ပေးရမလဲ"

လင်မယားပေမယ့် နီးနီးကပ်ကပ်ကြီး စူးစိုက်ငေးနေတော့ မူလ ပါးပြင်လေးတွေ အရောင်ရင့်လာ၏။ မျက်နှာငုံ့ပစ်လိုက်တော့ ခေတ်က ပခုံးချင်းထိကပ်၍ နားနားတိုးကာ ...

"အရမ်း ချစ်တယ်"

သူ တိုးတိုးလေးပြောလိုက်တာက မူလ ရင်ဘတ်ထဲမှာ ဒိန်းခနဲ ဆောင့်တိုက်သွားသလိုပင်။ ထိုစဉ် ဖုန်းသံမြည်လာသဖြင့် သူ ထုတ်





ကြည့်ပြီးမှ ပိတ်ပစ်လိုက်၏။

"အရေးကြီးတဲ့ဖုန်း ဖြစ်နေဦးမယ်၊ ကိုင်လိုက်ပါ"

"ကိုယ့်အတွက် ဒီအချိန်ထက် အရေးကြီးတာ မရှိဘူး"

လက်ဖဝါးချင်း ထပ်ဆုပ်၍ ခပ်ဖိဖိ ဖျစ်ကိုင်ကာ ...

"ကိုယ် မင်းအချစ်ကို လိုချင်တယ်၊ ချစ်တဲ့စကားတွေပဲ ပြောနေဖြစ်ရင် မင်း နားငြီးမှာစိုးသလို ကိုယ် လိုချင်တာပဲ တဖွဖွ ပြောမိနေတဲ့အခါ မွန်းကျပ်တယ်လို့ မထင်ရဘူး အဲဒါကို မှတ်ထားပေးရမယ်၊ ကိုယ်က ယုယကြင်နာခွင့်ရနေရင် ကိုယ့်ရဲ့အကြင်နာတွေကို မင်းဘက်က ကြည်ဖြူကျေနပ်နေရင် ခုလို ပြုံးကြည်နေတဲ့ မျက်နှာလေးမျိုးပေါ့၊ ကိုယ် မင်းဆီက အဲသလောက် ပြန်ရရင် ကျေနပ်တယ်"

မူလ သူ့မျက်နှာကို ပြန်မော့ငေးမိရင်း ရက်တတ်တာတွေကို ခဏမေ့သွား၏။

ပြီးတော့ သူ့များစုံတွဲတွေကို ခုနက ဘာပြောမိခဲ့သလဲဆိုတာကို လည်း သတိမရ ..။

သူ့ရင်ခွင်ထဲမှာ မှီရင်း ခါးစပ်လေးမှာ သူ့လက်တင်ထားတာကို ဖယ်မချဖြစ်ခဲ့ပေ ..။

နှုတ်ခမ်းမှာ ဖိကပ်နမ်းလိုက်သည့် လက်ခုံနနကို ရက်ရွံ့စွာ ပြန်နှမ်းမိတာတောင် လူတွေကြည့်မှာစိုးလို့မဟုတ်ဘဲ ကိုယ့်ရင်ခုန်သံကို ဖြန်ရက်လို့ ..။

မောင့်ကို သူမ ချစ်မိနေတာလား ..၊ တွေးဖြစ်မည် မထင်ခဲ့သော တစ်ခါမှလည်း မတွေးမိခဲ့သည့် အချစ်အကြောင်းသည် ရင်ခုန်သံ တံခါးခေါက်သံကို သတိတရ ဖြစ်ခဲ့မိရင်း ...

"အမလေး .. ရှာလိုက်ရတာ မူလ ရယ် .."

ဟင်!...

ပုံးကပ်နေသည့်နှစ်ယောက်က ချက်ချင်း ကိုယ်တွေ ခွာသွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြုံင်တူ လှည့်ကြည့်မိ၏။

"နွယ် .."

"ဟုတ်ပ .. မယ်မူလ .. ရှင့်မယ်တော်ကြီးဆီက ဖုန်းခေါ်လို့တဲ့ ငါ့ကို ဒေါ်အုံ လှမ်းဆက်တယ်"

"ဟင် .. ဟုတ်လား .. မေမေက .."

ကိုယ့်ကို စိတ်ဆိုးသွားကတည်းက မူလ ဖုန်းဆက်တာတောင် စကားကောင်းကောင်း ပြန်မပြောခဲ့ပေ ..။ ထို့ကြောင့် မေမေက စခေါ်သည်ဆိုတော့ မူလ ပျာပျာသလဲ ဖြစ်သွား၏။

နွယ် က မျက်နှာတည်တည်နှင့် ခေတ် ကို ဝေ့ခနဲ ကြည့်၍ –

"နင့်ရဲ့ဖုန်း ပျက်စီးသွားတာကို နင့်အမေ မသိသေးဘူးလား– နင့်ဖုန်းကို ခေါ်တာ မရလို့တဲ့၊ ဒေါ်အုံ ဆီ ဆက်တော့ ဒေါ်အုံ ကလည်း အစ်ကို့ဖုန်းကို မသိဘူးတဲ့၊ အဲဒါကြောင့် ငါ့ကို လှမ်းခေါ်ပြီး မေးတာ ငါ နင်တို့ကို ဖုန်းခေါ်တယ်လေ – အစ်ကို့ဖုန်းကို"

"ဟင် .."

မူလ ခေတ် ကို လှည့်ကြည့်လိုက်၏။ ပြီးတော့ မျက်ခုံးလေး တွန့်သွားကာ ...

"ဘယ်တုန်းကလဲ .. ခုနကလား .."

နွယ့် ကို မေးသည့်မေးခွန်းပေမယ့် အကြည့်က ခေတ် ဆီမှာမို့ မူလ ဘာကိုမေးလိုက်မှန်း ခေတ် က နားလည်သွားကာ ...

"မသိဘူး .. ကိုယ် ထုတ်ကြည့်ပေမယ့် ဘယ်သူ့ဖုန်းမှန်းမှ မသိတာ"

"ဟုတ်မှာပါ၊ ငါ့ဖုန်းနံပါတ်မှန်း အစ်ကိုက ဘယ်သိမလဲ ..။ ဖုန်းရရင် ခဏလာပါတဲ့၊ မူလ နဲ့ အတူသွားဖို့ကိစ္စ ရှိလို့တဲ့"

ခေတ် ပါစရာမလိုဘူးလို့ ပြောတာမျိုးလား ..။ မေမေဟာ နေရာတကာ မှုမှုတတ ကြည့်တတ်တဲ့သူပါ။ အထူးသဖြင့် အနှောင့်အသွား





မလွတ်ကင်းသည့် စကားမျိုးဆို ရှောင်တတ်၏။

မောင့်အပေါ်မှာရော မကြားလို မမြင်လို ဖြစ်လောက်စရာ ဘာရှိလို့လဲ ..။ ဒါမှမဟုတ် နွယ့် ကို အိမ်ပေါ်ခေါ်ထားသည့်ကိစ္စအတွက် နှစ်ယောက်တည်း ပြောချင်တာလား ..။

အပြစ်တင်ခံသလောက် ချက်ချင်း ခွင့်လွှတ်တတ်သည့်စိတ် မရှိသော မေမေ့သဘောကို သိထားသဖြင့် ဟိုတွေးဒီတွေးဖြစ်သွားရင်း ဘာမှလည်း မရေရာ ..။

"ငါ သွားတော့မယ်၊ နင့်အမေဆီကို သွားလိုက်ဦးနော်၊ ဒေါ်အုံ ပြောတဲ့ပုံစံက အရေးကြီးသလိုပဲ၊ ငါ့ကို ဖုန်းခေါ်ပေးဖို့ သေချာမှာတာ"

"မောင် .."

"ကိုယ် လိုက်ပို့မယ်"

မျက်နှာက မကြည်လင်ပေမယ့် ခေတ် ကလည်း ထရပ်ပြီးသားပါ။ သေချာတာက မူလ ကို သူ လိုက်ပို့ဖို့ မလိုသည့် ခေါ်ယူခြင်းဖြစ်နေခဲ့လျက် ...

"နွယ် ဘယ်သွားမှာလဲ .. မူလ တို့နဲ့ လိုက်ခဲ့လေ"

"ကောင်းသားပဲ"

လိုက်မည့်လူက တက်ကြွနေ၏။ ဖော်ရွေချင်သူက သိတတ်ခြင်းများစွာဖြင့် သူ့မနဲ့အတူ နောက်မှာထိုင်ဖို့ ခြေလှမ်းပြင်လျှင် ...

"မူလ .."

ခေတ် က မူလ လက်ကို ဖမ်းဆွဲထားလိုက်ပြီး ရှေ့တံခါးကိုဖွင့်၍ ...

"ဒီမှာပဲ ထိုင်"

နွယ့် ကို အားနာသည့်အပြုံးနှင့် ပြန်ကြည့်ရင်း မူလ ခေတ် ရဲ့ ဘေးမှာပဲ ထိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နွယ် တုံ့ပြန်လိုက်သည့် အပြုံးတစ်ချက်က စိတ်အာရုံမှာ စွဲလာခဲ့၏။

မကြည်သည့်အပြောတွေ၊ မလိုသည့် အကြည့်တွေနှင့် ခေတ်က တစ်ခါတစ်ခါ အားနာရမှန်းမသိသလို နေသည်။ တစ်ခါတစ်ခါဆိုတာတွေကို အကြိမ်ရေတွက်ကြည့်လျှင် ခွင့်လွှတ်သည်းခံဖို့ ခဲယဉ်းလိမ့်မည်။

နွယ့် မျက်နှာမှာ တစ်ခါမှ အပြုံးပျက်သွားတယ် မရှိ။ မျက်နှာလွှဲပြီး မဲ့ပစ်သည့်အခါတွေမှာ ကိုယ့်အတွက် ကြားက ခံပြင်းသွားသလိုလို .. နာကျင်သွားတာလိုလို ...။

ဒီလို တွေးကြည့်တော့ သဘာဝကျပေမယ့် ကိုယ့်ကွယ်ရာမှာကျတော့ မောင့်ကို ပြောဆိုဆက်ဆံနေတာ အကြောင်း ...။

နားလည်နေပေမယ့် အဖြေရှာမရ ...။





အခန်း (၃၇)

"ဘယ်လို .. နင် ဘာပြောလိုက်တယ် နွယ်"

"မူလ ရယ် .. တုံးလိုက်တာ လွန်ရော .. ဟင်"

ကားက စတိုးဆိုင်တစ်ဆိုင်ရဲ့ ပါကင်အစွန်လောက်မှာ ကျကျနန နေရာယူပြီးမှ ရပ်သွား၏။ ကားရပ်သည့်နေရာကို မျက်လုံးဝေ့သွားမိပေမယ့် မူလ ရဲ့ စိတ်ဝင်စားမှုက နွယ့် မျက်နှာပေါ်က အပြုံးတွေမှာ တုန်လှုပ်ဖွာဖြင့် ...

"မေမေ ဖုန်းဆက်တာ မဟုတ်ဘူး .. ဟုတ်လား"

"နင့်အမေ သည်ခေတ်လူ ရဲ့ဖုန်းကို မသိဘဲ နေမလား၊ ဒေါ်အုကရော သည်ခေတ်လူ ရဲ့ဖုန်းနံပါတ်ကို မသိဘဲ ငါလို ညှိသည်ရဲ့ ဖုန်းကို သိနေတာ သဘာဝကျသလား၊ ဘာတစ်ခုမှ ယုတ္တိမတန်တာကို နင် ဘာလို့ မတွေးမိတာလဲ"

မူလ ခေါင်းတွင်တွင်ခါရင်း မီးရောင်တစ်ခြမ်းကွယ်နေသည့် နွယ့် မျက်နှာကို အားမရသလို သေချာလိုက်ကြည့်၏။

"ယုတ္တိတန်တယ် နွယ် .. ဒေါ်အု က အသက်ကြီးပြီ၊ စာအုပ်မလှန်ဘဲ ဘယ်ဖုန်းနံပါတ်ကိုမှ အလွတ်မရဘူး၊ စာအုပ်လှန်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်မပါဘဲ မမြင်ဘူး၊ အဲဒါကြောင့် အရေးကြီးမယ်ထင်ရင် ယူလာခဲ့ပြီး သူ ..."

"ငါ့ဖုန်းနံပါတ်ကိုတော့ သိနေနိုင်တယ်ပေါ့"

မူလ ငိုင်ကျသွား၏။ စတီယာရင်မှာ လက်တင်ထားရင်း နွယ် က ပန်းလေးတွေ လှပ်အောင်ရယ်၏။

"ပြောပါ .. နင် ယုတ္တိရှိတယ်လို့ ထင်တာတွေလေ၊ နင့်အမေကသားအမိချင်း ပြောချင်တာရှိလို့ သည်ခေတ်လူ ကို မခေါ်ဘဲ နင့်ကိုပဲ ခေါ်နိုင်းတာ ဘာညာ .."

သူမပဲ မေးလိုက်ဖြေလိုက်လုပ်ရင်း နွယ် က မဲ့ပစ်လိုက်၏။ ထိုစဉ် ဘောမှန်တံခါးကို တံမြက်စည်းကိုင်ထားသည့် လူတစ်ယောက်က လက်နဲ့ လာခေါက်၍ ...

"ဒီမှာ .. ဒီနေရာမှာ ကားရပ်လို့ မရဘူး၊ လမ်းကြားထဲကို ငါးနာရီကျော်ရင် ကားအဝင်အထွက်ရှိလို့ အချိန် ကန့်သတ်ထားတယ်"

နွယ် က ခဏပဲ စိုက်ကြည့်နေပြီး ပိုက်ဆံထုတ်လိုက်သည်။ ပြီးတော့ တစ်ဝက်နီးပါးချထားသည့်ကားမှန်ကို တံဆုံး ချပစ်လိုက်ကာ ...

"ရော့ .. ဒါယူပြီး ပါးစပ် ခဏပိတ်ထား၊ ဒီမှာ စကားပြောနေတယ်"

တစ်ဘက်လူကို ဘယ်လိုလူစားမျိုးလဲဆိုတာ မစဉ်းစား ...။

တစ်ထောင်တန်အကြွေးလိုက်ကို ဒီတိုင်း နှိုက်ဆုပ်ပြီး ပြောလာသူရဲ့ အိတ်ထဲကို တိုက်ရိုက်ထည့်ပေးလိုက်တာ ပိုက်ဆံနဲ့ ပစ်ပေါက်လိုက်သည့်အတိုင်း ...။

ထို့ပြင် ကိစ္စတစ်ခု ပြီးပြတ်သွားသလို မှန်ပြန်တင်လိုက်ပြီး ဒီဘက်လှည့်၏။





နွယ့် ကို ကြည့်နေမိသည့် မူလ မျက်လုံးတွေ တဒင် ငြိမ်သက်သွားခဲ့ပြီး သူမ ပြန်လှည့်လာတဲ့အထိ တအံ့တဩ ...။

"ဘာကြည့်နေတာလဲ .. လူတစ်ယောက်ကို အကဲခတ်တာ ကိုယ်အကဲခတ်နေမှန်း သိသွားအောင် မကြည့်ရဘူး၊ အဲဒီလိုလူမျိုးတွေက ကွမ်းဖိုးဆေးဖိုးလောက်ကို ရေသန့်ဘူးခွံတွေ လိုက်ကောက်ရောင်းပြီး ပြုးပြဲရှာနေရတာ၊ ရမယ်လို့ မျှော်လင့်ပြီး လာတာမဟုတ်ရင်လည်း အခု မမျှော်လင့်ဘဲ ရသွားလို့ ဂျမ်းဆယ်ပတ်လောက် လိုမ့်ထိုးနေပြီ.. သေချာတယ်"

"ဟုတ်ပါတယ် .. နင် ငါ့ထက် အများကြီး တော်ပါတယ်၊ ခုလေးတင်ပဲ နားလည်သွားလို့ ငါ ဝန်ခံတယ်၊ မေမေ ခေါ်တယ်လို့ ညာပြောရတဲ့အကြောင်းကိုပဲ သိပါရစေ"

"နင် စိတ်ကျဉ်းကျပ်နေမှာကို သိလို့လေ .. သည်ခေတ်လူ အပေါ်မှာ နင် စိတ်ဝင်စားမှု မရှိဘူးဆိုတာ သိလို့ .."

"မဟုတ်ဘူး .. အဲဒီလို မဟုတ်ဘူး"

မျက်နှာကို စေ့စေ့ကြည့်ပြီး မူလ အပြတ်အသတ် ပယ်ချသည်။ နွယ် က ပြန်စိုက်ကြည့်ပြီး ရယ်၏။

"ဘာမဟုတ်ရမှာလဲ .. နင့်ရဲ့စိတ်ကို ငါ သိနေပါတယ် မူလရယ် .. နင် ငါ့ကို ဒီမှာ နေစေချင်နေတဲ့ပုံစံက သည်ခေတ်လူ နဲ့ ငါ ရင်းနှီးသွားကြရင် နင့်ဘက်မှာ သူ့ရဲ့စူးစိုက်မှုတွေ လျော့သွား .."

"အို .. မဟုတ်ဘူး"

"ဟွန်း .. ဟွန်း .."

နွယ် က မူလ တုန်လှုပ်နေသမျှကို ဟာသလုပ်၍ ရယ်မဆုံး...။

"နင် လွှက်ခတ်ညှိသလောက် ဟန်ဆောင်လည်း မတတ်သေးဘူး မူလ၊ ငါ ရောက်လာကာမှ နင် ကျေနပ်နေတဲ့မျက်နှာသိုနဲ့ ငါ အဲဆင်ပြေနေတဲ့အချိန် ချောင်မှာကပ်ပြီး အလုပ်လုပ်နေတာတွေ၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီအခြေအနေကို နင် တမင် ဖန်တီးနေတာမဟုတ်ရင်တောင် လွတ်လပ်မှုတွေ ရလာလို့ ကျေနပ်နေတာ မဟုတ်ဘူးလား .."

"မဟုတ်ဘူး နွယ် .. နင် ပြောနေတာတွေ .."

"တစ်ခုမှ မဟုတ်ပါဘူးလို့ မငြင်းနဲ့နော်၊ ငါက သိချင်တာရှိရင် လက်တွေ့ လုပ်ယူတတ်တယ်"

မီးရောင် လုံလောက်စွာမရှိသည့် ကားပေါ်မှာ နွယ့် မျက်နှာက အမှောင်ရိပ်ကျသွားလိုက် .. လင်းသွားလိုက်နှင့် ပြောနေတာတွေကရော သူငယ်ချင်းချင်း ပြောနေတဲ့စကားမျိုးလား .. ခြိမ်းခြောက်နေတာလား ..။

"ငါက နင့်ကို အဆင်ပြေစေချင်ပါတယ်၊ သည်ခေတ်လူ ကလည်း ခင်ဖို့ကောင်းတဲ့လူပဲဟာ၊ ငါ ဒီလိုနေပေးရတာ ပြဿနာ မရှိဘူး"

ပခုံးနှစ်ဖက် တွန့်ပုံက လက်ဖဝါးနှစ်ဖက် ဖြန့်ပါသွားတော့ ပေါ့ပျက်ပျက်ဆန်သလိုပင် ..။ ရှေ့ဆိုးသွားသည့် စကားလုံးတိုင်းဟာ မူလ ရင်ခုန်သံတွေကို မြန်စေလျက် နွယ်တည်သို့ ၏ ရုပ်သွင်သည် ကြည့်နေရင်း တစ်မျိုးပြောင်းလဲနေသကဲ့ ..။

"ကဲ .. အခု ရပ်ပြီနော် .. ဆက်ပြီး run မယ်"

"မေမေ ခေါ်တာမှ မဟုတ်တာ .. ပြန်မယ်လေ"

"ဘယ်ဖြစ်မလဲ .. ငါ ညာခေါ်တာ သူ သိသွားမှာပေါ့၊ ဒီမှာ မူလ .. ငါက နင့်အတွက် လုပ်နေတာနော်"

မဖြစ်နိုင်တာကို ခံစားမိနေလျက်နှင့် မငြင်းနိုင် ..။

နွယ် ဒီလိုပုံစံတွေ ဘာဖြစ်လို့ ပြောင်းလဲသွားတာလဲ ..၊ ကိုယ့်စိတ်ကူးထဲမှာ ရှိခဲ့ဖူးတဲ့ အစီအစဉ်တွေအကြောင်း မျက်နှာကြည့်ပြီး ခန့်မှန်းရုံနဲ့ ဒီလောက်ထိ တပ်အပ်ပြောနိုင်နေတာ တကယ်ပဲ .. ကိုယ် ညံ့တာလား ..၊ သူမ အဲဒီလောက်ထိ တော်နေတာလား ..။





သေချာတာကတော့ ရင်ထဲမှာ နာကျင်နေခြင်းပင်။ လွတ်လပ်ချင်ခဲ့သည် .. ခုလည်း ကိုယ် လုပ်ချင်တာကို နောက်ဆံမတင်းဘဲ လုပ်ခွင့်ရချင်နေတုန်း ဖြစ်သည်။

ဒါပေမယ့် စိတ်ကူးထဲကအတိုင်း လက်တွေ့ တကယ်လုပ်တဲ့အထိ အကောင်အထည်ဖော်ဖို့ကျတော့ ကိုယ် ယုံကြည်အားကိုးရတဲ့ လူတွေကလည်း အားမပေး၊ မကူညီ ..။

လုပ်မှာပဲဆိုသည့်သတ္တိ မွေးကြည့်တော့လည်း မေမေ ပြောသည့် အမှန်တရားတွေကို တကယ် နားလည်ခဲ့သည့်စိတ်က ခွင့်မပြုခဲ့ပေ။

နွယ် ရောက်လာခဲ့သည့်အဖြစ်သည် တိုက်ဆိုင်မှုသာ ဖြစ်သလို ဒါကို ကျေနပ်ခဲ့တာ မှန်ရင်တောင် မောင်နဲ့ နွယ် ကို ရှုပ်ထွေးမှုတွေ ဖြစ်လာအောင် ရှောင်ပေးနေဖို့အထိ ဘယ်တုန်းကမှ မကြံစည်ခဲ့မိပါ။

ဒါပေမယ့် နွယ် ပြောသွားသမျှ စကားတွေထဲမှာ ခြေရာလက်ရာ ပူးတွဲကြိုးတုပ်ခံလိုက်ရသလို သူမ မလူးသာ မလွန့်သာ ..။

ရိုးသားစွာ ကြံစည်ခဲ့ဖူးသူအတွက် အပြစ်ဒဏ်တစ်ရပ်လား..။

ရင်ထဲမှာတော့ ကြီးစွာသော တုန်လှုပ်မှုနှင့်အဘူ နွယ် ရဲ့အရယ်အပြုံးနဲ့ စကားသံတွေက စွဲထင်နေခဲ့ပြီဖြစ်၏။

သူမ ပြောသလို တကယ် ကိုယ့်အတွက် စေတနာသာ ဖြစ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"အစ်ကို မျက်နှာမကောင်းပါလား .. ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

ဝရန်တာမှာ တစ်ယောက်တည်း ရပ်နေတုန်းမို့ နွယ် ရောက်လာ တော့ တန်းပေါ်မှာ လက်စာင်ပြီး မှီနေသည့် ကိုယ်ကို မတ်မတ်ပြင်ရပ် လိုက်သည်။ ကုတ်ချီထားသည့် မျက်ခုံးတန်းနှစ်ဖက်က ပြေပြစ်ခြင်းသို့ ရောက်လျက် ...

"မင်း သင်တန်းတက်ဖို့ စုံစမ်းနေတယ်ဆို .."

"မစုံစမ်းပါဘူး .. သင်တန်းတက်တယ်ဆိုတာ အလုပ်လုပ် အတွက် ရိက္ခာစုတာ၊ နွယ် က အစ်ကို့အလုပ်ကိုမှ လုပ်ခွင့်မရရင် ဘယ်အလုပ်မှ မလုပ်ဘူး"

ခေတ် က လှည့်မကြည့်ဘဲ မီးခိုးလွန့်နေသည့် စီးကရက်က နှုတ်ခမ်းမှာတပ်၍ တစ်ရှိုက်ဖွာသည်။ ပြီးတော့ နှုတ်ခမ်းတွေကြား မီးခိုးငွေ့လေးတွေကို ဖြည်းဖြည်း မှုတ်ထုတ်ရင်း ...

"မင်း လိုချင်နေတဲ့နေရာကို မင်း အရည်အချင်းလောက်နဲ့ မ ဘူး နွယ် ...၊ ငါ တစ်ယောက်တည်းသဘောနဲ့လည်း ဆုံးဖြတ်လို့ မရဘူး၊ ကုမ္ပဏီမှာ ရှယ်ယာဝင်တွေ ရှိသေးတယ်"





"ဒါကတော့ အစ်ကို တွဲခေါ်ပေးပေါ့၊ အလုပ်လုပ်ရင်း အလုပ်က သင်သွားတာတွေ ရှိတာပဲဟာ"

"ငါကိုယ်တိုင်က အလုပ်သင်အနေအထားပဲ ရှိသေးတယ်၊ အခု ဒက်ဒီတို့ မရှိလို့"

စကားပြောရင်း အမှတ်တမဲ့ ငုံ့ကြည့်လိုက်ပြီးမှ ဖြတ်လျှောက် သွားမိသည့် မျက်လုံးတွေ နွယ့် ကိုယ်ပေါ် ဖျတ်ခနဲ ပြန်ရောက်၏။ မူလ ရဲ့ အဝတ်အစားတွေပါလား ...။

သူ အပြင်က ပြန်လာတော့ နွယ် ရေချိုးခန်းထဲ ဝင်သွားတာ တွေ့သည်၊ အခု မြင်ရတော့ ဒီအတိုင်း ...။

"အစ်ကိုက မူလ အဝတ်တွေ နွယ် ဝတ်တာ မကြိုက်လို့လား"

သူ ကြည့်လိုက်တာနှင့် နွယ် က တန်းမေး၏။ ခေတ် မျက်လုံး တွေ ပြန်လွှဲကာ ...

"အကျီအဝတ်စားဖြစ်ဖြစ် .. ရတနာဖြစ်ဖြစ် မင်းတို့သူငယ်ချင်း ချင်း ဘာတွေလုပ်လုပ် ငါ စိတ်မဝင်စားပါဘူး၊ မင်း ဒါတွေ ယူဝတ်ဖို့ အတွက် ငါတို့အိပ်ခန်းထဲကို ဝင်ရမှာပဲ .. ပြဿနာက အဲဒါ"

"ဘာဖြစ်လို့လဲ အစ်ကို .. နွယ် ရောက်ကာစက အစ်ကို ပြန် ရောက်မချင်း အဲဒီအိပ်ရာပေါ်မှာတောင် နွယ် လှဲနေဖူးတယ်၊ မူလ နဲ့ နွယ် တို့က .."

"အခု သူမရှိဘဲ ငါ ရှိနေတဲ့အချိန်"

"အစ်ကို့ကို နွယ် က စိတ်မချရလောက်လို့ သဘောထားနေတာမှ မဟုတ်တာ"

"မင်းရဲ့ယုံကြည်မှုက ငါ့သိက္ခာ ပွန်းပဲ့မသွားအောင် ကူညီနိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် မင်း ဆင်ခြင်မှ ဖြစ်မယ်"

"အစ်ကိုနဲ့ ဆုံကာမှပဲ နွယ် အစစအရာရာ သတိပေး တားမြစ် ချက်တွေပဲ ကြားနေရတာယ်၊ နွယ့် ကို အစ်ကို အထင်မြင်သေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်၊ နွယ် က လူကုံထံအသိုင်းအဝိုင်းထဲက မိကောင်းဖခင် သား သမီးပါ"

"ဒီမှာ နွယ် .."

စောစောက သုန်မှုန်နေသည့်မျက်နှာမျိုး ပြန်ဖြစ်လာကာ ခေတ် က နွယ့် မျက်လုံးထဲကို စူးစိုက်ကြည့်၏။

"ခုချိန်မှာ မင်း .. ဘယ်လိုမိန်းကလေးလဲဆိုတာ စိတ်ဝင်စားဖို့ ထက် ငါ့ကိုယ်ငါတောင် စိတ်မရှည်အောင် ရှုပ်ထွေးနေရတာ၊ ငါ့ဘက် က ပြောမှားဆိုမှားတွေဖြစ်ရင် မင်းပဲ နစ်နာမယ်"

"အဲဒီတော့ .. ငါနဲ့ ဝေးဝေးနေလို့ အစ်ကိုက ပြောချင်တာလား"

ခေတ် က နွယ့် ကို စိုက်ကြည့်ပြီး ပြုံးယောင်သမ်းသည့် သူ့ နှုတ်ခမ်းတွေကို ဖိပိတ်ပစ်၏။

"မင်း မညံ့ဘူးပဲ"

"ဟုတ်တယ် .. နွယ် မညံ့အောင် ကြိုးစားတယ်၊ ညံ့တဲ့လူကို လည်း အထင်မကြီးဘူး"

"သူများကို အထင်မကြီးတတ်တာ ကောင်းပါတယ်၊ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးတာက မကောင်းဘူး၊ မင်း စကားထဲမှာ မင်းရဲ့ လောဘတွေ .. အတ္တတွေ အများကြီးပေါ်နေတယ် နွယ်၊ မင်းအကြောင်း ကို စိတ်ဝင်စားကြည့်ဖို့ မလိုဘူး"

"အစ်ကိုက သိတယ်ပေါ့"

"ဟွန်း .."

ခေတ် က ရယ်ချင်တာမဟုတ်ဘဲ နှုတ်ခမ်းလှုပ်ရုံပြုံး၍ ရှေ့ပြန် လှည့်ပြီး လက်တင်သည်။

"မင်းနဲ့ မူလ ဘယ်လိုတွဲမိကြတာလဲ ငါ မသိဘူး .. အုံသြ ကောင်းတယ်"

"ခြေထောက်နှစ်ချောင်း အတူရှိနေတာတောင် ဘယ်ညာ ကွဲ





သေးတာပဲ အစ်ကို၊ လက်တစ်ဖက်တည်းမှာလည်း လက်ဖဝါး၊ လက် ဖမိုးဆိုတာ ရှိတယ်၊ အသွင်မတူတဲ့ လူနှစ်ယောက် သူငယ်ချင်းဖြစ်တာ ဆန်းလို့လား"

"မင်းရဲ့ ဥပမာက အထာမကျပါဘူး၊ ဒါပေမယ့် စကားရှည် လုနေကြတာမှ မဟုတ်ဘဲ၊ အဲဒီအကြောင်းကို ထားလိုက်ပါ၊ တစ်နေ့ ညက မင်း ငါ့ဆီးမှာ လာထိုင်ပြီး ဂျာနယ်တွေ လှန်နေတုန်း ဓာတ်ပုံ တစ်ပုံ ကျခဲ့တယ်၊ မင်း ယူလာပြီး မဖတ်ဘဲ ချထားတဲ့ စာအုပ်ကြား ထဲက ဖြစ်မယ်"

"ဘာ!.."

နွယ့် မျက်နှာလေး တည်သွားသည်။ နဖူးနဲ့ နားသယ်စပ်လေး တွေပေါ် တင်းနေအောင် နောက်မှာ စုစည်းထားသည့်ဆံပင်တွေ လေ အဝေ့မှာ လွင့်ခါပြီး ပါးတစ်ဖက်မှာ လာရိုက်တော့ စိတ်မရှည်သလို သပ်ချပစ်လိုက်၏။

"ဘာပုံလဲ"

လို့ မေးပုံကလည်း မကြားရဲသလိုလို စိတ်တိုသွားသလိုလို ..။

"ယောက်ျားပုံ တစ်ပုံပဲ၊ နောက်မှာ စာရေးထားတာပါတယ်၊ အမဆုံးချစ်ရသူ တဲ့"

"အစ်ကို့ .."

သူ ဒီဘက်လှည့်လိုက်တာနှင့် နွယ် က အလျင်စလို တားဆီး လိုက်တာမျိုး ခေါ်၍ ..

"နောက်ဆုံး ချစ်တဲ့သူကတော့ ခုမှ တွေ့တာ"

ခေတ် မျက်မှောင်ကုတ်သွားသည်။ သို့သော် ခဏအတွင်းမှာ ပင်လည် ပြေလျော့သွားခဲ့ပြီး ပြုံးတေ့တေ့မျက်ဝန်းများနှင့် လှည့်ကြည့် ၏ ..

"ဒါဆို သေချာတယ် .. မင်းရဲ့ နောက်ထပ် အကျင့်တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်စိတ်ကူးယဉ်တတ်တာ"

နွယ့် မျက်နှာ အနီရောင်သမ်းလျက် ကျန်ခဲ့၏။ ခေတ် မျက်နှာက ပြုံးနေသလိုလို မဲ့တော့မလိုနှင့် နှုတ်ခမ်းတွေကို မဖွင့်ဘဲ မျက်မှောင်ကုတ်ထားသည်။

နွယ် ဆိုသည့် မိန်းကလေးရဲ့ မျက်လုံးတွေကို သူ မကြိုက် ...

ရိုးသားမှုမရှိဘူးဆိုတာထက် ကောက်ကျစ်မှုတွေကို သူ တွေ့ရသည်။ မူလ ရဲ့သူငယ်ချင်းဆိုပြီး မူလ နဲ့ တွဲသွားတွဲလာ သိပ်မရှိဘဲ အိမ်ထဲမှာချည်း နေသည်။

မူလ နဲ့ အတူရှိနေချိန်ထက် သူ့ဘေးမှာ ရှိနေတာသာ များခဲ့၏။ မူလ အလုပ်ရှုပ်တတ်တာကို သိလို့လား .. ဒါမှမဟုတ် မူလ ကိုယ်တိုင်က အနားမှာ အဖော်ရှိနေတာ မကြိုက်လို့ ခပ်ခွာခွာ နေတာလား။

သူ့အတွက်ကတော့ နွယ် နေထိုင်ပုံဟာ အန္တရာယ်ပဲ ဖြစ်သေသည်။

ဟိုတုန်းက ကိုယ် ဘယ်လိုပဲ အပျော်တွေနဲ့ လွတ်လပ်စွာ ဖြတ်သန်းခဲ့ပါစေ မူလ ကို လက်ထပ်ပြီးယူဖို့ ဖြစ်လာခဲ့သည့်ဆန္ဒ၏နောက်မှာ သူ့အတွက် တန်ဖိုးကြီးဆုံးဟာ ရွှေမူလ မှလွဲ၍ တခြားမရှိ။

သူမဘက်က အထင်မြင်သေး တလွဲယူဆနိုင်တာမှန်သမျှ ဘာမှ မဖြစ်ချင်ပေ ...။

နွယ်တည်း ဆိုသည့် မိန်းကလေးက အနေအထိုင်မတတ် ...

"မောင် .."

သူ လှေကားက ဆင်းလာစဉ် ညှိခန်းကို ဖြတ်ဝင်လာသည့် မူလ က ခေတ်မီဒီဇိုင်းပုံ ကျောက်စိမ်းရောင်ဝါတိတ်အစိမ်းနဲ့ ဆလင်ဘက်ခ်အဖြူလေးကို လွယ်ထားသည်။

အစိမ်းနဲ့အဖြူ ထောင့်ဖြတ်ကျားထားသော ပလတ်စတစ်ဒီဇိုင်းပြားလေးကို တစ်ဖက်က ကိုင်လျက် ...





"မောင် ဖုန်းခေါ်ထားတာတွေ့လို့ မူလ ပြန်ခေါ်သေးတယ်"

"ဟုတ်လား .. ကိုယ် ဝရန်တာထွက်နေမိတုန်း ထင်တယ်"

ခေတ် က ဒါပဲပြောပြီး ဆင်းလာ၏။ မူလ က အမြင်က ပြန်လာလာချင်း အောက်ထပ်အိပ်ခန်းထဲပဲ ဝင်တတ်သည့်ထုံးစံအတိုင်း အခန်းထဲမှာ အဝတ်လဲဖို့ ဝင်၏။

ခေတ် က သူမ နောက်မှာ ပါလာကာ ...

"ဟန်းဆက် အရောင်ကြိုက်လား .. ယော်လိုဂရမ်နဲ့ အရောင်ပြေးလေးဆိုတော့ မင်း ကြိုက်မလားလို့"

"ကြိုက်ပါတယ် .. ညို က်တောင် ပြောသေးတယ်၊ လှလိုက်တာတဲ့"

မူလ က ဗီရိုထဲက အိမ်နေရင်း အဝတ်တစ်စုံ ထုတ်ယူရင်း သူ့ကို မော့ကြည့်၍ ...

"မောင် ဟိုဘက် ခဏလှည့်ပေး၊ အကျီလဲမလို့"

ခေတ် က အင်တင်တင်ပုံစံနှင့် မလှုပ်တလှုပ် ကျောခိုင်းလိုက်တာ ...

"မင်း ဒီအခန်းတွေထဲထိ နွယ့် ကို ဝင်ထွက်ခွင့်ပေးထားတာ မကောင်းဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ မောင် .. ခဏတဖြုတ် စကားပြောရုံပါ၊ နွယ် ထ စကားပြော သိပ်မတတ်ပေမယ့် သူငယ်ချင်းအပေါင်းအသင်း သိပ်မင်တာ၊ ခုလည်း သူ ဒီမှာ ပျော်လို့ရယ် .. သူ မနေချင်ဘူးဆိုရင် ဘာနဲ့မှ ဆွဲထားလို့ရမှာ မဟုတ်ဘူး"

"ကိုယ်ကလည်း နှင်ထုတ်ပါ .. ဆွဲထားပါဆိုတာတွေ ပြောနေတာ မဟုတ်ဘူးလေ၊ မင်းနဲ့ လာစကားပြောတာလည်း အရေးမကြီးဘူး၊ မင်းမရှိတဲ့အချိန် အဝတ်စား ဝင်လဲတာကျတော့ .."

"ဟင်!... ဘာ .."



www.burmeseclassic.com

www.burmeseclassic.com



မူလ အသံလေးကြောင့် ပြောလိုက်သည့် ခေတ် ကိုယ်တိုင် အံ့သြသွားကာ လှည့်ကြည့်မိမတတ် ဖြစ်သွား၏။ ခေတ် လှည့်မကြည့်လို့ပါ ..။

ကြည့်လိုက်တာနှင့် မူလ မျက်နှာ ဘာတွေ ပြောင်းလဲ ဖြစ်ပျက်သွားသည်ကို မြင်ရမှာ မလွဲ ..။

မူလ တကယ်ကို တုန်လှုပ်သွားတာ ဖြစ်သည်။ သို့သော် ...

"ဘာလဲ .. မင်း ခွင့်ပြုခဲ့တာ မဟုတ်ဘူးလား၊ သူ ပြောတော့ ဒီလိုပဲ နေနေကျဆို .."

မူလ အသံ ရုတ်တရက်တိတ်နေ၏။ အကျီဝင်လဲရုံလား .. ဒီထဲက အဝတ်တွေကို ယူဝတ်တာလား၊ သိချင်သွားပေမယ့် မမေးရဲ ..။

"သူ မင်းရဲ့အဝတ်တွေကို ဝတ်ထားတာ၊ မရှိလို့ ယူဝတ်တာ မဟုတ်မှန်း ကိုယ် သိတယ်၊ ရင်းနှီးလို့ဖြစ်ဖြစ် .. ကြိုက်လို့ပဲဝတ်ဝတ် မင်းတို့ရင်းနှီးခဲ့တာကို အိမ်ထောင်သည် အိပ်ခန်းထဲထိ .."

"နေပါဦး မောင်ရယ် .. မောင် သူ့ကို တစ်ခုခု ပြောလိုက်သေးလားဟင်"

မူလ သူ့မျက်နှာရှေ့ ရောက်လာတော့ ပန်းနုရောင် ရှပ်သားအဖြူ ပွပွလေးကို ကြယ်သီးစုံအောင် မတပ်ရသေးဘဲနဲ့ ဖြစ်၏။

"ကိုယ် ဘာမှ ပြောစရာမလိုဘူး မူလ .. သူ ကိုယ့်ရှေ့ ရောက်လာတာ၊ မင်းနဲ့ သူ့ရဲ့ သူငယ်ချင်းတော်စပ်မှုကို ကိုယ် ဘယ်လို နားလည်ရမှန်းတောင် မသိတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်နေမှန်းကို မသိတာ"

"နွယ် က မိသားစုကံ မကောင်းတဲ့သူပါ၊ သူ့အစ်ကိုနဲ့ အစ်မကလည်း အိမ်ထောင်တွေကျပြီးမှ .."

"အစ်ကို .. အစ်မ ဟုတ်လား၊ သူပြောတော့ တစ်မျိုးပါလား"





ကိုယ်လည်း ဒီတိုင်းပဲ သိထားတာမို့ မောင် ဘယ်လို သိထားလဲ တွေးမိကာ မူလ ခပ်အမ်းအမ်း ဖြစ်သွားပြီး ဆက်မပြောဖြစ် ..။

"အင်း .. ဆက်ပြောပါဦး"

"ဒါပါပဲ .. သူက အငယ်ပီပီ နွဲ့ဆိုးဆိုးတတ်တာကို သည်းခံချော့မော့မယ့်သူ မရှိဘူးလေ၊ ဖွတ်တရွတ်ဘဉ်ကလည်းရှိတော့ ထင်ရာစိုင်းတာတွေ ဖြစ်လာတယ်၊ မူလ တို့က သူ ပြောပြတာတွေ ကြားပြီး စာနာစိတ်နဲ့ ဖေးမခဲ့ကြတာ၊ အဲဒါကြောင့် သူ့ပုံစံက မူလ ကို စကားပြောရင် သူငယ်ချင်းနဲ့ မတူဘူး၊ အကြီးနဲ့အငယ် နွဲ့ဆိုးဆိုးသလိုပဲ"

"ဟွန်း .."

မောင် မဲ့ပြုံးပြုံးလိုက်တော့ မူလ ထိတ်ခနဲ ဖြစ်သွား၏။

ကိုယ့်ကိုယ်ကိုယ်တော့ မှန်တယ်ထင်နေပေမယ့် မလုံခြုံသလို ခံစားနေမိသည့် တစ်စုံတစ်ရာဟာ ဘာမှန်း မသိ ..။

"ကိုယ်ထင်တာ ပြောရရင်တော့ ကွဲကွာတာကြာပြီဖြစ်တဲ့ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် မထင်မှတ်ဘဲ ရောက်လာတာနဲ့ မတူဘူး၊ မင်းအတွက် သူ အဓိကမဟုတ်သလို သူ့အတွက် အဓိကကလည်း မင်း မဟုတ်ဘူး"

"ဘယ်လို .."

"အဲဒီလို ဆက်မေးရင် ကိုယ် မဖြေတတ်ဘူး၊ ဒါပေမယ့် ကိုယ် နားလည်ထားတဲ့ ခင်မင်ရဆုံးသူငယ်ချင်းတွေရဲ့ သီအိုရီမှာ မင်းတို့ မငြိဘူး၊ ရင်းနှီးတယ်ဆိုတာကတော့ သူငယ်ချင်းဖြစ်ဖို့ မလိုဘဲ ပုံစံအမျိုးမျိုးနဲ့ ရပါတယ်"

"မူလ တို့က သူငယ်ချင်းပါလို့ ဟန်ဆောင်နေကြတာနဲ့ တူလို့လားဟင်"

"တစ်ခုခုနဲ့ တူနေတာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



မူလ သူ့မျက်နှာကနေ မျက်ဝန်းတွေကို ရွှေ့ပစ်ပြီး စဉ်းစားမိသည်။ ရင်းနှီးကြတာက မှန်သည်၊ မခွဲနိုင်မခွာရက် ချစ်ကြတဲ့သူငယ်ချင်းတွေ မဟုတ်ခဲ့တာလည်း အမှန်ပဲ ဖြစ်၏။

သူငယ်ချင်းချင်းမို့ အလည်လာမည်ဆိုတာကို သူမ လက်ခံခဲ့သလို လာတဲ့သူကလည်း သူငယ်ချင်း ရင်းနှီးခဲ့ဖူးလို့လာတာ မဟုတ်ဘူးလား ..။

ဒီမှာ သဘာဝမကျတာကို မောင် ဘာဖြစ်လို့ ရှာဖွေခဲ့တာလဲ၊ ကိုယ်က မရိုးသားသည့်စိတ်ကူးတွေ ရှိခဲ့ဖူးသဖြင့် မောင် ဘာပြောပြော အနေရခက်ခြင်းတွေသာ ဖြစ်နေရပြီး ...

"ထမင်းစားဖို့ စောင့်နေတာမို့လား .. မူလ သွားပြင်လိုက်မယ်နော်"

"ထမင်းစားဖို့က အရေးမကြီးပါဘူး"

စကားဖြတ်ပြီး ထွက်သွားချင်ပေမယ့် ခေတ် က လက်ကို ပြန်ဆွဲထား၏။ ရေချိုးပြီးစမို့ အေးနေသည့်လက်ဖဝါးလေးကို ဖျတ်ခနဲဆွဲလိုက်ပြီးမှ ခပ်ဖိဖိ ဆုပ်ဖျစ်ရင်း ...

"မင်း တားဆေးတွေ စားနေတာလား"

"ဟင်!..."

"ကိုယ် တွေ့တယ် .. ကိုယ်တို့ လက်ထပ်ပြီးကတည်းက မင်း သုံးနေတာလား"

"မဟုတ်ပါဘူး .. အဲဒါလေ .. မူလ .."

"တော်ပြီ"

ခေတ် က မူလ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မျက်နှာလေးကို စူးစိုက်ကြည့်၏။

"ကိုယ် စိတ်မကောင်းဖြစ်သွားတာပါ၊ ဒါပေမယ့် မင်းကို နားလည်ဖို့ ကြိုးစားပေးမယ်၊ ကိုယ့်အချစ်ကို နားလည်တယ်ဆိုရင်လည်း





နောက်ထပ် မတားပါနဲ့လို့ တောင်းဆိုပါရစေ၊ ကိုယ်တို့မှာ နောင်ကြိုးလေးတစ်မျှင်တော့ မလိုဘူးလား မူလ .. ဟင်၊ မင်းအနားမှာ ကိုယ်မရှိနေတဲ့အခါ .. ကိုယ် အလုပ်အဖြစ် မင်း ရှိမနေတဲ့အခါ .."

ပြောနေရင်း ခေတ် က မူလ နဖူးပြေပြေလေးက ဆံစလေးတွေကို တယုတယ သပ်ပေးရင်း ...

"ကိုယ်မရှိတဲ့အချိန်တွေမှာ မင်းအလုပ်နဲ့မင်း အဆင်ပြေနေနိုင်ပေမယ့် ကိုယ် ပြန်လာတဲ့အခါ မင်းမျက်နှာကို မမြင်ရရင် စိတ်က အလိုလို တိုလာတာ၊ အဲဒီအချိန်မျိုးမှာ ကိုယ့်ရဲ့သား ဒါမှမဟုတ် သမီးလေးနဲ့ ကိုယ် ပြည့်စုံချင်တယ်"

"မောင်ရယ် .. အဲဒါတွေကို မူလ စဉ်းစားပါတယ်၊ မောင့်အတွက်လည်း .."

"မောင်က စဉ်းစားခိုင်းနေတာ မဟုတ်ဘူး၊ လက်ခံပေးဖို့ ပြောနေတာ၊ ကိုယ်တို့ ရင်သွေးလေးကို လက်ခံဖို့အတွက် မင်း ပြင်ဆင်ထားစေချင်တာ"

မူလ မောင့် ကိုပဲ မော့ငေးနေမိသည်။ ကိုယ်ဝန်ဆောင်လာရတော့လည်း ကိုယ်ဝန်စောင့်ရှောက်ရမည့်ဝတ္တရားတွေနဲ့ မောင် သည်းသည်းလှုပ်နေမှာပါ ..။

မွေးဖွားပြီးတော့ရော ဇိုင်ကောင်းပီသဖို့တွေ .. ဝတ္တရားကျေဖို့တွေ ပါမလာဘူးတဲ့လား ..။

"ဘာတွေ စဉ်းစားနေတာလဲ မူလ .. ကိုယ့်အတွက် နည်းနည်းလေးတောင် လိုက်လျောချင်စိတ် မဖြစ်ဘူးလား"

"မောင် .."

"အဟွန်း .."

ခေတ် က ခေါင်းခါလိုက်ပြီး မူလ ကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပါးလေးတစ်ဖက်ကို နမ်းကာ ပါးချင်းကပ်၍ ...

"မရဘူး .. အဲဒါကို စဉ်းစားခွင့်မပေးနိုင်ဘူး၊ ကိုယ် လိုချင်တယ်၊ သားလေးဖြစ်ဖြစ် .. သမီးလေးဖြစ်ဖြစ် .."

ပေးချင်ပေမယ့် မပေးလိုသေးပါ၊ မပေးဘူးဆိုလည်း ရမှာမဟုတ်တော့ မူလ မျက်နှာလေး ပြုံးတော့မလို တည်တော့မလို ရှိနေရင်း...

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံကြောင့် ဖက်ထားသည့် လက်တွေ ပြေသွားကာ လှည့်ကြည့်မိ၏။

"ဘယ်သူလဲ .."

"မူလေး .. ဒေါ်အုပါ၊ သမီးခေါ်တယ်ဆိုလို့ .. ဘာနိုင်းစရာ ရှိလို့လဲဟင်"

မူလ နဲ့ ခေတ် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ခေတ် မျက်နှာ တည်သွားပေမယ့် မူလ က နားလည်လိုက်သည့်အတိုင်း ...

"ထမင်းစားတော့မယ် ဒေါ်ဒေါ်အု .. ဟင်းတွေ နွှေးထားပေးနော်"

"ဪ .. နွှေးလိုက်မယ် သမီး၊ နွှေးမယ် ဟုတ်လား .. နွှေးထားတာက ပြန်အေးနေလောက်ပြီ"

ပြောရင်း ထွက်သွားသည့် ဒေါ်အု စကားသံ ဝေးသွားတာကို နားစွင့်ရင်း အာရုံမှာ နီးကပ်စွာ ပေါ်လာတာက နွယ် မျက်နှာ မိုးညိုနေပုံကတော့ ပြုံကျဲဘော့မလိုပါ ...။

ဒါပေမယ့် ရှာတာ မရှာတာ မသိ ...။





အခန်း (၃၉)

"ဒီထက် သေချာလာအောင် နင် စောင့်နေဦးမလို့လား မူလ"

စမ်းသပ်ခန်းက ထွက်လာသည်နှင့် အမောတောင် မပြေရသေးဘဲ ညို က ပြောခဲ့ပြီးသည့်စကားကို ပြန်ဆက်သည်။

ကိုတူး ကတော့ ဂျူတီကုတ် ချွတ်ချပြီးသည်နှင့် အနားမှာ ခဏထပဲ ထိုင်၏။ ညို စကားစလိုက်လျှင် ပြုံးစစမျက်နှာနှင့် ထရပ်လိုက်ကာ...

"နင်တို့ မိန်းကလေးတွေကလည်း မိန်းမကို ဝီသတယ်၊ ခေါင်းနှစ်လုံး စုလိုက်တာနဲ့ အချစ်ရေး .. အိမ်ထောင်ရေး .."

"အမလေး .. အဲဒီလို ဖြစ်လိုက်ရင် ဂျွမ်းသုံးပတ်လောက် ထိုးပစ်လိုက်ဦးမယ် သိလား .. ဒီမှာ မိန်းမဝီသရကောင်းမှန်း မသိလို့ လျှာထွက်အောင် ပြောနေရတာ၊ သွားမှာဖြင့် သွားပါ ကိုတူး ရယ် .. နင်ကလည်း ယောက်ျားဝီသအောင် မနေဘဲနဲ့ ကဲ့ရဲ့ထုနေပြန်ပြီ"

"သွားဆို ရိုးရိုးပြောလို့ ရတယ်၊ ယောက်ျားမဝီသဘူး မပြောနဲ့၊ ကိုယ့်သူငယ်ချင်းကို လပျိုဘဝနဲ့ ကြာကြာမမြင်ရဘဲ နေသွားမယ်"

"ဟွန်း .. နင့်ကိုလည်း ဘယ်သူမှ မယူဘူး၊ အိုချင်းတိုင်း အိုမယ် ထောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုတူး က ရုပ်အကျီလက်ရှည်ကို ခေါက်တင်ရင်း အသံထွက်အောင် ရယ်၏။ ပြီးတော့ ညို့ မျက်နှာလေးကို ခပ်ပြုံးပြုံးကြည့်၍ ...

"ယူမယ့်လူ မရှိလည်း စိုးရိမ်စရာမလိုပါဘူး ညို ရယ် ... နင် ရှိတာပဲဟာ"

"ဘာ .."

"ကဲပါ ညို ရယ် .."

ညို စိတ်တိုသွားကာ မျက်လုံးလေး ပြူးထွက်လာ၏။ ကိုတူး က ပြောလည်း ပြော၊ ပြေးလည်းပြေးမို့ အပြင်ရောက်သွားပြီ ဖြစ်သည်။

မူလ က ညို့ ပခုံးလေးကို ကိုင်လှုပ်ချော့ပေမယ့် ရယ်ချင်နေသဖြင့် တည်တည် မနေနိုင် ...။

"နင်ကလည်း ပြုံးစိစိနဲ့ ဘာလဲ .."

"မဟုတ်ပါဘူး ... ငါတို့ အလုပ်အဆင်ပြေနေတော့ စိတ်ပျော်လို့ ဖြစ်သွားကာပါဟာ၊ သူငယ်ချင်းတွေပဲဟာ"

"သူငယ်ချင်း မဟုတ်ပါဘူး၊ အဲဒီကောင် သက်သက် အရူးကွက်နင်းတာ"

ညို့ ကို ကိုတူး မရိုးမသားစကားလေးတွေ ကြားညှပ်ပြောတတ်လာတာ ၁ိပ်တော့ မကြာသေးပါ။ ဒါပေမယ့် စရင်းနောက်ရင်းနဲ့ပဲ ဖြစ်၏။

"ကဲ .. စကားတွေ ဟိုရောက်ဒီရောက် ဖြစ်ကုန်ပြီ၊ နင် မပြန်နဲ့ဦး၊ အဲဒီ နွယ်တညို ကိစ္စ ဆက်ပြောမယ်"

"ငါကလည်း စိတ်ရှုပ်လာရင် ရင်ထဲမှာ မထားချင်လို့ ပြောပြမိတာပါ၊ နွယ့် ကိစ္စကို ဒီကာလအတွင်းမှာတော့ ဘာမှ မရှင်းချင်ဘူး ညို၊ ငါပြောတာကိုပဲ နားသောင်ပါ၊ ဘာမှ မတိုက်တွန်းပါနဲ့"

"အို .. ဖြစ်မလား ...၊ ငါက နင့်အိပ်ရာအောက်မှာ ထားတဲ့ အရုပ်မှ မဟုတ်တာ၊ ပြောတာကို နားထောင်ပြီး ပါးစပ်ပိတ်နေရအောင် .."





"အေးပါ .. အရုပ်မဟုတ်လို့လည်း ငါ ရင်ဖွင့်နေမိတာပေါ့၊ ဒါပေမယ့် နွယ် က အရမ်း ရကားပြောလည်တာ၊ မောင်က ပြောစရာရှိရင် အားနားပါးနာနဲ့ ရှောင်မှာ မဟုတ်ဘူး၊ ငါတို့ရဲ့ ပရော့ဂျက် .."

"ရှေးမူလ .."

"ဟင် .."

"နင့်ရဲ့ အိမ်ထောင်ရေးပရော့ဂျက်ကိုလည်း နည်းနည်း ထည့်တွက်ဦး .. နော်၊ နွယ်တညို က လည်တယ်၊ နင့်ယောက်ျားက ပြောရင် အားနာမှာ မဟုတ်ဘူးနဲ့၊ ဟွန်း .. နင် ထင်သလို မဖြစ်ဘဲ လည်တဲ့ နွယ့် နောက် ကိုယ့်ယောက်ျား ပါသွားရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလောက်ထိ .."

"လာပြန်ပြီ ဒီစကား .. ငါ မပြောဘူးလို့ နေခဲ့တာပါ၊ အခု အဲဒီတစ်ယောက်က ဒီစကားမျိုးတွေ ပြောရဲတဲ့အ[illegible] ဖြစ်လာပြီ၊ ကိုယ့်ယောက်ျားနဲ့ကိုယ် အဆင်ပြေအောင်နေပြီး သူ့ကို မြန်မြန်ပြန်အောင် နင် မကြိုးစားဘူးလား"

မူလ စဉ်းစားသလို ငြိမ်နေတာကိုပဲ ညို က အားမလိုအားမရ ဖြစ်လျက် ...

"ဟိုကိစ္စကိုရော နင် ဘာဖြစ်လို့ ဖွင့်မပြောတာလဲ၊ မူလ .. နင် အရင်တုန်းက ဒီလို မြဲစိစိ မဟုတ်ပါဘူး၊ အခု ဘာဖြစ်နေတာလဲ .. ပြောလို့မှ နားမထောင်ရင်တော့ ငါ နင်နဲ့ အလုပ်အတူမလုပ်ဘဲ ကျန်းဦးစီးမှာပဲ ပြောင်းထိုင်လိုက်တော့မယ်"

"ငါတို့လည်း ဌာနလက်အောက်မှာပဲ ခွင့်ပြုချက်နဲ့ စမ်းသပ်တာတ်ခွဲလုပ်နေတာမို့လား တစ်ခါလာလည်း ဒါနဲ့ပဲ ငြိမ်းခြောက် .. လုပ်ပေါ့၊ နင် သွားရင် ငါလည်း လိုက်မှာ"

"အမိုက်တွေ"

ခွဲစိတ်ပါရဂူတစ်ယောက်ရဲ့ ဇီဇဝါသနာကို ဝါသနာတူချင်းထက်



www.burmeseclassic.com

www.burmeseclassic.com



တယ်သူ ပိုနားလည်မှာလဲ ..။ ဒါပေမယ့် မူလ ကတော့ ဝါသနာသည် ချင်းမတောင်မှ လိုက်မမီနိုင်တဲ့အထိ ဖွံသန်သူ ဖြစ်သည်။

"ငါတို့ ဒီ ပရောဂျက်အတွက် အကူအညီ အများကြီး ပေးခဲ့တဲ့ ဂျပန်သိပ္ပံဌာနက ဒေါက်တာတွေနဲ့ တွေ့ဖို့ ..."

"အဲဒါတွေ ဆရာတို့ သိတယ် မူလ .. လောလောဆယ် နင့် အိမ်ထောင်ရေးကို နင် ပူစမ်းပါ၊ ဓာတ်ခွဲခန်းကိစ္စ အဆင်ပြေသွား ကတည်းက ဆရာတို့က နင့်ယောကျ်ားကို လေးစားထိုက်တဲ့ ခင်ပွန်း ကောင်းတစ်ယောက်လို့ နင့်အတွက် သတ်မှတ်ခဲ့ကြတာ၊ ဒါတွေ သိ ကုန်ရင် .."

"နင်နဲ့ငါပဲ သိတဲ့ကိစ္စကို ဘယ်သူသိဖို့ လိုလို့လဲ"

"အေး .. အဲဒါကို ပါးစပ်ထဲထည့်ပြီး မျိုချမရ၊ ထွေးမထုတ်နိုင်နဲ့ ငါလည်း သေချင်စော် နံနေပြီ၊ နင့်ကို ငါ တကယ် အံ့ဩတယ် မူလ ရယ် .. ဒီလောက် မရိုးသားပြီး ပေါ်တင် တိုက်ခိုက်နေတဲ့လူကိုများ မသိသလို နင် နေနိုင်တယ်၊ နောက်ဆိုရင် သေကြောင်းကြံမလား မပြောနိုင်ဘူး၊ နင့်ကိုယ်နင် သူကြွယ်ကြီးရဲ့သမီး မယ်ဥတ္တရာ မှတ်နေ သလားဟင်"

"ဘယ်စာတော်ထဲက အကြောင်းတွေလဲ .. ငါ မသိပါဘူး ညို ရယ် .. နင်ကလည်း တစ်မျိုး"

"အေး .. မသိဘဲနဲ့ ဒီလိုစိတ်ကူးတွေ ဖြစ်ခဲ့ဖူးတာလည်း အံ့ဩ စရာပဲ၊ မသိပေမယ့် ငါ ထပ်ပြောလိုက်ဦးမယ်နော် .. နွယ်တညို က ပြည့်တန်ဆာမ သိရိမာ မဟုတ်ဘူး၊ သူကြံချင်ရင် နင့်ကို လူတွေကြား ထဲမှာ ထွက်ပြီး လုပ်ကြံမှာ မဟုတ်ဘူး၊ ကြိုပြောထားတာ 'အမလေး' ဆိုရင် နင် ဘာမှ မတတ်နိုင်တော့တဲ့အချိန် ရောက်နေပြီ၊ မယုံမရှိနဲ့.."

"ဒါပေမယ့် နွယ် က ဒီလောက်ထိ .."

"ဒီလောက် အစွယ်ပြီးပြနေတာတောင် နင်က လက်ထည့်ပြီး





စမ်းကြည့်ချင်သေးတယ် ဟုတ်လား .. အမလေးနော်၊ မူလ ရယ် .. နင့်ကို ငါ ဒီလိုကိစ္စအတွက်နဲ့ အာပေါက်အောင် ပြောရလိမ့်မယ်လို့ ထင်ကို မထင်ခဲ့ဘူး၊ 'အ' တာလည်း မဟုတ်ဘဲနဲ့ နင် ဘာဖြစ်နေတာလဲ၊ သည်ဟေ့လူ ကို တကယ်ကို မလိုချင်တော့တာဆိုလည်း ကိုယ့်ကို အရှုံးရာယ်ပေးတော့မယ် ထင်တာနဲ့ ယောကျ်ားမှအစ ခပ်သိမ်းသော ပိုင်ဆိုင်မှုတွေကို ကြိုက်တာယူပါ၊ စာချုပ်စာတမ်းနဲ့ကို အပ်မှာပါဆိုပြီး အကုန် ထိုးအပ်ပေးလိုက်၊ အဲဒီမိန်းမ ဒါမှ နင့်ကို ချမ်းသာပေးမှာ"

အကြီးအကျယ် ဒေါကန်နေသည့် ညို့ စကားကြောင့် မူလ က ရယ်သည်။ ညို က မျက်စောင်းရွယ်လျက် ...

"နင့်ကို ငါ မသက်သာချင်တော့ဘူး မူလ .. အဲဒီတစ်ယောက်ကို နင့်စိတ်ကူး အကောင်အထည်ဖော်ဖို့ .."

"ငါ ကျိန်ပြောရဲပါတယ် ညို ရယ် .. မခေါ်ပါဘူး၊ တိုက်ဆိုင် ပြီး ရောက်လာလို့ ငါ ဝမ်းသာခဲ့ဖူးတယ်၊ အဲဒီစိတ် ဖြစ်ခဲ့ဖူးတာ တောင် ကိုယ့်ကိုယ်ကိုယ် အပြစ်တစ်ခုလို့ ခံစားနေရတာ၊ ဒါပေမယ့် သူက ငါ့မှာ ဒီလိုစိတ် ဖြစ်ခဲ့တာကို ခန့်မှန်းမိနေတယ်"

"အဲဒါ နင် ပြန်စဉ်းစားကြည့်ပေါ့၊ လူအကဲခတ်မိလောက်အောင် ကိုယ့်ယောကျ်ားကို အလှူကြီးပေးချင်နေတဲ့ပုံစံ နင့်မျက်နှာမှာ ဘယ် လောက် ပေါ်နေသလဲဆိုတာ၊ ဟွန်း .. သူ့မှာ အလုပ်ကလွဲရင် တစ် လောကလုံး မရှိတော့သလိုပဲ"

ရယ်လက်စနှင့် ပြုံးနေလိုက်ရတာပဲ ရှိမည်။ ညို ပြောနေတာတွေ ခန့်လွန်းလို့ မူလ နှုတ်ခမ်းလေးတွေ မဲ့ချင်ချင် ဖြစ်လာခဲ့သည်။ နွယ် ကိုယ့်အပေါ်မှာ လုပ်ကြံခဲ့သည်၊ ကိုယ်ကတော့ ခေတ် အပေါ်မှာ မရိုး သားခဲ့ဖူးတာ ရှိခဲ့ဖူး၏။ ဒီထဲမှာ မှန်တဲ့သူဟာ ဘယ်သူရှိလို့လဲ ..။

ထိုစဉ် ညို့ လက်ကိုင်ဖုန်းက မြည်သံသဖြင့် ဖွင့်ကြည့်ပြီး ဒေါက်တာ ကူး အီကလို့ ပြော၍ ညို နားထောင်၏။ ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အခု မပြန်သေးတာ ဘယ်သူရှိလဲတဲ့၊ ဒေါ်နှင်းသဇင် အိမ်ကို သွားပြီး ဒေါက်တာ အုရှိဟူးမားနဲ့ ဘယ်နေ့ အပွိုင့်မန့် လုပ်လိုက်သလဲဆိုတာရယ် .. တတ်နိုင်သမျှ စင်ကာပူမှာပဲ meting ဖြစ်ဖို့ .."

ဖုန်းချပြီး ညို က ရှင်းပြနေသည်။

"ဒါဆို ငါပဲ သွားလိုက်မယ်လေ .. နှင်အဘွားကို နှင် သွားကြိုရဦးမှာမို့လား"

"အေး .. ပြီးရင် အခြေအနေကို ဖုန်းဆက်လိုက်ဟာ"

"အင်းပါ .."

"မူလ .."

"ဟင် .."

"နှင် ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် .. ဘာဖြစ်လို့လဲ"

"နွယ် ဆိုတဲ့တစ်ယောက်က ချုပေါ်လည်း မပုံသင့်၊ လူကိုလည်း မယုံသင့်တဲ့ အမျိုးအစားနော်၊ စားသတိ .. သွားသတိဆိုတာ မမေ့နဲ့၊ ဟိုတစ်ခါလိုဖြစ်ရင် .."

"အေးပါ ညို ရယ် .. ကဲ .. ငါသွားမယ်"

မူလ တို့ အတူတူ ထရပ်လိုက်ကြသည်။ ထိုစဉ် ကိုတူး ပြန်ဝင်လာတာ မြင်လိုက်ရပြီး ...

"နှင်တို့မှာ ကားမပါဘူးမို့လား .. ငါနဲ့ အတူသွားမယ်"

"အတော်ပဲ ကိုတူး၊ ငါက အဘွားတို့ကို သွားကြိုရမှာ၊ နှင် မူလ ကို သွားပို့လိုက်ဟာ၊ နှင့်ကို ဒေါက်တာ ဖုန်းဆက်လိုက်တာလား"

"ဟုတ်တယ် .. ဒေါ်နှင်းသဇင် ကလည်း အပြင်ရောက်နေလို့လေ၊ သူ ပြန်ဆက်ပြီး ချိန်းလိုက်တာ"

မူလ နဲ့ ကိုတူး ကားပေါ် ရောက်လာကြတော့ မူလ ရဲ့ဖုန်းထဲကို ဝင်လာတာ ခေတ် ဆီက ..။





"မောင် .."

"ဘယ်အချိန် လာကြိုရမလဲ"

"ဒေါက်တာတစ်ယောက်နဲ့ သွားတွေ့ရဦးမှာ၊ မောင် လာမကြိုနဲ့တော့လေ"

"မင်းမှာ ကားမှမပါတာ၊ ဘယ်အချိန်ဆိုတာ ပြောလေ"

"အဲဒါ ပြောလို့မရဘူး မောင်ရဲ့ .. နောက်လည်း ကျနေပြီ၊ မောင် အရင်ပြန်ပြီး နားလိုက်ပါ"

"တစ္ဆစ်နဲ့ တစ်ယောက်တည်း မပြန်ပါနဲ့ကွာ .. ဒါဆို ပြန်မယ့်အချိန်ကျမှ ဖုန်းဆက်ပြီး စောင့်နေလိုက်"

မောင် ဖုန်းချသွားတော့ ကိုတူး က ရယ်သည်။

"အားကျတယ်ကွာ .. ဒီနေရာမှာကျတော့ လူပျိုကြီးလုပ်နေရတာ အထီးကျန် တယ်ဆန်ပါလား"

သူ့ဟာသူပြောပြီး ကားမောင်းရင်း လှည့်ကြည့်သည်။

"သည်ခေတ်လူ က ရုပ်ဖြောင့်ဖြောင့် .. တကယ့် ဟိုက်ဘော့စ်ပဲ၊ နှင်က သူ့ကို ဘာလို့ မချစ်တာလဲ"

"ဘာလို့ပဲဖြစ်ဖြစ် စပ်စုမနေပါနဲ့၊ ကိုယ့်ဟာကိုယ်တော့ စွံအောင် မလုပ်ဘဲနဲ့"

"အေးပါ .. နှင်တို့ ငါ့ကို ဒါနဲ့ပဲ အနိုင်တိုက်ကြပါ"

ကိုတူး ပြောတော့ ရယ်လိုက်မိသည်။ ဒါပေမယ့် အိမ်ထောင်သည်ဖြစ်ရသည့် နောင်တည်းမှုတွေကြောင့် ဘယ်လောက် မွန်းကျပ်ရသလဲဆိုတာတော့ ကိုတူး ကို သိစေချင်မိ၏။

သူမဘဝမှာ ဒီနေ့ထိ အဆင်မပြေနိုင်သေးသမျှသည် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"အမေတို့ ပြန်လာကြတော့မယ်ဆို .. ဘယ်နေ့တဲ့လဲ မောင်"

ကျောပေး၍ စီးကရက်သောက်နေသည့်မျက်နှာ ဖျတ်ခနဲ လှည့်လာ၏။

"မေးမနေပါနဲ့ .. မသိလို့ မကြို့ရတာပါဆို ပိုမကောင်းဘူးလား"

မူလ အံ့ဩသွားသည်။ မောင် ဒီလိုမျက်နှာမျိုး မဖြစ်ခဲ့တာ ကြာပြီပဲ၊ မောင့်ရှေ့က ခုံတန်းလေးမှာ ဝင်ထိုင်ကာ မျက်နှာကို မော့ကြည့်လိုက်တော့ တင်းမာနေသည့် မျက်နှာပြင်မှာ ဒေါသတွေကြောင့် ငြိမ်နေခဲ့၏။

"မောင်-ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်လို့လဲ ဟုတ်လား.. မင်း ကိုယ့်ကို လာမကြို့ဖို့ အကြောင်းတွေ အမျိုးမျိုးပြပြီး ရှမ်းကန်မှာ ဒေါက်တာ နောင်တူးနော် နဲ့ .."

"အဲဒါ မူလ တို့ ဒေါက်တာ နှင်းသစင် ကို စောင့်နေကြတာ"

"အတူတူ ကားပေါ်ပြန်ရောက်သွားတာကရော .."

"သူ မလာနိုင်တာနဲ့ .."

"အဲဒါနဲ့ သရီးစတားဟိုတယ်လ်ကို ရောက်သွားကြရောလား"





"မောင် .."

မူလ အလန့်တကြား ထရပ်လိုက်ရင်း မျက်ဝန်းလေးတွေပါ ပြူးကျယ်လျှက် ...

"ဟိုတယ်လ်ကို သွားတာ မဟုတ်ဘူး မောင်၊ ရီဆက်ဝ်ရှင်မှာ နှုတ်ဆက်စရာရှိလို့ သွားတာ"

"ရှေးမူလ .. မင်းကို ကိုယ်က ဟိုတယ်လ်က အခန်းတစ်ခုထဲ ဝင်သွားပါတယ်လို့ စွပ်စွဲနေတာ မဟုတ်ဘူး၊ မင်း သွားလာပုံတွေ ပြောစရာ ဖြစ်နေတာ .. ငါ့မျက်လုံးထဲမှာ ဆူးစူးနေတာ၊ အဲဒါတွေကို ပြောတာ၊ ပြီးတော့ မင်းရဲ့မျက်နှာ ကြည်လင်ရွှင်ပျနေတာလေးကို မြင်ရတို့ ကိုယ့်ဘက်က ဘယ်လောက်ထိ လိုက်လျောထားခဲ့သလဲ .. ဘယ်လို ကြိုးစားခဲ့ရသလဲ၊ ဟိုလူနဲ့ရှိနေတဲ့အချိန်မှာတော့ မင်းမျက်နှာ ကြည်လင်ရယ်မောနေလိုက်တာ မင်း မဟုတ်သလိုပါပဲလား၊ သဝန်တိုပြီး အဆင့်အတန်းမဲ့စကားတွေနဲ့ ပုတ်ခတ်ပြောနေသလို ဖြစ်တာ ငါ့ကိုယ်ငါလည်း ရှက်မိပါတယ်၊ ဒါပေမယ့် ရှက်နေတာက နာကျင်နေတာကို ကုလို့ မရဘူး"

"မူလ ဘယ်လို ရှင်းပြရမလဲ မောင်"

"ဘယ်လိုမှ ရှင်းမပြတတ်ရင် သရီးစတားဟိုတယ်လ်မှာ တစ်နာရီလောက် ဝင်စုံစမ်းနေတဲ့ကိစ္စကိုပဲ ပြော .."

မူလ ပါးပြင်လေးတွေ နီရဲသွား၏။

"မောင် အဲဒါနဲ့ မဆိုင်ဘူးဆိုပြီးတော့၊ ဘာဖြစ်လို့ ဒါကို စစ်မေးနေတာလဲ"

"မဆိုင်တာက မင်းရဲ့သိက္ခာကို ပုတ်ခတ်တဲ့အထိ ကိုယ် မတွေးတာကို ပြောတာ၊ မေးနေတာက ကိုယ့်သိက္ခာအတွက်ပဲ"

"ညီ့သည်တစ်ယောက်အတွက် ကြိုတင် ပြင်ဆင်ထားဖို့ရှိလို့ သွားတာ၊ ဟိုမှာ အဆင်မပြေသေးတာနဲ့ ဟိုဖုန်းဆက် ဒီလှမ်းမေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြာသွားတာ မောင်၊ မူလ တို့အလုပ်က နိုင်ငံခြားဆေးဝါးဌာနတ

နဲ့ ဆက်သွယ်မှု ရှိနေတယ်၊ အဲဒီက ပရော်ဖက်ဆာတွေရဲ့ အကူအညီ

တွေ ယူရတယ်၊ မြန်မာနိုင်ငံမှာ ခွင့်ပြုချက်ယူပြီး သုတေသနလုပ်

အတွက် အခြေချနေတာပဲ ရှိတာ၊ ပြည့်စုံမှု ဘာမှ မရှိသေးဘူး"

"မသိဘူးလေ .. ငါက မင်းတို့လို ပညာတတ်မဟုတ်တော့ မင်း

ကလည်း ဘာတစ်ခုမှ ဖွင့်ပြောတိုင်ပင်နဲ့တာ မရှိသလို မင်းတို့ရဲ့ပြည့်

ခြင်း မပြည့်စုံခြင်းတွေ ဘယ်နေရာမှာ ဘယ်လို ပေါက်ပြဲနေတယ်

ဆိုတာ ဘယ်လို သိမှာလဲ"

"မူလ တို့ တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့လုပ်ငန်းတွေ

လုပ်နေကြတာ မဟုတ်ဘူးလား၊ မောင့်အလုပ်ကို မူလ နားမလည်

သလို မောင့်ကို နေရာတကာ လိုအပ်သမျှ ပြောပြနေတော့လည်း

နားမှုတာပဲ ရှိမှာပေါ့၊ စိတ်ထဲမှာ မူလ လုပ်ငန်းအတွက် မောင် စိတ်

အနှောင့်အယှက်ဖြစ်နေရတယ်ဆိုတာပဲ စွဲနေတယ်၊ ဒီအလုပ်နဲ့ပတ်

သက်တာ အကူအညီတောင်းဖို့ဆိုတာ အဝေးကြီး"

"သိတယ် .. မင်း နေပါ၊ ငါက မင်း ဘာလုပ်လုပ် အပြစ်ပြော

တတ်နေတဲ့ကောင်၊ ဆရာဝန် ပါရဂူတွေနဲ့လည်း မနီးစပ်ဘူး၊ အလုပ်

ချင်းလည်း မတူသလို လူချင်းပါ ခပ်ဝေးဝေးနေဖို့ သင့်တာ"

ပြောချင်တာပြောပြီး လှည့်ထွက်ခဲ့မိသည်။ ဟိုတယ်လ်ထဲ ဝင်

သွားကြပြီး ပြန်ထွက်မလာမချင်း သူ နာရီတကြည့်ကြည့်နဲ့ ပူလောင်

ခဲ့တာတွေ ...

ရှမ်းကန်မှာ သူတို့နှစ်ယောက်တည်း ထိုင်ပြီး ဟိုလူက ကိုယ်တိုင်

ယူ၊ ကိုယ်တိုင်တည်ခင်း ကျွေးမွေးနေတာတွေ .. ပြီးတော့ ဖုန်းရဲ့

မူလ ဓာတ်ပုံကို ရိုက်ယူလိုက်သေးသည်။

ဘာတွေလဲ ...၊ သူ့ဘေးမှာလည်း စည့်သည်ရှိနေသည်မို့ မကြည့်

ချင်ပေမယ့် မျက်လုံးက ထိုဆီမှ မခွာနိုင် ...။





မလုပ်သင့်ဘူးမှန်း သိနေသော်လည်း သူတို့ ထွက်သွားသည်နှင့်

နောက်က ပါသွားခဲ့မိ၏။

သူ ဘယ်လိုလူ ဖြစ်နေပြီလဲ ...၊ ဘာတွေ လုပ်မိခဲ့သလဲ။

မူလ နဲ့ပတ်သက်ပြီး ရင်ထဲမှာရှိသော ခံစားနေရသမျှ မပြည့်ဝ

ခြင်းတို့ဟာ သူမ ဘာလုပ်လုပ် ကိုယ့်အတွက် မပါသည့်အဖြစ်ကိုပဲ

အဝင်မကျနိုင် ...။

ဆောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ရင်း ခေါင်းငုံ့လျှောက်ခဲ့

သည့် ခြေလှမ်းတို့က အိမ်ထဲကို ဘေးတံခါးကနေ လှမ်းဝင်လိုက်လျှင်...

"အား .."

"ဆောရီး"

အထဲက ထွက်လာသည့် နွယ် ကိုယ်လေး သူ့ရင်ခွင်ထဲ တွေးခနဲ

ကျလာ၏။ ခပ်နိမ့်နိမ့် လှေကားသုံးထစ်ကို တက်ပြီးမှ နွယ် ပခုံးလေး

ကို ကိုင်လျက်သားနှင့် ခြေတစ်လှမ်း နောက်ပြန်ကျ၏။

ဒုတိယလှေကားထစ်မှာ ဟန်ချက်မညီစွာ ရပ်တည်ရင်း ဖက်

ထားမိကြသလို ဖြစ်သွားသည်။

"အစ်ကိုက ပေးလာတာနော်"

"ဟုတ်ပါတယ် .. ဆောရီးပါ"

သူ ဆပ်တောင်းပန်ပြီး အထဲကို ဝင်လာခဲ့မိ၏။ နွယ် လက်ဖဝါး

လေးတွေက ခေတ် ဖိဆုပ်ကိုင်သွားခဲ့သည့် ပခုံးသားတို့ဆီမှာ မွမွရွရွ

လေး ပွတ်သပ်ထိကိုင်ရင်း နှုတ်ခမ်းအစုံ ပြုံးယောင်သမ်း၏။

အချစ်ကို ဘယ်လို ပြောရမလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

"သမီး ... မွလေး ..."

"ရှင် ..."

ခေါ်သံက ခပ်အုပ်အုပ်မို့ မွလ ပြန်လှည့်ထူးရင်း လက်ဝ်တော့ပ်ရှေ့ကနေ ထလာခဲ့မိသည်။ တံခါးဖွင့်လိုက်တော့ ဒေါ်အု က အရေးကြီးသည့်မျက်နှာနှင့် ရှေ့ထပ်တိုးလာကာ ...

"လူလေး .. အရက်တွေသောက်နေတယ် သမီး၊ သမီးတို့ စကားများထားကြသလား"

"ဟင်!..."

မွလ မျက်ခုံးလေးတွေ တွန့်ကျသွား၏။ ပြီးမှ ...

"အရင်လည်း ဒီလောက်တော့ဖြစ်ဖူးကြတာပဲ ဒေါ်ဒေါ်အု ရယ်-ခုက္ခပါပဲ"

"အရင်က အကြောင်းမဟုတ်ပေမယ့် အခုက အိမ်မှာ ဧည့်သည်ရှိတယ်လေ.. မသင့်တော်တာတွေ ဖြစ်မှာစိုးလို့ ဒေါ်အု က ပြောတာပါ"

ဧည့်သည်ဆိုသည့် စကားကြောင့် မွလ မျက်နှာလေး ပျက်သွား၏။ ဒေါ်အု ဘာကို ပြောချင်တာမှန်းလည်း သိလိုက်သည်။





"မနက်ဖြန်ညနေဆိုရင်လည်း မမကြီးတို့ ပြန်လာကြမှာမို့လား၊ အရားလွန်သောက်စားထားတဲ့ လူလေးရဲ့မျက်နှာကြီးကို မြင်သွားရင် ကောင်းပါဘူးကွယ် .. သမီး သွားလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ .. မွလ ခုပဲ သွားလိုက်မယ်"

နွယ် မျက်နှာကို မြင်ယောင်ကာ မွလ ပင့်သက်ရှိုက်မိ၏။ သူမ အကယ်ပဲ မောင့်ကို တစ်ဖက်သတ်ချစ်နေခဲ့တာလား ..၊ မောင်ကရော လိုက်ရောညီထွေ စီးမျောသွားမယ့် ယောကျ်ားမျိုးလား ..။

ကွန်ပျူတာကို ပိတ်၍ အခန်းထဲက ထွက်လာခဲ့စဉ် စိတ်တွေက အလုပ်လုပ်နေတုန်းကလို လမ်းကြောင်းတစ်ခုပေါ်မှာ ငြိမ်သက်စွာ ရှုလျှားနေခြင်း မဖြစ်တော့ပေ ..။

အိမ်ထောင်ရေးကွန်ယက်ကို သူမ ကြောက်လန့်တာ ဒါကြောင့်ပဲဖြစ်၏။ သူက ကိုယ့်ကိုချစ်ဖို့ .. ကိုယ်က သူ့ကို ပြန်ချစ်နိုင်ဖို့ အားလုံးသို့သည် သူမ မကျွမ်းကျင်သော နှလုံးသားရေးရာများသာ ..။

ပိုဆိုးတာက ဟိုတုန်းကနေ ခုချိန်ထိ ဒါတွေကို သူမ စိတ်ဝင်စားလို့ မရခဲ့ခြင်း ..။

"ကဲ .. ပြောမရရင်လည်း သောက် ..၊ နွယ် ကိုလည်း ထည့်ပေး"

ထမင်းစားခန်းရှေ့ ရောက်သည်နှင့် နွယ် အသံကြောင့် ခြေလှမ်းတွေ ရပ်သွားခဲ့၏။ မောင် အရက်သောက်နေတာကို နွယ် က အနားမှာ ထိုင်နေတာလား ..။

"မင်း သောက်ချင်သောက်နော် .. ပြီးတော့မှ ကြမ်းပေါ်မှာ ရှုမ်းထိုးနေရင် မတတ်နိုင်ဘူး"

"ရပါတယ် .. အစ်ကို့အေးမှာ အဖော်ပြုပေးရဖို့ ဒါက ကိုယ့်သဘောနဲ့ကိုယ်ပါ၊ ကျေးဇူးမတင်လည်း နေပေါ့"

"ဟွန်း .. ကျေးဇူးတော့ တင်ပါတယ်၊ မင်းက အမြည်းတွေဘာတွေ လုပ်ပေးတော့ .. အေ့ .."



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရင်း မောင့်စကားသံက လေးလေးလံလံ ဖြစ်လာသည်။ အနားမှာ ရှိနေတယ်ဆိုတော့ မောင့်ကိုများ ကိုယ့်တုန်းက လုပ်ခဲ့သလို တစ်ခုခု ..၊

"ခွမ်း .."

"အား .. ဆောရီး ဆောရီး .. ထိသွားလား"

"ရပါတယ် .. အစ်ကို ဖယ် .. နွယ် ကောက်မယ်"

"မကောက်ပါနဲ့ လက်နဲ့ ထိလိမ့်မယ်၊ ထားလိုက် .."

ဖန်ခွက်ကွဲကို ကောက်ဖို့ ကြိုးစားရင်း နှစ်ယောက်သား ခေါင်းချင်းတိုက်မိလိုက် .. လက်ချင်းတွန်းမိလိုက် ..။

အပြင်ကနေ ခန်းဆီးစလေး အသာမ၍ ငေးကြည့်နေရင်း မှုလ ခြေလှမ်းတွေ နေရာမှ မရွေ့ဖြစ်ခဲ့ပေ ..။

ဖန်ခွက်ကွဲတွေကိုတော့ ဘယ်သူကမှ မကောက်ဖြစ်ဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ တောင်းပန် ရယ်မောနေသံတွေက မောင့်ဆီသွားဖို့ စိတ်တွေကို တွေဝေစေ၏။

မောင်နဲ့ နွယ် တို့ ဒီလောက်ထိ ရင်းနှီးသွားကြပြီလား ..။

"မင်း သွားအိပ်တော့လေ"

"မအိပ်ချင်လို့ အစ်ကို့ဘေးမှာ ရှိနေတာပေါ့"

"ငါ့ဘေးမှာ မင်း ရှိနေရမှာ မဟုတ်ဘူး၊ အဲဒါ .. အဲဒါ မင်း သိရမှာ .."

အာလေးလျှာလေးသံ ဖြစ်လာပေမယ့် ကြို့ထိုးသံ မပါတတ်သည့် မောင့်စကားတွေကို မှုလ ဆက်ကြားနေရသည်။

"မှုလ နဲ့ ငါ ဘာဖြစ်နေတယ် မင်း ထင်လို့လဲ၊ တစ်ခုခုဖြစ်ပြီး ငါ ဒီလိုရှိနေတိုင်း မင်း ရောက်ရောက်လာတာကရော .."

"အစ်ကိုက ဘယ်လိုထင်လို့လဲ .. ပြောလေ"

"မပြောချင်ဘူး .. မပြောဘဲနဲ့ မင်း သိပါ၊ အဲဒါကြောင့် မင်း..





မင်း သွားတော့ .."

"အစ်ကိုလည်း မသောက်နဲ့တော့လေ .. ဒါတွေ နွယ် သိမ်းပေးပြီးမှ သွားမယ်"

"မလိုပါဘူး .. ငါ သောက်စားနေတဲ့နေရာမှာ မင်း မရှိရင် အားလုံး ပြည့်စုံသွားပြီ"

"သိပါတယ် .. အစ်ကိုက နွယ့် ကိုဆို အမြဲတမ်း ဘေးဖယ်တယ်နော် .. နွယ် ကတော့ အစ်ကို့ရဲ့ လိုအပ်ချက်တိုင်းကိုပဲ မြင်အောင် ကြည့်ခဲ့တာ၊ ဖြည့်ဆည်းဖို့လည်း .."

"မင်း ဖြည့်လို့ မရဘူး နွယ် .. ဘာဖြစ်လို့လဲဆိုတော့ ငါ လိုအပ်နေတာ မင်းမှ မဟုတ်တာ"

"လိုအပ်တာကို မရနိုင်တော့ဘူးဆိုရင်တော့ အစားထိုးမှုဆိုတာ ရှိလာမှာပါပဲ အစ်ကို၊ နွယ် က အစ်ကို့အတွက်ဆိုရင် ကိုယ့်အတွက် ဘာမှ ထည့်မတွက်တဲ့သူပါ"

"နွယ်တည်း .."

"ပြောလေ .. အစ်ကို"

"မင်း .. မင်း ငါ့ကို မူးနေတယ်ထင်လို့ ပြောချင်တိုင်း ပြောနေတာလား"

"ဟွန့် .."

"ဒါမှမဟုတ် မင်း မူးနေပြီလား"

"နွယ် တစ်ကျိုက်ပဲ သောက်ရသေးတယ်"

"ဪ .."

လျှာလေးသံကြောင့် 'ဪ..' ဆိုသည့် ဆွဲသံရှည်ကြီးက ရွဲ့သလိုလို ငေါ့သလိုလိုနှင့် ..။

"ဒါဆိုရင် ငါတို့ မူးနေကြပြီလို့ သတ်မှတ်လိုက်မယ်၊ မင်း သွားအိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို .."

"သွား .. မင်း သွားပါတော့"

ဒိုင်းခနဲအသံက ဖန်ခွက်နဲ့ စားပွဲ တိုက်ပစ်လိုက်သည့်အသံ ဖြစ်ကာ ...

"မင်းလိုမိန်းမမျိုးတွေ ငါ တွေ့ဖူးတာ မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ အဲဒါ .. အဲဒါ မင်း သဘောပေါက်တော့ .. မိန်းမတွေ လိုချင်သလောက် ယူလို့ရပေမယ့် ချစ်လို့ရတာ တစ်ယောက်တည်း ရယ် .. ငါ ချစ်နေတာ တစ်ယောက်တည်းရယ်၊ သူ့ကိုပဲ ချစ်တာ၊ ငါ သူ့ကိုပဲ ရအောင် ယူခဲ့တာ၊ အချစ် မသိတဲ့ မိန်းမ .."

စကားတွေ ရှေ့နောက်မညီဘဲ ပြောချင်တာတွေ ပြောနေသည်။ ပြီးတော့ တွန်းတိုက်ပြိုလဲသံတွေနှင့် လူ့သံပါ တိတ်ကျသွား၏။

အထဲကို ဝင်သွားချင်ပေမယ့် နွယ် ထွက်လာတာ မတွေ့သေး၊ ရှေ့မှာပဲ ရပ်ရင်း နောက်ပြန်လှည့်ချင်နေသည့် တွေဝေစိတ်နှင့် ဗျာများနေ၏။

ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေတာ ရင်ခုန်သံတွေ မဟုတ်ပါ။ တဖြည်းဖြည်း ခွန်အားတွေ ဆုတ်ယုတ်သွားသလိုရှိလျက် လည်ချောင်းတွေမှာ ကျပ်ခဲလာတာ ဖြစ်၏။ ထို့ပြင် ...

နှာခေါင်းထဲမှာ စပ်ဖျင်းဖျင်း ဖြစ်လာကာ ငိုချင်တာမှန်း သိလိုက်တော့ မျက်နှာကို ဖိပွတ်ပစ်မိ၏။

နင် ဒီထက် အများကြီးတောင် ကြံစည်ခဲ့ဖူးတယ် မူလ .. ဘာဖြစ်တာလဲ ..။ ဘာကိုမှ သိဖို့ မကြိုးစားနဲ့ .. မလိုချင်နဲ့၊ မနမြောနဲ့ ..။

ကိုယ့်ကိုယ်ကိုယ် ကြိတ်မှိတ်ပြီး ဘာတွေ ပြောနေမိမှန်း မသိ။ ထိုစဉ် ရှေ့မှာ လူရိပ်တစ်ရိပ် ဖျတ်ခနဲ ရောက်လာကာ ...

"လာချောင်းနေတာလား"

"ဟင်!..."





နွယ့် မျက်နှာက အထဲနဲ့အပြင်မို့ မညီမညာ ကျနေသည့် မီးရောင်အောက်မှာ ပြုံးနေသည့်ပုံရိပ်သာ ထင်လျက် ...

"နင့်အလုပ်ကို ဖြောင့်ဖြောင့်လုပ်လို့ရအောင် ငါက လူစားဝင်နေတာပါ၊ စိတ်မချတာလား .. မနာလိုတာလား"

"နွယ် .."

"ကိုယ် မလိုချင်မှတော့ လိုချင်တဲ့သူ ယူပါစေပေါ့၊ နင် မကြင်နာလို့ သူ ခံစားနေရပေမယ့် သူက မကြင်နာဘူးဆိုလည်း ငါ ကျေနပ်နိုင်တယ်"

"နင် ဘာတွေ ပြောနေတာလဲ နွယ် .."

"သည်ခေတ်လူ ကို လွှဲပြောင်းယူဖို့"

"ဘယ်လို .."

ညက တိတ်ဆိတ်နေပေမယ့် နွယ် နဲ့ မူလ ပြောနေကြတာကို ဘယ်သူမှ မကြားနိုင်ပေ ..။

မူလ က နံရံမှာ ကျောကပ်မတတ် ရှိနေကာ နံရံမှာ လက်ထောက်ထားသည့် နွယ့် မျက်နှာက မူလ မျက်နှာလေးရှေ့မှာ နီးကပ်စွာဖြင့် ...

"သူ့ကို ငါ .."

"နွယ် .."

"ငါ့ကို ပြောခွင့်ပေးဦး မူလ .. လိုချင်ပါတယ်လို့ ကြောင်ပြောနေတာ ငါ့မှာ အကြောင်းရှိတယ်၊ နင် သူ့ကို မချစ်ဘူး၊ ငါက မြင်မြင်ချင်း ချစ်သွားမိတယ်၊ ခုချိန်ထိ သူ့ကို နင် အလိုမရှိပေမယ့် ငါ့အတွက် အချိန်တိုင်း လိုအပ်နေတာ သူပဲ .."

"နင် ပြောရဲလှချေလား နွယ် .. သူနဲ့ ငါ့ရဲ့ အိမ်ထောင်ရေးကို အကာနေအဆုံးထိ နင် ဘာလို့ ဝေဖန်နေတာလဲ၊ ဘာဖြစ်လို့ ဒီလောက် သောချာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … ဟွန်း"

နံရံမှာ ထောက်ထားသည့်လက်ကို ဖြုတ်ချလိုက်ပြီး နွယ် က ကြိမ်းဝါးသံနှင့် ရယ်သည်။ ပြီးတော့ အခန်းထဲကို ခေါင်းလေးတိမ်း၍ ချောင်းမြောင်းသလို ကြည့်ကာ …

"သိချင်တယ်ပေါ့ … အေး … ငါ မပြောခင် မေးရဦးမယ်၊ နင့်ယောက်ျားနဲ့ နင် စိတ်ဆိုးသွားကြတဲ့အချိန်တိုင်း နင် သူ့ကို ချော့မယ် ခေါ်မယ်လို့ ဆုံးဖြတ်လိုက်တိုင်း …"

နွယ် က ဆက်မပြောဘဲ အေးစက်စက်လေး ဖြစ်သွားသည့် မူလ မျက်ဝန်းလေးတွေကို သေချာ စိုက်ကြည့်သည်။ ပြီးမှ မဲ၍ …

"သူ စိတ်တိုနေတာကို ဂရုမစိုက်ဘဲ ကြောင့်ကြမဲ့စွာ အိပ်ပျော်နေတဲ့ မိန်းမတစ်ယောက်အဖြစ် နင် ရှိနေခဲ့တာ … ဘာဖြစ်လို့လဲ"

"နင့်လက်ချက်ပေါ့ နွယ် … ခေါက်တာကို အိပ်ဆေးတိုက်ပြီး လုပ်ကြံခံရတာ … ငါက ရာဇဝင်သစ်ပေါ့၊ သူငယ်ချင်းကို သူငယ်ချင်း ထက် ပိုမတွေးခဲ့လို့ ခံရတဲ့ အပြစ် …"

"ဟုတ်ရဲ့လား မူလ ရယ် … ငါ မထွင်ရဘဲ လမ်းပေါက်သွားလည်း ကောင်းတာပဲလို့ တွေးယူလိုက်တာ မဟုတ်ဘူးလား၊ နင် ဘယ်လိုနေနေ အပြစ်မမြင်နိုင်အောင် ဖြစ်နေတဲ့ယောက်ျားရဲ့ ဝုန်းဒိုင်းကြဲတဲ့ ဒေါသကို ဒါလေး ဖွင့်ပြောလိုက်ရုံနဲ့ ငါ လွင့်ထွက်သွားမှာ နင် သိတယ်၊ ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ"

နှုတ်ခမ်းလေး လှုပ်လှုပ်ရွရွ တွန့်သွားတာကို ကြည့်ကာ နွယ် က ခေါင်းခါလိုက်ပြီး …

"ငါ့ကို ညာတာတွေ … ဖုံးဖိပေးတာတွေ မပြောနဲ့နော်၊ ဟားတိုက် ရယ်ချလိုက်လို့ သည်ခေတ်လူ နီးသွားလည်း ငါ ပြောမှာတွေကို ငါက ရပ်မှာမဟုတ်ဘူး၊ နင် ငါ့ကို ကြည်ဖြူတယ်၊ ပြန်သွားမှာ စိုးရိမ်ခဲ့တယ်၊ မနေ့တစ်နေ့ကထိ အဲဒီအတိုင်းပဲ၊ ခုလည်း ဒီတိုင်းပဲလို့





ငါ ထပ်သိလိုက်တာက ဒီနားထိ ရောက်နေပြီး နင် အထဲဝင်မလာရဲ တာလေ"

"မကြားရဲတာတွေ ကြားလိုက်ရလို့ မှင်တက်မိသွားတာလို့ရော မထင်ခဲ့ဘူးလား နွယ် … ဘယ်မိန်းမမှ ပြောရဲမှာမဟုတ်တဲ့ စကားတွေ နင် ပြောနေတာ ယိုသူမရှက် မြင်သူရှက်"

"နင်ကတော့ ရှက်လို့ မဟုတ်ပါဘူး၊ ပြဿနာထဖြစ်ရင် ငါ ပြန်သွားမယ်၊ နင့်အလုပ်တစ်ခု ပြီးမြောက်တဲ့အထိ ငါ့ကို ရှိစေချင်သေးတော့ ယောက်ျားအပေါ်မှာ တိမ်းညွတ်လာခဲ့ပေမယ့် မျိုသိပ်ဖို့ ကြိုးစားနေတာ"

မူလ ဘာမှ ပြန်မပြောတတ်တော့အောင် အံ့သြသွားခဲ့၏။ သူမ ဘာလို့ တစ်အိပ်ပြောနေတာလဲ …!

"ငါ ဒီကို ရောက်လာကာစမှာ နင် ဝမ်းသာသွားခဲ့တာ အခုက စပြီး နောင်တရလိုက်တော့ မူလ … ဘာဖြစ်လို့လဲဆိုတော့ ငါ့ကို နင် စိတ်ကူးတွေအတိုင်း လိုချင်သလို အကွက်ရွှေ့လို့ မရဘူး၊ ခုချိန်က စပြီး အကွက်ရွှေ့မှာက ငါပဲ"

"ငါ့ရဲ့စိတ်ထဲကို နင် ခန့်မှန်းတွက်ချက်နေတာတွေ မှန်တာ များတာ ထားလိုက်ပါ၊ မောင်က နင် အကွက်ရွှေ့တိုင်း ရမယ့် အရုပ် တစ်ရုပ် မဟုတ်ဘူးလေ"

"ရွှေ့နိုင်တာ မရွှေ့နိုင်တာ ငါ့အလုပ်ပါ မူလ ရယ် … နင့်အလုပ်က ကိုယ့်ဂုဏ်သိက္ခာနဲ့ မိဘသိက္ခာအတွက် ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်လေး နေပေးရုံပဲ"

"ကိုယ့်ကို ဒုက္ခပေးပါမယ်လို့ ကြိမ်းဝါးနေတဲ့လူကို ငါက လက်ဆွဲနှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးနေရမှာလား၊ နင် အကွက်ရွှေ့တော့ရင် ဓတ်လိမ့်မယ်၊ ဒါပေမယ့် ငါလည်း ပညာတတ်တယ်"

"ဘာပညာလဲ … စာတွေ့လား … လက်တွေ့လား၊ နင် စာတွေ



www.burmeseclassic.com

www.burmeseclassic.com



တတ်နေတာပါ မူလ ရဲ့ .. နင် သိတဲ့ လက်တွေ့ဆိုတာတွေကလည်း ဓာတ်ခွဲခန်းတစ်ခုထဲက ဖန်ပြွန်တွေ၊ ဓာတ်ငွေ့တွေအကြောင်းပါပဲ၊ အဲဒါကြောင့် မှတ်ထားလိုက် .. လောကမှာ အမြင့်ဆုံးတောင်ဆိုတာ ရှိခဲ့ရင်တောင် ငါက အဲဒီတောင်ရဲ့အရိပ်ပဲ၊ နင့်ကို နိုင်ကွက်မရှိဘဲနဲ့ ငါက စိန်ခေါ်ပါ့မလား မူလ ရယ် ..”

“ပြောပါဦး .. ငါ့ကို အိပ်ဆေးမဟုတ်တဲ့ နောက်တစ်မျိုးမျိုး သုံးပြီး ယောက်ျားလုဖို့ ဘယ်လို ကြိုးစားမှာလဲ”

“ကြိုးစားဖို့ မလိုပါဘူး၊ နင့်ရဲ့ဒိုင်ယာရီစာအုပ် ငါ့ဆီမှာ ရှိတယ်”

“ဘာ!...”

မူလ ကိုယ်လေး တုန်ခါသွား၏။ ပြီးတော့ စကားလုံးတွေ ထစ်ငေါ့ခလုတ်တိုက်ရင်း ပါးစပ်ပြန်ပိတ်၍ နွယ့် လက်မောင်းလေးကို ဆွဲကာ ဝရန်တာဘက်ကို ထွက်ခဲ့၏။

နီကျင့်ကျင့် မီးလုံးလေး၏ အရောင်နှင့် ဖြူစင်မှုမရှိသော အပြုံးသည် နွယ့် မျက်နှာမှာ မြဲမြဲစွာရှိလျက် ...

“ဘာဖြစ်သွားတာလဲ .. လက်ကို လွှတ်ဦး”

လက်ကို မချိုမချဉ်မျက်နှာနှင့် ခါချပေမယ့် မူလ က မလွှတ်။

“နင် ငါ့ဒိုင်ယာရီကို ဘယ်လို ယူလိုက်တာလဲ၊ နင် သိနေတာတွေက အဲဒါကြောင့်ပေါ့ ဟုတ်လား၊ လက်စသတ်တော့ ငါ့အင်္ကျီတွေ ဝတ်ချင်လို့ အတင်းဝင်ယူသလိုလိုနဲ့ ဒိုင်ယာရီ ခိုးတာကိုး”

“နင့် ဒိုင်ယာရီခိုးဖို့အတွက် ငါက ဝင်စရာလား၊ အင်္ကျီဝတ်ချင်လို့ ဝင်ရအောင်ရော ငါက နင်ဝတ်တဲ့ ပုံတုံးတုံး တန်ဖိုးနည်း အိုးကွဲ အထည်တွေကို ဘာလုပ်ရမှာလဲ၊ ဟွန်း .. သူနဲ့ဆုံပြီးကတည်းက ငါ့ရဲ့ မနက်ဖြန်တိုင်းက သည်ခေတ်လူ ပဲ၊ ငါ အသက်ရှူနေတာ .. မျက်တောင်ခတ်တာ .. ပင့်သက်ရှိုက်တာကအစ သူ့ရဲ့ရင်ခုန်သံတွေနဲ့ပဲ သက်ဆိုင်တယ်၊ အဲဒါကြောင့် အခန်းထဲကို ငါဝင်တာက ..”





“နင် ရူးနေလား”

“ငါ့ထက် ပိုရူးတာက နင် ...၊ ဒီလောက်ချမ်းသာပြီး တောင့်တင်း ပြောင့်စင်းနေတဲ့ မင်းသားလိုလူကို မမြင်နိုင်အောင် ကန်းနေတာ နင် ရူးတာ၊ အခု နင့်ရဲ့ဓာတ်ခွဲခန်းကြီးထဲမှာ ရင်ခုန်သံတွေ ရှာလို့မရတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြီမို့လား .. အဆုံးထိလည်း သွားချင်၊ နောက်ကိုလည်း စိတ်မချနဲ့လေ ..”

“ဟုတ်တယ် .. အဲဒီလို ငါဖြစ်ချင် ဖြစ်လိမ့်မယ်၊ ဒါပေမယ့် နင့်လို အရှက်သိက္ခာမဲ့လောက်အောင် ရင်ခုန်သံတွေ တမ်းတရင်း မရူးဘူး .. စည်းလွတ်ကမ်းလွတ် မဖြစ်ဘူး၊ သည်ခေတ်လူ ကို နင် လုယူသွားမှာလည်း နင် ထင်နေသလောက်တော့ ငါ မစိုးရိမ်သေးဘူး နွယ်၊ မိန်းမတိုင်း နင့်လို မရူးသွပ်ကြသလို ယောက်ျားတိုင်းလည်း တဏှာရူးကြတာ မဟုတ်ပါဘူး၊ အဲဒီ ဒိုင်ယာရီကို ရေးခဲ့ပေမယ့် ငါ တကယ် ..”

“နင် တကယ် မလုပ်ခဲ့ဘဲ ငါ ရောက်မလာဘူးလေ”

“ဘာပြောတယ်”

“ဟွန်း .. ဒါကို တိုက်ဆိုင်တာပါလို့ နင် ငြင်းရင် ပုခက်ထဲက ကလေးတောင် ယုံမှာမဟုတ်ဘူး၊ သည်ခေတ်လူ ကို နင့်စာအုပ် ပြလိုက်တာနဲ့ ငါ့အတွက် တစ်နေရာစာ အေးဆေးပါ၊ ယောက်ျားတစ်ယောက်က အချစ်ကြောင့် နွားလို ခွေးလို ကြောင်တစ်ကောင်လို ဘဝကို အမျိုးမျိုး ထိုးကျွေးချင် ကျွေးမယ်၊ ဒါက အချစ်မှာ မညီညွတ်မျှတတာ မရှိဘူးဆိုတဲ့ နိုင်မာစွာရှိခဲ့တဲ့ သဘာဝထဲက ဒဿနတစ်ခု၊ တနေ့ကို တစ်ဖက်သတ်ကြီး သွားစော်ကားကြည့်ပါလား ..”

“ကိုယ့်ယောက်ျားကို မပြောနဲ့ .. မသက်ဆိုင်တဲ့လူတစ်ယောက်တောင် ကိုယ်နဲ့မဆိုင်ဘဲ ငါ ဘယ်တော့မှ နစ်နာအောင် ပုတ်ခတ် မပြောခဲ့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါက မသက်ဆိုင်တဲ့လူတွေအကြောင်း ပြောနေတာ မဟုတ်ဘူး၊ သည်ခေတ်လူ နဲ့ ရှေးမူလ ရဲ့ balance မဖြစ်တဲ့ အိမ်ထောင်ရေးအကြောင်း .."

"ဒါ နင်နဲ့ မဆိုင်ပါဘူး၊ ကျောတစ်ရာ ရင်တစ်ရာ ရိုက်နှက်နှိပ်စက်ခံရကာမှ မားပြမှန်းသိတဲ့ ငါ့အဖြစ်ကိုပဲ ရင်နာတယ်၊ ဒီမှာ နွယ် .. နင့်ကို ငါ မကောင်းကြံစည်နေမှန်း သိသိနဲ့ ဘာမှမပြောဘဲ နေလာခဲ့တာ ငါ အလုပ်မပြီးသေးလို့ဆိုတာ မှန်တယ်၊ မောင်နဲ့ နင့်ကို ကြည်ဖြူလွှန်းလို့တော့ မဟုတ်ဘူး၊ အဲဒါကို .."

"အဲဒါကိုလည်း ဘယ်သူ ယုံမှာလဲ၊ ကိုယ့်ယောက်ျားကို ကပ်တွယ် တဏှာရူးနေတဲ့ နှဘူးလိုသဘောထားပြီး မိန်းမတစ်ယောက်ယောက်နဲ့ ခဏ အစားထိုးဖို့ ကြံတယ်၊ အလုပ်လုပ်ဖို့ ကြိုးစားတယ်၊ ဒါကို ဒေါက်တာ ခင်လေးညို နဲ့တိုင်ပင်တယ်၊ ဟိုကတားတော့ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်တော့မယ်လို့ ရေးထားတယ်လေ .."

"အဲဒါတွေက စာအုပ်ထဲမှာ .. ငါ တကယ်တမ်း ဘာမှ မလုပ်ခဲ့ဘူး"

"ဒါတော့ နင် ရှင်းလေ၊ ငါကတော့ နေရာချင်းလဲယူဖို့အတွက် ဒီစာအုပ်ကို သုံးရမှာပဲ၊ ဒေါ်ရွှေသဇင် တို့ ပြန်လာမှာဆိုတော့ နင့်ဘက်က နောင့်ယှက်ခွင့်တွေ ရှိနေတာ ငါ သိပါတယ်၊ ဒါပေမယ့် နင် ဘယ်တော့မှ ဒါကို ဖွင့်ပြောပြီး နှောင့်ယှက်မှာ မဟုတ်ဘူးဆိုတာလည်း သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ .."

နွယ် က ဆုပ်ကိုင်ထားဆဲ မူလ ရဲ့လက်ကို ဆောင့်ခါချလိုက်ပြီး ...

"နင့်ယောကျ်ားမတွေ အထင်မြင်သေးမှာကို နင် မခံနိုင်ဘူး၊ နင်က ဂုဏ်သိက္ခာကို အချစ်ထက် ပိုပြီး မြတ်နိုးတဲ့မိန်းမလေ .."

စကားလုံးတို့က အရိုက်ကို တည့်တည့်ထိ၏။ တကယ် လုပ်ရဲ့





တယ်ဆိုတာ သက်သေပြသလိုရှိနေသည့် အေးစက်စက်မျက်ဝန်းတို့ကို အံ့ဩရင်း မှင်တက်မိသလို ဖြစ်သွားသည်။

"နင့်ကိုယ်နင် ထပ်စဉ်းစားစမ်းပါ၊ ဒီနေရာမှာတော့ အချစ်ထက် ဂုဏ်သိက္ခာကို ဦးစားပေးတာ နင် မမှားဘူးနော်၊ ယောက်ျားကို သူများနဲ့ညားသွားအောင် တမင်ဖန်တီးတဲ့ မိန်းမရိုင်းဖြစ်ခံမလား၊ ယောက်ျားက ဖောက်ပြန်သွားလို့ စွန့်ပစ်ခံလိုက်ရတဲ့ သနားစရာမိန်းမမျိုး ဖြစ်တာ ကောင်းလား၊ နင် အခု ငါ့စကား နားထောင်ပြီး ပါးစပ်ပိတ်နေလိုက်မှ သည်ခေတ်လူ က နင့်ကို စိတ်နာမုန်းတီးပြီး ငါနဲ့တွဲမှာ၊ ဒါမှ သူတို့ရဲ့သားက ဖောက်ပြန်ခဲ့တာပါလားလို့ သူ့မိဘတွေ လက်ခံသွားမှာပေါ့၊ နင် ဖန်တီးယူခဲ့တဲ့အဖြစ်ကို အလိုလို ပျောက်ပျက်သွားအောင် ငါက အနစ်နာခံပြီး ကူညီတာပါ"

BURMESE CLASSIC .com

"မလုပ်ပါနဲ့ .. အဲဒီလို မလုပ်ပါနဲ့ နွယ် .. ဟိုတုန်းက ကြံစည်ခဲ့ပေမယ့် မောင့်ကို နားလည်ခဲ့တဲ့နောက်မှာ ငါ့ကိုယ်ငါ နောင်တရနေခဲ့တယ်၊ ဒါတွေ နင့်ကို ပြောခဲ့ပြီးပါပြီ၊ မောင်နဲ့ငါ ဖြတ်သန်းကြမယ့် အိမ်ထောင်ရေးကို နင် ဒီလိုနည်းနဲ့ နှောင့်ယှက်လည်း အလွယ်တကူ ပျက်စီးသွားမှာ မဟုတ်ဘူး၊ အဲဒါကြောင့် ငါ တောင်းပန်ပါတယ်၊ ငါ့ရဲ့ဒိုင်ယာရီစာအုပ်ကို ပြန်ပေးပါ နွယ် .."

"စာအုပ် ပြန်ပေးခြင်း မပေးခြင်းက ဒီပြဿနာကို ပြီးဆုံးသွားစေမှာ မဟုတ်ဘူး မူလ၊ စာအုပ်ထဲကအားလုံး ငါ့ခေါင်းထဲမှာ ရိုက်ထည့်ထားပြီးပြီ၊ နောက်တစ်ခုက နှောင့်ယှက်ရဲ့ ဖျက်ဆီးရုံလောက်နဲ့ ငါက ကိုယ့်ကိုယ်ကိုယ် ဗီလိန်အဖြစ်ခံမယ် ထင်လို့လား၊ ငါ ဖြစ်ချင်တာ သတို့သမီး .."

"နင် မှားနေပြီ"

"ငါ မှန်တယ် .. ငါ့ကို မဝေဖန်ဘဲ နင် လုပ်ရမှာကိုပဲ စဉ်းစားစမ်းပါ၊ လူကြီးတွေ ရောက်လာရင် ငါတို့ ဘယ်လိုနေကြမလဲဆိုတာ.."



www.burmeseclassic.com

www.burmeseclassic.com



"နွယ် .."

"ဖယ်စမ်းပါ"

နွယ် က ရှေ့ဆက်တိုးသည်။ မူလ ကတော့ တားဆီး၏။ ထို အခါ နွယ် က မျက်နှာချင်းဆိုင်လှည့်ပြီး ကိုယ်ကို မတ်မတ်ရပ်ကာ—

"ငါ ဆယ့်သုံးနှစ်သမီးက တောကဆွေမျိုးတွေဆီ မိသားစု အလည်သွားကြတုန်းကလေ ..၊ ငါ့အဘိုးက သစ်ခွတွေစိုက်ပြီး ပန်းတို ကင်းကင်းတုန်အောင် နမြောတာ၊ ငါ အရမ်းကြိုက်တဲ့ပန်းကို ခူးခွင့် မပေးဘဲ ကြိမ်းလားမောင်းလားလုပ်လို့ ငါ ဘာပြန်လုပ်လိုက်လဲ သိလား .."

နွယ် က စိုက်ကြည့်၏။ မူလ ကလည်း တစ်ခွန်းမှ မမေးဘဲ ပြန်ကြည့်နေခဲ့သည်။

"အဘိုး ရေလောင်းတဲ့ သံပုံးလေးထဲကို ပိုးသတ်ဆေးအစား အပင်သေဆေးတွေ ထည့်ပေးထားလိုက်တယ်"

မူလ မျက်နှာကို မေးခွန်းထုတ်သလို မေးတစ်ချက်ဆတ်ကြည့်၍ ...

"နောက်ထပ် သိချင်သေးလား .. ရှိသေးတယ် .. ပထမဆုံး မြင်ဖူးတဲ့ ကြမ်းပိုးဆိုတဲ့ သတ္တဝါကို ဒေါသထွက်လွန်းလို့ ငါ အိပ်တဲ့ ခုတင်ကို မီးပုံရှို့ပစ်လိုက်တာလေ၊ မီးမနိုင်တော့ဘဲ အဘိုးတို့ စပါးကျီ တစ်ခုလုံး မီးထဲ ပါသွားတာ .."

"ချီးကျူးပါတယ်၊ နင့်ကို ငါ ပိုပြီးတော့လည်း နားလည်သွား ပါပြီ"

"တော်တယ် .. ငါကတော့ ကြေညာပြီးပြီနော် .. ဘာတွေ ဖြစ်လာလာ ဂရုမစိုက်ဘူး၊ နွယ်တညို ရဲ့ရာဇဝင်မှာ တစ်စုံတစ်ယောက် ကို ကြောက်လန့်ရှောင်ထွက်ခဲ့တယ်ဆိုတာလည်း မရှိဘူး၊ လိုတာလ နင် အိုခေဖို့ပဲ"





ဒီတစ်ခါ နွယ့် ခြေလှမ်းတွေကိုတောင် ငုံမကြည့်ဖြစ်ဘဲ နေရာမှာ ပဲ လက်နှစ်ဖက် စုံချရင်း ငိုင်တွေကျန်ရစ်၏။ ဒုက္ခရောက်ပြီဆိုမှ မေမေ့မျက်နှာကို ပြေးမြင်မိ၏။

"– ဒီ ထုံးစံကလနား မရှိခဲ့တဲ့ ဝရိုက်ဖျက်လုပ်ရပ်မျိုး –"

"– သမီးက ပိုင်းမှန်းသိရက်နဲ့ ယေမိုင်တယ်ဆိုတာကို မယုံတာ –"

"– ရှုံ့စရာကောင်းတဲ့မိန်းမအဖြစ်နဲ့ ရှိနေရင် သမီး မိုးထိ ပညာတွေ မြင့်ပားနေလည်း အလကားပဲ –"

"– ကိုယ့်ကိုယ်ကိုယ် ပြန်မေး – ကိုယ် ပိုင်ထားတဲ့ပစ္စည်း ကိုယ် မလိုအပ်တာ သေချာလား –"

"– ဘယ်သူ ကောက်သွားသွား ကျေနပ်နိုင်သလား –"

ပြန်တွေးရင်း ခေါင်းထဲမှာ ချာချာလည်နေသည်။ 'သူ့မျက်လုံး တွေကို ကြည့်တာနဲ့ သိတယ်'လို့ ပြောခဲ့ဖူးပေမယ့် မေမေ့စကား တွေကို မူလ ဂရုမစိုက်မိခဲ့ပေ ...။

ခုတော့ မောင်နဲ့ မူလ တို့ စကားများကြတိုင်း ဘယ်ဘက်ကမှ အလျှော့မပေးကြသည့် အနေအထားတွေဖြစ်အောင် နွယ် လုပ်ကြံ သည့် လှည့်ကွက်ထဲမှာ သူမ အိပ်ပျော်ခဲ့ရသည့်ညတွေ နည်းသလား...။

မောင်ကပဲ ဝုန်းဒိုင်းကြဲသွားတော့လည်း သူ ...၊ ပြန်ချော့ရတော့ လည်း သူ ...၊ အနိုင်ယူ သွေးအေးလွန်းသည့်မိန်းမအဖြစ် သူမကတော့ နွယ့် ရဲ့လှည့်ကွက်ထဲမှာ ဘာမှမသိ ...။

ဒင်နာလုပ်သည့်ညက ကိုယ့်ကိုယ်ကိုယ် သတိထားမိလောက်တဲ့ အထိဖြစ်မှ ပြန်အန်ခဲ့သည့်အစာထဲမှာ နွယ် ဘာလုပ်ခဲ့သည်ကို ရှာတွေ့ ခဲ့၏။

ညို ဒေါသထွက်လွန်းသဖြင့် ညတွင်းချင်း ပြောမယ်တကဲကဲ လုပ်နေသေးသည်။ ခုတော့ သည်းခံမျိုသိပ်ခဲ့သမျှ အားလုံးဟာ ဒိုင်ယာ ရီစာအုပ်တစ်အုပ်ဖြင့် အလုံးစုံ ဝန်ခံ တင်ပြလိုက်သည့်အတိုင်း ...။



www.burmeseclassic.com

www.burmeseclassic.com



နင် ဘာလုပ်မလဲ မူလ …၊ အထဲမှာ အရက်မူးပြီး ခေတ် အိပ်နေတယ်၊ သွားနိုးပြောမှာလား … နင် အရင်ဝန်ခံပြီး တောင်းပန်မှာလား…။

"ဟင့်အင်း …"

မူလ ခေါင်းခါလိုက်မိသည်။ ကိုယ် တကယ် ရည်ရွယ်ပြီး လုပ်ခဲ့တာမှ မဟုတ်ဘဲ …။

ဝန်ခံလိုက်ကာမှ နှယ် ပြောတာတွေပဲ အားလုံးအမှန်ဖြစ်ပြီး မောင်က ခွင့်မလွှတ်ခဲ့လျှင် နှယ့် လက်ချက်ဖြင့် လူကြီးတွေနားထဲထိ ရောက်သွားဖို့ရှိသေး၏။

ဖြစ်ချင်တာသာ ဖြစ်ပါစေတော့ …။

မောင်ကိုယ်တိုင် မေးလာမှ ဖြေမည်။ ယုံတာမယုံတာ ကိုယ့်ရဲ့ ကံတရား …။

အချစ်ရယ် … မောင်ရယ် … မူလ ရယ် …

အနီးအဝေး ဘယ်လောက်စီမှာ ရှိနေကြသလဲ …။

***စာတိသိမ်းပိုင်း ဆက်လက်စောင့်မျှော်ပါရန် …၊***

***လရောင်တချူးရင့်***



BURMESE CLASSIC .com

www.burmeseclassic.com